www.burmeseclassic.com

ရှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# ရှုခင်း ရှုထောင့်

ရှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E), N0 ( 29 )

၂၀၁၃ ခုနှစ် ၊ မေ

BURMESE CLASSIC .com



## ရှုခင်း ရှုခင်း ရှုခင်း ရှုခင်း

သရုပ်ဆောင် - ဓေဗီကို
ဓာတ်ပုံ - ကိုရဲမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com
31 MAR 2013

## ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----


မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြဲ-၀၃၇၂၇ဖြင့်
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား
လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | |
|---|---|
| နာယက | - ရဲမှူးကြီးဝင်းခေါင် |
| | - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - ဒေါ်သက်ရီ (Jacob) |
| | **Jacob Media Group** |
| အယ်ဒီတာချုပ် | - ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - ငွေးနိုင် (ဖြင်ပဆက်သွယ်ရေး) |
| | - အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - စောဝဏ္ဏ |
| ကွန်ပျူတာစာစီ | - တင်တင်အောင် |
| ရုံးလုပ်ငန်း | - ခင်စန်းဝင်း၊ ဖြူဖြူလှိုင်၊ ခင်မာဆွေ တင်ကြိုင်၊ တင်ရွှေ |
| ကြော်ငြာတာဝန်ခံ | - ဦးသက်ထွန်း၊ ဒေါ်အေးအေးခန့် |
| စာအုပ်ချုပ်အဖွဲ့ | - ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - စိန်နဂါးပုံနှိပ်တိုက် |
| အဖုံးဖလင် | - **EAGLE** |
| အတွင်းဖလင် | - **PERFECT** |


**သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ**


ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ
(၉၆)၊ မဟာသုခလမ်း၊ ကျိုက်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH: 01-297297, 01-9000017
FAX : 01-397164
Email : shuhtaunt@gmail.com
nyonyoseinnt@gmail.com


**သတင်းစုဆောင်းရေးရုံးခွဲများ**

| | |
|---|---|
| ဦးဇော်လင်းသန်း (ရဲရဲအဖွဲ့) | - နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - မြဝတီရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - မူဆယ်ရုံးခွဲ |
| ဦးသန်းဝင်းအဖွဲ့ | - ချောက်ရုံးခွဲ |
| ဦးလှရွှေအဖွဲ့ | - ကျောက်ပန်းတောင်းရုံးခွဲ |
| ဦး--------------အဖွဲ့ | - ဥသျှစ်ပင်(ပန်းတောင်း)ရုံးခွဲ |
| ဦးအောင်သန်းထွင့်အဖွဲ့ | - ပြည် (၁)ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - အောင်လံ (ပြည်လို)ရုံးခွဲ |
| ဦးစိုင်းဇော်ဇော်အဖွဲ့ | - ရွှေတောင်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - သဲကုန်း/ပုတီးကုန်းရုံးခွဲ |
| ဦးခင်ဇော်အဖွဲ့ | - ဇီးကုန်းရုံးခွဲ |
| ဦးသိန်းဝင်းအဖွဲ့ | - ကြို့ပင်ကောက်ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - ပေါင်းတည်ရုံးခွဲ |
| ဦးထွန်းဝေအဖွဲ့ | - ကံမရုံးခွဲ |
| ဦးလှမြင့်အဖွဲ့ | - မိုးညိုရုံးခွဲ |
| ဦးစိုးနိုင်အဖွဲ့ | - အုတ်ဖိုရုံးခွဲ |
| ဦးဇော်မိုးနိုင်အဖွဲ့ | - နတ်တလင်းရုံးခွဲ |
| ဦးမြင့်နိုင်အဖွဲ့ | - လှိုင်ကော်ရုံးခွဲ |
| ဦးသိန်းလှိုင်အဖွဲ့ | - မော်လမြိုင်ရုံးခွဲ |
| ဦးစိုးမြင့်အဖွဲ့ | - ဘိုကလေးရုံးခွဲ |
| ဦးဇော်ရှင်းအဖွဲ့ | - ပဲခူးရုံးခွဲ |
| ဒေါ်လှလှကြည်အဖွဲ့ | - လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - သာကေတ (၁) ရုံးခွဲ |
| ဦးတင်မောင်ဝင်းအဖွဲ့ | - သာကေတ (၂) ရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - ဒေါပုံ (၁) ရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - ဒေါပုံ (၂) ရုံးခွဲ |
| ဦးစိန်ဝင်းအဖွဲ့ | - ရေစကြိုရုံးခွဲ |

www.burmeseclassic.com

www.burmeseclassic.com

# ရှုမဝ တောင့်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL(E),NO(29), ၂၀၁၃ ခုနှစ်၊ မေလ


## "ကဗျာရှုထောင့်"

- ကိုပေသန်းလွင် (မြန်အောင်) ၁
- လေးစိုး (ဒေးဒရဲ) ၉
- ကျော်လွင်ဦး (ပျဉ်းမနား) ၁၀
- လွတ်ငြိမ်းနိုင် (ကြံခင်း) ၁၁

## "ကာတွန်းရှုထောင့်"

- ရွှေကိုဦး၊ စည်သူကျော်၊ ဇွဲနေ

## "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၆၆)"

- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၁၆

## "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"

- မမ (တရားရေး)
  (နှက်ရှိုင်းသောချစ်ခြင်း မေတ္တာ၏---) ၂၆
- ရွှေညာသားမြတ်မင်း
  (လောဘပန္နက်) ၃၂
- ကိုရဲ (ဥပဒေ)
  (အဇာတသတ်လိုလူစား) ၃၉
- ကိုကိုလှ (ကမာမြေ)
  (နှစ်သက်သတ်အမှား) ၅၁
- မေသင်းကြိုင်
  (အတ္တမိုးရေရွာသွန်းလေပြီ) ၆၆
- ဒါရိုက်တာအိအိအောင် (မဲခေါင်)
  (လှိုင်းထန်၍ဗျိုင်းပျံသည်) ၇၃
- ဝါဆိုဝသန်
  (ကျိုက်ထီးရိုးတောင်ကို မှန်းတဲ့သူ) ၈၄
- တွင်းကြီးသားတင်ဝင်းဦး
  (သံသယတစ်စက်ဓားတစ်ချက်) ၉၂
- အောင်သီဟ (နတ်တလင်း)
  (ဒေါသတစ်ချက် ဘဝပျက်တစ်ခု) ၁၀၂
- ကျော်စိုးသူ (ဥသျှစ်ပင်) (ဝတ္ထုရှည်စ/ဆုံး)
  (မပွင့်မီကကြွေတဲ့ပန်း) ၁၁၃
- စိုး (မှုဆယ်) (ဝတ္ထုရှည်စ/ဆုံး)
  (ဆားပုလင်းနေမင်းခေါင်နှင့် ယိစ်တော--) ၁၃၂


www.burmeseclassic.com

www.burmeseclassic.com

"ဆောင်းပါးရှုထောင့်"


ဆူးသစ်

(ဘယ်သူ့ကိုရွေးမလဲ) ၁၂၈


"ရသဝတ္ထုတိုရှုထောင့်"


ဆွေမြင့်သူ (ကြေး/မြေ)

(အဖေ့ကိုဘယ်လိုပြောရမလဲ) ၁၄၇


"နှလုံးသားရှုထောင့်"


ရွှေရည်သွန်းစံ (ရွှေဘို)

(စောင့်ကြို့နေဆဲပါ) ၁၅၄


"ဖြောင့်ချက်နှလုံးသား"


တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၅၉

လူထက်မင်းဝေ

(ပြန်လည်ဆုံတွေ့ပါရစေ) ၁၆၁


"ရုပ်ရှင်ရှုထောင့်"


ကျော်ဇောဟိန်း (ဒေါ်ပုံ)

(ဇာတ်လမ်းပေါင်းတွေရှိခဲ့ရင်) ၁၆၆

နိုင်စင်သန့်

(ပြုံးပြုံးပျော်ပျော်----) ၁၆၉


"စာအုပ်စင်ရှုထောင့်"


ကိုကြီးထူး ၁၇၂


"ဗေဒင်ရှုထောင့်"


တက္ကသိုလ်စိုးမိုးနိုင် ၁၇၄




www.burmeseclassic.com

www.burmeseclassic.com



# အသေထိတိုရင်း၍


ကိုပေသန်းလွင် (မြန်အောင်)

- ရွှေငွေဥစ္စာ
ငဲ့မက်ကင်းကွာ စွန့်ရဲပါ၏
အင်္ဂါကြီးသက် ချွတ်ယွင်းပျက်မည့်
အခက်အခဲအခါတွင်---တဲ့။

- အင်္ဂါကြီးသက်
ရုံမက်ကင်းကွာ၊ စွန့်ရဲပါ၏
ခန္ဓာအသက်၊ ပြတ်ကင်းပျက်မည့်
အခက်အခဲအခါတွင်---တဲ့။

- ခန္ဓာအသက်
ငဲ့ကွက်ကင်းကွာ၊ စွန့်ရဲပါသလား
မြန်မာပြည်အား၊ ရန်တွေပြားတို့
ထိပါးနှောင့်ယှက်၊ အမျိုးဖျက်မည့်
အခက်အခဲအခါတွင်---။

- ကျူးကျော်ထိပါး၊ ရန်သူများကား
ထွေပြားလှသေး၊ ခေတ်ပြိုင်တွေးသော်
စစ်ရေးချည်းသား မဟုတ်ပါတည့်
ရိုးရာစုစု၊ ယဉ်ကျေးမှုနှင့်
အနုပညာ၊ ပန်းထွက်ချာလည်း
ခန္ဓာအသက်၊ နှံကာဆက်၍
လက်ယှက်ကာကွယ်ရဦးမည်။ ။



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# လူ့မနော

လေးစိုး (ဒေးဒရဲ)

စိတ်အကျပ်အတည်းပေပါ့
အိတ်ကပ်ထဲ ငွေမရှိသလို
နေမထိ ထိုင်မသာနဲ့
မကြည်စရာ စိတ်အကျကြောင့်
စိတ္တဇဝန်ထမ်းသူပေ။

မြင်မြင်သမျှတွေလည်း
အစဉ်ထာဝရမဟုတ်
အမြင်ခဏ သခါရပေမို့
ခင်နှမကိုလည်း မလွမ်းချင်
ဘဝင်မကျကိုလည်း မမှန်းချင်
နွမ်းရင်မှာ အမှောင်ဆီးကာ
လောင်မီးကျနေ။

မခေါ်လျှင်နေ
မပျော်ချင်ပေ စိတ်အတွေးနဲ့
ကျိတ်ဆွေးနေ တစ်ကိုယ်တည်းပေမို့
အလိုနည်း အထီးကျန်ဘဝကို
ခရီးပြန်စကြွားလှစ်ပေ
အားသစ်ဝေ ငါလူသား။



"မနုသတ္တ ဒုလ္လဘ"
လူ့ဘဝရခဲ့ပေမို့
ခဏပဲလေနေရနေရ
အခြေကျ အတွေးအမြင်နဲ့
အရေးတွင် သုခိပွားပြီး
မုဒိတာတရားပွားဝင်လို့
အမှားစင်အမှန်မြင်လိမ့်
ဂန္ဓဝင်လူထုပွတ်မှာကွယ်
(ခြောသ်----)
လုပ်ဇာတ်တွေများ။ ။
(လူ့ဘဝကိုလေ့လာခြင်း)



www.burmeseclassic.com

www.burmeseclassic.com


# အတ္တလွှမ်းမိုးကြသူများ

ကျော်လွင်ဦး (ပျဥ်းမနား)



♥ ဝိသမလောဘ၊ အားကြီးကလျှင်
အတ္တလွှမ်းမိုး၊ ကိုယ်ကျိုးရှေ့ထား
သူတစ်ပါးဆင်းရဲ၊ ကျပ်တည်းမှုပင်
ဆင်ခြင်စိတ်ထား၊ မစဉ်းစားနိုင်။

♥ ဝိသမလောဘ၊ အားကျနစ်မျော
လူ့လောကမှာ၊ ချမ်းသာသူများ
ချမ်းသာသွားကာ၊ မီးလောင်ရာတွင်
လောင်စာထပ်ထည့်နေဘိသကဲ့သို့
အလှည့်သာခိုက်၊ စိတ်လိုလိုက်၍
သိမ်းပိုက်ပစ္စည်း၊ အလိုကြီးကြ
တားဆီးမရ၊ ဝိသမကြောင့်။

♥ အတ္တတွယ်ဖက်၊ ကိုယ်ကျိုးတွက်ဆို
မျက်နှာပြောင်တိုက်၊ မိုက်တွင်းနက်ကြ
လောကနယ်ပယ်၊ သိမကြွယ်သည့်
လူလည်လတ်ကြား၊ ဆင်းရဲသားတို့
သနားကြင်နာ၊ ကင်းမဲ့လာကြ
ငါမှငါမူ၊ လောဘထူကာ
ဘယ်သူသေသေ၊ ငတေမာပြီးရော
စီးပွားရှာဘိ၊ ငါမျက်စိနှင့်
ဝိသမလောဘ၊ အားကြီးကလျှင်
အတ္တလွှမ်းမိုး သွားတတ်သည်။ ။



www.burmeseclassic.com


www.burmeseclassic.com



# အမြင်မမှန်လျှင်

လွတ်ငြိမ်းနိုင် (ကြံခင်း)

- အကြောင်းသင့်လာသမျှ
အကောင်းအခွင့်——အသာရတော့
အမြင့်မာန——ဆွဲချီ။
- ရွှေခါးပတ်ပိုင်ရှင်———တို့
ကြံတိုင်းလျှင်———အောင်
ဆောင်တိုင်းပင် ပြီးမြောက်ကြတော့
လက်ပမ်းပေါက် ခတ်ကြပြီ။
- အစမှာ အခြေတင့်ကောင်းလို့
ခဏတာ လေဖြင့်ဖောင်း——တဲ့
လေပူဖောင်းနဲ့ ပမာတူညီ
တာအရှည် မျှော်မတွေး။
- "အမြင်"မမှန်လျှင်
"ပလ္လင်စံ မကိုဋ်ဆောင်း"———တဲ့
တိုက်တစ်သောင်း ဇမ္ဗူတစ်လူ——လည်း
"ဆွံ့ကန်းသူ"——ရွက်ကုန်ဖွင့်သလို
ကမ်းနှင့်ကွာဝေး။ ။





www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်




www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်




www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်




www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့်
# မှုခင်းပဟေဠိအစီအစဉ်
# အမှတ်စဉ် (၆၆)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

**အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။**



www.burmeseclassic.com

www.burmeseclassic.com



# မှုခင်းပဟေဠိ
## အမှတ် (၆၆)

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com



**မှုခင်းပဟေဠိအမှတ် (၆၆)**

**မောင်ငြိမ်းသူ**

**ကြို့ပင်ကောက်**

"ဓားနဲ့ထိုးလို့၊ ဓားနဲ့ ထိုးလို့..."

"ဟာ လုပ်ကြပါဦး၊ ဟို မှာ ထွက်ပြေးပြီ၊ လိုက်ဟေ့၊ ဖမ်း ဟေ့"

ဘုရားပွဲဈေးတန်းထဲမှ ထိတ်လန့်တကြား အော်ဟစ်သံ များကြောင့် ဧရဲပွက်မျှ ဆူညံ **သွားသ**ည်။ ညဥ့်နက်နက်မှာ **ငက်ဆိုး**ထိုးသံအလား၊ ကျက်သ ရေကင်းမဲ့သွားသည်။

ရုတ်ရုတ်သဲသဲနှင့် ဖရို ဖရဲဖြစ်နေကြသော လူအုပ်ကြား ထဲသို့ နယ်ထိန်းခေါင်းဆောင် ဒု ရဲအုပ်သော်ကနှင့် ရဲတပ်ဖွဲ့ဝင်များ ရော၊ ဘုရားဂေါပကအဖွဲ့ဝင်လူ ကြီးများပါ ချက်ချင်းရောက်လာ ကြသည်။

ကျေးရွာအုပ်ချုပ်ရေး မှူး ဦးအောင်ကျော်က ဓာတ်မီး တဝင်းဝင်းထိုးကာ ရှေ့ဆုံးမှ အော်ဟစ်၍ ဝင်လာသည်။

"ဟေ့ မဆိုင်သူတွေ ဘေးဖယ်၊ ဘေးဖယ်။ တဝဲလည် လည်လုပ်နေကြရင် အမှုထဲပါ သွားမယ်"

ဦးအောင်ကျော်၏ စကားကြောင့် လူအုပ်ကြီးမှာ ရှဲ သွားသည်၊ ဖယ်ခွာသွားကြသည်။

သွေးအိုင်ထဲတွင် မှောက် ခုံကြီး လဲကျနေသောအမျိုးသား တစ်ယောက်။ အသက်အရွယ်က ၃၀ ခန့်၊ ဘယ်သူဘယ်ဝါမှန်း ဘယ်သူကမျှ မသိကြ။

ဒုရဲအုပ်သော်ကနှင့် နယ်ထိန်းအဖွဲ့ဝင်များက လဲကျ နေသူကို ဝိုင်းလိုက်ကြသည်။ ပြီး တော့ ဓာတ်ပုံ တဖျပ်ဖျပ်ရိုက် ကာ၊ လဲကျနေသူကို ပက်လက် လှန်လိုက်ရာ 'ဟာ – ဟင် – ဖြစ်မှဖြစ်ရလေ' ဟူသော အာမေ ဋိတ်သံများက ပြိုင်တူထွက်ပေါ် လာကြသည်။

"ဦးအောင်ကျော် သူက ဘယ်သူလဲ"

"ဟိုဘက် ရွာသာယာ က ဦးစိန်တုတ်ရဲ့သား ဘတုတ် ပါ"

"သေချာလား"

"သေချာပါတယ်။ ဒီ ကောင်က လူမိုက်ပဲ။ သူ့ကို လူ တိုင်းက အော့နှလုံးနာနေကြ တယ်"

"ကဲ အဲဒါကို နောက်မှ မေးမယ်။ သူ့ဒဏ်ရာ အခြေအ နေကို အသေးစိတ်စစ်ဆေးရဦး မယ်"

ဒုရဲအုပ် သော်က က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ကို စကားဖြတ် လိုက်ကာ ဘတုတ်၏ ဒဏ်ရာ အခြေအနေကို အသေးစိတ် လေ့လာသည်။

ဘတုန်၏ ဘယ်ဘက် ရင်အုံတွင် စူးဝင်ဒဏ်ရာက တစ် ချက်တည်း။

ထိုတစ်ချက်ကပင် အ သက်ကို နှုတ်ယူသွားခဲ့လေပြီ။

နယ်ထိန်းရဲတပ်ဖွဲ့ဝင် တပ်ကြပ်ကြီးရဲဝင်းက ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်ပြန်သည်။ ဒုရဲအုပ် သော်ကက အလောင်း၏ ဝန်း ကျင်ကို မျက်စိလျှင်လျှင်ဖြင့် စူး စမ်းသည်။

ဘတုတ်၏ အလောင်း ပတ်လည်တွင် မည်သည့်သဲလွန် စမျှ မကျန်ခဲ့၊ အနီးပတ်ဝန်းကျင် ကို မေးမြန်းစုံစမ်းတော့လည်း အားလုံး မသိကြပါဟု ဘူးခံနေ ကြသည်။

ပွဲဈေးတန်းမို့ အသွား



www.burmeseclassic.com

www.burmeseclassic.com



အလဲ့မပြတ်သည့်ကြားမှ ဖြစ်ပွားသည့် လူသတ်မှုကို မည်သူကမျှ မသိကြပါဘူးဟု ဘူးခံနေကြခြင်းမှာ အမုန်းမခံလိုကြသောကြောင့်လည်းကောင်း၊ ရုံးရောက်၊ ဂတ်ရောက်ပတ်သက်ကာ အလုပ်ရှုပ်မခံချင်ကြသောကြောင့်လည်းကောင်း ဖြစ်နိုင်သည်ကို ဒုရဲအုပ်သော်က တွေးဆမိသည်။

အလောင်းကို စိတ်ကျေနပ်အောင် ကြည့်ရှုစစ်ဆေးပြီးသောအခါ အလောင်းကို ဆေးရုံသို့ ပို့ရန် ဒုရဲအုပ်သော်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ကို တာဝန်ပေးလိုက်လေသည်။

---

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရှိ စခန်းမှူးရုံးခန်းထဲတွင် စခန်းမှူးရဲအုပ်သက်မောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သော်ကတို့နှစ်ယောက် ခေါင်းချင်းဆိုင်တိုင်ပင်နေကြသည်။

"ဘတုတ်က မိန်းမ ပွေတယ်။ လောင်းကစားမှန်သမျှ အကုန်လုပ်တယ်။ သောက်စားရမ်းကားတာလဲ ကမ်းကုန်ပဲတဲ့။ သူ့အဖေ ဦးစိန်တုတ်က လယ်ကေ ၅၀ ကျော်ပိုင်ဆိုင်တဲ့ လယ်ပိုင်ရှင် သူဌေးသားလို့ သိရပါတယ် ဗိုလ်ကြီး"

"ဒီကောင်က မိဘအရှိန်အဝါနဲ့ ဒီလောက်သောင်းကျန်းရမ်းကားနေမှတော့ အခုလိုပဲ အသေဆိုးနဲ့ သေရမှာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့တာဝန်က လူသတ်တရားခံကို ဖော်ထုတ်ပေးဖို့နဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကျခံစေရေးအတွက် သွက်သွက်လက်လက်လှုပ်ရှားဖို့လို့တယ် ကိုသော်က"

"ကျွန်တော့်နယ်ထိန်းအဖွဲ့ဝင်တွေကို အခုဘုရားပွဲကျင်းပတဲ့ ပန်းတောရွာနဲ့ ရွာသာယာရွာကို လွှတ်ထားပါတယ်"

"အရေးကြီးတာက ဘတုတ်နဲ့ ရန်ငြိုးရန်စရှိကြသူတွေ သူ့ရဲ့ နှိပ်စက်မှုဒဏ်ခံကြရသူတွေကို အရင်စုံစမ်းပါ။ စုံစမ်းရရှိသူတွေထဲကမှ ထောင့်ကျဉ်းထဲရောက်အောင် မောင်းသွင်းရမယ်။ ကျုံးသွင်းပြီးမှ ကရားရေစစ်နည်းနဲ့ စစ်ထုတ်လိုက်ရင် လူသတ်တရားခံဟာ ဘွားခနဲ ပေါ်လာမှာ သေချာတယ်။ ရှင်းရဲ့လား ကိုသော်က"

"ရှင်းပါတယ် ဗိုလ်ကြီး"

"ပိရိပါစေဗျာ၊ သိုသိုသိပ်သိပ်နဲ့ ကျိတ်ပြီး ဖော်ထုတ်လိုက်စမ်းပါ"

"စိတ်ချပါ ဗိုလ်ကြီး"

~~~~~

ရွာသာယာရွာသို့ စေလွှတ်ထားသော နယ်ထိန်းဒုတပ်ကြပ် အေးရွှေက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သော်ကထံသို့ သတင်းပို့သည်။

"ဘတုတ်နဲ့ ရန်ငြိုးရန်စရှိသူ သုံးလေးဦးစုံစမ်းရရှိခဲ့ပါတယ် ဗိုလ်လေး။ အဲဒီအထဲမှာ ဖြစ်နိုင်ချေ သံသယရှိသူက စံမောင်ပါ။ စံမောင်ရဲ့မိန်းမကို ဘတုတ်က ရှိသဲ့သဲ့လုပ်လို့ စံမောင်နဲ့ ဘတုတ်၊ တုတ်တစ်ပြက်ဓားတစ်ပြက်ဖြစ်ခဲ့ဖူးပါတယ်။ စံမောင်ကို ဘတုတ်ရဲ့ဖခင် ဦးစိန်တုတ်က တောင်းပန်ခဲ့လို့ ကျေအေးခဲ့တယ်လို့ သိရပါတယ်--

"ဒုတိယ သံသယရှိသူက ဖဲဝိုင်းမှာ ဘတုတ်နဲ့ ရန်ဖြစ်ခဲ့တဲ့ ကျော်သောင်းပါ။ ကျော်သောင်းကို ဖဲလိမ်ရိုက်တယ်ဆိုပြီး ဘတုတ်က လက်သီးနဲ့ထိုးလို့



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ကျော်သောင်း သွားနှပ်ချောင်းကျိုးသွားခဲ့ပါတယ်။ အဲဒီကိစ္စကိုလဲ ဘတုတ်အဖေ ဦးစံတုတ်က ကျော်သောင်းကို သွားစိုက်ခပေးပြီး ကျေအေးခဲ့ပါတယ်၊ ကျန်တဲ့ လူတွေက အသေးအဖွဲလေးတွေပါ ဗိုလ်ကြီး''

''ကိုအေးရွှေ ရခဲ့တဲ့ သတင်းတွေ ကောင်းပါတယ်။ ဒါပေမယ့် အသေးအဖွဲလေးတွေကိုလဲ အထင်မသေးနဲ့ဗျ။ အ မှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ အဲဒီ အသေးအဖွဲလေးတွေကို ဆက်လက် စုံစမ်းဦးဗျာ''

''ဟုတ်ကဲ့ ကျွန်တော် ဆက်ပြီး စုံစမ်းပါ့မယ်''

ရဲဒုတပ်ကြပ် အေးရွှေ သတင်းပေးပို့ပြီး ပြန်ထွက်သွားသောအခါ ပန်းတောရွာသို့ စေလွှတ်ထားသော ရဲတပ်ကြပ်ကြီး ရဲဝင်းရောက်လာပြီး သတင်းပို့သည်။

''ပန်းတောရွာက ကာလသားတွေကိုတော့ ဘတုတ်က မလွန်ဆန်ရဲဘူးလို့ သိရပါတယ် ဗိုလ်ကြီး။ သူ့ရွာမှာပဲ သူက လူတွင်ကျယ်လုပ်နေတာတဲ့။ ပန်းတောရွာကို ဘတုတ် လာရမ်းတော့ ကာလသားတွေက ဝိုင်းရိုက်တာ ခွေးပြေး ပြေးခဲ့ရတယ်တဲ့။ အဲဒီအချိန်ကတည်းက ဘတုတ်ဟာ ပန်းတောရွာနားကို မသီရဲဘူးတဲ့။ အခုဘုရားပွဲကျမှ ဘယ်လိုဘယ်ပုံရောက်လာတာလဲဆိုတာ မသိကြဘူးတဲ့။ ပန်းတောရွာတစ်ရွာလုံးကတော့ ဘတုတ်တို့ ရွာသာယာထဲက ရန်ငြိုးရန်စကြောင့်ပဲလို့ အပြောများနေကြတယ် ဗိုလ်လေး''

''ဒါကတော့ ဘေးစကားတွေပေါ့ဗျာ။ ပန်းတောရွာကလဲ သူတို့ရွာ အမှုမပတ်အောင် အရှောင်အတိမ်းလုပ်ချင်လုပ်နေမှာပေါ့။ ဆရာကြီးအနေနဲ့ ရွာသာယာရွာဘက်ကို အသွင်ယူပြီး စုံစမ်းပေးစမ်းပါဦးဗျာ။ ကိုအေးရွှေကိုလဲ ပန်းတောရွာဘက်ကို စေလွှတ်ပြီး စုံစမ်းခိုင်းလိုက်မယ်။ ရွာနှစ်ရွာကို ကြက်ခြေခတ် ဖြတ်လမ်းနည်းနဲ့ စုံစမ်းလိုက်ရင် အဖြေတစ်မျိုး ထွက်လာနိုင်တယ် ဆရာကြီး''

''စိတ်ချပါ ဗိုလ်လေး။ ကျွန်တော် လှုပ်ရှားလိုက်ပါ့မယ်''

~~~~~

ဘတုတ်အသတ်ခံရပြီး လူသတ်တရားခံကို စုံစမ်းခဲ့ကြသည်မှာ ၂ လပင်ကျော်သွားခဲ့လေပြီ။

သို့သော် အခြေအနေက ထူးခြားမှုမရှိသေး။

ခရိုင် ရဲတပ်ဖွဲ့မှူးကလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးကို ဖိအားပေးလာလေရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက စခန်းမှူးကို ဆက်လက် ဖိအားပေးလာပါတော့သည်။

စခန်းမှူး ရဲအုပ်သက်မောင်၊ မနေသာတော့ဘဲ ကိုယ်တိုင်ပင် အသွင်ယူကာ ရွာသာယာရွာသို့ သွားရောက်ခဲ့သည်။

ရဲအုပ် သက်မောင်က အိမ်မွေးကြက်ဘဲများကို လှည့်လည်ဝယ်ယူ သယ်ဆောင်ပြီး မြို့ပေါ်ရှိ ကြက်ဒိုင်သို့ ရောင်းချနေသည့် အရောင်းအဝယ်သမားဟန်ဆောင်ထားသည်။

ရွာသာယာရွာသို့ ညနေစောင်းတွင် ရောက်ချလာပြီး ထန်းရည်တဲတွင် ဝင်ရောက်တစ်ထောက်နားခိုသည်။ ထန်းရည်သောက်ရင်း ကြက်ဘဲရောင်းဝယ်သူ ရှိ မရှိ စကားနှိုက်စုံစမ်း



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သည်။

ထန်းရည်တဲဆိုတော့ ထန်းရည်သောက်သူ လူငယ်လူရွယ်အစုံရောက်ရှိနေကြသည်။ ထန်းရည်မူး ကျွဲခိုးပေါ်ဆိုသလို ထင်ရာမြင်ရာစကားတွေကို သူတစ်ပေါက် ငါတစ်ပေါက် ရောက်တတ်ရာရာ ပြောဆိုငြင်းခုံနေကြသည်။

ထိုသို့ ရောက်တတ်ရာရာ ပြောဆိုနေကြသူများထဲတွင် အလွန်မူးနေကြသော လူငယ်နှစ်ဦး၏ ပြောဆိုသံများကို ရဲအုပ်သက်အောင်က နားထောင်နေသည်။

"ဘတုတ်သေမှပဲ တို့လဲ စိတ်အေးရတော့တယ်ကွာ"

"စိတ်အေးရတာကို အသာထားဦး၊ ဘတုတ်ကို ဘယ်သူသတ်သလဲဆိုတာ ရဲကလဲ အခုထိ မဖော်နိုင်သေးဘူးကွ"

"ဟိုကောင် စံမောင်ရော မဖြစ်နိုင်ဘူးလား၊ မယားထိ ဓားကြည့် ဆိုသလိုပဲ၊ ဒီကောင်လဲ ဘတုတ်ကို သတ်နိုင်တာပဲကွ"

"စံမောင် မဖြစ်နိုင်ဘူးကွ၊ အဲဒီရက်က စံမောင်က အောင်လံကို သွားနေတာ"

"ဒါဆိုရင် ဖဲဝိုင်းမှာ လက်သီးနဲ့ထိုးခံရတဲ့ ကျော်သောင်းကော မဖြစ်နိုင်ဘူးလား"

"ပိုပြီး မဖြစ်နိုင်ဘူးကွ၊ ကျော်သောင်းက အဲဒီနေ့မှာ အိပ်ရာထဲလဲနေလို့ ကျန်းမာရေးမှူး ကိုယ်တိုင် ဆေးလာထိုးရတယ်"

"ဒါဆို ဘယ်သူဖြစ်နိုင်သေးလဲ"

"ငါ့အထင်တော့. . ."

"ပြောစမ်းပါကွာ၊ မင်းဟာကလဲ တုံးတိချည်းနဲ့"

"ဟေ့ကောင် တိုးတိုး ပြောစမ်းပါ။ ဟိုမှာ လူစိမ်းရှိနေတယ်"

"ယောကျ်ားလျှာ ခင်ခင်လှသတ်တာလို့ ငါထင်နေတယ်ကွ"

"ဘာကြောင့်လဲကွ"

"သူ့အချစ်တော် စမ်းစမ်းမြကို ဘတုတ်က ဆွဲလားရမ်းလားလုပ်လို့ ခင်ခင်လှက ဝင်ပြီးတားဆီးရင်းက ခင်ခင်လှရဲ့ပါးကို ဘတုတ်က လက်သီးနဲ့ ထိုးခဲ့တယ်လေ"

"သြော် အဲဒါကို ငါမေ့နေတယ်ကွ၊ ဒါပေမဲ့ ခင်ခင်လှက လူသတ်ရဲပါ့မလားကွ"

"မယားထိ ဓားကြည့် ဆိုသလိုပေါ့ကွာ"

"ဖြစ်နိုင်ချေရှိတယ်ကွ"

ရဲအုပ်သက်မောင်က မကြားတစ်ချက် ကြားတစ်ချက်ဖြင့် နားစွင့်နေရင်းက ကျေနပ်ပီတိဖြစ်နေမိသည်။

~~~~~

"ကြက်တွေ ဘဲတွေ ရောင်းချဖို့ ရှိကြပါသလား။ အလေးပြည့် ဈေးနှုန်း အမှန်နဲ့ ကြိုက်ရောင်းကြိုက်ဝယ်လာနေတယ်နော်"

ကြက်အိပ်တန်းတက်ချိန်တွင် ရဲအုပ် သက်မောင်က ရွာသာယာအနောက်ဘက်ထိပ်မှစ၍ ဝင်ရောက်လာပြီး အော်ဟစ် လာခဲ့သည်။

ရွာထိပ်တစ်အိမ်ကျော်တွင် ကြက်နှစ်ပိဿာကျော် ဝယ်ယူရရှိခဲ့သည်။

"ဈေးမှာ သွားရောင်းရင် အချိန်ကုန်လူပန်းတယ်၊ အခု ရွာမှာ လာဝယ်တာနော်။ ဈေးမှာပေးတဲ့ ဈေးနှုန်းအတိုင်း ပေးပါ့မယ်။ ရောင်းဖို့ရှိရင် ခေါ်လိုက်

www.burmeseclassic.com
~~~~~

www.burmeseclassic.com



ပါ။

ရဲအုပ် သက်မောင်က အပြော ကောင်းသောကြောင့် ရွာလယ်သို့ ရောက်သည်နှင့် ကြက်ရော ဘဲပါ ၁၀ ပိဿာ ကျော် ဝယ်ယူ ရရှိခဲ့သည်။

ရွာအရှေ့ပိုင်း အိမ်တစ် အိမ်ရှေ့သို့ရောက်သောအခါ ဝေါက်ဆတ်ဆတ် အသံဖြင့် ရဲအုပ် သက်မောင်ကို လှမ်းခေါ်သည်။

"ကြက်သည်ကြီး ဝင်ခဲ့ပါဦး"

"ဟုတ်ကဲ့ခင်ဗျ၊ ဝင်ခဲ့ပါမယ်။ ခွေးရှိရင် ကြည့်ပေးပါဦး"

"ဘာခွေးတစ်ကောင်မှ ထားစရာမလိုဘူး။ ခင်လှဆိုရင် အားလုံးက ရင်မနေကြရတာ မသိဘူးနဲ့ တူတယ်။ ဖင်ခဲ့ပါ။ ဘာမှ ကြောက်စရာမလိုဘူး"

ရဲအုပ် သက်မောင်ပင် လျှင် အသံကြောင့် ထိတ်လန့်သွားရသည်။ ခြံဝန်းထဲ ဝင်ခဲ့ပြီး အိမ်ရှေ့မျက်နှာစာသို့ ရောက်သောအခါ ခါးထောက်၍ ရပ်ကြည့်နေသော ထောင်ထောင်မောင်းမောင်းအမျိုးသမီးကို မြင်တွေ့လိုက်ရသည်။

အမျိုးသမီးသာ ဆိုသော်လည်း ဆံပင်က ဘိုကေဆံပင်၊ ထဘီမဟုတ်ဘဲ ပုဆိုးကို တိုတိုဝတ်ထားသည်။ ရှပ်အင်္ကျီလက်ရှည်ကို လက်ခေါက်ဝတ်ထားသည်။ သူမ၏ ပုံစံက လောကကြီးကို ထီမထင်ပုံ။

ရဲအုပ် သက်မောင်က သတိထားကာ စတင်၍ မေးမြန်းသည်။

"ကြက်လား၊ ဘဲလား၊ ဘယ်လောက်ရှိလဲခင်ဗျာ"

"ကြက်တွေပဲရှိတယ်၊ ကြက်တွေက ရိုင်းလွန်းလို့ ညအမှောင်မှာ စောင့်ဖမ်းရမှာပါ။ စောင့်နိုင်မလား"

"စောင့်နိုင်ပါတယ်"

"အိုကေ... ဒီလိုဆို ဒီမှာစောင့်နေ ကျွန်တော် ဖမ်းပေးမယ်"

ခင်လှဆိုသော အမျိုးသမီးက ကျွန်တော်ဟု သုံးနှုန်းလိုက်လေရာ ရဲအုပ်သက်မောင်က ယောက်ျားလျာ ခင်ခင်လှဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

ယောက်ျားလျာ ခင်ခင်လှက သရက်ပင်ပေါ်ရှိ ကြက်အိပ်တတန်းတွင် အိပ်စက်ရန် တက်ခါစ ကြက်တွေကို လိုက်၍ ဖမ်းဆီးခဲ့ရာ ကြက်မတန်းအရွယ် (ကြက်ပျိုဖော်ဝင်အရွယ်) ၁၀ ကောင်ကို ဖမ်းဆီးရမိခဲ့သည်။

ခင်ခင်လှက ကျန်နေသော ကြက်ဖ တစ်ကောင်ကို လိုက်ဖမ်းရာ ဘယ်လိုမှ ဖမ်းဆီးမမိဘဲ ဖြစ်နေလေရာ ဒေါကန်လာသည်။

"နင်လို တိရစ္ဆာန်ကြက်ကို မဆိုထားနဲ့ လူရမ်းကားကိုတောင် ငါက သတ်ခဲ့တာ၊ နင့်ကို မမိဘဲ ငါမနေဘူး။ သေမယ် သာမှတ်ပေတော့ သေနာကောင် ရေ ... တောက်"

ခင်ခင်လှက ကြက်ဖ ဟိုပြေးဒီပြေး ပြေးနေသည်ကို ဒေါမာန်အပြည့်ဖြင့်လိုက်၍ ဖမ်းဆီးရင်း ပါးစပ်ကလည်း မြည်တွန်တောက်တီး၊ ညည်းညူစကား ဆိုနေလေရာ ရဲအုပ်သက်မောင်အတွက် မှုခင်းဖော်ထုတ်ရန် အားတက်လာလေသည်။

ကြာတော့ ကြက်ဖ ခမျာ ချောင်ပိတ်ပြီး အဖမ်းခံခဲ့ရသည်။

ခင်ခင်လှကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဖကို ဖမ်းမိမိချင်း နီးစပ်ရာ အိမ်တိုင်ဖြင့် ကိုင်၍ ရိုက်လိုက်လေရာ ကြက်ဖလည်း ဆန့်ငင်ဆန့်ငင်ဖြင့် သေသွားရရှာလေတော့သည်။

~~~~~

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ရှိ စခန်းမှူးရုံးခန်းထဲတွင် စခန်းမှူး ရဲအုပ် သက်မောင်၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သော်က၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် အဖွဲ့ဝင်များ စုံညီစွာ ရောက်ရှိနေကြသည်။

သူတို့ရှေ့တွင် လက်ထိပ်တန်းလန်းနှင့်ထိုင်နေသူက ငခင်လှ။ ယောကျ်ားလျာ ခင်ခင်လှ။ မျက်နှာက မှုန်တေတေ။ မည်သူ့ကိုမျှ ဂရုမစိုက်သည့်ဟန်။

ဤသည်ကို ရဲအုပ် သက်မောင်က သတိပြုမိသလို သဘောကျနေလေသည်။ ရဲအုပ် သက်မောင်က စကားစသည်။ စကားစရာတွင်လည်း ဆွပေးသည့် စကား။

"ကဲ ခင်ခင်လှရေ တို့တွေက သဲလွန်စတွေလဲ ရထားပြီ။ မင်းကလဲ ယောကျ်ားပီသနေပြီဆိုတော့ လုပ်ရဲရင်ခံရဲတယ်လို့ ငါယူဆတယ်၊ ဒီတော့ကာ အမှန်ကို အမှန်ပဲ ဝန်ခံစေချင်တယ်ကွာ"

"ဗိုလ်ကြီးက ဘာအထောက်အထားနဲ့ ဘာကို ဝန်ခံစေချင်တာလဲ၊ ခင်လှ ဘဝမှာ အကြောက်တရားဆိုတာ လုံးဝ မရှိဘူးဆိုတာလဲ ဗိုလ်ကြီး သိထားဖို့ လိုပါတယ်"



ခင်ခင်လှ၏ တုံ့ပြန်စကားကြောင့် ရဲအုပ် သက်မောင် အပါအဝင် ရုံးခန်းထဲရှိသူအားလုံး အံ့အားသင့်သွားကြသည်။

အာဂ မိန်းမပါလား။ ကြောက်ရွံ့စိတ် လုံးဝ မရှိပါတကား။

ရဲအုပ် သက်မောင်ကလည်း ရဲလုပ်ငန်း ပရိယာယ်ကြွယ်ဝသူပီပီသူ့စကားနှင့်သူပင် ပြန်လည်ချည်နှောင်လိုက်သည်။

"ကြိုက်သွားပြီ ခင်ခင်လှ။ မင်းကိုတော့ ငါ ရဲသက်တမ်း တစ်လျှောက်မှာ တစ်ခါဖူးမှ မကြုံတွေ့ဖူးသူ တစ်ယောက်အနေနဲ့ လေးစားသွားပြီ။ မင်းက မေးလာတော့လဲ ငါက ပြောပြရတော့မှာပေါ့ကွာ"

"ဒီလိုကွ၊ တို့ ရဲတပ်ဖွဲ့မှာ နားတွေ မျက်စိတွေဟာ နေရာတိုင်းမှာ ရှိတယ်။ ပွဲဈေးတန်းထဲမှာ မင်းဟာ တစ်ဝဲလည်လည်နဲ့ လူပျောက်ရှာနေသလို၊ ကျွေးကန်တောင်မှောက် မျောက်ကလဲ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဆန်ပျာ ပျာယာခတ်နေတာကို မြင်တွေ့ကြသူတွေရှိနေခဲ့တယ်။ ခဏအကြာမှာ ဘတုတ် အသတ်ခံခဲ့ရတယ်။ မင်းက ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားခဲ့တယ်။ တို့ရဲတပ်ဖွဲ့က အသွင်ယူပြီး နည်းမျိုးစုံနဲ့ စုံစမ်းခဲ့တယ်။ ဒါပေမဲ့ အမိက သဲလွန်စနဲ့ သာမညသဲလွန်စတွေထဲက ခွဲခြားဖို့ အခက်တွေ့ခဲ့တယ်။ ဒါကြောင့် ငါကိုယ်တိုင်ပဲ အသွင်ယူစုံစမ်းခဲ့တယ်။ မင်းမှတ်မိမယ် ထင်ပါတယ်။ မင်းရဲ့အိမ်မှာ ကြက်လာဝယ်တဲ့သူဟာ ငါပဲ။ အဲဒီအချိန်မှာ မင်းက ရှိုင်းစိုင်းလွန်းတဲ့ကြက်ဖကို လိုက်ဖမ်းရင်းက မင်းပါးစပ်က ဒေါသနဲ့ ပြောခဲ့တဲ့စကားကို မင်းမှတ်မိကောင်း မှတ်မိနေပါလိမ့်မယ်။ စဉ်းစားပါဦးကွာ''

ခင်ခင်လှက မျက်လွှာချကာ ခေတ္တခဏ ငြိမ်သက်တွေဝေသွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ အသွင်ဖြင့် ရင်ကိုစွင့်ကာ ရဲအုပ်သ ... ကို ပြန်မေးသည်။

''ကျွန်တော် ဘာများ ပြောခဲ့မိလို့လဲ''

''နင့်လို တိရစ္ဆာန်ကြက်ကို မဆိုထားနဲ့ လူရမ်းကားကိုတောင် ငါက သတ်ခဲ့တာလို့ ပြောခဲ့တာလေ''

ရဲအုပ် သက်မောင်၏ တုံ့ပြန်စကားကို ကြားလိုက်ရသော ခင်ခင်လှခမျာ ဘာမျှ အတွန့်မတက်နိုင်တော့ဘဲ ငိုင်တွေသွားပါတော့သည်။

သည်တော့မှ ရဲအုပ် သက်မောင်က ဆက်ပြောသည်။

''ကဲ ခင်ခင်လှရေ မင်း ကိုယ်မင်း ယောကျ်ားလားလို့ ခံယူထားရင် ယောကျ်ားစိတ်နဲ့ ဝန်ခံစေချင်တယ်ကွာ''

သည်တော့မှ ခင်ခင်လှ ခေါင်းထောင်လာကာဝန်ခံသည်။

''ကျွန်တော် ဘတုတ်ကို သတ်ခဲ့တာကို ဝန်ခံပါတယ်။ ကျွန်တော့်ချစ်သူ စမ်းစမ်းမြကို ဆွဲလား ရမ်းလားလုပ်လို့ ကျွန်တော်က ဝင်တားတာကို သူက ကျွန်တော့်ပါးကို လက်သီးနဲ့ ထိုးခဲ့တယ်။ ကျွန်တော့်ပါးကို လက်သီးနဲ့ထိုးတဲ့ ဒဏ်ရာထက် ကျွန်တော့် အသည်းမှာ ခံစားရတဲ့ ဒဏ်ရာက တမြည့်မြည့်ခံစားနေခဲ့ရတယ်။ ဒီကြားထဲ ဘတုတ်က ကျွန်တော့်ကို ယောကျ်ားလျာမ၊ မိန်းမစိတ်ဝင်လာအောင် စမ်းစမ်းမြအရင် သူ့ကို မိန်းမရဲ့ အရသာ ခံစားရအောင် လုပ်ပြမယ်လို့ အယုတ်တမာစကားတွေနဲ့ ကြွားဝါနေခဲ့တယ်။ ဒါကြောင့် ဘုရားပွဲထဲမှာ သူ့အလစ်ကို ချောင်းပြီး ကျွန်တော် ဓားမြှောင်နဲ့ ထိုးသတ်ခဲ့တာပါ။ ကျွန်တော် အမှန်အတိုင်းဝန်ခံပါတယ်။ ထိုက်သင့်တဲ့ပြစ်ဒဏ်ကို ကျွန်တော် ရဲရဲကြီး ဝန်ခံပါတယ်''

ရဲတပ်ကြပ်ကြီး ရဲဝင်းက အသံဖမ်းစက်ကို ပိတ်လိုက်သည်။ ရုံးခန်းထဲရှိသူ အားလုံးလည်း သက်ပြင်းကိုယ်စီချ ... ကြသည်။

စခန်းမှူး ရဲအုပ် သက်မောင်ကတော့ 'မယားထိ ဓားကြည့်' ဆိုသော စကားသည် ယောကျ်ား အစစ်တွေထက် ယောကျ်ားလျာတွေ၏ မယားထိ ဓားကြည့်ဆိုသော ခံစားချက်က ပို၍ ပို၍ ထက်မြက်ထိရောက် ကြောက်စရာကောင်းလှပါလား ဟု စဉ်းစားနေမိလေတော့သည်။

မောင်ငြိမ်းသ...

(ကြို့ပင်ကော...က်)



www.burmeseclassic.com

www.burmeseclassic.com



## ပဟေဠိအမှတ်စဉ် (၅၉)၏ အဖြေမှန်များကြေညာခြင်း

မေးခွန်းနံပါတ် (၁) "အတ္တကြီးမားလွန်းတဲ့ မိဘမေတ္တာ"

မေးခွန်းနံပါတ် (၂) ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူကြီးများ၏ စဉ်းစားဉာဏ်နှင့် အတွေးအခေါ်ကောင်းမှု

မေးခွန်းနံပါတ် (၃) သားကိုချစ်လွန်းအားကြီးတဲ့ အစွန်းရောက်မိဘမေတ္တာ လမ်းကြောင်းလွဲမှားပြီး ဆင်ခြင်မှုအသိတရားကင်းမဲ့ခြင်း

မေးခွန်းနံပါတ် (၄) မိဘများ သားသမီးများကို ချစ်ကြသည်မှာ နိယာမတရားအမှန်ဖြစ်သော်လည်း အတ္တလွှမ်းကဲသော၊ အစွန်းရောက်လွန်းသော ချစ်မေတ္တာမျိုး မဖြစ်စေရန် အသိတရားနှင့် သတိထားသင့်ပါသည်။

## အဖြေမှန်သူများ၏ ဆုစာရင်းကြေညာခြင်း

**နှစ်သိမ့်ဆုရရှိသူများ**

(၁) ဒေါ်ခင်ထွေးမြင့် (အိုင်အက်စ်အမ်-၄၅၈၀ရ၁)၊ ၁၉(ဘီ)၊ လေးလွှာ၊ မဟာမြိုင်အိမ်ရာ၊ (၄၁) ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

(၂) ဦးတင်ဝင်း (၁၂/သဃက(နိုင်)၀၀၆ရရ၀)၊ ရ၃၄၊ စစ်ကိုင်း(၂၆)လမ်း၊ ၅-ရပ်ကွက်၊ တ/ဥက္ကလာ။

(၃) ဒေါ်ခင်ဝင်းဆွေ (ပီအမ်အီး-၀၀၂၃၅ရ)၊ ငွေလမင်းဘော်ဒါဆောင်၊ အမှတ်(ရ၀)၊ တရုတ်စု၊ ဝါရုံလမ်း၊ ပြည်မြို့။

(၄) ဦးလှသန်း (၁၄/ကပန(နိုင်)၀၁၁၁ရရ)၊ ၅၂၊ (၃)လမ်း၊ တေဇရပ်ကွက်၊ ကျုံပျော်မြို့။

(၅) မသင်းဆုမွန် (ရ/ညလပ(နိုင်)၁၃၆၉၀ရ)၊ ဒေါ်ဝင်းဆေးဆိုင်၊ ဈေးအတွင်း၊ ပိန်းဇလုတ်မြို့၊ ညောင်လေးပင်မြို့။

(၆) ဒေါ်မိုးသန္တာအေး (ရ/ညလပ(နိုင်) ၁၂၀၃၆၄)၊ မြို့မ (၃)၊ ရဲစခန်းဝင်း၊ ညောင်လေးပင်မြို့။

(ရ) ဒေါ်မော်မော်ဝင်း (၁၂/ကခက(နိုင်)၀၆၃၅၅၄)၊ ၁၄၄၊ မြို့သစ်ကြီးရပ်ကွက်၊ နောင်ခမ်းရှမ်းရွာထိပ်၊ မြစ်ကြီးနား။

(၈) ဦးသန်းဆွေ (၅/မရန(နိုင်)၀၃၃၆၆၃) သရဖူစာပေ၊ ယုဇနလမ်းထိပ်နှင့် လယ်တီလမ်းထောင့် ဒေါနခြံရပ်၊ မုံရွာမြို့။

(၉) ဒေါ်အေးအေးမာ (၈/နမန(နိုင်)၉၀၆၂၁၆)၊ တမာပင်ကျောင်းအနောက်ဘက်၊ တမာပင်ရပ်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး။

ဆုငွေကျပ် (၁၀၀၀ိ/-)နှင့် စာအုပ် (၁)အုပ်။

**မှတ်ချက်။** ရရှိသောဆုငွေကို စာတိုက်မှပေးပို့ရမည်ဆိုပါက ပေးပို့ရမည့် အနီးစပ်ဆုံး စာတိုက်အမည်ကို မဂ္ဂဇင်းတိုက် ဖုန်းနံပါတ် ၃၉၇၁၆၄ သို့ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (ဆုငွေသာပေးပို့ပေးပါမည်။ ဆုရစာအုပ်မပို့ပေးပါ။)



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

အမှတ် (၆၄)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

**မေးခွန်းနံပါတ် (၂)** တရားခံများကို ဖမ်းဆီးနိုင်ရေးအတွက် သဲလွန်စတွေက ဘာတွေလဲ?

**မေးခွန်းနံပါတ် (၃)** သဲလွန်စရရှိရေးအတွက် ရဲတပ်ဖွဲ့၏ အဓိကသော့ချက်က ဘာလဲ?

**မေးခွန်းနံပါတ် (၄)** ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

> အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျိုက်ကော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၅-၂၀၁၃)နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

မှတ်ချက်

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာဇဝတ်မဂ္ဂဇင်းရုံး တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မမ (တရားရေး)

# နက်ရှိုင်းသော ချစ်ခြင်းမေတ္တာ၏
# နောက်တွင်





www.burmeseclassic.com

www.burmeseclassic.com



## "နက်ရှိုင်းသော ချစ်ခြင်း မေတ္တာ၏ နောက်တွင်"

မမ(တရားရေး)

(၁)

အလုပ်နှင့် ထောင် (၁၀)နှစ် ကျခံစေ ......

အလုပ်နှင့် ထောင် (၁၀)နှစ် ကျခံစေ ...... ဟူသော တရားရုံးတော်၏ အမိန့်ကို ခင်လေး အကြိမ်ကြိမ်အခါခါ အဖန်တလဲလဲ ကြားနေမိသည်။ ခင်လေး လက်နှစ်ဖက်ကို ပွတ်သပ်နေမိသည်။ ခင်လေး .. ခင်လေး ...ဒီလက်ဖြင့် ခင်လေး ချစ်မြတ်နိုးသော ... ခင်လေးကို ချစ်မြတ်နိုးသော ကိုကို ....ကို ခင်လေးလက်ဖြင့် ... ခင်လေးရဲ့လက်ဖြင့် ......

ရက်စက်လိုက်တာ ခင်လေးရယ် ...ရက်စက်လိုက်တာတဲ့။ ကိုကိုနောက်ဆုံးပြောသွားခဲ့တဲ့ စကားလေး ... ခင်လေးက ရက်စက်သတဲ့လား ကိုကိုရယ် ...

(၂)

ခင်လေး ကိုကို လွယ်တိန်ခမ်းတောင်ပေါ်က တွေ့နေကျ နေရာလေးမှာ စောင့်မယ်၊ လာဖြစ်အောင် လာနော် ကိုကိုတဲ့၊ လက်ရေးဝိုင်းဝိုင်းလေးတွေ ခင်လေး မျက်စိထဲကမထွက်ခဲ့။ အဲဒီ လက်ရေးလေးတွေက ခင်လေး ဘဝကို ကိုကိုက ပိုင်ဆိုင်ခွင့်ရစေခဲ့သည်လေ ...

အဲဒီနေ့က ကလွယ်တိန်တောင်ပေါ် အရင်ရောက်နှင့်နေသူ ကိုကိုက ခင်လေးကို မြင်တော့ အပြုံးပန်းတွေဝေလို့ ခင်လေးရဲ့ လက်ကလေးကို ဆွဲယူပြီး နဂါးပလ္လင်တော်ပေါ်က ပြည်တော်ပြန် ဘုရားကြီးရှေ့မှောက်မှာ တူနှစ်ကိုယ်သစ္စာပြုခဲ့ကြသည်လေ။ သူရဿတီမယ်တော်ရုပ်တုရှေ့က အုတ်လှေကားမှာ ထိုင်မိကြတော့ ခင်လေးရဲ့ လက်ဖဝါးလေးတွေကို ကိုကိုက တယုတယ ဆုပ်ကိုင်လိုက်ပြီး ခင်လေးရဲ့လက်ကလေးတွေက နူးညံ့လိုက်တာ .. ခင်လေးရယ် .. ဒီလက်နှစ်ဖက်ကို ကိုကို ခဏလောက် ဆုပ်ကိုင်ထားပါရစေနော်.. ကိုကို ဒီ လက်ကလေးတွေကို တစ်သက်လုံး ပိုင်ဆိုင်ချင်တယ် .. ဒီလက်ကလေးတွေနဲ့ ခင်လေးရဲ့ အယုအယကို ကိုကိုလေ အမြန်ဆုံး လိုချင်တယ်ဟု ဆိုခဲ့သည်လေ ...

မှတ်မှတ်ရရပါပဲ။ ပန်းရောင်စွယ်တော်ပန်းတွေ တစ်မြို့လုံးပွင့်နေတဲ့နေ့ .. နှင်းတွေ ထူထူထပ်ထပ် ကျနေ့တဲ့နေ့မှာပါ။ ခင်လေးနဲ့ ကိုကို နမ့်ခမ်းသွားတဲ့လမ်းပေါ်က မန်ခန်းဘုရားကြီးကို သွားဖူးကြတယ်။ ကိုကို့ ဆိုင်ကယ်နောက်မှာ ခင်လေး စွေ့ခနဲ တက်ထိုင်လိုက်ပြီး ချစ်ရသူ ကိုကို ကို အသာအယာ ဖက်တွယ်လိုက်မိတယ်လေ .. ကိုကိုက ခင်လေး လက်ကို ချက်ချင်း ဆုပ်ကိုင်လိုက်ပြီး ချစ်လိုက်ရတာ ခင်လေးရယ်၊ ခင်လေးရင်ထဲက အချစ်တွေက ခင်လေး လက်ဖဝါးနုနုလေးက တစ်ဆင့် ကိုကို့ ရင်ထဲကို ရောက်လာတယ် ခင်လေးရယ်လို့ ပြောခဲ့သည် .. အဲဒီစကားသံတွေရဲ့ နောက်မှာတော့ ခင်လေးရဲ့ လက်ဖဝါးလေးက ကိုကို ကို ပိုပိုတင်းကျပ်စွာ ဖက်တွယ်ထားမိခဲ့သည်လေ။

အဲဒီနေ့က မန့်ခမ်း ဘုရားကြီး ရင်ပြင်တော်ပေါ်မှာ ဘုစုံမောင်နှံတွဲလို့ ဆုတွေတောင်းခဲ့ကြပါသည်။ အေးမြတဲ့ ညောင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးတွေအရိပ်မှာ နားခိုကြရင်း ကိုကိုပြောပြတဲ့ မန့်ခမ်းဘုရားကြီးအကြောင်း နားထောင်ခဲ့ရပါသည်။ ‥ ဘုရားကြီးက လက်ညှိုး ညွှန်ပြနေတာ သိလား ခင်လေး ‥ ဆိုတော့ ခင်လေး မဖြေနိုင်။ ကိုကိုပြောပြလိုက်တာက ဟိုးက ရွှေလီမြစ်ရိုး တစ်လျှောက်မှာ တို့အမျိုးတွေရှိတယ်တဲ့ ခင်လေးရဲ့ ‥ ဒါဆိုလဲ အမျိုးတွေရှိရာ သွားကြမယ်လေ ဆိုပြီး ဆိုင်ကယ်တစ်စီးနဲ့ ချစ်သူနှစ်ဦးသား နမ့်ခမ်းမရောက်ခင် စယ်လန့်ရွာထဲကို ဝင်ခဲ့ပြီး အစ်မတော် စော်မွန်လှ ရွာကို ဝင်ခဲ့ကြသည်လေ …

စယ်လန့်မြို့ ဆိုတာ လူဦးရေ တစ်သန်းရှိတဲ့ မြို့လို့ အဓိပ္ပာယ်ရှိတာ ခင်လေးရဲ့။ ဟိုးရှေးတုန်းက အိမ်ခြေငါးသောင်းရှိသတဲ့။ မောဘုရင် စေခန်ဖရဲ့ နန်းတော်ဟောင်း နေရာလည်းရှိတယ်။ မြို့ရိုးတွေ ကျုံးတွေ ရေတွင်းဟောင်းတွေလည်း ရှိတယ်။ စောမွန်လှရဲ့ ရေကူးကန်လည်း အခုထိ ရှိသေးတယ်လေ အဲဒီနေ့က ခင်လေးက ကိုကို့ ကို ပြောခဲ့တယ်။ ဒီနေရာလေး ရောက်တော့ ကိုကိုရယ် ခင်လေးရင်ထဲ ဆို့နစ်နစ် လွမ်းသလိုလို ငိုချင်သလိုလိုပဲ ရယ်လို့လေ။ အရိပ်ကောင်းတဲ့နေရာလေးမှာ ခင်လေးနဲ့ကိုကို မဆုံးနိုင်သော ချစ်ခြင်းများ ခင်လေးကလည်း ကိုကို့ ရင်ခွင်မှာ မှီနွဲ့လို့ ကိုကိုကလည်း ခင်လေးရဲ့ လက်ဖဝါးလေးတွေကို တယုတယ ဆုပ်ကိုင်လို့ပါ။ ချစ်သူရင်ခွင်မှာ နေရစဉ် အပြင်လောကရဲ့ နာရီကို မေ့ထားလိုက်ကြတယ်လေ …ခင်လေးတို့ စယ်လန့်က အပြန်မှာ မြူခိုးတွေ ဝေလို့ဝဲလို့ မှောင်ရီပိုးတဝါး …

ချစ်သူနှစ်ဦးအတွက် အမြန်ဆုံးပေါင်းကြဖို့ ဖန်လေသလား၊ ကံကြမ္မာအလှည့်အပြောင်းက ကူညီလိုက်လေသလားမသိတော့။ စယ်လန့်ကထွက်ပြီး နာရီဝက်ပင်မရှိခင် ခင်လေးတို့ စီးလာတဲ့ဆိုင်ကယ် ဘီးပေါက်သွားလေရဲ့။ မှောင်စပြုပြီလေ‥ အိမ်ပြန်ချိန် နှောင်းခဲ့ပြီ။ ဆိုင်ကယ်ပြင်စရာလည်းမရှိ၊ ရှေ့ကရွာနဲ့ ဝေးသလို နောက်က ကျန်ခဲ့တဲ့ရွာနဲ့လည်း လှမ်းလာခဲ့ပြီလေ။ ဒီအချိန်မှာ မျှော်စရာ ကားတစ်စီးစီးရောက်လာမှ ခင်လေးတို့ အိမ်ပြန်နိုင်မှာ။ ခင်လေး တုန်လှုပ်စပြုတော့ ကိုကိုက ရိပ်မိတယ်။ ချက်ချင်း ခင်လေးလက်ဖဝါးလေးကို တယုတယ ပွတ်သပ်ပေးခဲ့တယ်။ ခင်လေးရဲ့ နားဝနားမှာ ကိုကိုရဲ့ ထိုးညှင်းတဲ့ လေသံကလေးက ခင်လေး

**ချစ်သူနှစ်ဦးအတွက် အမြန်ဆုံးပေါင်းကြဖို့ ဖန်လေသလား၊ ကံကြမ္မာအလှည့်အပြောင်းက ကူညီလိုက်လေသလား မသိတော့။ စယ်လန့်ကထွက်ပြီး နာရီဝက်ပင်မရှိခင် ခင်လေးတို့စီးလာတဲ့ ဆိုင်ကယ်ဘီးပေါက်သွားလေရဲ့။**



www.burmeseclassic.com

www.burmeseclassic.com



ချယ် အိမ်မပြန်နဲ့တော့နော်တဲ့။ ကိုကိုရင်ခွင်မှာ ခင်လေး မှိဝင် လှသ္တုပါတော့ ခင်လေးရယ်တဲ့လေ။ ခင်လေးရဲ့ နားဝက ကြားရတဲ့ ကိုကိုရဲ့ အသံဟာ ခင်လေးရဲ့ အသည်းနှလုံးကို ထိုးဖောက်ခဲ့လေရဲ့။ အဲဒီနေ့က ကားကြဲ့နဲ့ လူရော ဆိုင်ကယ်ပါ မူဆယ်ပြန်ရောက်ခဲ့သော်ငြား ခင်လေးကတော့ မိဘရင်ခွင်သို့ မပြန်တော့ ကိုကို ရင်ခွင်ဆီသို့ပါ . . .

ပန်းရောင်စွယ်တော်ပွင့်လေးတွေရဲ့ အရွက်ကိုကြည့်စမ်းခင်လေး နှစ်လွှာပေါင်းမှ တစ်ရွက်နော် ခင်လေး ဒီလိုပဲနော် ကိုကိုနဲ့ ခင်လေးတို့ဘဝ နှစ်လွှာပေါင်းတစ်ရွက်ပေါ့နော်တဲ့လေ။

(၃)

ပန်းရောင် စွယ်တော်ပွင့်တို့ သုံးကြိမ်ဖူးပွင့် ငွေနှင်းမှုန်တို့ သုံးကြိမ်ခြုံလွှမ်းခဲ့ပြီးနောက် ကိုကိုနဲ့ခင်လေး ခိုင်မြဲတဲ့ ရစ်ပတ်မှုတွေနဲ့ အေးချမ်းခဲ့ကြသလို စီးပွားအရှာကောင်းတဲ့ ကိုကို ခင်လေးကို ကိုယ်ပိုင်[illegible]နဲ့ အိမ်ကလေးနဲ့ ပန်းမျိုးစုံနဲ့ ထားနိုင်ခဲ့ပြီ။ ခင်လေးမပူမပင်နေရ လိုချင်တာရ ခင်လေးဘဝ စိုပြည်လှတယ်။ မှတ်မှတ်ရရပါပဲ။ ခင်လေးရဲ့ မွေးနေ့မှာ လွယ်တိန်ခမ်းတောင်ပေါ်တက် ပြည်တော်ပြန်ဘုရားကြီးဖူးကြတယ်။ ဟိုအရင်ကလို ကွမ်ရင်မယ်တော်ရှေ့က အုတ်လှေကားလေးမှာ ဟိုအရင်ကလို ထိုင်မိတော့ ကိုကိုက ခင်လေးရဲ့ လက်ဖဝါးနုနုလေးကို

**ကိုကိုက သိပ်မြတ်နိုးတာ ခင်လေးရဲ့ဆိုပြီး ခင်လေးရဲ့ လက်ဖဝါးလေးတွေကို တယုတယ နမ်းခဲ့တယ်။ ပြီးတော့**

ကိုကိုက သိပ်မြတ်နိုးတာခင်လေးရဲ့ဆိုပြီး ခင်လေးရဲ့ လက်ဖဝါးလေးတွေကို တယုတယနမ်းခဲ့တယ်။ ပြီးတော့ ခင်လေးမျက်စိမှိတ် ခင်လေးမွေးနေ့လက်ဆောင်ပေးမယ်ဆိုပြီး ခင်လေးလက်မှာ စိန်လက်စွပ်တစ်ကွင်းပေးခဲ့တယ်။ လှလိုက်တဲ့ လက်စွပ်ကိုကိုရယ်၊ ခင်လေးပျော်လိုက်တာ။ နောက်မှ ခင်လေးသိရ[illegible] က အရည်အသွေးကောင်းပြီး တန်ဖိုးကြီးတယ်ဆိုတာကိုပါ။

ရာသီစက်ဝန်းတို့ရဲ့ အလှည့်အပြောင်းမှာ မထင်မှတ်စရာ ခင်လေးတို့ရဲ့ ချစ်ခြင်းတွေကလည်း ပြောင်းလဲလို့လာခဲ့တယ်။ ကိုကိုရယ်လေ လုပ်ငန်းက အောင်မြင်၊ ပြောတိုင်းဖြစ်၊ ငွေက ဒီရေအလားရလာတဲ့အခါ ကိုကို အိမ်ပြန်နောက်ကျလာတတ်တယ်။ တစ်ရက်နှစ်ရက်၊ တစ်လနှစ်လ ရက်တွေ တိုက်စားလာခဲ့တယ်။ ကိုကိုနဲ့ခင်လေး ထမင်းအတူစားရတဲ့ ရ[illegible]တွေ နည်းသထက်နည်းလာတ[illegible]။ ညစာ ထမင်းစာခါနီး ကိုကိုလက်ကိုင်ဖုန်းကို ခေါ်လိုက်တိုင်း စက်ပိတ်ထားပါတယ်ဟူ၍ တစ်မျိုး တစ်ခါတစ်ရံ ဖုန်းဖွင့်သော်လည်း ကိုကိုရဲ့ ပြန်ဖြေတဲ့ စကားသံအစား သီချင်းသံများသာ။

ခင်လေး ခင်လေးရင်မှာ ကိုကိုမှ ဟုတ်ရဲ့လားဟု သံသယများစွာ အိမ်ပြန်နောက်ကျတတ်သောညများ များစွာ။ ကိုကို ပြောင်းလဲခ ပြုပြီ[illegible]။ တစ်ညက အိမ်ပြန်နော[illegible]ကျတဲ့



www.burmeseclassic.com

www.burmeseclassic.com





ကို့ဆီက ရေမွှေးနံ့အပြင် စွန်းပေနေတဲ့ နှုတ်ခမ်းနီ တစ်စွန်းတစ်စ . . .

နောက်နေ့မနက် ကိုကိုကို မေးမိတယ်။ ညက အပြန်မှာ ကိုကိုရဲ့ ပိုက်ဆံအိတ်ပြန်မပါကဲ့အကြောင်း မေးမိတော့ ရုတ်တရက် ဒေါသအိုးပေါက်ကွဲလို့ ခင်လေးကို ကိုကိုအော်ဟစ်ခဲ့သည်။ ဘယ်တုန်းကမှ ငွေကြေးကိစ္စမမေးခဲ့တဲ့ ခင်လေး ကိုကို့အတွက် ရန်သူဖြစ်ရလေသလား။ နောက်တော့ ကိုကို လက်ကိုင်ဖုန်းပျောက်တာ၊ လက်ကဝတ်ထားတဲ့ နဝရတ်ကိုးပါးလက်စွပ်ပျောက်တာ ခင်လေးမမေးချင်ပေမယ့် မေးရတော့ ကိုကို့အဖြေက အော်ငေါက်ခြင်း၊ ဆူပူခြင်း၊ ဒါအပြင် ခင်လေးပါးပြင်ပေါ်သို့ ကိုကိုရဲ့ ဒေါသများ၊ ခင်လေး ခင်လေးရယ်လို့ တစာစာခေါ်တတ်တဲ့ ကိုကိုအသံတွေ ကိတ်လို့ပါ။ ခင်လေး လက်ကလေးတစ်ဖက် ကိုကို့ရင်ဘတ်ပေါ် လှမ်းတင်လိုက်တော့ ချက်ချင်း ဖယ်လိုက်တာတွေ . .

ပြောင်းလဲသွားတဲ့ ကိုကို့ အပြုအမူတွေက ခင်လေး မယုံချင်၊ သို့ပေမယ့် ခင်လေး ယုံလိုက်ရတာ တစ်ရက် ကိုကိုရုံးဆင်းချိန်မှာ ခပ်လှမ်းလှမ်းမှာ တက္ကစီ တစ်စီးပေါ်က စောင့်ကြည့်ခဲ့ပြီး ကိုကို ရုံးဆင်းလို့ ကိုကို ကားမောင်းသွားရာကို ထက်ကြပ်မကွာ လိုက်ခဲ့မိတယ်။ ခင်လေး မယုံချင်ပေမယ့် ယုံလိုက်ရပါတယ်။ ခင်လေး မမြင်လိုပေမယ့် မြင်လိုက်ရပါပြီ၊ ကိုကိုဝင်သွားတဲ့အိမ်ထဲက ကိုကို့ကို ကြိုလိုက်တဲ့ အမျိုးသမီး တစ်ယောက် ကိုကိုက သူမကို ပခုံးလေး လှမ်းဖက်လို့ပါလား . .

ခင်လေး အမြင်အာရုံတွေ ဝေဝါးလို့ ရင်ထဲမှာ မီးတွေဝုန်းခနဲ ထတောက်လာတယ်။ ကိုကို ခင်လေးရဲ့ အချစ်တွေက စော်ကားလေပြီလား။

ခင်လေးရဲ့ ဇနီးမယားတစ်ယောက်ရဲ့ စေတနာမေတ္တာတွေကို စော်ကားလေပြီလား။ သစ္စာတရားရဲ့ ချစ်ခြင်း၊ မေတ္တာတရားရဲ့ ချစ်ခြင်း၊ နက်ရှိုင်းလှတဲ့ ခင်လေးရဲ့ချစ်ခြင်း၊ နက်ရှိုင်းလွန်းတဲ့ ခင်လေးရဲ့ ချစ်ခြင်း၊ ကိုကို ကိုကို သစ္စာမဲ့လေပြီ။

ကိုကို ချစ်ခဲ့တဲ့ ခင်လေးမှာ အပြစ်ဆိုလို့ မြူမှုမထင်ရှိခဲ့တယ်လို့ဆိုတဲ့ ကိုကို။ ကိုကို ခင်လေး ဘာလုပ်ရလေမလဲ။

ခင်လေး အိမ်အရောက်မှာတော့ ငိုလိုက်တယ်။ အားရအောင် ငိုလိုက်မိတယ်။ ခင်လေး တစ်ကိုယ်လုံး နတ်ပူးသလိုလို စုန်းပူးသလိုလို တုန်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ချင်တွေခုန်လိုက်တာ ကိုကို၊ ခင်လေးလေ မီးဟုန်းဟုန်းတောက်လောက်နေတဲ့ မီးပုံထဲကျသွားပြီလား ကိုကိုရယ်။ ဒီလိုကိစ္စမျိုးကို ခင်လေးက ခွင့်လွှတ်ရပါမည်လား။ တားဆီးလို့ ရနိုင်ပါမည်လား။ အိုဘာပဲပြောပြော ခင်လေးက တရားဝင်မယားလေ။ ခင်လေးပြောစရာတော့ ပြောမှဖြစ်မည်လေ။ ခင်လေးဆုံးဖြတ်လိုက်တယ်။ ကိုကိုရဲ့ လက်ကိုင်ဖုန်းကို လှမ်းခေါ်လိုက်မိတယ်။ ကိုကိုလက်ကိုင်ဖုန်းက ခေါ်သံမြည်ပြီးတဲ့နောက်မှာ ကိုကို့အသံကို ကြ..လိုက်ရတယ်။ ကိုကို့စကားသံက ခင်လေးမယုံချင်စရာ။ ကိုကို့အသံလေ။ တိုးတိုးလေး မမကို သိပ်ချစ်တာပဲတဲ့။ အဲဒီစကားသံတွေရဲ့နောက်က ကိုကိုရဲ့ အသံတွေကို ခင်လေး မကြားရက်စရာ မကြားရဲစရာ စကားများပါ။ ခင်လေး ယုံအောင် ကိုကို သက်သေပြတာပေါ့နော်။

ခင်လေး အသ ... း ထဲက ချစ်ခြင်းတွေ အ... ှုင်း ဆုံးအရောက်မှာ ...

(၄)

အချိန်က ည ၂ နာရီရှိပြီ။ ကိုကိုကို တွေ့ခဲ့ပြီးတဲ့နောက် လက်ကိုင်ဖုန်းထဲက ကြားလိုက်ရတဲ့ ချစ်ခြင်းအသံတွေရဲ့နောက် နာရီများစွာ ခင်လေးရင်ထဲမှာ ဒေါသမီးတို့ ဟုန်းဟုန်းတောက်၊ ချစ်ခြင်းလူလု အူနုကျွဲခတ်ခဲ့ပြီလေ။ ကိုကိုပြန်လာမည့်အချိန် စောင့်နေရတဲ့အချိန် ကမ္ဘာမကကြာမြင့်လှချေရဲ့။ အချိန်ကြာလေလေ ရင်ထဲကမီးက ပိုကောက်လေ။ အင်နဲ့အားနဲ့ ရင်တွင်းက ဒေါသ၊ မျက်ဝန်းက ဒေါသ၊ နားအကြားထဲက ဒေါသ၊ ဒေါသတွေပေါင်းလိုက်ကြတော့ ခင်လေး၊ ခင်လေး အိမ်အောက်ထပ် ဆင်းခဲ့တယ်။ ကိုကိုပြန်လာမည့် ကားဂိုဒေါင်အဝင်မှာ တံခါးကွယ်လို့ ရပ်နေမိလိုက်တယ်။ ညည့်ခန်းထဲက နာရီက မနက် ၃ နာရီ ထိုးခါနီးပြီ။ တစ်ချက်ချက်အော် မြည်နေတဲ့ နာရီသံက ခင်လေး ရင်ကို မြားအစင်းတစ်ရာစိုက်ဝင်ခဲ့ပြီ။ လာပါပြီ ခြံထဲကို အသာ အရာမောင်းဝင်လာတဲ့ ကိုကို့ရဲ့ ကားသံရဲ့နောက်မှာ ကားတံခါးဖွင့် ဆင်းလာတဲ့ ကိုကိုရဲ့ ခြေသံ အိမ်ထဲလှမ်းဝင်လာတဲ့ ကိုကိုခြေ လှမ်းနဲ့အတူ။ ဟင်---ခင်လေး မအိပ်သေးဘူးလားလို့ မေးခွန်းရဲ့နောက်မှာ ခင်လေးရဲ့ အဖြေက ကိုကို့ အသည်းနှလုံးကို စိုက်ဝင်စေခဲ့တဲ့ ဓားတစ်ချောင်း ခင်လေး လက်မှာ စွန်းထင်ခဲ့တဲ့ ကိုကို့ နှလုံးသွေးတွေ၊ ကိုကိုရယ် ခင်လေးရဲ့ အနက်ရှိုင်းဆုံး ချစ်ခြင်းပါ။

ခင်လေး ခင်လေး ရက်စက်လိုက်တာဆိုတဲ့ ကိုကို့ စကားသံ..

ခင်လေးက ရက်စက်တာလား၊ ကိုကိုက ခင်လေးကို ရက်စက်တာလား ကိုကိုရယ်။ အတွေးစတို့နဲ့အတူ ခင်..သား လောကကြီးအပြင်ကို လွင့်မြော ခဲ့ရပါတယ်။

(၅)

ထောင်ဒဏ် (၁၀) နှစ် ကျခံစေ ... ထောင်ဒဏ် ၁၀ နှစ်ကျခံစေဆိုတဲ့ အမိန့်သံတွေက ကိုကိုသိပ်ချစ်တာပဲ ခင်လေးရယ်ဆိုတဲ့ စကားသံတွေကို ဖုံးလွှမ်းနိုင်ပါမည်လား.., ခင်လေးရဲ့ ချစ်ခြင်းနောက်မှာ...

မမ (ဘုရားရေး)



www.burmeseclassic.com

www.burmeseclassic.com

# လော
# ဘ
# ပ
# နှက်



ရွှေညာသားမြတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



## လောဘပန္နက်

ရွှေညာသားမြတ်မင်း

(၁)

"အောင်မြတ်ရေ။ ဟေး ... စိုင်းအောင်မြတ်"

စိုင်းအောင်မြတ်၏ 'ရှမ်းရိုးမ စက်ဘီးပြင်ဆိုင်' ထဲအထိ စိုင်းလှဝင်းက ခေါ်သံပြုပြီး ဝင်လာခဲ့သည်။

"ဟာကွာ .. ဒီကောင် ခေါ်မကြား အော်မကြားနဲ့ ဘာတွေလုပ်နေတာလဲ"

စကားပြောရင်း ဆိုင်ထဲဝင်လာသော စိုင်းလှဝင်းကို လှည့်ကြည့်ရင်း စိုင်းအောင်မြတ် အံ့သြသွားသည်။

"ဟာ စိုင်းလှဝင်းပါလား။ မောင်မင်းကြီးသား အသက်ရှည်ဦးမယ်။ ခုတစ်လော ပျောက်ချက်သားကောင်းလှချည်လားကွာ။ မပေါ်လာ အတော်ကြာပါပကော။ အံမယ် တစ်သွေးတစ်မွေးနဲ့ ပြောင်ပြောင်ရောင်ရောင် ဖြစ်လို့ပါလားကွ"

"အေး ငါကလဲ မင်းကို သတိရလို့ လမ်းကြုံတာနဲ့ တမင်ဝင်လာတာ။ မင်းကတော့ အရင်အတိုင်း ပေစုတ်စုတ်ပါပဲလား သူငယ်ချင်းရာ။ လာကွာ ရှေ့က လက်ဖက်ရည်ဆိုင်မှာ စကားပြောကြရအောင်"

စိုင်းအောင်မြတ်ရဲ့ ရှမ်းရိုးမ စက်ဘီးပြင်ဆိုင်ထဲမှ နှစ်ဦးသားထွက်လာကြပြီး ကားလမ်းကို ဖြတ်ကူးတာနဲ့ လက်ဖက်ရည်ဆိုင်ကိုရောက်သည်။ စားပွဲထိုးကို လက်ဖက်ရည်နှင့် မုန့်များ မှာပြီးသည်နှင့် စိုင်းလှဝင်းကစ၍ စကားစသည်။

"ဘယ်လိုလဲ သူငယ်ချင်း မင်း အလုပ်အဆင်ပြေရဲ့လား။ မင်းကြည့်ရတာ နဂိုအတိုင်းပဲ"

"ဒီလိုပဲပေါ့ကွာ ငါ့ အလုပ်က ရရစားစား၊ ဝါးဝါးမျိုမျိုလေ။ ပြေတယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ သားမယား မရှိလို့ တော်သေးတယ်ဟေ့။ တစ်ယောက်တည်းနေတာ တောင် ဝါးလုံးခေါင်းထဲ တိုးနေရတဲ့အတိုင်းပဲ။ ကိုယ်တတ်ထားတဲ့ ပညာမို့ လုပ်စားနေရတာဟေ့။ စက်ဘီးခေတ်က ကုန်ချင်သလို ဖြစ်နေတာဆိုတော့ ဝယ်ရောင်းလုပ်တော့လဲ အဆင်မပြေဘူးဟေ့။ ဒါကြောင့် အလုပ်ပြောင်း လုပ်ချင်နေတာ ကြာလှပေါ့ သူငယ်ချင်းရာ။ ဝင်ငွေကောင်းကောင်းရမယ့် အလုပ်ကလေးများ တွေ့ရင် အကူအညီပေးပါဦး"

"တကယ်လား စိုင်းအောင်မြတ်။ လုပ်ငန်းက တကယ်ပြောင်းချင်သလား။ ငါ့မှာလဲ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်တော့ လိုချင်နေတာ။ ဒီတော့--ဒီလိုလုပ်ကွာ။ လောလောဆယ် ငါ့အလုပ်မှာ တစ်ခေါက် နှစ်ခေါက် အစမ်းသဘော မင်း, ငါနဲ့အတူ လိုက်လာပြီး လုပ်ကြည့်ဖို့ စီစဉ်ပေးမယ်။ တစ်ခေါက်ကို ငါးရက်ဆယ်ရက်တော့ ကြာမယ်။ တစ်ခေါက်ကို လုပ်အားခ ငါးသောင်းပေးမယ် ဘယ်နှယ့်လဲ"

စိုင်းအောင်မြတ် အံ့သြသော မျက်နှာဖြင့် စိုင်းလှဝင်းကို တစ်ခဏမျှ ငေးကြည့်နေမိသည်။ သူနောက်နေတာများလားဟု ထင်မိသည်။ ပြီးမှ ..

"တစ်ခေါက် ငါးသောင်း ပေးမယ် ဟုတ်လား"

'အေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းငါ့ကို နောက် နေတာလား စိုင်းလှဝင်း"

"ဟ နောက်နေတာမဟုတ်ဘူး။ တကယ်ပြောနေတာကွ။ သူငယ်ချင်းမို့ ဆင်းရဲတွင်းက လွတ်ဖို့ ငါ အတတ်နိုင်ဆုံးကူညီတာလေ။ မင်းသွားဖို့ လာဖို့အဆင်ပြေအောင် ဆိုင်ကယ်တစ်စီးလဲ ဝယ်ပေးထားမယ်။ မင်းနဲ့ ငါလုပ်ငန်း တိုက်ဆိုင်လို့အဆင်ပြေရင် ငွေလဲ ဒီထက်တိုးပေးမယ်။ အဲဒီဆိုင်ကယ်ကိုလဲ မင်းကို အပိုင်ပေးမယ်။ ဒါပေမယ့် ငါ့လုပ်ငန်းအပေါ်တော့မင်း သစ္စာရှိဖို့လိုတယ် သူငယ်ချင်း"

စိုင်းလှဝင်း၏ ပြောစကားကြောင့် စိုင်းအောင်မြတ်တွေဝေသွားသည်။ ဘာလုပ်ရမှာပါလိမ့်ဟုလည်း စိတ်ဝင်စားမှုဖြစ်သွားသည်။ စက်ဘီးပြင်ဆိုင်ဖွင့်လာတာကြာခဲ့ပြီ။ တစ်လငါးသောင်းစုမိဖို့ မပြောနဲ့ ဆိုင်ခန်းငှားခတစ်လ ငါးထောင်ပေးဖို့ ကိုမနည်းစုနေရတာ။ အခုဟာကငွေအရင်းလည်းမလို။ ကိုယ့်လုပ်အားစိုက်ရုံနဲ့ လုပ်အားခ တစ်ခေါက်ငါးသောင်းတဲ့။ ဘာလုပ်ရမှာလဲ မေးတော့ သူ့ပစ္စည်းကိုသူပေးတဲ့ ဆိုင်ကယ်နဲ့ သူခိုင်းတဲ့နေရာတွေမှာ နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း အရောက် သွားပို့ပေးရမယ်လို့ စိုင်းလှဝင်းက တီးတိုး ပြောပြသည်။ ဒီအလုပ်လောက်တော့ စိုင်းအောင်မြတ်အနေနဲ့ ငြင်းစရာအလုပ်မဟုတ်ပေ။ ဒီလိုနဲ့ စိုင်းလှဝင်းပေးတဲ့အလုပ်ကို စိုင်းအောင်မြတ်စပြီးလုပ်ကြည့်တော့ ဘာမှအခက်အခဲမရှိပေ။ စိုင်းလှဝင်းပြောလိုက်တဲ့ လူကို ရှာရတာလည်း သိပ်မခက်ပါဘူး။ ဘာဖြစ်လို့လည်း ဆိုတော့ စိုင်းလှဝင်းက ပစ္စည်းယူမယ့် လူကို စိုင်းအောင်မြတ်ရဲ့ပုံကို ကြိုပြောထားပုံရသည်။ ရောက်တဲ့နေရာမှာ စိုင်းအောင်မြတ်က ရှာတဲ့လူကို မတွေ့သေးဘူး ပစ္စည်းယူမယ့်လူက စိုင်းအောင်မြတ်ကို အရင်တွေ့တွေ့နေတာမို့ စိုင်းအောင်မြတ်အနေနဲ့ဘာမှ မပင်ပန်းဘဲ အဆင်ပြေနေတာချည်းပဲဆိုတော့ မကြာပါဘူးတစ်ခေါက်က အစ လေးငါးခြောက်ခေါက်ဖြစ်လာတော့ စိုင်းအောင်မြတ် တစ်ယောက် ဆိုင်ကယ်တစ်စီးနဲ့ မြို့အပြင် ဂေါက်ကွင်းနားဝန်းကျင် သွားလိုက်၊ ကားဂိတ်တွေနား သွားလိုက်နှင့်သွားသွားလာလာ လုပ်နေရတာကို စိုင်းအောင်မြတ် ပျော်သလိုဖြစ်လာတော့သည်။

**ဒီအလုပ်လောက်တော့ စိုင်းအောင်မြတ် အနေနဲ့ ငြင်းစရာအလုပ်မဟုတ်ပေ။ ဒီလိုနဲ့ စိုင်းလှဝင်းပေးတဲ့ အလုပ်ကို စိုင်းအောင်မြတ်စပြီးလုပ်ကြည့်တော့ ဘာမှအခက်အခဲ မရှိပေ။**

ဒီနေ့လည်း စိုင်းလှဝင်းရဲ့ အစီအစဉ်အတိုင်း စိုင်းအောင်မြတ် တစ်ယောက် စီးလာသောကမ်ဘိုဝမ်းတူးဖိုက်ဆိုင်ကယ်ကိုပြည်ထောင်စုလမ်းမကြီး လမ်းဘေး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့တွင် ရပ်ကာ ဆိုင်အတွင်း စားပွဲခုံအလွတ်တစ်လုံးမှာဝင်ထိုင်ရင်း ဆိုင်ထဲအနှံ့ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကစားလိုက်သည်။ 'ဟိုက်' မျက်စောင်းထိုး စားပွဲအရောက်တွင် စိုင်းအောင်မြတ်ကို သူများ လာရောင်းတဲ့ ခိုးရာပါ စက်ဘီးသုံးစီးကို ဝယ်ယူလက်ခံမှုနှင့် ပတ်သက်ပြီး အချုပ်ထဲရောက်အောင် ပို့ခဲ့သော ရဲအရာရှိကို အရပ်ဝတ်နဲ့ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းကို ငုံ့ဖတ်နေသည်ကို မြင်ရသည်မို့ တော်သေးသည်။ သူ့ကို မြင်ပုံမရသေး။ အခြားရဲဆိုက္ကြွေ ပျက်စရာ မရှိပေမယ့် ဒီရဲအရာရှိကိုတော့ တစ်ချိန်က ပတ်သက်ဖူးသူမို့ စိုင်းအောင်မြတ် တစ်ယောက် လန့်နေခြင်းဖြစ်သည်။

ဒီ လက်ဖက်ရည်ဆိုင်တွင် ဆုံမှဆုံတတ်ပလေ။ ငါ့ကို မမြင်ပါစေနဲ့။ ဟိုမေးဒီမေး လုပ်နေရင် ဒုက္ခ။ ဒီရဲကြီးက လျှင်မှလျှင်။ ဟုတ်တယ် မဖြစ်ဘူး ဒီဆိုင်မှာ ငါထိုင်ပြီး လက်ဖက်ရည်သောက်နေရင် စိတ်မချရဘူး ဟူသော အတွေးနှင့် စိုင်းအောင်မြတ် တစ်ယောက် လက်ဖက်ရည် မသောက်တော့ဘဲ ဆိုင်ထဲက ပြန်ထွက်ပြီး ဆိုင်ကယ်ကို 'ဝူးခနဲ'' မောင်းထွက်လာခဲ့သည်။ နံနက်ပိုင်းဆိုပေမယ့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကားနှင့်လူများ အသွားအလာ ကျဲနေသေးသည်။ ဆိုင်ကယ်ကို ခပ်မြန်မြန်မောင်းရင်း စိုင်းလှဝင်း ပြောလိုက်သည့် သတ်မှတ်နေရာသို့ ဦးတည်လိုက်၏။

စိုင်းအောင်မြတ် လက်မှ နာရီကို ကြည့်လိုက်သည်။ သွားရမည့်နေရာနှင့် အချိန်က ကွက်တိ။ မြို့ပြင် ပန်းခြံထဲ ရောက်တော့ ဆိုင်ကယ်ကိုရပ်ပြီး



အနီးက ခုံတန်းပေါ်တွင် ခြေပစ်လက်ပစ်နှင့်ထိုင်ကာ ပါးစပ်မှ လေပူများကိုလည်း မှုတ်ထုတ်လိုက်မိသည်။

ဒီနေ့လည်း စိုင်းအောင်မြတ် တစ်ယောက်တည်း မြို့ပြင် ဂေါက်ကွင်းထိပ်သို့ ဆိုင်ကယ်ကို ကြွေရရပင် မောင်းလာခဲ့သည်။ ခပ်မြင့်မြင့် ယူကလစ်ပင်ကြီးအောက်တွင် ဆိုင်ကယ်ကိုရပ်ပြီး နေလိုက်သည်။ ခဏအကြာမှာတော့ ဗင်ကားတစ်စီးနှင့် စိုင်းလှဝင်း ရောက်လာသည်။ ကားပေါ်မှ မဆင်းဘဲ ဒီညမြို့ထဲက တည်းနေကျ တည်းခိုခန်းကို လာခဲ့ဖို့ စိုင်းလှဝင်းကပြောသည်။ သူ့အတွက် ပစ္စည်းပေါ့ကို ဆိုင်ကယ်ထိုင်ခုံအောက်မှ ထုတ်ပေးလိုက်သည်။ စိုင်းလှဝင်းကားကို အမြန် မောင်းထွက်သွားသည်။

ညရောက်တော့ စိုင်းအောင်မြတ်က စိုင်းလှဝင်းပြောတဲ့ တည်းခိုခန်းမှာသွားပြီး ကြိုစောင့်နေရသည်။ စိုင်းလှဝင်း ရောက်လာမှ သူ့အခန်းသွားပြီး စကားပြောကြသည်။

''ရော့ သူငယ်ချင်း တစ်သိန်း။ နောက်အခေါက်တွေမှာ အခုလို အခက်အခဲမရှိ အဆင်ပြေရင် ဒီထက်ပိုပေးမယ်။ ဒါနဲ့ သူငယ်ချင်း ဒီည , ဒီအခန်းမှာ မင်းပဲ အိပ်လိုက်တော့။ ငါ မန်နေဂျာကို ပြောခဲ့ပေးမယ်။ အခန်းခလဲ ရှင်းပြီးပြီ။ ငါ ဒီနေ့ည အလုပ်ကိစ္စနဲ့ သွားစရာ ရှိသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



**တောင်ကြား တောလမ်းကနေဖြတ်ပြီး အဆင်းအတက်နဲ့ သွားရမယ့်ခရီး။ ရမယ့်ငွေကလည်းမနည်း။ ပြီးတော့ ဆိုင်ကယ်ပါ အပိုင်ရမယ်ဆိုတော့ စိုင်းအောင်မြတ်တစ်ယောက်အတွေးထဲမှာ အူမြူးနေတော့၏။**

စကား ပြောပြီးသည်နှင့် စိုင်းလှဝင်း တည်းခိုးခန်းမှ ခပ်မြန်မြန်ပြန်ထွက်သွားသည်။ ထိုညက စိုင်းအောင်မြတ် တစ်ယောက် တစ်ခါမျှ မရဖူးသော ငွေတစ်သိန်းရလိုက်သလို တစ်ခါမျှ မအိပ်ဖူးသော ခုတင်မွေ့ရာ အသန့်အပြန့်တွေနဲ့ အခန်းတွင် အိပ်ခဲ့ရသည်မှာ အိပ်မက်ပင် မမက်နိုင်တော့။

~~~~~

(၂)

''အစီအစဉ်ကတော့ ဒီအတိုင်းပဲ သူငယ်ချင်း။ မနက်ဖြန် စမယ်။ မင်း တာဝန်ပြီးတာနဲ့ ငါ ပြောတဲ့ ငွေအပြည့်ရမယ်။ အားလုံး အဆင်ပြေရင် အပိုဆုအဖြစ် အခု မင်းသုံးနေတဲ့ ဆိုင်ကယ်ကို အပိုင်ပေးမယ် သူငယ်ချင်း''

''စိတ်ချ သူငယ်ချင်း။ ငါ အစွမ်းကုန်ကြိုးစားမယ်ကွာ''

''ယုံပါတယ်ကွာ ဒါကြောင့်လဲ မင်းကို အားကိုးနေရတာပေါ့။ ကဲ လုပ်ငန်းစတော့ သူငယ်ချင်း အောင်မြင်ပါစေကွာ''

စိုင်းလှဝင်း၏ အဆက်အသွယ်တွေက နေရာတိုင်းမှာ ရှိသည်။ ဒီတစ်ခေါက်သွားရမယ့် ခရီး နည်းနည်းဝေးသည်။ တောင်ကြား တောလမ်းကနေ ဖြတ်ပြီး အဆင်းအတက်နဲ့ သွားရမယ့်ခရီး။ ရမယ့်ငွေကလည်း မနည်း။ ပြီးတော့ ဆိုင်ကယ်ပါ အပိုင်ရမယ်ဆိုတော့ စိုင်းအောင်မြတ်တစ်ယောက် အတွေးထဲမှာ အူမြူးနေတော့၏။ နောက်တစ်ခေါက်ဆိုရင် ကိုယ်ပိုင်တစ်နိုင်ထည့်လုပ်ဖို့ စိတ်ကူးလိုက်မိ၏။ ဒီအလုပ်ကို ဆက်၍သာ ရသလောက် အဆင့်တက်လုပ်လိုက်ချင်သေးသည်။

လုပ်လာခဲ့တာတွေကို လည်း ခန့်မှန်းနေမိသည်။ အကျိုးအမြတ်က တနင့်တပိုး ဆိုတာ စိုင်းအောင်မြတ် သိနေခဲ့သည်။ သူပို့ပေးခဲ့သော နေရာတွေက များလှပြီ။ တစ်ခါမှ တိမ်းချော်မှုမရှိခဲ့။ လူတွေကလည်း သူ့ကို မရိပ်မိကြဘူးထင်သည်။ ဒါတွေကိုကလည်း စိုင်းအောင်မြတ် အတွက် အကွက်တစ်ခုလိုဖြစ်နေခဲ့သည်။

စိုင်းအောင်မြတ် ထိုသို့ တွေးရင်း ဆိုင်ကယ်နဲ့ မြို့ပြင် ကို ထွက်လာခဲ့သည်။ မြို့ပြင် အတော်ဝေးဝေး အကွေ့တစ်ခုတွင် ဆိုင်ကယ်ကိုယ်စီနှင့် လမ်းဘေးတွင်ရပ်လျက် တစ်စုံတစ်ခုကို စောင့်ဆိုင်းနေကြသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို တွေ့ရသည်နှင့် စိုင်းအောင်မြတ် ရင်မှာ ထိတ်ခနဲ စိုးရိမ်မိ၏။

''ဟေ့လူ ခဏနေဦး''

နောက်မှ ခေါ်သံကြောင့် စိုင်းအောင်မြတ် ထိတ်ထိတ်ပျာပျာနှင့်ဆိုင်ကယ်ကို ရပ်ပြီး နောက်ကိုလှည့်ကြည့်လိုက်တော့ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပြေးလာသည်ကိုတွေ့ရသည်။

''ခင်ဗျားကိုစစ်ဆေးချင်တော်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တို့ စခန်းမှူးခေါ်နေတယ်။ မေးစရာရှိလို့တဲ့''

''ဗျာ ကျွန် ကျွန်တော် သွားစရာ ရှိသေးတယ်ခင်ဗျ။ သွားဦးမယ်''

ဟု စိုင်းအောင်မြတ်က မျက်စိမျက်နှာပျက်နှင့်ပြောရင်း ရပ်ထားသော ဆိုင်ကယ်ကို မောင်းထွက်ဖို့ အလုပ်မှာ ရဲတပ်ဖွဲ့ဝင်ကလည်း ဆိုင်ကယ်သော့ကို လျင်မြန်စွာ လှမ်းဆွဲဖြုတ်ယူလိုက်သည်။

''ခင်ဗျား သွားစရာရှိတာ ခဏနေဦး။ ကျွန်တော်တို့ စစ်ဆေးစရာလေးပြီးရင် သွားနိုင်ပါတယ်''

ရဲတပ်ဖွဲ့ဝင်၏ စကားကြောင့် စိုင်းအောင်မြတ် မငြင်းသာပဲ ဆိုင်ကယ်ကို နောက်လှည့်ပြန်တွန်းခဲ့ရသည်။ စခန်းမှူးက စိုင်းအောင်မြတ်ကို အကဲခတ်ကြည့်ပြီး မေးသည်။

''စိုင်းအောင်မြတ် ဟိုတစ်နေ့က မြို့ထဲက လက်ဖက်ရည်ဆိုင်မှာ ငါ့ကိုမြင်တာနဲ့ မင်းဆိုင်ထဲက ချက်ချင်းထွက်သွားတာ ငါ သတိထားမိတယ်။ ခု မင်း ဘယ်ကိုသွားမှာလဲ။ မင်းဆိုင်ကယ်ထဲမှာ ဘာတွေပါလဲ ကြည့်ရအောင်''

''ဗျာ ... ဟာ ဆရာ ဟို စခန်းမှူးကြီး''

စိုင်းအောင်မြတ် စခန်းမှူးကြီးကို မျက်နှာချင်း မဆိုင်သေးဘဲ ခေါင်းငုံ့ပြီး ဆက်ပြောသည်။

''ဟိုလိုပါ ဆရာကြီး။ မြို့ထဲက လက်ဖက်ရည်ဆိုင်မှာ ဆရာကြီးနဲ့တွေ့တုန်းက သူငယ်ချင်းတစ်ယောက်ကို လိုက်ရှာနေတာပါ။ အဲဒါ ဆရာကြီးကို မြင်တော့ ဟိုတစ်ချိန်က ဖြစ်ခဲ့တာတွေကြောင့် အရှိန်နဲ့ လန့်သွားတာပါ ဆရာကြီး''

စိုင်းအောင်မြတ် ထစ်ထစ်ငေါ့ငေါ့နဲ့ ပြန်ဖြေလိုက်သည်။

**''အဲဒါ ဆရာကြီးကိုမြင် ... ဟိုတစ်ချိန်ကဖြစ်ခဲ့တာတွေကြောင့် အရှိန်နဲ့ လန့်သွားတာပါ ဆရာကြီး''**

''ဟုတ်လို့လားကွ ဟော ... ကဲ ... ကဲ .. သူ့ဆိုင်ကယ်ကို ရှာကြစမ်းကွာ''

ဟုစခန်းမှူးက သူ့လူများကို ဆိုင်ကယ်သော့ပေးရင်း ပြောလိုက်သည်။ သွားပြီဟု စိုင်းအောင်မြတ် တွေးမိ၏။ သို့သော် စိုင်းအောင်မြတ် ကံကောင်းသွားသည်။ နာရီဝက်ခန့် စိတ်ကျေနပ်အောင် ရှာဖွေစစ်ဆေးကြသော်လည်း ဘာမျှ ထူးခြားမှု မတွေ့ကြသဖြင့် စခန်းမှူးက စိုင်းအောင်မြတ်ရဲ့ မျက်နှာ အရိပ်အကဲကို ကြည့်ပြီး ...

''ကဲ စိုင်းအောင်မြတ် ဆောရီးပဲကွာ ...။ တာဝန်အရမို့ပါ။ ခုလို စစ်ဆေးပြီးတော့လဲ သံသယရှင်းသွားတာပေါ့။ ဟုတ်ဘူးလား ...''

''ဟုတ်ကဲ့ပါ ဆရာ''

''သွားနိုင်ပါပြီ''

စိုင်းအောင်မြတ် ဝမ်းသာ အားရစိတ်ဖြင့် အယောင်ယောင်အမှားမှား အူမြူးပြီး ဆိုင်ကယ်လီဘာကို ဆွဲတင်လိုက်မိသည်။

''ဝူး ... ဝူး... ဝူး''

''ဒုန်း''



www.burmeseclassic.com

www.burmeseclassic.com



''ခွပ်''

''အား အား အား''

ဆိုင်ကယ် နှင့်အတူ လူပါ တစ်ပါတည်း သစ်ပင်ကြီးဘေးရှိ လမ်းပြင်ရန် ပုံထားသည့် ကျောက်တုံးပုံကြီးကို ကျော်ကာ တိုက်မိပြီး လမ်းဘေးချိုင့်ကြီးထဲသို့ ထိုးကျသွားသည်။၏

ဆိုင်ကယ်နှင့်အတူ ကျွမ်းပြန် ကျသွားသော စိုင်းအောင်မြတ်ဆီသို့ အကူအညီပေးရန် ရဲတပ်ဖွဲ့ဝင်များလည်း ပြေးဆင်းလာကြ၏။ စိုင်းအောင်မြတ် မြေပြင်ပေါ် လဲကျနေရာမှ လူးလဲထဖို့ကြိုးစားနေစဉ် ဆိုင်ကယ်ကို ဆွဲထူမပေးဖို့ ရောက်လာသော တပ်ဖွဲ့ဝင်က ...

''ဟာ စခန်းမှူး ဒီမှာ ဆိုင်ကယ် ဒူးကာကွဲပြီး စိတ်ကြွဆေးပြားထုပ်တွေ အပြင်ကို ထွက်ကျနေတာ တွေ့ရတယ်''

စိုင်းအောင်မြတ် ခေါင်းနပန်းကြီးပြီး ထူပူသွားသည်။ လူကတော့ ပွန်းပဲ့ရုံမျှ တော်သေးသည်။ အမှန်က 'ဝမ်းတူးဖိုက်ကမ်ဘို' ဆိုင်ကယ်ရှေ့ ဒူးကာနှင့် ကျောက်တုံးတိုက်မိပြီး ကွဲသွားရာမှ သိုဝှက်လာသော စိတ်ကြွဆေးပြားထုပ်များ ထွက်ကျလာခြင်းဖြစ်သည်။

စခန်းမှူးကြီးက စိုင်းအောင်မြတ်ကို စူးစူးရဲရဲကြည့်၏။

''အောင်မြတ် အောင်မြတ် မင်း သူငယ်ချင်း စိုင်းလှဝင်းကို မနေ့ညက မြို့ထဲ နာရီစင်လမ်းမမှာ သတင်းအရ ငါတို့ဖမ်းထားပြီးပြီ''

''ဗျာ ...''

စိုင်းအောင်မြတ် ဘာပြောရမှန်း မသိတော့။ ခုတော့ ကျားရှေ့မှောက်လျက်လဲခဲ့ရပြီ။

အမှန်တရား ဆိုတာ ရှင်သန်နေတဲ့ လူ့ဘောင်အတွင်းမှာရှိတယ်။ 'မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ' ဆိုသည်မှာ အစကမသိခဲ့သော်လည်း ခုတော့ဖြင့် စိုင်းအောင်မြတ်တစ်ယောက် ကိုယ်တိုင်ကြုံ၍ ယုံရပေတော့မည်။

ငွေ ရလိုမှု အတွက် အခြေအနေအရ လုပ်ခဲ့သည်။ သူငယ်ချင်း စိုင်းလှဝင်းရဲ့ အားပေးကူညီမှုလည်းပါသည်။ ဒီမြို့လေးက ပျောက်သွားတဲ့ စိုင်းလှဝင်းတစ်ယောက် သားသား နားနားနဲ့ ပြန်ရောက်လာတာကို စိုင်းအောင်မြတ် အားကျမိတာလည်းပါသည်။

ခုတော့ နိုင်ငံတော်က သတ်မှတ်ထားတဲ့ တရားဥပဒေကို လေးစာလိုက်နာရတော့မည်။ မိမိရဲ့ မိုက်ကြေးမိုက်ပြစ်ကို ပေးဆပ်ရဦးတော့မည်။

နိုင်ငံနှင့် လူမျိုးကို မကြည့်။ နိုင်ငံရဲ့ အနာဂတ်သားကောင်း၊ သမီးကောင်း ရတနာလေးတွေ မူးယစ်ဆေးဝါးကြောင့် ပျက်စီးဆုံးရှုံးကုန်မှာ မတွေးမိ။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ငွေရလိုမှု၊ စီးပွားဖြစ်ထွန်းမှုဆိုတဲ့ ပူလောင်မှု 'လောဘပန္နက်' ချမိခဲ့သော မိမိရဲ့ အမှားလမ်းကို တရားဥပဒေရဲ့ အဆုံးအမဖြင့် အပြစ်ဒဏ်ကို ခံယူပြီး လွတ်မြောက်လာတဲ့တစ်နေ့မှာ မွန်မြတ်တဲ့ ကောင်းရောင်းကောင်းဝယ် အလုပ်ဖြင့် ရှေ့ဆက်ရမည့် ဘဝခရီးကို စိတ်ထဲမှာ တွေးနေရင်း စိုင်းအောင်မြတ် တစ်ယောက် အရှေ့ဆီမှ ပေါ်ထွက်လာသော နေဝန်းနီနီ၏ အလင်းတန်းကို လှမ်းမျှော်၍ ကြည့်လိုက်မိလေတော့သည်။

**ရွှေညာသား-မြတ်မင်း**



www.burmeseclassic.com

www.burmeseclassic.com

အဖေကိုခေါင်းတခြား ကိုယ်တခြားဖြစ်အောင်
ဓားနဲ့ခုတ်မိတဲ့သားဖြစ်သူရဲ့ ဇာတ်လမ်းတစ်ပုဒ်



# အဇာတသတ်လိုလူ

ကိုရဲ (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



''အဇာတသတ်လိုလူ''
''ကောဝေါ အတ္တိ န
ဇာနာတိ''
ဒေါသသည်
အကြောင်းအကျိုးကို မသိ၊
(အန္ဒိုင်းမဲ့ပုဒ္ဓမြတ်စွာ)
ကိုရဲ (ဥပဒေ)

(၁)

× × × နေခြည် ထန်း တဖျားရောက်ရင် . . . နုပါးစုံ ဖြူဖြူဖွေး နီမြန်းပါလို့ရယ် × × × ချွေးကလေးတို့ ကာ တို့ကာ × × × မပန်းနိုင်ရှာဘူးကွယ် – – –× × × – – –

သီချင်းသံက ထန်းရည် ဘူးများ မနိုင်မနင်းထမ်းလာရသဖြင့် ခေတ္တနားနေခိုက် ချွေးသုတ်နေသည့် ချမ်းမြွေအား လှောင်ပြောင်သကဲ့သို့ ဖြစ်နေသည့်အတွက် အသံလာရာဘက်သို့ ချမ်းမြွေ ကြည့်လိုက်မိသည်။ ဖိုးမြင်က နွားများကို ဆွဲရင်း သီချင်းဆိုသွားခြင်းမှာ မိမိနှင့်မသက်ဆိုင်ဘဲ တိုက်ဆိုင်ခြင်းသာဖြစ်နေ၍ ထန်းရည်ဘူးများကိုသာ ချမ်းမြွေဆက်ထမ်းခဲ့သည်။ ဒီအချိန်ဆိုလျှင် ချမ်းမြွေတဲ၌ ထန်းရည်ဝယ်မည့်သူများရောက်နေရော့မည်။ အရေးအကြီးဆုံးမှာ အရက်ရော ထန်းရည်ပါ အမြဲသောက်လေ့ရှိသူ ဦးမြဒင်ဖြစ်သည်။ အခြားသူများကို မရောင်းမီ ဦးမြဒင်အတွက် သီးသန့်ဖယ်ထားရသည်။ ဦးမြဒင်ကို လုံလုံလောက်လောက် ပေးပြီးမှသာ အခြားသူများကို ရောင်းရသည်။

''ရော့ အမေ ဒီနေ့လဲ ထန်းရည် တော်တော်ရတယ်။ ကျွန်တော် နွားတွေ သွားရွှေ့လိုက်ဦးမယ်''

''အေး အေး သားရေ အေး အေး''

ချမ်းမြွေက ထန်းရည်ဘူးများကို ဒေါ်လှရီထံ အပ်ပြီး ခါးမတစ်ချောင်း ထမ်းကာ ထွက်ခဲ့သည်။ နွားများကို မြက်ပေါသည့်နေရာဆီ မောင်းတံပြောင်းရွှေ့စိုက်ရမည်။ သို့မှသာ နွားများ ဝဝလင်လင်စားရမည်။

~~~~~

(၂)

ချမ်းမြွေတို့၏ သပြေရွာသည် ဆိဂ်ကမ်းသာမြို့နယ်အတွင်း ပါဝင်သည်။ သပြေရွာ၏ အဓိက စီးပွားရေးမှာ လယ်ဖြစ်သည်။ လယ်မရှိသည့် ချမ်းမြွေတို့က လယ်သူရင်းငှားလုပ်သည်။ လယ်ပိုင်ရှင် ဒေါ်ငွေမြင့်ထံတွင် သူရင်းငှား လုပ်ရင်း အားလပ်သည့် ရက်များတွင် ထန်းတက်၍ ငွေရှာသည်။ အထူးသဖြင့် ဦးမြဒင်အတွက် ဖြစ်သည်။ ချမ်းမြွေက အရက် ထန်းရည် မသောက်တတ်ပါ။ ဆေးလိပ်ပင် သောက်တတ်သူ မဟုတ်သော်လည်း ဦးမြဒင်က ထန်းရည်၊ အရက်ကြိုက်လှသူဖြစ်သဖြင့် ဦးမြဒင်အတွက် ထန်းရည်ကို ဖယ်ထားပြီး ပိုသမျှကို ရောင်း၍ စားစရိတ်ထဲ ထည့်ရသည်။ ဦးမြဒင်မှာ ဒေါ်လှရီ၏ ခင်ပွန်း၊ ချမ်းမြွေ၏ ဖခင်ဖြစ်သည်။ ဦးမြဒင်က အရက်၊ ထန်းရည်တို့ကို မပြတ်သောက်သည်။ အလုပ်မလုပ်၊ ဝင်ငွေမရှိသူဖြစ်သည်။ ဒေါ်လှရီကလည်း ပန်းနာရင်ကျပ်သမား ဆေးမပြတ်ဝယ်နေရသည်။ သို့ဖြစ်၍ အိမ်သား သုံးဦး၏ တာဝန်မှာ ချမ်းမြွေအပေါ် ကျရောက်နေသည်။ သို့ဖြစ်၍လည်း လယ်သူရင်းငှားဘဝက



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ခေတ္တ အနားရချိန်တွင် ထန်းတက်ရသည်မှာ မဆန်းလှပါ။

ဦးမြဒင်အတွက် ထန်းရည်မရသည့်နေ့ဆိုလျှင် ဒေါ်လှရီအတွက် ခေါင်းကြီးရသောနေ့ဖြစ်သည်။ လယ်သူရင်းငှားဘဝဖြင့် ရသော ဝင်ငွေသည် အဘယ်မှာ ပိုလျှံပါမည်နည်း။ ငွေပိုငွေလျှံမရှိ၍ ဒေါ်လှရီက ဦးမြဒင်အား အရက်ဖိုး မပေးနိုင်လျှင် ဒေါ်လှရီ အရိုက်ခံရသည်။ အဆဲခံရသည်။ အတိုင်းအထွာခံရသည်။ အဆိုးဆုံးမှာ သားဖြစ်သူနှင့် မိခင်ကို ပေးစားပြောဆိုခြင်းပင်။ သို့ဖြစ်၍လည်း ချမ်းမြွှေက ထန်းတက်၍ ထန်းရည် ရှာပေးသည်။ ဦးမြဒင်အတွက် ပေးပြီးမှ ပိုသည့်ထန်းရည်ကို ရောင်းချခြင်းဖြစ်သည်။

ဤမျှ လုပ်ကိုင်ရှာဖွေကျွေးမွေးနေသော်လည်း ဦးမြဒင်က ချမ်းမြွှေအား–

"သား လူလေး"

ဟူသော အခေါ်အဝေါ်ကို မသုံးစွဲပါ။

"ဟော့ကောင် ... ဟိုအကောင်"

ဆိုသော စကားကိုသာသုံးသည်။

"ချမ်းမြွှေ" ဟူသော အမည်ကိုပင် ဦးမြဒင် မခေါ်ခဲ့ဖူးပါ။ ချမ်းမြွှေနှင့် ဦးမြဒင်တို့ ထမင်းလက်ဆုံမစားဖူးခဲ့။ ဦးမြဒင်က ချမ်းမြွှေကို "သား" ဟု မမှတ်ယူခဲ့။ ယခုဆိုလျှင် ချမ်းမြွှေ အသက်(၂၄)နှစ် ရှိပေပြီ။ ထောင်ထဲဝင်လိုက် ထွက်လိုက်ဖြင့် ထောင်သံသရာလည်ခဲ့သူ ဦးမြဒင်မှာ လူတစ်ဦးအား ရက်ရက်စက်စက်သတ်မှုဖြင့် ထောင်ဒဏ် နှစ်ရှည်ကျခဲ့ရသည်။ ချမ်းမြွှေအား ဦးမြဒင်နှင့် ညီအစ်ကိုဝမ်းကွဲအကောက်တော်ဆရာတော် ဦးပညာသာမိက သင်္ကန်းဝတ်ပေးခဲ့ရသည်။

"အဲဒါ ဒကာကြီးရဲ့ သားလေ၊ ဒကာမကြီး မလှရီက ပူပန်စရာတွေ ကင်းပျောက်အောင် ချမ်းမြွှေလို့ အမည်ပေးထားတယ်။ နေ့သင့်နာမ်သင့်လဲဖြစ်တယ်။ ဒီကနေရှေ့လျှောက်ပြီး ချမ်းမြွှေ သာယာအောင်နေကြပေတော့ ..."

ဆရာတော် ဦးပညာသာမိက ဤသို့မိန့်ခဲ့သည်။

"ယုတ်မာ ဆိုးတောင်း





www.burmeseclassic.com

www.burmeseclassic.com



ကျင့်မကောင်းကို၊ မှားကြောင်း တစ်စိ၊ သိလျှင်သိချင်း၊ စွန့်ပယ် လျှဉ်းလော့ ...

"အတင်းယူစွဲ ဖားမြွေ ခဲသို့၊ အမြဲဝှက်သို မစွန့်လိုက၊ ဤကိုယ်သုခ နောင်မရဘူး" လို့ မန်လည်ဆရာတော်က မဃဒေဝ လင်္ကာသစ်မှာ ဆိုထားတယ်။ မကောင်းတဲ့အလုပ် မှန်သမျှ စွန့်ပစ်ပါ။ မစွန့်ပစ်ရင်တော့ ချမ်းသာသုခ ရမှာမဟုတ်ဘူး။ ဒကာ စွဲစွဲမြဲမြဲမှတ်ပါ"

ဆရာတော်က ဤသို့ ဆက်လက်မိန့်ပြီး အကောက်တောင်ပေါ်သို့ ပြန်ကြွ သွားသည်။ ထောင်မှ ဦးမြဒင် ပြန်ရောက်သည်ကြား၍ ဆရာတော်က လာရောက်တွေ့ဆုံပြီး ဤသို့ ဆုံးမစာကို မိန့်ကြားခဲ့သော်လည်း ဦးမြဒင် နားမဝင်ခဲ့ပါ။

"ကိုမြဒင် တော့် သားပါတော်။ တော်က ထောင်က ထွက်လာမှပဲ ထပ်ပြီးလူသတ်မှု ဖြစ်ခဲ့တယ်။ ကျုပ်မှာ စားဖို့က တစ်ဖက်၊ တော့်ကိစ္စက တစ်မျိုးနဲ့ ပူထူနေတော့ ဘာကိုမျှ ဂရုမပြုအားပါဖူးတော်။ ကိုယ်ဝန်ရှိနေတာ သိတော့လဲ တော်က ရှေ့တန်းမှာ အဆက်အသွယ် ပြတ်သွားတယ် မဟုတ်လား"

မလှရီက ရှင်းပြသော်လည်း ကိုမြဒင် မယုံကြည်ခဲ့-

"မြဒင်ရယ်၊ နင့် သားမှ နင့်သားအစစ်။ ငါနဲ့ နင်နဲ့ ခြေရင်းခေါင်းရင်းနေတာ ငါ အသိဆုံး၊ လှရီမီးဖွားတော့လဲ ငါ ဖွားပေးရတာ။ သားလေးဖြစ်လို့ ဒီအချိန် မြဒင်ရှိရင် ဝမ်းသာမှာလို့ ငါ ပြောမိပါသေးတယ် ဟယ်"

မမြဆင့်က ပြောသကဲ့သို့ ---

"မြဒင် နင့်သားလေးကို တို့တွေက ဝိုင်းပြီး ချစ်နေကြတာဟ။ နင်က ထောင်ထဲရောက်နေ၊ လှရီကလဲ ကိုယ်ဝန်ကြီးနဲ့၊ တို့တွေမှာ စိတ်မကောင်းကြတာဟယ်။ မွေးလာတော့ ကျန်းကျန်းမာမာနဲ့ ဆိုတော့မှ တို့တွေ ဟင်းချနိုင်တော့တယ်။ ဒါပဲနော် နင့် သားကို ငါသမက်တော်မှာ"

ကြည်ကြည်ကလည်း ဤသို့ ဝမ်းပန်းတသာပြောရာသည်။ သို့ရာတွင် မြဒင် မလှုပ်။

"ငွေးတောက် မြစ်ယှက် ... စိုက်ရောဖက်က ... သရက်ပင်မင်း သီးချိုကင်း၏" ဆိုသော စကားမှ ငါးရာငါးဆယ်နိပါတ်တော် သုဇာတဇာတ်၌ ပါရှိသည်။ အရက်ဝိုင်း၊ ထန်းရည်ဝိုင်းတို့တွင် မူးရူး နေသူတို့က သောင်တင် ရေမရသော စကားကို ပြောကြသည်မှာ မဆန်းလှပါ။ ပြောသော စကားများမှာ-

"မြဒင်ရယ်၊ မင်း ထောင်က ပြန်ရောက်ပြီး တစ်လလောက်ပဲ ကြာတယ် လူသတ်မှုဖြစ်တယ်။ ထောင်ထဲ ပြန်ရောက်တယ်။ မင်း ထောင်ကျသွားတော့ လှရီ ကလေးမွေးတယ်။ ဒီကလေးက မင်း ကလေး ဟုတ်ပါ့မလားကွာ"

ဤသို့ တီးတိုး တီးတိုး သဖန်းပိုးလုပ်သူက များလှသည်။

"ဟော့ကောင် မြဒင် မင်းကို စခန်းမှူးလာဖမ်းစဉ်က မင်းနဲ့ ငါ အတူတူ အရက်သောက်နေကြတာလေ၊ မင်း မှတ်မိသေးလား။ အဲဒီတုန်းက လှရီမှာ ကိုယ်ဝန်မရှိပါဘူးကွ။



www.burmeseclassic.com

www.burmeseclassic.com


မင်းထောင်ထဲရောက်မှဒီကလေးကို မွေးတာကွ။ တောက် မင်းအတွက် ရင်နာလှသကွာ"

တစ်နေကုန် တစ်နေ ခန်း ဟိုအရက်ဆိုင်း ဝင်ရော သည်အရက်ဆိုင်းဝင်ရောနှင့် နိုင်းသမျှ လုပ်ပေးကာ အရက်သောက်လေ့ရှိသူ "ယစ်ထုတ်ကြီး" ဆိုသူက "တောက်" ခေါက်၍ ပြောသည်။ ဤကဲ့သို့ အရက်သမားချင်း သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြသောအခါ ယခင်က အခြားသူများနှင့် မတည့်ဘဲ မကြာခဏ ရိုက်မှုဖြစ်လေ့ရှိသူ၊ လူသတ်ဖူးသူ မြဒင်မှာ သံသယဝင်လာသောအခါ အပြစ်မရှိ အပြစ်ရှာကာ ဒေါ်လှရီကို ရန်ရှာလာစ,ပြုချေပြီ ...။

~~~~~

(၃)

'ဟဲ့ ကောင်မ လှရီ ငါ့အတွက် **အရက်ဖိုးပေး'**

"အို ... တော် တော်ကျုပ်ကို အပ်ထားတဲ့ ငွေဘယ်လောက်ရှိလို့လဲ ကိုမြဒင်ရဲ့ ... အရက်သောက်ချင်ရင် တော်ဝင်ငွေရအောင် လုပ်ပါလား"

ယခင် လင်ယောကျာ်း၏ ဆိုးခဲ့သမျှ ပေခဲ့သမျှ ဆဲဆိုကြိမ်းမောင်းသမျှကို ခေါင်းငုံ့ခံခဲ့သူ၊ မြဒင် ထောင်ထဲဝင်လိုက်ထွက်လိုက်ဖြင့် ဖြစ်နေခြင်းကို လိုက်လံတွေ့ဆုံခဲ့ရသူ၊ မိမိ၏ ဝမ်းစာကို မိမိဘာသာ ရှာဖွေစားသောက်ခဲ့ကာ လောကဓံကို ကြံ့ကြံ့ခံခဲ့သူ၊ အသက် (၆၀) ပြည့်သည့်တိုင် အရက်ဖိုးပေး၊ ထမင်းရည်ပေးကာ ဦးမြဒင် အလိုကျ လိုက်လျောခဲ့သူ ဒေါ်လှရီ တစ်ယောက် ယခုကဲ့သို့ ကိုယ်ကျ

**"အို ...**

**တော်တော်**

**ကျုပ်ကို အပ်ထားတဲ့**

**ငွေဘယ်လောက်ရှိလို့လဲ**

**ကိုမြဒင်ရဲ့ ...**

**အရက်သောက်ချင်ရင်**

**တော်ဝင်ငွေရအောင်**

**လုပ်ပါလား"**

ကာ အနိုင်ကျင့်နေသူ ဦးမြဒင်ကို ပြန်ပက်တော့သည်။ ပြန်ပြောတော့သည်။

"ဟော့ ဒီမှာ လှရီ နင် တစ်သက်လုံး ငါ့ကို ပြန်မပြောဖူးဘူး။ ခု ပြန်ပြောတယ် .. ပြောနိုင်မှာပေါ့ဟ နင့်မှာ အားကိုးရှိတာကိုး အားကိုးရှိနေပြီကိုး။ အားကိုးဦးဟာ အားကိုးဦးဟာ"

ထုံးစံအတိုင်း ဒေါ်လှရီကို ဦးမြဒင်ရိုက်သည်။ တဲတွင် အနံ့ရှာသည်။ တွေ့တော့ ယူပြီး ထွက်သွားသည်။ သို့ရာတွင် အေးအေးချမ်းချမ်း မသွား ..

"အေး မြဒင်ပြန်လာရင် လှရီ နင်သေပြီမှတ်၊ ဘယ်လိုသတ်မယ်ထင်သလဲ . ခေါင်းကိုဖြတ်ပစ်မယ် ..."

ဟူ၍–

ဒေါ်လှရီမှာ ဖျာကြမ်းကလေးအောက်တွင်ထားသော ပိုက်ဆံကို ကြည့်မိသည်။ မရှိတော့ပါ။ ထိုပိုက်ဆံသည် ရင်ကျပ်ပျောက်ဆေးဝယ်ရန် ထမင်းရည်ရောင်းရသော ပိုက်ဆံထဲမှ ချိုးခြံကာ စုထားသော ငွေလေးဖြစ်သည်။ သို့ဖြစ်၍ ရိုက်သည်



www.burmeseclassic.com
~~~~~

www.burmeseclassic.com


ဒဏ်ရာက မနာသော်လည်း ဦးမြဒင်၏ ပြောစကားနှင့် လုပ်ရပ်ကိုမူ အသည်းထဲမှ တစ်စစ်စစ် နာကျင်မိသည်။ အိမ်နားနီးချင်းများကလည်း ဒေါ်လှရီ အတွက် စာနာကြသည်။

''မလှရီရယ် နှင့်အတွက်၊ ချမ်းမြေ့အတွက် တို့မှာ အမြဲ အကုသိုလ်ဖြစ်နေရတယ်ဟာ။ တို့ကဝင်ပြောဖို့လဲ မဖြစ်ဘူးလေ။ ဝင်ပြောရင်လဲ နင့်ယောကျ်ားက မလှရီနဲ့ သမုတ်မယ်။ ချမ်းမြေ့နဲ့ မလှရီကိုတောင် သမုတ်နေတာပဲဟာ။ မိန်းမက ဝင်ပြောရင် ငါ့မှာ မယားတစ်ယောက်ပဲရှိတာလို့ ပြောဦးမှာ။ မြဒင်ပြောနေကျ စကားတွေ မခံချင်တဲ့ လူနဲ့တွေ့ရင် ခက်မယ်။ မြဒင်က လူသတ်ဖူးတာကို ဂုဏ်ယူပြီး လူမိုက်စကားပြောနေတာ လူမိုက်မှာ ချိုမပါဘူးနော်''

ဤသို့ ပြောသူ ရှိသကဲ့သို့-

''လှရီရယ် ညည်းတို့ သားအမိ ဒုက္ခကြီးလှပါလားဟယ်။ ထန်းရည်နဲ့အရက်ကိုလဲ မပြတ်အောင် ဂရုစိုက်လုပ်နေရ ချက်ပြုတ် ကျွေးရ လုပ်နေတဲ့ကြားက ညည်းဆိုရင် ဆဲလိုက် ဆိုလိုက် ရိုက်လိုက် ကြိမ်းမောင်းလိုက်နဲ့ ချမ်းမြေ့ဆိုရင် အိမ်ထောင်ပြုဖို့ အရွယ်ရောက်ပြီး ချမ်းမြေ့ အလုပ်ကောင်းတာ စာရိတ္တ ကောင်းတာတွေနဲ့ ယူချင်တဲ့ မိန်းကလေးတွေပေါပေါ့။ မိငွေမြင့် သမီး ပန်းဝေလေးက ချမ်းမြေ့ကို ကြိုက်လိုက်တာမှ တုန်လို့ ချမ်းမြေ့ကလဲ ပန်းဝေကို အရူးအမူး။ ဒါပေမယ့် တို့ထင်သလို ဖြစ်မလာဘူး။ ချမ်းမြေ့က သားအမိနှစ်ယောက်ထဲ ရှိတဲ့ ပန်းဝေတို့ အိမ်လိုက်ရမယ် မဟုတ်လား။ မိအို ဖအိုကြီးကို မထားခဲ့နိုင်ဘူးပြောလို့သာ ပန်းဝေက အားကိုးရှာလိုက်ရတာ ကလေးတွေ သနားပါတယ်ဟာ။ ညည်းကို ငါ ပြောမယ်အေ၊ ဒါလောက်တောင်ရှိတာ ညည်းနဲ့ ချမ်းမြေ့တို့ မြဒင်နဲ့ ဝေးရာကို ထွက်သွားပါလား။ ထမင်း မငတ်ပါဘူးအေ''

ဤသို့လည်း ကရုဏာ ဒေါသော ပြောသူက ပြောကြသည်။ ထိုသို့ပြောကြတိုင်း . . .

''ကျုပ်တို့ သားအမိရဲ့ ကံပေါ့တော်။ ကိုမြဒင်ရဲ့ ဝဋ်ကြွေးရှိလို့ ကျုပ်တို့ ဆပ်နေရတာ။ ကံလို့ပဲ သတ်မှတ်လိုက်ပါတယ်။ ကျုပ်နေ့စဉ် ဘုရားကို ရှိခိုးတိုင်တည်ပါတယ်။ ဒီဝဋ်က မြန်မြန် ကျွတ်ရလွတ်ရပါစေလို့ တစ်နေ့နေ့မှာတော့ ဒီ ဝဋ်က ကျွတ်မှာပါတော်''

ခေါင်းကိုငုံ့ကာ မျက်ရည် တစ်ပေါက်ပေါက်ကျရင်း ပြောရှာသည်။

''မီးဝေးရင် ချိပ်မာဆိုတဲ့ စကားလို ကျွန်မသားလေး ချမ်းမြေ့နဲ့ ကိုမြဒင်တို့ဟာ အဖေနဲ့ သားဆိုတဲ့ မေတ္တာမရှိဘူး။ ကိုမြဒင်က ဖခင်ရဲ့ မေတ္တာကို သားလေးကို မပေးဘူး။ သားလေးမှာ ဖခင်မေတ္တာ မရရှိရှာပါဘူး။ ဒီတော့ မီးနဲ့ဝေးတဲ့ ချိပ်လို မာကြောမှာ ဖခင်ရဲ့မေတ္တာ မရရှာတဲ့ သားလေးမှာ လူပြောသူပြောနဲ့ ဖအေက မအေကို ရမ်းတာ ရိုက်တာ သမုတ်တာတွေကို သိပြီး အဖေအပေါ်မှာ မာကြောသွားမှာ အထင်သေး စိမ်းကား မာကြောလာမှာ စိုးရိမ်မိတယ်။ ဒီအချိန်အထိကတော့ ကိုမြဒင်ပြောတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



# “မရှိပါဘူး သားရယ်။တစ်နေ့နေ့ ဒီဝင်္ဂကျွတ်မှာပေါ့။ စိတ်မဆင်းရဲပါနဲ့ သားရယ်။ ဒီဝင်္ဂမြန်မြန် ကျွတ်ပါစေလို့ဆုတောင်းပါ သားရယ်”

မသိသေးဘူး။ ကိုမြဒင်ကလဲ သားလေးရှေ့မှာကျတော့ ကျွန်မကို မပြောမဆဲဘူးလေ။ သားလေးက အရက်ဖိုးမပေးလို့ ရန်ဖြစ်တာလောက်ပဲရှိတာ။ လျှာနဲ့သွားလောက်ပဲရှိတာပဲဆိုပြီး မပြောရှာပါဘူး။ သားလေးတော့ မသိပါစေနဲ့တော်။ မသိပါစေနဲ့လို့လဲ ကျုပ် ဆုတောင်းတယ်”

ဦးမြဒင်၏ ဆိုးသွမ်းမှုကို သားဖြစ်သူ မသိစေရန် ဒေါ်လှရီ အကြိမ်ကြိမ်ဆုတောင်းနေမိသည်။

[illegible]ပန်း၏ သတင်းကို လေညင်းက ဆောင်ပါသည်။

ဒေါ်လှရီ၏ ဆုတောင်းသည် မပြည့်ပါလေခဲ့။ ချမ်းမြေ့က တိတိကျကျ သိသွားတော့သည်။ သို့ရာတွင် မိမိ၏ ဖခင်မှာ အရက်နှင့်ထန်းရည်ကို စွဲစွဲမြဲမြဲ လွန်လွန်ကျူးကျူး သောက်နေ၍သာ ဦးနှောက် မကောင်းတော့ခြင်းဟု ချမ်းမြေ့ နားလည်လိုက်သည်။ အချို့သူမှ[illegible] လျှင် အရက်သောက်လွန်း၍ ရူးကြောင်ကြောင်ဖြစ်သွားသည်ဟု ချမ်းမြေ့ ကြားဖူးထားသည်။ ချမ်းမြေ့သိသွားပြီ ဆိုခြင်းကို ဒေါ်လှရီ သိသောအခါ–

“သားလေးရယ် ဝဋ်ရှိလို့ကွယ့်။ ဝဋ်ရှိရင် ခံရစမြဲပဲကွယ်”

“ဒီဝင်္ဂကရော အမြဲရှိနေမှာလား”

“မရှိပါဘူး သားရယ်။ တစ်နေ့နေ့ ဒီဝင်္ဂကျွတ်မှာပေါ့။ စိတ်မဆင်းရဲပါနဲ့ သားရယ်။ ဒီဝင်္ဂမြန်မြန် ကျွတ်ပါစေလို့ ဆုတောင်းပါ သားလေးရယ်”

ဟု ချမ်းမြေ့ကို အားပေး နှစ်သိမ့်ခဲ့သည်။ ချမ်းမြေ့ကလည်း–

“ဒီဝင်္ဂ ကျွတ်မယ့်ရက် မြန်မြန်ရောက်ပါစေလို့ အမေ ဆုတောင်းပေးပါ။ သားအမိနှစ်ယောက် ဆုတောင်းရင် မြန်မြန်[illegible]” ဟု အတည်လိုလိုပြောပြီး တဟားဟားရယ်မောသွားတော့မှ ... ဒေါ်လှရီသည် မိမိအား ချမ်းမြေ့က နောက်ပြောင်သည်ဟု ပြုံးမိသေးသည်။

အမှန်တကယ် ဆိုရလျှင်မူ သောကကြားမှ အပြုံးမည်သည် အင်အားမရှိပါ။

ချမ်းမြေ့က ဖခင်နှင့် မိခင်တို့၏ ရန်ပွဲကိုသိသည်မှာ မကြာသေးသော်လည်းအကောက်တောင် ဆရာတော် ဦးပညာသာမိကမှ သိသည်မှာ ကြာပြီဖြစ်သည်။

“ဒီဝင်္ဂက မြန်မြန်ကျွတ်ပါစေလို့ ပြောနေကြတာတွေဟာ မပြောကောင်းကြပါဘူး။ မြဒင်ကလဲ ခေါင်းကို ဖြတ်ပစ်မယ်လို့ မကြိမ်းမောင်းနဲ့ မကြိမ်းမောင်းသင့်ဘူး။ လူတွင်းတဲ့ခံတွင်းမဟုတ်ဘူးကွယ့်၊ နတ်တွင်းတဲ့ခံတွင်း၊ အဲဒီလို မကြိမ်း



www.burmeseclassic.com

www.burmeseclassic.com





မောင်းကောင်းဘူး။ တကယ် ဖြစ်တတ်တယ်။ ပြောစရာကျန် သေးတယ်၊ မေတ္တာဆိုတာဟာ ရောင်ပြန် ဟပ်တတ်တယ်။ ကိုယ်က သူ့ကို ခေါင်းဖြတ်မယ် လို့ ကြိမ်းမောင်းတယ်။ မေတ္တာ ရောင်ပြန်ဟပ်ပြီး ကိုယ့်ကို ခေါင်းဖြတ်သူရှိရင် ဘယ်လိုလုပ် မလဲ။ မပြောကောင်း မကြိမ်း မောင်းကောင်းပါဘူးကွယ်တို့''

ဆရာတော်က ဤသို့ လျှင် ဆုံးမခဲ့၊ သွန်သင်ခဲ့ဖူးပါ သည်။

~~~~~

(၄)

နွေ မိုး ဆောင်း တို့ ပြောင်းခဲ့ပြီ။

အကောက်တောင် ပေါ်ရှိ ရွှေ[illegible]းတင်စေတီအား ရွှေသင်္ကန်း[illegible]ပ်လှူကာ ရေစက် ချပြီး၍ ပြန်လာကြသူများကြောင့် အကောက်တောင်ခြေ သပြေရွာ တွင် လူစုံသော နေ့တစ်နေ့ဖြစ် သည်။ ဘုရားသို့ သွားကြသူ များတွင် သုံးစ်အတိုင်း အချိန် ပြည့် မူးနေ ရူးနေသည့် ဦးမြဒင် မပါ။ ဆိပ်ကမ်းသာမြို့၊ ထုံးဘို မြို့၊ သပြေရွာ၊ ရွှေညောင်ပင် ရွာ စသည်တို့မှ အလှူရှင်များ စုံစုံလင်လင်လာကြသည်။ ချမ်း မြေ့လို ငွေကြေးမတတ်နိုင်၊ မ လှူနိုင်သူများက လုပ်အား အ လှူထည့်ဝင်ကြသည်။ ဦးမြဒင် ကတော့ မူး၍ကောင်းနေဆဲ။

ယခင် နေ့များလိုပင် ထန်းရည်ဘူးများကို အမေ့ထံ ချမ်းမြေ့ အပ်လိုက်သည်။ စားမ ကို ထမ်း၍ ခွာမောင်းတန် ရွေ ရန် ခြေလှမ်းပြင်လိုက်စဉ် အမေ ၏ နှုတ်ခမ်းမှ သွေးထွက်နေ သည်ကို မြင်လိုက်သည်။ သိပါ ပြီး အဖေ့လက်ချက်ပဲ။

''အမေရာ လင်နဲ့ မယား လျှာနဲ့သွားပါ ။ အမေတို့ က ရန်ဖြစ်နေကျပဲ။ ဒါပေမယ့် ကျွန်တော် တွေးထားတာက တော့ အဖေနဲ့ဝေးရာမှာ နေရ ရင် ကောင်းမလားလို့ အမေလဲ စဉ်းစားပါဦး။ ကဲ ကျွန်တော် သွားတော့မယ်''

အမေ့ကို နှုတ်သိမ်ခဲ့ရ သေးသည်။

ထွက်လာတော့ နံနက် (၁၀)နာရီခန့်၊ ပူပြင်းလှသော် လည်း ရှောင်လွှဲ၍ မရ။ နေ့တိုင်း လည်း မိုးရွာနေပူ အလုပ်လုပ်ခဲ့

www.burmeseclassic.com
~~~~~

www.burmeseclassic.com



ရသည်ပဲ။ မိဘတို့ စားဖို့က အဓိက ဂြစ်သည်။ အိမ်တွင် ထင်းကလည်းမရှိတော့။ မြင်ထားသည့် သစ်ပင်က ပေါင်လုံးခန့်၊ မြင့်လည်းမြင့်သည်။ ခုတ်လှဲဖြတ်ပိုင်းကာ ထမ်းခဲ့မည်။ ထိုအတွေးဖြင့် လျှောက်လာနိုက်–

''ဟော့ကောင် နေဦး''

မာကျောသည့် အသံ၊ အမှတ်မဲ့ကြားလိုက်၍ တုန့်ခနဲ ချမ်းမြေ့ ရပ်လိုက်မိသည်။ တစ်ဆက်တည်း နောက်သို့ချာခနဲ လှည့်လိုက်သည်။ အဖေ၏အသံကို ချမ်းမြေ့ နားကြား မလွဲနိုင်သကဲ့သို့ အဖေ၏ ရုပ်သွင်ကိုလည်း မမှားနိုင်ပါ။ အဖေပါပဲ။ သူ ရပ်လိုက်သည်။ အဖေက လည်း ရောက်လာသည်။

''ပေး အရက်ဖိုး''

''ဗျာ''

မထင်မှတ်သော စကားကြောင့် လွှတ်ခနဲ အာမေဋိတ်သံ ထွက်သွားသည်။ အရက်နံ့က စူးရှစွာ နံစော်နေသည်။

''ဘာ ဗျာလဲကွ။ မင်းကို အရက်ဖိုးပေးလို့ ပြောနေတာ''

အသံမှာ ကျယ်လောင်သကဲ့သို့ မာကျောလှပါဘိ။

''ဟာဗျာ အဖေရာ၊ နွားမောင်းတန် ပြောင်း၍ လာတာ။ ကျွန်တော့်မှာ ဘယ်က ပိုက်ဆံပါမှာလဲဗျာ။ ပိုက်ဆံကို ဘယ်တုန်းက ကျွန်တော် ကိုင်ဖူးလို့လဲ အမေပဲကိုင်တာ''

ပြောပြောဆိုဆို ခြေလှမ်းပြင်လိုက်သည်။

''နေဦး။ ဟော့ကောင် မင်း မသွားနဲ့၊ ပိုက်ဆံပေးပြီးမှ သွား''

''ဟာဗျာ၊ အဖေရာ ကျွန်တော့်မှာ မရှိဘူးဗျ။ ခက်တယ်ဗျာ''

ညည်းညည်း ညူညူ ပြောသကဲ့သို့

''နွားတွေ နေပူလှပြီဗျာ၊ သွားပါရစေတော့''

တောင်းတောင်းပန်ပန်လည်း ပြောသည်။

''မင်းလုံးဝ မသွားနဲ့ ခြေတစ်လှမ်း လှမ်းတာနဲ့ အခုတ်ပဲ။ ဒီမှာကြည့်''

ခါးတွင် ထိုးထားသော ဓားမကို အကျီ မ ပြသည်။

''လုချောရဲ့ ခေါင်းကို ငါ ဖြတ်ခဲ့တာကွ၊ မင်း ကြားဖူးတယ် မဟုတ်လား''

နရသိန် ထောင်တွင် နှစ်ကြာမြင့်စွာ နေခဲ့ရသည့် ဇာတ်ကြောင်းကို ဂုဏ်ယူပြောနေသည်။

''မင်းလဲ လုချောလို မဖြစ်ချင်နဲ့ ပေ

ချမ်းမြေ့၏ စိတ်ထဲတွင် ''ထောင်း''ခနဲ ဖြစ်သွားသည်။ လူတို့၏ သဘောက ဖိလွှမ်းလျှင် ကြွလာတတ် သည်။

''အဖေ တော်တော့ ဗျာ။ လူတိုင်းမှာ စိတ်ရှိတယ်။

**မာကျောသည့် အသံ၊ အမှတ်မဲ့ကြားလိုက်၍ တုန့်ခနဲ ချမ်းမြေ့ရပ်လိုက်မိသည်။ တစ်ဆက်တည်း နောက်သို့ချာခနဲ လှည့်လိုက်သည်။**

www.burmeseclassic.com

www.burmeseclassic.com



ကြာရင် ခက်ကုန်မယ်''

ပြတ်ပြတ်သားသား ပြောပစ်လိုက်တော့သည်။

''နေပါဦးကွ၊ မင်းက ကြာရင် ခက်ကုန်လိမ့်မယ်တဲ့၊ ဟား--ဟား ငါ့ကို ခုတ်ချင်ကဲ့ သဘောပေါ့။ ခုတ်စမ်းပါကွ၊ ခုတ်စမ်းပါ။ ယောက်ျားပဲ ခုတ်ရဲ ရမယ်၊ ခုတ်--မင်း မခုတ်ရင် ငါခုတ်မယ်''

ဓက်ကို ထိုးပေးရင်း ပြောသည်။

''ဟာ--ခက်တော့ ကာပဲ''

အသံကတော့ ထွက်မလာပါ။ လည်ချောင်းဝတွင်ပင် ပျောက်ကွယ်သွားသည်။ ထန်းပင်များ တက်လိုက် ဆင်းလိုက်ဖြင့် ထန်းရည်စုရသည်။ ရပြန်တော့ ပင်ပင်ပန်းပန်း သယ်ရသည်။ လူမှာ နုံးချိနေသည်။ ခြိမ်းခြောက်ရုံမဟုတ်၊ တကယ်လုပ်မည့် အဖေ့ကို လျှော့တွက်၍မရ အထင်သေး၍မဖြစ်၊ လူသတ်ဖူးထား၍ ရဲတင်းနေသည်။ အဖေက မိမိကို 'သား' ဟုအသိ အမှတ်မပြုခဲ့။ ထိုမျှဆိုလျှင် တော်သေးသည်။ မိမိကို မိခင်နှင့် ပိုးစွပ်ထားသည်။ ရင်ထဲက တလှပ်လှပ် ဆာလောင်နေသည်။ နေကလည်း ဘာလျှပ်ထတော့မတတ် ပူပြင်းသည်။ ရေသောက်လိုသည်မှာ အာခြောက်မတတ်။

မယူးတော့ပါ။ လွတ်မြောက်နိုင်ရေး နည်းလမ်းမှာ တစ်ခုတည်းသာ ရှိတော့သည်။ အခြားမရှိ။ လက်အစုံကို အားဖြင့် မြှောက်၍ အားနှင့်ပင် ပြန်ချလိုက်သည်။ ထွေးခနဲ ဦးမြဒင် မှောက်ကျသွားသည်။ အသံပင် မထွက်တော့။ သွေးများကား ချောင်းဖြစ်လုမတတ်။ ခေါင်းနှင့်ကိုယ်မှာ တခြားစီ၊ လွှန်ခဲ့သည့် နှစ်ရက်ခန့် အလုပ်အားလပ်နေခိုက် ထင်းခုတ်ပါက ''ထက်''စေရန် သွေးထားသည့် ဓားမမှာ ခြေသလုံး မွေးပင်လျှင် 'ကျ'အောင် ထက်လှသည်။ ရုတ်တရက်ဖြစ်၍ ငိုင်လျက် ရပ်နေမိသည်။

''ဟေ့ ချမ်းမြေ့ မင်းဓားကို ချလိုက်''

အော်ဟစ်ရင်း ပြေးဆင်းလာသည့် ဦးမြင့်မောင်၊ ဦးကြီးမြင့်၊ ဦးလှဘော်တို့၏ လက်တွင် တုတ်ကိုယ်စီဖြင့်။ ချက်ချင်းလိုပင် ရောက်လာကြပြီး ချမ်းမြေ့ ချထားသည့် ဓား၊ ဦးမြဒင်ကိုင်ခဲ့သော ဓားတို့ကို ဦးမြင့်မောင်က သတင်းစာ စက္ကူဖြင့် ပတ်၍ သိမ်းယူလိုက်သည်။ သပြေကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြင့်မောင်သည် နွားကျောင်းရင်း သတင်းစာဖတ်လေ့ရှိသည်။ ရွှေသက်နှင်းကပ်လှူပြီး၍ ပြန်ရောက်လာကြသည့် ရပ်မိရပ်ဖ သုံးဦးသည် နွားများရှိရာသို့ လာကြရာက အဖြစ်အပျက်ကိုမြင်၍ တောင်ကုန်းပေါ်မှ ပြေးဆင်းခဲ့ကြခြင်းဖြစ်သည်။ သို့ရာတွင် အနည်းငယ်ခန့် နောက်ကျသွား၍ အချိန်မီ မဟန့်တားနိုင်ခဲ့ပေ။

''မင်းက အဖေတသတ်လို့ ယူပဲ၊ ကိုယ့်ဖအေကို ကိုယ်သတ်ဘာ ကြားဖူးရုံပဲ။ ခုတော့ မျက်မြင်ပဲဟေ့''

ဒေါ်လှရီ၏ ဦးလေး ချမ်းမြေ့၏ ဘကြီးက ပြောသည်။

'လှဘော် မင်းက မရှ ရီကိုသွားပြော၊ ရွာထဲမှာ စခန်းမှူး မပြန်သေးရင် တစ်ခါတည်း

www.burmeseclassic.com



ပြောခဲ့၊ ရွာထဲက မီးသတ် လေး ငါးဦး ဒီကိုလွှတ်လိုက်။ ဆရာ တော်ဆီကို တစ်ယောက်လွှတ် လိုက်ဦး၊ တို့က အလောင်းကို စောင့်နေမယ်။ ချမ်းမြေ့ မင်း လက်တွေကို တုပ်ထားရမယ်''

ဦးမြင့်မောင်က နွား ချည်သော ကြိုးများဖြင့် ချမ်းမြေ့ ကို တုပ်နှောင်လိုက်သည်။ ရာဇ ဝတ် ဘေးဖြစ်၍ ပြေးလျှင်ပင် လွှတ်မည်မဟုတ်ပေ။

~~~~~

(၇)

ရွာထဲသို့ ဦးလှဘော် ရောက်တော့ စခန်းမှူး ဦး သောင်းရွှေ မရှိတော့ပါ။ ဆိပ် ကမ်းသာသို့ ပြန်သွားပြီ။ အချိန် နှင့်တစ်ပြေးညီ ဆောင်ရွက်နေရ ပြီဖြစ်၍ ဖုန်းဖြင့် ဆက်သွယ် လိုက်သည်။ စခန်းမှူးသည် ဖုန်း သတင်းဝင်လာသည်နှင့် တစ် ပြိုင်နက် ရဲတပ်ဖွဲ့ဝင် အချို့ ဓာတ်ပုံ ဆရာတို့နှင့်အတူ သ ပြေရွာသို့ ထွက်ခဲ့သည်။

ဦးလှဘော်ပြော၍ ဒေါ် လှရီ အပြေးအလွှားရောက်လာ သည်။ မြင်ကွင်းကား ဦးမြဒင် က ခေါင်းတခြား၊ လူတခြား

# မြင်ကွင်းကား ဦးမြဒင်မှာ ခေါင်းတစ်ခြား ကိုယ်တစ်ခြား သွေးအိုင်ထဲတွင် မှောက်လျက် သေဆုံးနေပြီ

သွေးအိုင်ထဲတွင် မှောက်လျက် သေဆုံးနေပြီ။ သားဖြစ်သူက ဥက္ကဋ္ဌ၏ ရှေ့တွင် ငုတ်တုတ် ထိုင်လျက် လက်အစုံကို ကြိုး ဖြင့် တုပ်ထားလျက်မြင်ရသည်။ ကြောင်လျက်ကြည့်ရင်းက လဲ

ကျသွားသည်။ ခမောက်များဖြင့် ယပ်ခပ်ပေးပြီး သတိရအောင် ပြုစုနေရသည်။ အတန်ကြာမှ သတိရလာသည်။

''သား ချမ်းမြေ့ အဖေ သတတ်၊ အဖေနဲ့ ဝေးဝေးမှာ နေရရင်ကောင်းမလားတဲ့။ ခု တော့ ဝေးရပါပြီကွာ၊ ဝေးရပါ ပြီ။ ကိုမြဒင် တော် ထပြီး ကျုပ်ကို ရိုက်ပါဦးတော်။ ရိုက် ပါဦး ရိုက်ပါဦး ဟီး ဟီး ဟီး''

ရင်ကိုထုရင်း ပြောနေ သည့် ဒေါ်လှရီမှာ အရူးမတစ်ဦး သဖွယ် ဆံပင်က ဖားလျား၊ လုံ ချည်ကို မဝတ်အားဘဲ လက် တစ်ဖက် ကိုင်လျက် ပြောလိုက် ငိုလိုက် မြေပြင်တွင် လူးလိုက် လိမ့်လိုက် အော်ဟစ်လိုက်။ ဆရာတော်ထံ သွားရောက် လျှောက်ထားသူပြန်ရောက်လာ သည်။ ဆရာတော်တော့ ပါမ လာပါ။

''လှချောကို သတ် တုန်းက ခေါင်းကိုဖြတ်ပြီး ရက် ရက်စက်စက် မြဒင် သတ်ခဲ့ တယ်။ ဟော သူ့ကို သူ့သားက ခေါင်းဖြတ်သတ်တယ်။ သားကို ဘယ်သူက သတ်မလဲ။ သတ်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



လိမ့်ဦးမယ်။ ကြောက်စရာကောင်းလိုက်ပါဘိ ဒကာရယ်။ ကြောက်စရာကောင်းလိုက်ပါဘိ။ အင်း . . ဒေါသတွေ ဒေါသတွေ ဘုန်းဘုန်းတို့ရဲ့ ဗုဒ္ဓက ဟောကြားခဲ့တယ်၊ ကောဝေါအတ္တိ နဇာနာတိတဲ့။ ဒေါသသည် အကြောင်းအကျိုးကို မသိတဲ့။ ကြည့်စမ်း၊ ဖအေက သားကို သားမှန်းမသိ၊ သားကလဲ ဖအေကို ဖအေမှန်းမသိတဲ့ ဒေါသတွေ၊ ဒေါသတွေ အကြောင်းလဲမသိ အကျိုးကိုလဲမသိ ဖြစ်လိုက်ကြတာ ကြောက်စရာကောင်းလိုက်တာ ဘုန်းဘုန်းဆုံးမခဲ့ဘူးပါတယ်။ မအေကလဲ ဝင့်ကျွတ်ပါစေတဲ့ ဆုတောင်းတာ။ ကဲလေ ဒါတွေ ထားပါတော့၊ ရခဲလှတဲ့ လူ့ဘဝမှာ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ ဒီမျက်နှာတွေ ဘုန်းဘုန်း မကြည့်ချင်တော့ဘူး။ ဒကာ ပြန်ပေတော့။ အင်း အဇာတသတ် အဇာတသတ်''

ဘုန်းဘုန်းက ဤမျှသာ မိန့်ကြားပြီး နောက်ခိုင်းသွားကြောင်း ပြန်ပြောသည်။

စခန်းမှူးသည် ဦးမြဒင် အသတ်ခံရမှုနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌ ဦးမြင့်မောင်ထံမှ ချမ်းမြေ့ကို လွှဲပြောင်းယူလိုက်ပြီး သံမဏိ လက်ထိတ်ခတ်လိုက်သည်။

သက်သေခံ ဓားမ(၁) ချောင်းကို ရှာဖွေပုံစံဖြင့် သိမ်းလိုက်သည်။ ခေါင်းတခြား ကိုယ်တခြားဖြစ်နေသော အလောင်းကို လှည်းဖြင့်တင်၍ ဆေးစာနှင့်အတူ ဆိပ်ကမ်းသာ ဆေးရုံသို့ ပို့ဆောင်လိုက်သည်။ လုပ်ငန်းအားလုံး ပြီးစီးတော့ ညနေစောင်းလေပြီ။

"ကဲ ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ သိချင်တဲ့ ကိစ္စကို ကျွန်တော်ရှင်းပြပါ့မယ်။ ဒေါ်လှရီ သေသေချာချာ နားထောင်ပါ။ လူသတ်မှုဆိုတာ အားလုံးသိကြတယ်။ ပြစ်ဒဏ် ဘယ်လောက်ရှိတယ်ဆိုတာတော့ သိသူ နည်းပါတယ်။ အားလုံး သတိတရားရအောင် ဆင်ခြင်နိုင်အောင် ရှောင်ရှား နိုင်အောင်ပေါ့ဗျာ။ တရားခံ ချမ်းမြေ့ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၂) အရ တရားရုံးမှာ တရားစွဲရပါ့မယ်။ အနည်းဆုံး တစ်သက်တစ်ကျွန်း ထောင်ဒဏ်ဖြစ်စေ၊ ဆယ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရပါမယ်။ ဒဏ်ငွေလဲတွဲပြီး ရိုက်နိုင်တယ်။ ဒဏ်ငွေ သက်သက်တော့မရပါဘူး။ ကျွန်တော်ပြောတဲ့ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်အပြင်၊ အဲဒီပြစ်ဒဏ်ထက်ပိုတဲ့ သေဒဏ်ချမှတ်နိုင်တဲ့ လူသတ်မှုမျိုးလဲရှိသေးတယ်ဗျ။ သံဝေဂရစရာ နောင်တရစရာတွေပေါ့ဗျာ။ ကဲ ကျွန်တော်ရှင်းပြလို့ အကြမ်းဖျဉ်း သိလောက်ရောပေါ့''

စခန်းမှူးက ထိုစကားကိုပြောပြီး ဆိပ်ကမ်းသာရဲစခန်းသို့ ပြန်ရန် ခြေလှမ်းပြင်လိုက်သည်။

ဒေါ်လှရီ၏ ငိုရှိုက်သံများမှာ တောင်ခြေမှသည် အကောက်တောင် တောင်ပေါ်ဆီသို့--

ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။

သေဆုံးသွားကြပြီဖြစ်သော ရဲအုပ် ဦးသောင်းရွှေနှင့် ဇနီး ဒေါ်နွဲ့နွဲ့တို့အား အမှတ်တရ။

ကိုရဲ (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



# နှစ်သက်သတ်အများ

ကိုကိုလှ (ကမာမြေ)

နှစ်လောင်းပြိုင်သတ်မိသူ
သင်္ဘောသားတစ်ဦးရဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



## နှစ်သက်သတ်အမှား

ကိုကိုလှ–ကမာမြေ

ထွန်းနေ တစ်ယောက် ပန်းဆိုးတန်းလမ်းနှင့် ဆူးလေပန်းခြံလမ်းတစ်လျှောက် ခေါက်တုံ့ခေါက်ပြန်လျှောက်ရလွန်း၍ အအေးဆိုင်သို့ ဝင်ကာ အမောဖြေလိုက်သည်။

ယမဟာ ဆိုင်ကယ် **တစ်စီး** ဆိုင်ရှေ့ ဝင်ရပ်လိုက်သည်။ ဆိုင်ကယ်ပေါ်မှ ဆင်းလာသူ လူနှစ်ယောက်ကို ထွန်းနေမှတ်မိလိုက်သည်။ ထွန်းနေ လှမ်းခေါ်သော်လည်း သူတို့က မှတ်မိပုံမပေါ်–

"ကိုကျော်ဦးနဲ့ ကိုညိုမှိုင်း မဟုတ်လား ကျွန်တော်က"

"ဖိုးထွန်း ထွန်းနေ မဟုတ်လား"

"ဟုတ်ပါတယ် ပျဉ်းမနား ထွန်းနေပါ"

"အသားတွေ စိုပြည်ခန္ဓာကိုယ်ဝပြီး တန်ဆာပလာတွေနဲ့ပါလား"

"ကျောင်းပြီး သွားကတည်းက ကွဲသွားတာ ဘယ်မှတ်မိမှာလဲကွ"

"ဟော့ကောင် ထွန်းနေ ဘာလုပ်ငန်းတွေလုပ်ပြီး အဆင်ပြေလို့ ချောမောလှပနေတာလဲ၊ ကုမ္ပဏီအလုပ်လား၊ ကန်ထရိုက်တာကြီးလား စကားပြန်လား"

"မေးခွန်းတွေကလဲ များလိုက်တာ၊ ကဲ ဘာသောက်မလဲ"

"ကျော်ဦးရေ ငါတို့တော့ ငယ်ပေါင်း တွေ့ပြီ၊ ဒီကောင် တော်တော်ထောနေပုံရတယ်"

"ကိုကျော်ဦးနဲ့ ကိုညိုမှိုင်းတို့ကကော ဘာတွေလုပ်နေကြလဲ၊ ဆိုင်ကယ်စီးပြီး လိုက်ရှိုးနေတယ်ပေါ့။ ရှိုးတိုင်းလဲနိုင်နေတယ်ပေါ့"

"ဟော့ကောင် ထွန်းနေရ ငါတို့ကျောင်းသား ဘဝတုန်းကသာ ရှိုးရိုက်ခဲ့ကြတာ အခုကိုယ့်လုပ်အားခနဲ့ ရှိုးဖို့နေနေသာသာ အလဟဿမဖြုန်းရဲဘူးကွ"

"ကျွန်တော်နဲ့ တစ်ရက်အေးအေးဆုံကြရအောင်"

"ပြန်ဆုံချင်တယ်သာ ပြောနေတယ်။မင်းက ပျဉ်းမနားမှာလား ရန်ကုန်မှာလား"

"အခုတော့ ရန်ကုန်မှာပဲ ဆိုပါတော့၊ ကျွန်တော့်ကို ဖုန်းဆက်လို့ရတယ်။ ရော့ အဲဒီ ဖုန်းနံပါတ်ပဲ၊ နေတာက အဆောင်မှာ ခင်ဗျားတို့ နှစ်ယောက်ချိန်းဗျာ၊ ကျွန်တော်နဲ့ မတွေ့လဲ အဆောင်မှာ မှာထားလို့ ရတယ်"

~~~~~

"မင်းကလဲကွာ၊ ငါတို့ နှစ်ယောက် ပြန်ရတော့မလိုစောင့်နေရတော့မလိုနဲ့"

"ခင်ဗျားတို့ပဲ ခြောက်နာရီ အရောက်လာခဲ့ဆို"

"ဘယ်ကလာကွ၊ ညနေ (၄)နာရီစောင့်နေမယ်။

**"ဟော့ကောင် ထွန်းနေရ ငါတို့ကျောင်းသားဘဝတုန်းကသာ ရှိုးရိုက်ခဲ့ကြတာ အခုကိုယ့်လုပ်အားခနဲ့ ရှိုးဖို့နေနေသာသာ အလဟဿမဖြုန်းရဲဘူးကွ"**



www.burmeseclassic.com
~~~~~

www.burmeseclassic.com



လွှတ်လိုက်ပါလို့ သေချာ ဖုန်းဆက်ပြောတာကွ''

''ခြောက်နာရီ ဆိုတော့ အေးအေးဆေးဆေးနေတာပေါ့။ နေဦး ဖုန်းကိုင်တာ မိန်းကလေးလား ယောကျ်ားလေးလား''

''မိန်းကလေး အငယ်သံကွ''

''အဆောင် ပိုင်ရှင့်သမီးပဲဖြစ်ရမယ်။ အဆောင်က လူတွေဆီ ဖုန်းလာရင် ဒုက္ခတော်တော်ပေးတာ''

''ကဲ မှာလေကွာ၊ မင်းမလာခင်ကတည်းက သောက်နေတာ''

ထွန်းနေ စားပွဲထိုးလေးကို ဝီစကီတစ်လုံး၊ ဆော်ဒါ၊ ရေခဲ၊ ဝက်စဒူး၊ ကန်စွန်းရွက်ကြော်ပလိန်း၊ ကြက်ဥမွှေကြော် မှာလိုက်သည်။

''ဖိုးထွန်း မင်းဘယ်မှာအလုပ်ရနေလဲ''

''ကျွန်တော် ကျောင်းပြီးတော့ အဖေနဲ့အမေက မြေပဲခင်း၊ ခရမ်းခင်း စိုက်ပျိုးရေးလုပ်ငန်း၊ ပွဲရုံလုပ်ငန်းတွေ လုပ်နိုင်းတယ်။ ကြီးကြပ်ခိုင်းတယ်။ တောင်ယာအလုပ်ကို... ကို ကျော်ဦးနဲ့ ကိုညိုမှိုင်း... သ သားပဲ၊ တော်တော်ပင်ပန်းတဲ့ အလုပ်ဗျ။ အဖေက ကျွန်တော်ကို သိပ်ချစ်တော့ သူ့သား ပင်ပန်းမှာစိုးလို့ ရန်ကုန်ကိုလွှတ်ပြီး အလုပ်ရှာခိုင်းတယ်။ ခေတ်စားနေတဲ့ သင်္ဘောသားအလုပ်ကို မရရအောင် ကြိုးစား ရှာခိုင်းတယ်။ ''ငါ့သားလေး သင်္ဘောသားဖြစ်ပြီး နိုင်ငံခြားရောက်သွားရင် ငါတို့သေပျော်ပါပြီတဲ့လေ။ ကျွန်တော်လဲ မိဘ စိတ်ချမ်းသာအောင် ရန်ကုန်ကို



ရောက်အောင် လာခဲ့တာပေါ့။ ...သင်္ဘောသားဖြစ်ဖို့ လိုက်စုံစမ်းရင်း ဆရာကောင်းဖြစ်တဲ့ ကို ... ...တယ်လေ''

''အဲဒီတော့ သင်္ဘောသား ဖြစ်ရောလား''

''ဆရာကလဲ နည်းပေး လမ်းပြ ကောင်းတော့၊ သင်္ဘောသား အစစ်အမှန်ဖြစ်တော့တာပေါ့''

''အေး ဒါတော့ ငါယုံတယ်၊ မင်း အထက်တန်းကျောင်းသားတုန်းက လက်ဖက်ရည်တောင် နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းရသေးတာပဲ''

''အဓိကကတော့ ကိုညိုမှိုင်းရေ ငွေပဲဗျ။ ငွေကုန်ခံရတယ်။ အောင်မြင်ပါတယ်ဗျာ။ ကဲ သောက်ကြဗျာ။ ဒီနေ့ ကျွန်တော့်ရဲ့ အောင်မြင်မှုပွဲပေါ့ဗျာ''

ဆုမွန်ကောင်းများ တောင်းလျက် ဖန်ခွက်ကလေးများကို မိတ်ဆက်ပေးလိုက်ကြသည်။

~~~~~

ဟိုးထား . ဟိုးထား။

ရပ်ကွက် လူကြီးများက လိုင်းကားကလေးကို ဟန့်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တားလိုက်ကြသည်။ ကားပေါ်ပါ ခရီးသည်များကို အကဲခတ်ရင်း

"ဟိုလူ ဆရာ ဟိုလူ"

ရပ်ကွက် လူကြီးနံဘေး ရပ်နေသူ၏ ညွှန်ပြမှုကြောင့် ထွန်းနေကိုလှမ်းခေါ်လိုက်သည်။

"ညီလေ မင်း ဆင်းခဲ့ မင်းအပြစ်မင်းသိတယ်နော်"

ထွန်းနေသည် ထိုလူကြီး၏ အမိန့်ကို မဆန့်ကျင်ဝံ့ ကိုယ်နှင့်အတူ ပါလာသော အထုပ်ကလေးပိုက်ကာ ဆင်းလာခဲ့သည်။ ရပ်ကွက်လူကြီးများ ခေါ်ဆောင်ရာ ရုံးခန်းသို့ လိုက်လာခဲ့သည်။

"မင်း ခြံအမှတ် (၃၄) က ဘော်ဒါဆောင်မှာ ငှားနေတဲ့ လူမဟုတ်လား"

"မသိဘူးဗျာ။ ကျုပ် ဘာတွေ ဖြစ်ကုန်ပြီလဲ မသိတော့ဘူး"

"ဘာ မသိရမှာလဲ၊ မင်း မောင်နှမ နှစ်ယောက်ကို သတ်ပြီး ထွက်ပြေးမလို့ မဟုတ်လား"

ရပ်ကွက်လူကြီး၏ မေးမြန်းမှုကြောင့် ထွန်းနေ စားပွဲခုံပေါ်သို့ ဝမ်းလျားမှောက်ချကာ မှားပြီမှားပြီဟု တစာစာအော်ရင်း ကျွန်တော့်ဆရာကို ခေါ်ပေးပါ။ ဒီရပ်ကွက်မှာနေပါတယ် ဟု အကူအညီ တောင်းခံနေတော့သည်။

"မင်း ဆရာဘယ်သူလဲ"

"ဦးအေးသွင်၊ အိမ်အမှတ် (၁၃၉)၊ ပိတောက်လမ်းမှာနေပါတယ်"

"ဦးအေးသွင်းကို သွားခေါ်ကွာ"

ရပ်ကွက် ဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား အမိန့်ပေးလိုက်သည်။ ထွန်းနေ ပါလာသော အိတ်ကို စစ်ဆေးသည်။ ရှာဖွေ စစ်ဆေးသူက စစ်ဆေး၊ ထွန်းနေကိုလည်း လက်ပြန်ကြိုးတုပ်သူက တုပ်နှင့် အလုပ်များနေချိန်၊ ရုံးခန်းရှေ့ဝယ် ဝိုင်းအုံကြည့်နေကြသော ရပ်ကွက်သူ ရပ်ကွက်သားများကလည်း လူသတ်တရားခံကို အချိန်မှ ဖမ်းလိုက်နိုင်မှုနှင့် လူသတ် တရားခံတွင် ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်း၊ ရွှေငွေ အပြည့်အဝနှင့် တွေ့ရမှုကြောင့် ပစ္စည်းလိုချင်၍သတ်ခြင်းမဟုတ်ဟု ထင်ကြေးပေးကြသည်။ မောင်နှမ နှစ်ယောက်စလုံးကို သတ်လိုက်သည့် တရားခံကို လည်း ရက်စက်လိုက်တာဟု သတ်မှတ်ကြသူများလည်း ရှိသည်။ ထိုစဉ် လူအုပ်ကြားမှ တိုးဝင်လာသူ ဦးအေးသွင်ကို ဥက္ကဋ္ဌက –

"ဦးအေးသွင်၊ ဒါ ခင်ဗျား တပည့်လား"

"ဟုတ်ပါတယ်။ ဗျိုး မနားသားပါ။ ရန်ကုန်မှာ နေချင်လို့ အဆောင်ငှားပေးထားတာ"

"ဆရာ ဆရာ တပည့် မှားကုန်ပြီ။ မှားသွားပါပြီ ဆရာရယ်"

"အေး မင်းမှားချက်က နှစ်သက်သတ်မှားချက်ပဲ။ ငါ့ မျက်နှာမှ မထောက်ဘဲ မင်းအပြစ် မင်းခံပေါ့။ လုပ်ရဲရင်ခံရဲရ တယ်"

ဆရာဖြစ်သူ၏ အသံသည့် မည်မျှ ကျယ်လောင်သွားသည်မသိ။

"ကဲ ဦးအေးသွင် သိပ်လဲ ဒေါသမကြီးပါနဲ့လေ။ ခင်ဗျား သိပ်ကြမ်းနေရင် အပြင်က



www.burmeseclassic.com

www.burmeseclassic.com



ထုထုကို ထိန်းနိုင်မှာ မဟုတ်ဘူး''

ဟုတ်ပါသည်။ မကျေနပ်သူများက ရုံးခန်းထဲဝင်ပြီး နှိတ်နှက်ကြပါလျှင် တရားခံအနေဖြင့် သေရတဲ့ ဘဝရောက်သွားနိုင်သည်မဟုတ်လား။ ရပ်ကွက် ဥက္ကဋ္ဌလုပ်သူက ဦးအေးသွင်ကို စိတ်ကို ထိန်းသိမ်းစေခဲ့သည်။

ဦးအေးသွင် ထွန်းနေကို လှည့်မကြည့်။ နှုတ်မဆက်ဘဲ ထွက်ခွာခဲ့သည်။ လူသေမှုဖြစ်တာမို့ အကဲခတ်လေ့လာခဲ့သည်။ ခြံ၄နံ့ရှိ သစ်ပင်အောက်ဝယ် မောင်ဖြစ်သူက သွေးစက်လက်နှင့်သေဆုံးနေသလို အဆောင်ဝရန်တာပေါ်မှာ ခွေခွေလေးလဲကျနေသော အစ်မဖြစ်သူမှာလည်း အသက်ပျောက်လျက်၊

~~~~~

''ထွန်းနေကို သိလား''

''သိပါတယ်၊ ကျောင်းသား ဘဝက အဆောင်မှာ အတူနေခဲ့တာပါ''

''အရက် အတူ သောက်ခဲ့ဖူးလား''

''ကျောင်းသား ဘဝက မသောက်ဖူးပါဘူး၊ သူက လောင်းကစားလဲ ဝါသနာ မပါဘူး။ ဘောလုံးကစားတာ ဝါသနာ ပါတယ်။ စာလဲကြိုးစားပါတယ်''

''လူသတ်မှုဖြစ်တဲ့ နေ့က အရက်အတူ သောက်ခဲ့တယ် မဟုတ်လား။ ဘယ်လောက် သောက်ခဲ့လဲ''

''အရက်ပြင်း ဝီစကီ (၂)လုံးပါ''

''သောက်ပြီး လမ်းခွဲကြတော့ ကိုယ့် အစီအစဉ်နဲ့ ကိုယ်ပြန်ကြတာလား''

''မဟုတ်ပါဘူး၊ ထွန်းနေကို၊ ကျွန်တော်တို့ သိုက်ပို့ပေးရတယ်။ အဆောင်မှာထားခဲ့ပါတယ်''

''ရပြီ ကိုညိုမှိုင်း ပြန်နိုင်ပြီ''

ရှေ့နေ၏ မေးမြန်းစစ်ဆေးခံရပြီး ကိုညိုမှိုင်း တစ်ယောက် ထွန်းနေကို နှုတ်ဆက်ကာ ထွက်သွားရသော်လည်း ကျောင်းသား ဘဝက အတူနေခဲ့ရသော ထွန်းနေ၏ လှုပ်ရှားမှုများသည် ကိုညိုမှိုင်း၏ မျက်စိထဲက မထွက်။

ဦးအေးသွင် မှန်ကန်စွာ ထွက်ဆိုပါမည်ဆိုပြီး ကျမ်းကျိန်ကာ တရားရုံးသို့ ရောက်ခဲ့ရသည်။ တရားသူကြီးရှေ့ဝယ်

''ဒီဓားကို မြင်ဖူးလား''

''မြင်ဖူးပါတယ်၊ SEAMAN KINIFE (သင်္ဘောသားသုံးဓား)လို့ ခေါ်ပါတယ်။ သင်္ဘောသားများ အသုံးပြုတဲ့ဓားပါ။ ဒီဓားဟာ အသုံးမပြုဖူးတဲ့ သူဆိုရင် မသုံးတတ်ပါဘူး။ ခလုတ်နဲ့ ဓားဆိုတော့ တော်တော်ခက်ပါတယ်။ မာကျောတဲ့ အရာဝတ္ထုအားလုံးကို ဖောက်ထွင်းပြတ်ထောက်နိုင်ပါတယ်''

''ဒီလိုဆိုရင် လူသတ်

## ''လူသတ်မှုဖြစ်တဲ့နေ့က အရက်အတူ သောက်ခဲ့တယ် မဟုတ်လား။ ဘယ်လောက်သောက်ခဲ့လဲ''



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တရားခံဟာ ဘယ်မှာလုပ်ကိုင်ဖူးလဲ''

''သဘော်သားပါ၊ ကျွန်တော်ရဲ့ သဘော်သားအခြေခံပညာရပ် သင်တန်းတွေမှာ ပညာသင် တက်ရောက်ခဲ့သူပါ။ တစ်ခေါက်ပြန်ရောက်ပြီး နောက်တစ်ခေါက် နိုင်ငံခြားသဘော်ပြန်တက်ဖို့ စောင့်နေတဲ့အချိန်ပါ''

''ဦးအေးသွင်က အဆောင်မှာ နေဖို့ ငှားပေးတယ်ဆို''

''ဟုတ်ပါတယ်၊ ရန်ကုန်နဲ့ ပျဉ်းမနား ခဏခဏသွားလာနေရလို့ တပည့်ပင်ပန်းမှာစိုးကာနဲ့ အဆောင်မှာ ငှားပေးထားတာပါ''

''အဲဒီနေ့က ဦးအေးသွင် ဘယ်အချိန်မှာသိတာလဲ''

''ရပ်ကွက် ဥက္ကဋ္ဌရုံးရောက်မှ သိခဲ့ရတဲ့ ဖြစ်ရပ်ပါ''

''တရားခံက အရက်တွေ ဘာတွေသောက်တာတွေ့ဖူးလား''

''မသောက်ဖူးပါဘူး''

''ကောင်းပါပြီ ဦးအေးသွင် ပြန်နိုင်ပါပြီ''

တရားခွင်ရှိ တရားသူကြီးကို ဂါရဝပြု၍ ထွက်လာပြီး ဦးအေးသွင် မျက်လုံးများက တရားခံ ထွန်းနေဆီ ရောက်သွားခဲ့ရသည်။ ထွန်းနေသည် ထိုနေ့ညနေ သောက်လာသော အရက် အရှိန်ကြောင့် လိုက်ပါပို့ဆောင်သူ သူငယ်ချင်း နှစ်ဦးကို နှုတ်ဆက်လိုက်သံက ကျယ်လောင်စွာ ပေါ်ထွက်သွားသည်။ ထိုကျယ်လောင်မှုကို အဆောင်ပိုင်ရှင်သမီးလေးက ဒါအရက်ဆိုင်မဟုတ်ဘူး။ အရက်သောက်ပြီး အဆောင်ပြန်လာစရာမလိုဘူး ဟုပြောသော်လည်း ထွန်းနေ ဂရုမစိုက်ဘဲ မိမိအခန်းရှိရာ အဆောင်၏ အပေါ်ထပ်သို့ တက်သွားမိသည်။

အခန်းတံခါးကို ဖွင့်သည်။ အဆောင်အောက်ထပ်တွင် ကျန်ရစ်ခဲ့သော ကလေးမ၏ အော်ဟစ်ပြောဆိုသံများကြောင့် မောင်ဖြစ်သူကလည်း အနားသို့ ရောက်လာသည်။ ထွန်းနေကို ဆဲဆိုပြီး နှစ်တစ်လက်မတုတ်ဖြင့် ထွန်းနေရှိရာ အခန်းသို့ ရောက်ရှိလာခဲ့သည်။ ထွန်းနေကလည်း ခလုတ်ခုံဖြင့် မောင်ဖြစ်သူကို ထိုးလိုက်သည်။ အစ်မဖြစ်သူကလည်း ထွန်းနေကို ဆဲဆိုကြိမ်းမောင်းရင်း တံမြက်စည်းတုတ်ဖြင့် ရိုက်သောကြောင့် ခလုတ်ခုံဖြင့်ပင် ဆက်ထိုးလိုက်သည်။ သူမသည်လည်း အဆောင်ဝရန်တာတွင် ခွေခေါက်လေးလဲကျ သေဆုံးသွားရရှာသည်။ ထွန်းနေသည်လည်း သောက်ထားသည့် အရက်ရှိန်ကြောင့် အမှားအမှန်ကို မဝေခွဲနိုင်တော့။ နောက်ဆုံးတွင် ဥပဒေပုဒ်မ၃၀၂ဖြင့် ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ အရက်သောက်ခဲ့မိတာ၊ မဆင်ခြင်မိသော အမှားသည် နှစ်သက်သတ် လူသတ်သမား ဘဝသို့ ရောက်သွားခဲ့ရလေပြီ။ လှောင်ချိုင့်ဝန်းဆီသို့ အသက်တည်ရှိလျက် မိမိခန္ဓာကိုယ်ကို ပေးဆပ်ရဦးမည်ဟုသဘောပေါက်ကာ ဘဝတစ်ဖြစ်လဲ ကြုံတွေ့ရင်ဆိုင်ရပေဦးမည်တကား။

**ကိုကိုလှ–ကမာမြေ**



www.burmeseclassic.com

www.burmeseclassic.com



# တစ်ပူပေါ် နှစ်ပူဆင့်

မောင်မောင်စိန်လင်း
(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



## “တစ်ပူပေါ် နှစ်ပူဆင့်”

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

(၁)

‘‘အား ကျွတ်၊ ကျွတ် ကျွတ်’’

‘‘ဟေ့--ဘယ်သူလဲ. ဘာလာလုပ်တာလဲ’’

မမေရီသည် အသံကြားရာဘက်ဖြစ်သော ရေကန်ငယ်ဘက်သို့ (လေးတောင့်ထိုး လက်နှိပ်ဓာတ်မီး)ဖြင့် ထိုးကြည့်လိုက်သည်။ မီးရောင်အောက်တွင် ကျောက်စိမ်းသည် ထော့နဲ့ထော့နဲ့ဖြင့် ထွက်ပြေးသွားသည်။ အချိန်မှာ ညဉ့် ၁၂ နာရီခန့်ဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းသို့ သွားရောက်သတင်းပေး တိုင်ကြားရန် မသင့်သောအချိန်ဖြစ်နေသည်။

ထို့ကြောင့် နံနက် မိုးသောက် အလင်းရောက်ချိန်တွင် ရေကန်ငယ်သို့ သွားကြည့်လိုက်သည်။ ငါးဆယ်သား၊ တစ်ပိသာခန့်ရှိသော ငါးကြင်းများ၊ ခြေမ၊ လက်မခန့်ရှိသော ပုစွန်တုပ်ကြီးများ သေနေကြပြီး ရေပေါ်တွင် ပေါ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် မြို့ပေါင်းရဲ စခန်းသို့ သွားရောက်အမှုဖွင့်တိုင်ကြားသည်။ စခန်းမှူးသည် ပြစ်မှုကြီးသော ပုဒ်မဖြစ်နိုင်သောကြောင့် အမှုစစ်ဝါရင့် ဒုရဲအုပ်ကျော်စိန်လင်းကို တာဝန်ပေးလိုက်သည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် နယ်ထိန်းတပ်ကြပ်ကြီး စိုင်းလှမြင့်၊ ဓာတ်ပုံဆရာ တပ်ကြပ် ထွန်းထွန်းတို့နှင့်အတူ အခင်းဖြစ်ပွားသည့် ရဲချောင်းကျေးရွာရှိ ဦးကျော်ဆင့်၏ ခြံကြီးအတွင်းသို့ သွားရောက်ခဲ့ကြသည်။

ငါးသေ၊ ပုစွန်သေများကို ဓာတ်ပုံရိုက်သည်။ ရေကန်၏ အစပ်ရှိ ခြေရာများကို ဓာတ်ပုံ ရိုက်သည်။ ကျန်ရစ်ခဲ့သော ဖိနပ်တစ်ဖက်ကို သိမ်းဆည်းသည်။ အခင်းဖြစ် ရေကန်နေရာ၏ မြေပုံကြမ်းရေးဆွဲသည်။ မျက်မြင်သက်သေဖြစ်သော မမေရီ၊ နှင့် မရွှေရည်၊ မသီဂီတို့ သုံးဦးကို ရဲစခန်းသို့ ခေါ်ယူပြီး စစ်ချက်ယူသည်။

‘‘မနေ့ညက ကျွန်မတို့ ညီအစ်မတွေ ကိုရီးယား ဇာတ်ကားကြည့်နေကြပါတယ် ဆရာ၊ အား ... ကျွတ်ကျွတ် ကျွတ်လို့ အသံကြားတာကြောင့် ရေကန်ငယ်ဘက်ကို ဓာတ်မီးထိုးကြည့်လိုက်တော့ ကျောက်စိမ်းကို ရေကန်စပ်မှာ တွေ့ရပါတယ်’’

‘‘မမေရီ ရေကန်ထဲကို အဆိပ်ခေး လာထည့်သူဟာ ကျောက်စိမ်းလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ’’

‘‘ဆရာ ကိုယ့်ရွာသားပဲ ဟာ မြင်တာနဲ့သူပဲဆိုတာ ဓာတ်မီးရောင်မှာ အသေအချာ သိပါတယ် ဆရာ’’

‘‘အဲဒီအချိန်က သူဘာ အင်္ကျီဝတ်ထားသလဲ’’

‘‘အပေါ်အင်္ကျီ စွပ်ကျယ် ချိုင်းပြတ်၊ ဘောင်းဘီရွှံ့ရောင် အတို ဝတ်ထားပါတယ် ဆရာ’’

‘‘တခြားလူကော မဖြစ်နိုင်ဘူးလား’’

‘‘တခြား လူမဟုတ်ပါဘူး ဆရာ သူမှသူပါ’’

ဒုရဲအုပ် ကျော်စိန်လင်းသည် တစ်ချိန်တည်း မျက်မြင်သက်သေဖြစ်သော မရွှေရည်၊ မသီဂီတို့ကို တခြားစီ စစ်ဆေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ထွက်ချက်မှာ တစ်ထေရာတည်း အတူတူပင်ဖြစ်ကြောင်း တွေ့ရလေသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်း၏ အဓိကကျသော ပလတ်စတစ် ဆေးဘူးခွံ (၂)ခုနှင့် ငါးသေအချို့၊ ပုစွန်တုပ်အချို့တို့ကို သိမ်းဆည်းပြီး ဓာတုဗေဒဌာနသို့ ပေးပို့စစ်ဆေးစေသည်။

ကျောက်စိမ်းကိုလည်း စစ်ဆေးသည်။ ကျောက်စိမ်းမှာ ခြေထောက် သံစူးထားသောကြောင့် အိမ်မှာရှိနေသည်။ ရေကန်အစပ်မှ ဖိနပ်တစ်ဖက်နှင့် ရွာထိပ်မှ တွေ့ရ သော ဖိနပ်တို့ကို ကျောက်စိမ်းဖိနပ် ဟုတ်မဟုတ် မေးသည်။ ကျောက်စိမ်းက



ငြင်းဆိုသည်။ ကျောက်စိမ်းအား ရုံ့ထဲတွင် ခြေနှစ်ဖက်နင်းခိုင်းပြီး ဓာတ်ပုံရိုက်ယူသည်။ သိပ္ပံဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ကျောက်စိမ်း၏ ခြေရာဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ ဖိနပ်ပေါ်ရှိ ရွံ့ပေနေသော ခြေဖွေနှင့် သူ့ခြေဖွေမှာလည်းတူညီကြောင်း ပေါ်လွင်နေသည်။

စခန်းမှူးထံသို့ ရဲဆောင်ရွက်ချက်များ တင်ပြသည်။ စခန်းမှူးက ပြစ်မှုပုဒ်မ ၃၂၈အရ ကျောက်စိမ်းကို ဖမ်းဆီးချုပ်နှောင်ပြီး စစ်ဆေးချက်ဆက်လက်ရယူစေသည်။

"ဒီမှာ ကိုကျောက်စိမ်း။ ခင်ဗျားက ခင်ဗျားမဟုတ်ဘူးလို့ ငြင်းနေတယ်။ မျက်မြင်သက်သေတွေနဲ့ သက်သေခံအထောက်အထားတွေအရ ခင်ဗျားပြုလုပ်ကြောင်း အခိုင်အမာ ပေါ်နေတယ်။ ခင်ဗျား ရဲ စိတ်ညစ်အောင် လုပ်မနေပါနဲ့ဗျာ။ ချုပ်ရက်တွေ ရှည်နေတာပေါ့။ နောက်ပြီး ခင်ဗျား ထောင်ကျက်ဆိုတော့ အတွေ့အကြုံရှိပြီးသားပဲ ရာဇဝတ်ဘေး ပြေးမလွတ်နိုင်ပါဘူး"

"ဟုတ်ကဲ့ဆရာ ကျွန်တော်အမှန်အတိုင်း ပြောပါတော့မယ်"

"ဦးကျော်ဆင့်ရဲ့ ခြံတွင်းရှိ သောက်ရေကန်ကို လူအုပ်စုနဲ့ ဝင်ရောက် ခြံတတ်တုန်းက ခင်ဗျားပါသလား။"

"ပါ ပါတယ် ဆရာ"

"ဘာရည်ရွယ်ချက်နဲ့ ပါဝင်ခဲ့တာလဲ"

"ငွေနှစ်သောင်းရလို့ ပါခဲ့တာပါ ဆရာ"

" ဒီငါးကန်ထဲကို အဆိပ်ထည့်ခိုင်းတာ ဘယ်သူတွေလဲ၊ ကိုယ့်ဘာကိုယ် လုပ်တာသလား"

"အမှုထဲက တရားခံ ... ငွေ ၅၀၀၀၀ ပေးလုပ် ... ကျွန်တော်လုပ်ခဲ့တာပါ ဆရာ"

"အဲဒီ အချိန်က ဘယ်သူပါသေးလဲ"

"ဘယ်သူမှ မပါပါဘူး ဆရာ၊ ကျွန်တော် တစ်ယောက်တည်းပါ"

"အေးဗျာ အဲဒီလိုအမှန်အတိုင်းပြောတော့ အမှုမြန်မြန်တင်လို့ ရတာပေါ့။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



တတ်အားသမျှ ကူညီပါမယ်။ ခင်ဗျား မိသားစုနဲ့လဲ လွတ်လွတ်လပ်လပ်တွေ့နိုင်ပါပြီ''

''ဆရာ ကျွန်တော် ကျွန်တော် ရည်းစား သူဇာစိုးနဲ့ တွေ့ချင်တယ် ဆရာ၊ ကျွန်တော့် အိမ်ကလဲ မသိအောင် သူ့မိဘ မောင်ဖွားတွေလဲ မသိအောင် အကြောင်းကြားပေးပါလား ဆရာ''

''ကူညီပါရစေဆိုတဲ့ အတိုင်းပေါ့ဗျာ၊ ကျွန်တော် အကြောင်းကြားပေးပါမယ့်၊ လာတာ မလာတာတော့ သူ့ ကိစ္စပေါ့''

''ကျေးဇူးပါဆရာ''

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုတည်ဆောက်မှု လုပ်ငန်းများ ပြီးပြည့်စုံပြီဖြစ်၍ ဥပဒေရုံးသို့ ဥပဒေ အကြံပြုချက် တောင်းခံရယူရန် စီစဉ်သည်။

(၂)

''စခန်းမှူးကြီးရှင့် ကျွန်မ ကိုကျော်စိမ်းနဲ့ တွေ့ချင်လို့ပါ ဆရာ''

''ဆရာ ထွန်းထွန်း ဆရာ ကျော်စိန်လင်းထံ အပ်ပေးလိုက်ပါ''

''မသူဇာစိုး ဆိုတာလား''

''ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ ကိုကျော်စိမ်းနဲ့ တွေ့ချင်လို့ပါ''

''ရပါတယ်၊ ညီမ–လာ ဒီ အခန်းမှာ ခဏစောင့်''

'ဆရာ ဦးစိုင်းလှမြင့် သီးသန့်အခန်းမှာ ကျော်ကစိမ်းနဲ့ လွတ်လွတ်လပ်လပ် စကားပြောပါစေ။ လုံခြုံ သတိ''

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုစစ် သီးသန့်အခန်းတွင် အသံဖမ်းစက် လျှို့ဝှက်တပ်ဆင်ထားပြီး ကျော်ကစိမ်းနှင့် သူဇာစိုးတို့ကို လွတ်လပ်စွာ တွေ့ခွင့်ပေးလိုက်သည်။

''အား–အချစ်–အချစ်နဲ့ မတွေ့ရတာ တစ်လတောင် ရှိသွားပြီ''

ကျော်ကစိမ်းသည် သူဇာစိုး၏ ပါးပြင်နှစ်ဖက်ကို သူ၏ နှာခေါင်းဖြင့် တဖျာမီးရှို့လိုက်သည်။

''ဖယ်ပါ–လွှတ်ပါ–ဟိုမှာ ကြည့်နေကြတယ်–ရှက်စရာကြီး''

''ရပါတယ်ကွာ ဒီရဲစခန်းက ရဲဝန်ထမ်းတွေက သဘောကောင်းကြပါတယ်''

''ကဲ ဘာပြောချင်လဲ အချိန်သိပ်ကြာလို့ မကောင်းဘူး''

''ဒီလိုအချစ်ရာ မင်းကို ပေးထားတဲ့ ပစ္စည်းထဲက တစ်မျိုးကို ထုလိုက် သိန်းတစ်ရာလောက်တန်တယ်။ အဆင်ပြေသလိုသာ ရောင်းလိုက်ပါ။ ပြီးတော့ ဥပဒေ အရာရှိကို ပုဒ်မ ၃၂၈ အစား ၄၂၉ ပြောင်းပေးဖို့နဲ့ တရားသူကြီးတို့ ဘာတို့ကို အဆင်ပြေအောင် ဘာ ညာသာရကာ လုပ်ပေးပေါ့ အချစ်ရာ''

''အဲဒီပုဒ်မတွေက ဘာတွေလဲ အစ်ကို''

''ပုဒ်မ ၃၂၈က ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၄၂၉ ဆိုရင် ၅ နှစ်ကျနိုင်တယ်ကွာ–သိချင်ရင် ရာဇသတ်ကြီးဆိုတဲ့ စာအုပ်မှာ ဖတ်ကြည့် အချစ်ရာ''

''ကျွန်မ စိန်နားကပ်ကို ဖျောလိုက်မယ်။ ဒီပစ္စည်းကို ကျွန်မ နောက်ထပ် မဝတ်ရဲတော့ဘူး။ မင်္ဂလာဆောင်ကို ဝင်သွားမိပါတယ်။ မင်းကတော့ စိုးကတော်တွေက ဝိုင်းကြည့်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို''

''အေး အေး အချစ် ကြည့်သာလုပ်ပါကွာ ငွေဖြစ်လာဖို့က အဓိကပဲ''


''ဒါဆို သူဇာမနက်ဖြန် ရွှေဘုံသာလမ်းက ကလကတ္တားစိန်တိုက်ကို သွားရောင်းပြီး အစ်ကိုပြောတဲ့အတိုင်း လုပ်ပေးပါ့မယ် အစ်ကို''

ကျော်စိမ်းသည် သူဇာစိုးကို အသေးစိတ် စီစဉ်မှာကြားမှု ပြုလုပ်သည်။ အနမ်းပန်းများ အားရပါးရပေးပြီး နှုတ်ဆက်လိုက်လေသည်။

(၃)

ဒုရဲအုပ် ကျော်စိန်လင်းသည် အသံဖမ်း စီဒီခွေကိုယူပြီး စခန်းမှူး[illegible] သို့နှိုင်းမှုခံယူသည်။ နော[illegible] တန်းရဲ့စခန်းတွင် ချိတ်[illegible] အကူအညီယူသည်။ (ကလကတ္တားစိန်တိုက်) နှင့် ပတ်ဝန်း[illegible] ကျင်တွင် ကင်းပုန်းဝပ်သည်။

သူဇာစိုးသည် ဝတ်ကောင်းစားလှများ အပုံစားဝတ်ဆင်ပြီး ရွှေဘုံသာလမ်းရှိ ကလကတ္တား စိန်တိုက်ကြီးသို့ ဝင်သွားသည်။ စိန်နားကပ်ကို ထုတ်ပြသည်။



''ညီမ ပစ္စည်းက အ[illegible]ကောင်းပါတယ်။ သိန်းတစ်ရာ အတက်မှာရှိတယ်။ ဒါ [illegible]ပယ်နိုင်ဘူး။ တခြားမှာ သွားရောင်းပါ။ ဈေးကောင်းရမှာပါ''

''ကျေးဇူးပါပဲ အန်တီ''

သူဇာစိုးသည် ကလကတ္တားစိန်တိုက်မှ ပြန်ထွက်လာပြီး တခြားဆိုင်တွေမှာ ရောင်းဖို့ထွက်လာသည်။

''ညီမ ဘာရောင်းမှာလဲ ဈေးကောင်းပေးတဲ့ဆိုင်ရှိပါတယ်။ လာပါ ကျွန်တော်နဲ့ လိုက်ခဲ့ပါ''

သူဇာစိုးသည် ရွှေကြို ခေါ်သော ပွဲစားခေါ်ရာနောက်သို့ လိုက်သွားသည်။ ကင်းပုန်းဝပ်နေသော ရဲတပ်ဖွဲ့ဝင်တို့လည်း ထက်ကြပ်မကွာလိုက်ပြီး စောင့်ကြည့်နေကြသည်။

''ဆရာ ဒီပစ္စည်းရောင်းမယ်တဲ့ ဆရာ''

စိန်နားကပ်ဝယ်မည့် ဆိုင်ရှင်သည် မှန်ဘီလူးအကြီး၊ အသေးတို့ဖြင့် အပြန်ပြန် အလှန်လှန် စစ်ဆေးသည်။

''ဘယ် လော[illegible]နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောင်းမလဲ''

"ကျွန်မ သိန်းတစ်ရာနဲ့ ရောင်းချင်ပါတယ်ရှင်''

"ပစ္စည်း ကောင်းပါတယ်။ ဒါပေမယ့် အချိန်အကြာကြီးထားပြီး ရောင်းရမှာဖြစ်လို့ သိန်းခုနစ်ဆယ်ပဲ ပေးနိုင်မယ်''

"၇၅ သိန်းပေးပါလား ရှင် ကျွန်မတို့လဲ ငွေလိုနေလို့သာ ရောင်းရတာပါ''

"မပေးနိုင်ပါဘူးဗျာ သိန်း ၇၀ပဲရမယ်။ ဆန္ဒရှိရင်လဲ ရောင်း၊ မရှိရင်လဲ မရောင်းနဲ့ပေါ့''

"ရပါတယ် ဘာဘူကြီး ရတဲ့ဈေးနဲ့ပဲ ရောင်းရတော့မှာပေါ့''

ရောင်းသူ သူဇာစိုး၊ ဝယ်သူ ဘာဘူကြီး ပွဲစားတို့(၃)ဦး ရောင်းဖိုးငွေကျပ် သိန်း ၇၀ ကို ရေတွက်ယူနေကြသည်။ ပန်းဘဲတန်းရဲစခန်းမှ ဒုရဲအုပ် ကျော်ဇောဟန်၊ မြို့မရဲစခန်းမှ နယ်ထိန်း တပ်ကြပ်ကြီး စိုင်းလှမြင့်တို့သည် ရုတ်တရက် စီးနင်းလိုက်ကြသည်။

"မလှုပ်နဲ့ အေးအေးဆေးဆေး အဖမ်းခံပါ။ကျွန်တော်တို့တာဝန်အရ ဆောင်ရွက်ချက်ကို နားလည်ပေးပါ''

"ဒါ ကျွန်မပစ္စည်း ကျွန်မ ရောင်းတာ ရှင်တို့ရဲတွေနဲ့ ဘာဆိုင်လို့လဲ''

"ဆိုင် မဆိုင် စခန်းကျမှ ရှင်းပါ၊ ဆိုင်ရင်ဆိုင်သလို၊ မဆိုင်ရင် မဆိုင်သလိုပေါ့။ ရှင်းလိုက်တော့ သိလာမှာပေါ့ဗျာ''

တပ်ကြပ်ကြီး စိုင်းလှမြင့်၊ ဒုရဲအုပ်ကျော်ဇောဟန်တို့သည် စိန်နားကပ်တစ်ရန် ရောင်း/ဝယ် ငွေ သိန်း ၇၀ တို့ကို သက်သေရယကလူကြီးများရှေ့တွင် သိမ်းဆည်းသည်။ ရောင်းသူ သူဇာစိုး ဝယ်သူ ဘာဘူကြီးတို့ကို စစ်ကြောရေးလုပ်ရန် စခန်းသို့ ခေါ်သွားလေသည်။

"ကဲ ဘာဘူကြီး ဒီစိန်နားကပ်ကို မသူဇာစိုးဆီက ဝယ်–မဝယ်ပြောပါ''

"ဝယ်ပါတယ် ဆရာ၊ ပွဲစားထွန်းထွန်းခေါ်လာလို့ စစ်ဆေး ကြည့်ပြီး သိန်းး ၇၀နဲ့ဝယ်ပါတယ် ဆရာ''

"ဘာဘူကြီးအပိုင်းကတော့ ရှင်းပါတယ်။ နောက်လိုအပ်ရင် ကျွန်တော်ခေါ်ပါမယ်၊ ကူညီပါ ဘာဘူကြီး ပြန်နိုင်ပါပြီ''

တပ်ကြပ်ကြီး စိုင်းလှမြင့်သည် အဓိကကျသူ မသူဇာစိုးကို စစ်ကြောရေး လုပ်သည်။

"မသူဇာရဲ့ မိဘတွေ ဘာလုပ်ကိုင်ကြသလဲ မသူဇာ''

"ကျပန်းဆိုသလိုပေါ့ ဆရာ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ စပါးနယ်ရတဲ့ အလုပ်လုပ်ပါတယ်''

"မသူဇာကော ဘာလုပ်သလဲ''

"အစပိုင်းမှာ မိဘတွေလိုပါပဲ၊ ကျပန်းလုပ်ပါတယ်။ နောက်ပိုင်းမှာတော့ ကာရာအိုကေမှာ သီချင်း ဆိုပါတယ်''

"ရည်းစားတွေ ဘာတွေ ရှိသလား''

ဆရာရယ် [illegible] ရောက်မှတော့ [illegible]ရမယ် ဆိုသလိုပေါ့ ရည်းစားရှိပါတယ်''

"ဒီ စိန်နားကပ်က ဘယ်က ရသလဲ''

"ကျွန်မ မိဘတွေဆီက ရပါတယ်ဆရာ၊ သူတို့ ရောင်းခိုင်းလို့ သွားရောင်းတာပါ''

"ဒီနေရာမှာတော့ မသူဇာ လိမ်ပြောတာပဲ၊ ကျပန်းအ

www.burmeseclassic.com



လုပ်ကို ဆင်းဆင်းရဲရဲလုပ်စားလာတဲ့ မိဘတွေမှာ သိန်း ၁၀၀ ကျော်တန် စိန်နားကပ် ဘယ်လိုလုပ်ပြီး ဝယ်နိုင်မှာလဲ၊ သူခိုးလက်ခံပစ္စည်းပဲ ဖြစ်နိုင်တာပေါ့၊ မိဘတွေဆွဲမထည့်ပါနဲ့ တရားခံဖြစ်ကုန်ပါ့မယ်''

''ကျွန်မ စဉ်းစားပါဦးမယ် ဆရာ''

''ကောင်းပြီ ကျွန်တော်တို့လဲ နားလိုက်ဦးမယ်''

(၄)

အချုပ်ခန်းသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော သူဇာစိုးသည် စားလို့မဝင်၊ အိပ်လို့လည်းမပျော်၊ စိတ်တွေ ချောက်ချားနေသည်။ ကြံရာမရဖြစ်နေသည်၊ မိမိနှင့် မိဘတွေပါ တရားခံ အဖြစ် မခံနိုင်ပေ။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်လေသည်။

''ကဲ မသူဇာစိုး စဉ်းစားပြီးပြီလား''

''ဟုတ်ကဲ့ဆရာ ကျွန်မ အမှန်အတိုင်းပြောပါမယ် ဆရာ''

''မှန်သထက် မှန်အောင် ဒါလေး နားထောင်ကြည့်လိုက်ပါဦး''

တပ်ကြပ်ကြီး စိုင်းလှမြင့်သည် ကျောက်စိမ်းနှင့် သူဇာစိုးတို့အား တွေ့ဆုံပေးစဉ်က ဖမ်းယူထားသော စကားပြောသံစီဒီခွေကို ဖွင့်ပြလိုက်သည်။ သူဇာစိုး အတော်အံ့သြသွားသည်။ ရဲရဲ့ပရိယာယ်ဆိုတာ ဒါမျိုးလားဟု တွေးနေမိသည်။

''ဟုတ်ပါတယ် ဆရာ ကိုကျောက်စိမ်းနဲ့ သူဇာတို့ဟာ သမီးရည်းစားတွေပါ။ ပွန်ခဲ့တဲ့ ခြောက်လလောက်က သူ့အလုပ်တစ်ခုဖြစ်တယ်ဆိုပြီး ကျွန်မကို စိန်နားကပ်တစ်ရန် ပတ္တမြားလက်စွပ်၊ နားကပ်တွေ ပေးထားပါတယ်''

''တခြားပစ္စည်းတွေရှိသေးလား''

''မရှိပါဘူးဆရာ''

''အဲဒီ ၃ မျိုးထဲက စိန်နားကပ်ကိုရောင်းပြီး သူ့ရဲ့အမှုကိစ္စအတွက် ငွေသုံးဖို့ရောင်းခိုင်းလို့ ကျွန်မ သွားရောင်းတာပါ ဆရာ''

''ကျန်တဲ့ ပတ္တမြားလက်စွပ်နဲ့ နားကပ်ဘယ်မှာထားလဲ''

''ကျွန်မ အိမ်မှာ ရှိပါတယ် ဆရာ''

''အဲဒီပစ္စည်းကို သက်သေခံအဖြစ် သိမ်းဆည်းရမယ် မသူဇာ''

''ဆရာတို့ သဘောပါ။ ကျွန်မအိမ်မှာ ဝှက်ထားတဲ့နေရာမှာယူပြီးအပ်ပါ့မယ် ဆရာ။ ကျွန်မ အတူတောင်းပန်ချင်ပါတယ် ဆရာ၊ ပစ္စည်းသွားသိမ်းတဲ့ အချိန်မှာ ကျွန်မကို လက်ထိတ်မခတ်ပါနဲ့ ဆရာ ကျွန်မထွက်မပြေးပါဘူး''

တပ်ကြပ်ကြီး စိုင်းလှမြင့်၊ ရဲမေ ဝင်းမင်းထွန်း၊ တပ်သား ဝင်းနိုင်တို့သည် ရဲ ချောင်းရှာရှိ သူဇာစိုးတို့အိမ်သို့ သွားကြသည်။ အိမ်၏ခေါင်တိုင်အောက်ခြေတွင် မြှုပ်နှံထားသော သံဘူးကို ဖော်ယူကြသည်။ ရယက လူကြီးများရှေ့တွင် ပတ္တမြားနားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်းတို့ကို သိမ်းဆည်းကြသည်။

တပ်ကြပ်ကြီး စိုင်းလှမြင့်သည် နောက်ဆက်တွဲပေါ်ပေါက်လာသောအမှုနှင့် သက်သေခံပစ္စည်း စိန်နားကပ်တစ်ရန်၊ ပတ္တမြားလက်စွပ်တစ်ကွင်း၊ ပတ္တမြား နားကပ်တစ်ရန်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်း၏ အမှုကိုင်၊ ဒုရဲအုပ် ကျော်စိန်လင်းထံသို့ ရဲလုပ်ငန်း သဘောအရ လွှဲပြောင်းပေးလိုက်လေသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် မသူဇာစိုးထံမှ သိမ်းဆည်းရမိသော စိန်နားကပ်တစ်ရန်၊ ပတ္တမြားလက်စွပ်၊ နားကပ်တစ်ရန်တို့နှင့်ပတ်သက်သော နောက်ဆက်တွဲအမှုကို ဆက်လက်စစ်ဆေးရပြန်လေသည်။

"ကဲ ကိုကျောက်စိမ်း တစ်ပုပေါ် နှစ်ပုဆင့်ဖြစ်နေတယ်။ မသူဇာနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေက ခင်ဗျားအပ်ပေးထားတဲ့ ပစ္စည်းတွေလို့ပြောတယ်။ ခင်ဗျား သဘောထား ဘယ်လိုလဲ"

"ဟုတ်ပါတယ်ဆရာ၊ သူဇာနဲ့ဘာမှ မပတ်သက်ပါဘူး။ ယုံကြည်စိတ်ချရတဲ့ ရည်းစားဖြစ်လို့ ကျွန်တော် အပ်ပေးထားတာပါ၊ ဒီပစ္စည်းတွေအတွက် ကျွန်တော် ရှင်းပါမယ်ဆရာ။ သူဇာကို လွှတ်ပေးပါ"

"ကိုကျောက်စိမ်း ဒီပစ္စည်းတွေကို ဘယ်ကရတယ်။ ဘယ်လိုရတယ်ဆိုတာပြောပါဦး"

"ဆရာ ကျွန်တော် ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း အိမ်ကြီးတစ်အိမ်မှာ ကြွေပြားခင်း၊ ပါကေးခင်း၊ ဆေးသုတ်အလုပ်ကို အလုပ်သမားအဖြစ် လုပ်ကိုင်ပါတယ်။ ပိုင်ရှင်တွေ အသစ်မှာ သော့ဝိဇ္ဇာ ချန်ဒရာဘာဘူက ခေါ်ပြီး ပြင်ဖို့သော့၊ နောက်ဖေးဘက် အဝင်သော့တွေကို သော့ဖွင့် သံချောင်းလေးများနဲ့ လော့ကျင့် ဖွင့်ပိတ် လုပ်နိုင်းပါတယ်။ မင်းကတော်ကြီးနဲ့ သမီးတွေ

**ဒီပစ္စည်းတွေကို ဘယ်ကရတယ်။ ဘယ်လိုရတယ်ဆိုတာ ပြောပါဦး**

ရှော့ပင်ထွက်နေတုန်း အိမ်မှာ မှုးယစ်ဆေးဝါးသုံးနေတဲ့ သူတို့သား ဂျင်မီ ကျွန်ရစ်ခဲ့တယ်။ ဂျင်မီက ကျွန်တော် မူးယစ်ဆေးနဲ့ ထောင်ကျဖူးတဲ့ အကြောင်းပြောတော့ ကျွန်တော့်ကို မူးယစ်ဆေးဝါး ဝယ်နိုင်းပါတယ်။ ဝယ်ပေးရင်းနဲ့ သူနဲ့ခင်မင်ခဲ့ပါတယ်"

"ပစ္စည်းတွေကို ဘယ်လို ယူခဲ့သလဲပြောပါဦး"

"အဲဒီ[illegible] မင်းကတော်ကြီးနဲ့သမီး[illegible] ဟိုတယ်မှာကျင်း[illegible] မင်္ဂလာဆောင်သွားကြပါတယ်။ အဲဒီအချိန်မှာ ဂျင်မီကို ကျွန်တော် အဝါရောင် အဆင့်မြင့် မူးယစ်ဆေး ၂ ပြားပေးလိုက်တယ် ဆရာ။ ဒီဆေးကို ခေါင်းခါဆေးလို့လဲ ခေါ်ပါတယ်။ ဒီဆေးက အတက်မြန်၊ အကျနှေးတဲ့ဆေးပါ။ ဂျင်မီ မူးပြီး အိပ်ယစ်နေချိန်မှာ ဗီရို[illegible]ထဲက သေတ္တာငယ်ကို ယူ[illegible]ပါတယ်။ ကျွန်တော် တစ်[illegible]သာယူပြီး ကျန်တစ်ဝက်ခန့်ကို ဂျင်မီ့အနားမှာ ထားလိုက်ပါတယ်"

"ဒီကိစ္စမှာ အခြားအလုပ်သမားတွေ ပါသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မပါပါဘူးဆရာ၊ ကျွန်တော် တစ်ယောက်တည်း လုပ်ရှားတာပါ"

"ကျွန်တဲ့ ပစ္စည်းတွေကြောင့် ခင်ဗျားဘာသိသလဲ"

"ကျွန်တော်တို့ အလုပ်သမားတွေ ပြန်သွားပြီးနောက် ဂျင်မီရဲ့ သူငယ်ချင်း နှစ်ဦး ရောက်လာကြောင်း၊ ဂျင်မီ နဲ့ အတူ သေတ္တာငယ်ကိုပါယူပြီး ထွက်ပြေးကြောင်း သိရပါတယ် ဆရာ၊ ဒါပေမဲ့ ၁၅ ရက်အကြာမှာ ဖမ်းမိကြောင်း သိရပါတယ် ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် စခန်းမှူး၊ မြို့နယ်မှူးတို့ထံ နောက်ဆက်တွဲအမှုပေါ်ပေါက်ပုံကို ရှင်းလင်းတင်ပြသည်။ ရန်ကင်းရဲစခန်းမှာ ရှိနေသောအမှုနှင့် ဆက်စပ်နေသောကြောင့် ရန်ကင်း ရဲစခန်းနှင့် ပေါင်းစပ်ပြီး ရန်ကင်းရဲစခန်းမှ ဂျင်မီ၊ ပြောင်ကြီး၊ ညိုကြီးတို့၏ အမှုကိုင် ဒုရဲအုပ်မြင့်လွင်ထံသို့ လွှဲပြောင်းပေးလိုက်လေသည်။

(၅)

မြို့နယ်ဥပဒေရုံးမှ ကိုကျော်စိမ်း၏ ရှေ့နေအတွင်းသို့ အဆိပ်ဆေးထည့်သွင်းမှုနှင့် ပတ်သက်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၈ဖြင့် တရားစွဲဆိုသင့်ကြောင်း၊ ဥပဒေအကြံပြုချက်ကျလာသည်။

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၄၂၈)၏ပြဋ္ဌာန်းချက်မှာ ..**

"မည်သူမဆို အဖိုးမည်မျှ ထိုက်တန်စေကာမူ ဆင်ကိုသော်လည်းကောင်း၊ ကုလားအုတ်ကိုသော်လည်းကောင်း၊ လားကိုသော်လည်းကောင်း၊ ကျွဲကိုသော်လည်းကောင်း၊ နွားသိုးကိုသော်လည်းကောင်း၊ နွားမကိုသော်လည်းကောင်း၊ နွားထီးကိုသော်လည်းကောင်း၊ ငွေငါးဆယ်ကျပ်အောက်မနည်း တန်ဖိုးရှိသော အခြားတိရစ္ဆာန်ကိုသော်လည်းကောင်း သတ်ခြင်းဖြင့်ဖြစ်စေ၊ အဆိပ်ခတ်ခြင်းဖြင့် ဖြစ်စေ၊ အင်္ဂါပျက်ယွင်းစေခြင်းဖြင့်ဖြစ်စေ၊ အသုံးမဝင်အောင်ပြုခြင်းဖြင့် ဖြစ်စေ၊ အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး သော်လည်းကောင်း၊ ငွေ ဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးသော်လည်းကောင်း ချမှတ်ရမည်"

ဒုရဲအုပ် ကျော်စိန်လင်းသည် ကိုကျော်စိမ်းအပေါ် တရားစွဲဆိုတင်ပို့ရန် ပြည့်စုံပြီဖြစ်သောကြောင့် မြို့ဟောင်း တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ ရုံးတော်မှ ပြစ်မှုကြီးမှု အမှတ် (၀၀၇/၂၀၁၂)၊ ပြစ်မှုပုဒ်မ ၄၂၈ ဖြင့် တရားလို၊ တရားလိုပြ သက်သေများ စစ်ဆေးပြီး၍ စွဲချက်တင်သည်။ တရားခံနှင့် တရားခံပြ သက်သေများကို စစ်ဆေးပြီးဖြစ်၍ အမိန့်ချရန် ချိန်းဆိုသည်။

**"အမိန့်"**

(အဘ) ဦးမောင်ကြီး၏ သား ကျော်စိမ်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၈ အရ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ၊ သက်သေထွက်ချက်များအရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသောကြောင့် အလုပ်နှင့်ထောင်ဒဏ် ၃နှစ်ကျခံစေ။

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com



# အတ္တမိုးရေ ရွာသွန်းလေပြီ

မေသင်းကြိုင်

အရမ်းချမ်းသာချင်တဲ့ အမျိုးသမီးတစ်ဦးရဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



## အတ္တမိုးရေ ရွာသွန်းလေပြီ

မေသင်းကြိုင်

ကျွန်မ နာမည်က မိုးပပမိုး။ ဒါပေမယ့် အားလုံးကတော့ ကျွန်မကို မိုးလို့ပဲမခေါ်သလို ပပလို့လဲမခေါ်ဘူး။ သူတို့ဘယ်လိုပဲ ခေါ်ခေါ် ကျွန်မကတော့ ဂရုမစိုက်ဘူး။ ကျွန်မ ဂရုစိုက်တာ တစ်ခုပဲရှိတယ်။ အဲဒါငွေရဖို့ ငွေရှိဖို့ပဲ။ ကျွန်မက အခုအရွယ်ရောက်နေပြီဆိုတော့ ကျွန်မက အလွန် ချမ်းသာချင်တယ်။ ချမ်းသာအောင်လည်း ကျွန်မ အစွမ်းကုန်ကြိုးစားနေတယ်။

ကျွန်မတို့မှာ မောင်နှမငါးယောက် ရှိတယ်။ ကျွန်မ အဖေနဲ့အမေက ဆင်းရဲတယ်။ သနပ်ခါးတို့ လိမ်းဆေးတို့ အလျဉ်းသင့်သလို ရောင်းတယ်။ ကျွန်မ အထက်က အစ်မ နှစ်ယောက် အိမ်ထောင်ကျသွားပြီ။ အိမ်ခွဲနေကြလို့ အငယ် နှစ်ယောက်နဲ့ ကျွန်မတို့ အလျဉ်းသင့်သလို ဈေးရောင်းရတယ်။ ကျွန်မက တက္ကသိုလ်ဒုတိယနှစ်ထိ ပညာသင်ခဲ့ပြီး ဆင်းရဲလို့ မပြည့်စုံလို့ ကျောင်းဆက် မတက်တော့ဘူး။ အခု ကျွန်မတို့နေတဲ့ အိမ်က ဘုမ္မာလမ်း၊ မ/ဥက္ကလာမှာ အိမ်ကနေ စက်ဘီးတစ်စီးနဲ့ ကြိုးတံတား မ/ဒဂုံဈေးထိပ်ကို နေ့စဉ် ကျွန်မ ဘဲဥတွေ၊ ကြက်ဥတွေ သွားပို့ရတယ်။ အလွန်ပင်ပန်းလေ ကျွန်မ အလွန် ချမ်းသာချင်လေပဲ။ တစ်နေ့ ချမ်းသာရမယ်လို့ ကျွန်မ စိတ်ကဆုံးဖြတ်ထားတယ်။ ကျွန်မကို သူတို့ဆိုတာ ခင်မင်သူတွေက ဂျစ်တူးပဲ ခေါ်တယ်။

ကျွန်မနဲ့ခင်တဲ့ ကြိုးတံတားဈေးမှာ ထီရောင်းတဲ့ ကိုဖြူဆိုတာရှိတယ်။ ကိုဖြူ့ အမျိုးသမီးဘက်က အမွေအနည်းငယ်ရတော့ ကိုဖြူတို့ ပဲခူးဘက်ပြန်သွားတယ်။ ကျွန်မကို ရောင်းပုံရောင်းနည်း သင်ပေးပြီး ထီလှည်းပါ ပေးသွားလို့ အခုကျွန်မ ထီသည်ဖြစ်သွားပြီ။ ထီရောင်းတာ နှစ်နှစ်လောက်ကြာသွားပေမယ့် ကျွန်မဆီ စုမိဆောင်းမိတာ ဘာမှမရှိသေးဘူး။ ကျွန်မ ထီရောင်းတဲ့ နားမှာ အလှပြင်ဆိုင် နှစ်ဆိုင်လောက်ရှိတယ်။ အဲဒီ နှစ်ဆိုင်စလုံးက လူတော်တော် ဝင်တယ်။ သီတင်းကျွတ်တန်ဆောင်တိုင်ဆိုရင် နှစ်ဆိုင်လုံးမှာ လူအပြည့်အလျှံကို ရကြတယ်။ ကျွန်မစဉ်းစားပြီ။ ကျွန်မ ထီစာအုပ်လောက်ရောင်းရဖို့ကို မနည်းကြိုးစားရတယ်။ ဒီကြားထဲ ထီဖွင့်လို့ ထီကျန်တွေများရင်လည်း ကျွန်မ အရင်းပြုတ်ပြန်ရော အဆင်ကို မပြေသေးဘူး။

အဲဒီတော့ ကျွန်မ လုပ်ငန်းပြောင်းတော့မယ်။ အလှပြင်ဆိုင် ပိုင်ရှင်ကြီးဖြစ်အောင် လုပ်ပြီး ချမ်းသာအောင် လုပ်တော့မယ်။ ကျွန်မမှာက ဒ၁ရင်းအနှီး မရှိဘူး။ လက်ထဲမှာ တစ်သိန်းလောက်တော့ ကျန်နေသေးတယ်။

ဒါပေမယ့် ကျွန်မ မပူဘူး သိတယ်မဟုတ်လား။ လိုလျှင်ကြံဆနည်းလမ်းရတဲ့။ အဲဒီတော့ ကျွန်မက ဝေဘာဂီလိုမျိုးနေရာမှာ အလှပြင်ဆိုင်ဖွင့်ထားတဲ့ အမျိုးသမီးဆီကို ဦးတည်လိုက်တယ်။ အဲဒီအမျိုးသမီးရဲ့ ဆရာမကလည်း ဈ–ဈေးလို



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ နာမည်ရထားတဲ့ ဆရာဆိုတော့ ကျွန်မ ထီဆိုင်ကို စွန့်ပြီး အလှပြင်ဆိုင်ဘက်ကို ရွေးချယ်လိုက်တယ်။ အလှပြင်ဆရာမကို ရင်းနှီးအောင်ပေါင်းပြီး ကျွန်မကို တပည့်အဖြစ် သင်ပေးဖို့နဲ့ သင်တန်းကြေး ငွေမတတ်နိုင်လို့ နေ့စဉ် ဆိုင်သန့်ရှင်းရေးနဲ့ ဝေယျာဝစ္စတွေ လုပ်ပေးရတယ်။ ဆရာမကလည်း သင်ပေးပါတယ်။ ကျွန်မစိတ်လိုမျိုးမဟုတ်လို့တော်သေးတယ်။

ဒီလိုနဲ့ နှစ်လလောက်ကို ကြိုးစားလိုက်တာ ပညာကုန် မဟုတ်ပေမယ့် အတော်လေးကျွန်မတတ်လာပြီ။ ဆံပင်ညှပ်တာ၊ ကောက်တာ အလှပြင်တဲ့ လူတွေများတာကို သဘောကျပေမယ့် သဘောအကျဆုံးကတော့ ည ဆိုင်သိမ်းလို့ ဆရာမက ပိုက်ဆံတွေ ရေနေတာ ပိုသဘောကျတယ်။ ကျွန်မလည်း ဆိုင်အမြန် ဖွင့်တော့မယ်။ လူရှင်းတဲ့တစ်နေ့တော့ ကျွန်မ ဆရာမကို ဖွင့်ပြောလိုက်တယ်။ ဆရာမတို့နှစ်ဆိုင်ကျော်က အားနေတဲ့ ဆိုင်လေးမှာ ဖွင့်ချင်တယ်ပေါ့။ ဆရာမက ပြောပေးလို့ အဲဒီမှာ တစ်လချင်းစီ လစာပေးရပြီး ခုံလေးမှန်လေးနဲ့ အလှပြင်ဆိုင် လှလှလေးတစ်ဆိုင်ဖွင့်ဖြစ်သွားတယ်။

ကျွန်မလောဘတွေကို ပိုပိုပြီး တက်လာတယ်။ ဆရာမဆီသွားတဲ့ ဖောက်သည်တွေကို ကျွန်မက လုခေါ်ပြီး ဈေးလျှော့ပြီးပြင်ပေးတယ်။ အဲဒီမှာ ဆရာမက သိသွားတော့ ကျွန်မ ဆိုင်ရှင်ကို သွားပြောတာနဲ့ ကျွန်မလည်း ဆိုင်ပြောင်းရပါလေရော။ ဆရာမ စိတ်ပုပ်လို့။

**ဆရာမဆီသွားတဲ့ ဖောက်သည်တွေကို ကျွန်မက လုခေါ်ပြီး ဈေးလျှော့ပြင်ပေးတယ်။**

ဒါပေမယ့် ကျွန်မရဲ့ ဦးတည်ချက်ကတော့ ဒီအလှပြင်ဆိုင်လုပ်ငန်းပေါ်မှာ ရပ်ထားလိုက်ပြီး ဘယ်လုပ်ငန်းမှ မပြောင်းတော့ဘဲ ဒီအလှပြင်ဆိုင်လုပ်ငန်းနဲ့ ကျွန်မ ချမ်းသာအောင်လုပ်မယ်လို့ အဓိဋ္ဌာန်ချထားလိုက်တယ်။ အဲ ကျွန်မဆိုင်ရှာလို့ မရခင်မှာဘဲ ကျွန်မကိုလူလည်တစ်ယောက်နဲ့ အိမ်ထောင် ကျသွားတယ်။ သူနဲ့ကလေးတစ်ယောက်ရပြီး အဲဒီကလေး လေးနှစ်မှာ သူနဲ့ ကွဲသွားတယ်။ အဆင်ပြေမယ့်လူထင်မိလို့ ယူလိုက်မိတာ ကျွန်မ "လူပါး ပုလင်းကွဲ ထိသွား" တယ်။ စိတ်ဓာတ်မကျဘူး။သားတစ်ယောက်နဲ့ ကျွန်မ မင်းရန်အောင် ရုပ်ရှင်ရုံဝင်းက တိုက်ခန်းတစ်ခန်း။ ဆိုင်ခန်းပေါ့၊ အဲဒါ ငှားပြီး အလှပြင်ဆိုင်ဖွင့်တယ်။ ဖြစ်ချင်တာကတော့ ကျွန်မ သင်ခဲ့တဲ့ ဆရာမရဲ့ ဆရာက ကျွန်မ ငှားထားတဲ့ ဆိုင်နဲ့ ကပ်ရက်ဖြစ်နေပြန်ရော။ အဲဒီမှာ ဆိုင်ကနှစ်ထပ် ကျွန်မတို့ ဆိုင်က အပေါ်ထပ်၊ ကျွန်မဆိုင်ပြီးမှ ဘေးက အလှပြင်ဆိုင်ကို ဝင်လို့ရတာ။ ကိုယ်ကဦးအောင် ဝင်လာတဲ့ အလှပြင်မယ့် သူကို ဆွယ်ခေါ်ရတာပေါ့။ ကျွန်မ ကံကောင်းလာပြီလို့ထင်ထားတာ။

ကျွန်မ ဘဝက ကံဆိုးချင်တော့ ဝင်လာတဲ့ သူမက အသက် ၄၀လောက်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါင်းတင်မယ်။ ဆံပင်ပေါင်းတင်မယ်ဆိုလို့ ဝမ်းသာအားရ တင်ပေးလိုက်တာ ဆေးလိမ်းထားတုန်းမှာပဲ သူမက ကျွန်မအခန်းက ခေါင်းလျှော်စင်ပေါ်မှာ အကြောတွေ ဆတ်ဆတ် ဆတ် ဆွဲနေလို့ ကျွန်မလဲ ဘေးက အလှပြင်ဆိုင်က လူတွေကို အကူအညီတောင်းရတယ်။ သူတို့လာကြတဲ့အခါ အလှပြင်တဲ့ သူမလည်း ဆေးလိမ်းထားရက်နဲ့ ငြိမ်ကျသွားတယ်။ ဆေးတွေကို ရေဆေးသုတ်ပြီး ကျွန်မတို့ မ/ဥက္ကလာ ဆေးရုံကြီးကို ကားငှားပြီး ခေါ်သွားတာ ဟိုရောက်တော့ ဆရာဝန်က သေသွားတာ တစ်နာရီလောက်ရှိပြီလို့ပြောပြီး မှုခင်းဆရာဝန်ကြီးက စစ်ဆေး၊ ရဲစခန်းက ကျွန်မဆိုင်က ဆေးတွေသိမ်းနဲ့ ကျွန်မ ဆိုင်ကိုပိတ်ထားပြီး အစစ်ဆေးခံနေရတာပေါ့။

ကျွန်မ အာမခံနဲ့ အပြင်က အမှု ရင်ဆိုင်နေရတုန်း ဆရာမရဲ့ ဆရာက သူ့ဆီ နေ့စဉ်လာပြီး ထပ်သင်ပါ စေတနာနဲ့ သင်ပေးမယ်ဆိုလို့ ကျွန်မ ဒုတိယ ဆရာမရဲ့ဆိုင်ကို နေ့စဉ်သွားသင်တယ်။ အဲဒီ ဆရာမက ထမင်းလဲကျွေးတယ်။ လက်ဖက်ရည် ကော်ဖီကအစ ကျွေးမွေးပြီး ကျွန်မကို သင်ပေးတယ်။ ဆေးစပ်နည်းလည်းထပ်သင်ပေးတယ်။ ကျွန်မဆိုင်ပြန်ဖွင့်ရင်လည်း နာမည်ပြောင်းပြီးဖွင့်ဖို့။ ဗုဒ္ဓဟူးနံ စနေနံပါတဲ့ သုံးလုံးတွဲ နာမည်လေးရွေးပေးထားတယ်။ ဒါကြောင့် ကျွန်မဆိုင် အမြန်ပြန်ဖွင့်နိုင်ဖို့ လိုလျှင် ကြံဆနည်းလမ်းရဆိုတဲ့အတိုင်း မှုခင်းဆရာဝန်ကြီးဆီ မကြာခဏ သွားပြီးပိုပြအသနားခံလိုက်တယ်။ မကြာခင်မှာပဲ ဆေးစာထွက်လာတယ်။ သေဆုံး သူ 'မ---'ရဲ့ ပိုက်ဆံအိတ်ထဲမှာ နှလုံးရောဂါ ကုသမှု ဆေးမှတ်တမ်းလေးတွေ့တယ်။ ဆရာဝန်ကြီးရဲ့ ဆေးစာ မှတ်တမ်းမှာလည်း သေဆုံးသူမှာ ရောဂါလက္ခဏာကြောင့် သေဆုံးသွားရခြင်းပေါ့။ ဒါပေမယ့် ဂျစ်တူးပဲဟာ သိတယ်မဟုတ်လား။

ကျွန်မ ဆိုင်ပြန်ဖွင့်ခွင့်ရသွားပြီ။ ကျွန်မ ကံကောင်းသွားပြီ။ ကျွန်မ ဆိုင်ပြန်ဖွင့်တယ်။ ဒုတိယ ဆရာမရွေးပေးတဲ့ အကြိုက်ဆုံး အလှဆုံး၊ နာမည်လေးနဲ့ ကျွန်မ ဖွင့်တာ ကျွန်မဆိုင် လူတော်တော်ဝင်လာတယ်။ ကျွန်မကို သင်ပေးတဲ့ ဒုတိယ ဆရာမ ခရီးခဏထွက်သွားလို့ ဆိုင်ခဏပိတ်ထားတယ်။ ကျွန်မ အောင်မြင်မှုတွေရပြီး။ ဒုတိယ အိမ်ထောင်ကျပြီး စိတ်အခန့်မသင့်လို့ ကွဲပြန်ရော။ တတိယ လူကတော့ ပါကျဲရှိုးကား အကောင်းစားနဲ့ဆိုတော့ ကျွန်မသူ့ကို မာယာနဲ့ အပိုင်ချည်ထားတယ်။ ကျွန်မကို ယူဖို့ပြောတော့ သူမှာ မိသားစုရှိနေတယ်။ ဒါနဲ့ ကျွန်မ လက်ရှိငှားနေတဲ့ ဆိုင်ကို ဝယ်ပေးနိုင်းတယ်။ မဝယ်ပေးဘူး ငြင်းရင် ကျွန်မက ပြဿနာ ရှာပစ်မယ်ပြောတော့ ဝယ်ပေးပြီး အစပျောက်သွားလိုက်တာ လုံးဝကို ပေါ်မလာတော့ဘူး။ အခု ကျွန်မ အလှပြင်ဆိုင်ပိုင်ရှင်ဖြစ်သွားပြီ။ ဂျစ်တူးလေ-

ဒီထက်ပို အဆင်ပြေအောင်နေစဉ် ကြံနေတုန်းမှာ ဆံပင်ရှည်ဝယ်တဲ့ တရုတ်သူဌေးတစ်ယောက်နဲ့တွေ့တယ်။ သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com





နည်းလမ်းပေးတယ်။ ဆံပင်ရှည်က တရုတ်ပြည်မှာ ဈေးကောင်းနေတယ်။ ဒီမှာ အမြတ်နည်းနည်းပဲပေးပြီးဝယ်ထား။ တရုတ်ပြည်မှာ ဆံပင်ရှည်တွေ သွားရောင်းတာ အတော်လေး အဆင်ပြေလာပြီ။ ကျွန်မဆီ ဆံပင်လာရောင်းတဲ့သူတွေဆီက ကျွန်မ ရောင်းတန်းဝင်မယ့် အနေဖြတ်ယူပြီး သူတို့ကိုတော့ ကျွန်မရတဲ့ ၁၀ပုံ ၁ပုံလောက်ပဲ ပေးတယ်။ အဆင်မပြေတဲ့ သူများလာလေ ကျွန်မ သူဌေးဖြစ်ဖို့ နီးလာလေပေါ့။ ဒီလိုနဲ့ ကျွန်မဆံပင်က အမြတ်ငွေသိန်းတရာနီးပါး ကျွန်မ စုမိပြီ။ ကျွန်မနဲ့ တရုတ်နဲ့လည်း မကင်း မကင်းပေါ့။ ကျွန်မကိုယ်တိုင် ရေတူးပြီး ကိုယ်ပိုင်ဆိုင် ရေမီးနဲ့ အဆင်ပြေလို့ ကျွန်မပျော်တယ်။ ကျွန်မ အိမ်ကိုလည်း ထောက်ပံ့နိုင်တယ်။ ကျွန်မ အိပ်မက်ရဲ့ လက်တွေ့ဘဝကို ရပြီ။

ကျွန်မ ဆိုင်မှာ စက်ပစ္စည်းတွေ ပြင်ထားတာတို့ ဆိုင်ဆေးသုတ်တာတို့ ခုံရိုက်ပေးတာတို့ လုပ်ပေးတဲ့ သူတစ်ယောက်ရှိတယ်။ သူက နွယ်သာဂီမှာ ရေခဲသေတ္တာပြင်တဲ့ဆိုင်ဖွင့်ထားတာ အဆင်ပြေနေတယ်။ ဒါနဲ့ ကျွန်မနဲ့ သဒ္ဒါလွန်ပြီး ကျွန်မဆိုင်က မခွာတော့ဘဲ ညအိပ်တဲ့အဆင့်ထိဖြစ်သွားတယ်။ ကျွန်မရဲ့ ဘော်ဒီဂတ်ပေါ့။ ဒါပေမယ့် သူကခေသူ မဟုတ်ဘူး။ သူ့ရဲ့ ဆိုင်ကို ပိတ်ပြီး ကျွန်မဆိုင်က မခွာတော့ဘူး။ ကျွန်မ ငွေကောင်းတာ သူသိသွားပြီ။ ကျွန်မ သူ့ကိုယူရင် ကျွန်မ ရှာဖွေထားတာတွေကို သူသုံးဖြုန်းပစ်လိမ့်မယ်။ အခုတောင် ဘာဖိုးညာဖိုး အကြောင်းပြပြီး သူ တောင်းလို့ ကျွန်မ ပေးနေရတာ မနည်းတော့ဘူး။ တော်ကြာ ကျွန်မ ရှာဖွေထားတာတွေ လျော့သွားလို့ မူလအတိုင်းပြန်ဖြစ် သွားရင် ကျွန်မ ရူးလိမ့်မယ်။ ဒါကြောင့် လိုလျှင်ကြံဆနည်းလမ်းရ ဆိုသလိုဘဲ အကောင်းဆုံးနည်းလမ်းသုံးပြီး ရဲစခန်းမှာ တိုင်လိုက်တယ်ဆိုရင်ပဲ စက်ပြင်ဆရာလေး ဂျေးထဲရောက်သွားရော။ ဂျစ်တူးပဲဟာ လူအန္တရယ်လဲရှင်းသွားပြီး အလုပ်ကလည်း တစ်နေ့လုံး နားရတယ်မရှိဘူး။ အလုပ်လုပ်ရတော့ ကျွန်မစိတ်ချမ်းသာလိုက်တာမှ ဆိုဖွယ်ရာမရှိပါဘူး။ စိတ်ချမ်းသာလို့မှ မဆုံးခင်တစ်နေ့ပေါ့။

ဒီနေ့ မနက်မှာတော့ ကျွန်မ, မမျှော်လင့်ထားတဲ့ သတင်းတစ်ခုကို ကျွန်မ ကြား လိုက်ရတယ်ဆိုရင်ပဲ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ချောက်ချားသွားတယ်။ ကျွန်မက ဆိုင်အပြီး ပိတ်ပြီး နယ်ပြောင်းသွားပြီ။ ပြန်မလာတော့ဘူးလို့ထင်ထားတဲ့ ကျွန်မကို ကယ်ခဲ့တဲ့ ဒုတိယ ဆရာမက သူ့ဆိုင်ပြန်ဖွင့်မယ်တဲ့။ သူအခု ပြန်ဖွင့်မယ့် အခန်းက ကျွန်မရှေ့က အခန်းကို သူစာချုပ် ချုပ်ပြီးသွားပြီတဲ့။ အဲသလိုဆိုရင် သူ့ဆိုင်ကို ကျော်ပြီးမှ ကျွန်မဆီကို အလှလာပြင်တဲ့ သူတွေက လာရမှာဆိုတော့ ကျွန်မ ဖောက်သည်တွေ သူ့ဆီအကုန် ပြန်ဝင်သွားလိမ့်မယ်။ အဲဒီလိုဆိုရင် ကျွန်မ အလုပ်မလုပ်ရဘဲ ပြန်ဆင်းရဲသွားမှာ မဖြစ်ဘူး မဖြစ်ဘူး။ ဒါဆိုရင် လိုလျှင်ကြံဆနည်းလမ်းရဆိုတဲ့ အတိုင်း၊ အကောင်းဆုံးနည်းလမ်းနဲ့ ကျွန်မစီးပွားရေးကို ကာကွယ်ရမှာပေါ့။

ကျွန်မဆီမှာ တပည့်မတွေ လေးငါးယောက်လောက်ရှိတယ်။ ကျွန်မက သေဆိုသေ ရှင်ဆိုရှင်ဆိုတဲ့ ပြောစကား နားထောင်တဲ့ တပည့်မျိုးတွေပေါ့။ ဒီလိုနေရာမှာတော့ ကျွန်မရွေးချယ်လိုက်တာက အသက် အငယ်ဆုံး တပည့် နွေသမီး။ အသက်က ၁၆ နှစ်မပြည့်သေးဘူး။ တစ်ဖက်က ဆရာမက အသက် ၄၀ ကျော်ဆိုတော့ပေါ့နော်။ ကျွန်မ တပည့်မလေးကို ညကတည်းက သေသေချာချာ လုပ်ရမှာကို အသေးစိတ် မှာကြားထားပြီးပြီ။ အားလုံးကိစ္စတွေ ကျကျနနပြီးရင် သူ့ကိုလည်း တခြားတစ်နေရာမှာ သွားလုပ်စားဖို့ ငွေ ၅ သိန်းပေးလိုက်မယ်လို့လည်း ပြောရော ကလေးမက စိတ်ချပါ ကျွန်မ ပြောတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ပေးပါ့မယ်။ ဘယ်သူ့ကိုမှလည်း ပြန်မပြောပါဘူးတဲ့။ ငွေရဲ့ တန်ခိုးတွေလေ။ အဲဒါကြောင့် ကျွန်မက ငွေကို အလွန် ချစ်တာ အလွန်ချမ်းသာချင်တာ။ ငွေတန်ခိုးက ဘယ်လောက်ထိ စွမ်းသလည်းဆိုတာကို ကျွန်မဆက်ပြောပြမယ်။

ကျွန်မ အစီအစဉ် ချထားတဲ့ အတိုင်း အဲဒီနေ့ မနက် ငါးနာရီလောက်မှာ ကျွန်မ ဆိုင်က စောပြီး တခြားတစ်နေရာကို သွားနေလိုက်တယ်။ ဆိုင်သော့ကို နွေသမီးကို ပေးထားခဲ့တယ်။ ကျွန်မ မနက် ရှစ်နာရီလောက်မှာ ဆိုင်ကို ပြန်လာတော့ အသက် ၄၀ ကျော် ဆရာမ ဆေးရုံကို ရောက်သွားပြီး ဆေးရုံမှာ အတွင်းလူနာအဖြစ်တင်ထားရတယ်လို့ အသံကြားတယ်။ နွေသမီးက ကျွန်မကို ပြောပြတယ်။ အဲဒီ ဆရာမ ဆိုင်ဖွင့်ဖွင့်ချင်း ဝင်တိုက်လိုက်ပြီး ပြဿနာရှာကာ ကြိုတင်ထားတဲ့ တုတ်ပိုင်းနဲ့ ဦးခေါင်းကို ရိုက်လိုက်တာ ဆရာမကရေတွေနဲ့ ချော်လဲသွားလို့ လက်ပြင်နဲ့ ကျောကုန်းသာ ရိုက်မိကြောင်း။ ညက ကြိုတင်ပေးထားသော ခြောက်လက်မ အဝတ်ညပ်ကတ်ကြေးနဲ့ ထပ်မိုးပြီး ထိုးရာ အမျိုးသမီးတစ်ဦး ဝင်ဆွဲလို့မထိုးမိကြောင်း၊ တုတ်ရိုက်ချက် ပြင်းပြင်းရိုက်လိုက်လို့ အဲဒီဆရာမလက် ဒဏ်ရာ အတော်ပြင်းကြောင်း အားရပါးရ ကျွန်မကို ပြောပြတယ်။

ကျွန်မလည်း မသိချင်ယောင်ဆောင်ပြီး စိတ်မကောင်းဟန်ဖြင့် ဆေးရုံသို့ သတင်းမေးသွားခဲ့သည်။ သူကတော်တော်စိတ်ဆိုးပြီး စကားမပြော ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



က ဆင်းလို့ သူ့ဘက်ကအမှုဖွင့်၊ ကျွန်မတို့ကလဲ အမှုဖွင့်ပေါ့။ ကျွန်မဘက်က အသာစီးရထားတာပေါ့။ အသက် ၁၆ နှစ်ကလေးကို ပါးရိုက်တယ်။ ခြေထောက်နဲ့ ကန်တယ်ပေါ့။ ဦးအောင် အမှုဖွင့်ထားလိုက်တယ်။ သူ့ခမျာ ဆေးရုံက ဆင်းတော့ ဒဏ်ရာကြီးနဲ့ အာမခံ နှစ်ယောက်နဲ့ ရဲစခန်းရောက်လာရတယ်။ ဒီလိုနဲ့တရားရုံးရောက်သွားရော၊ ရောက်သွားလည်း ကျွန်မမှာက အစွမ်းထက်လက်နက်တွေ ရှိပြီးသားလေ။ ကျွန်မရဲ့ အစွမ်းထက်တဲ့ ငွေလက်နဲ့ အကောင်ကြီးကြီး ရာထူးကြီးကြီး ငါးယောက်လောက်ကို ကျွန်မ ပစ်ချလိုက်တယ်။ ကျွန်မရှေ့နေက တစ်ဆင့်ပေါ့။ ကျွန်မရှေ့နေကလည်း ကျွန်မလောက်နီးနီးကို တော်တယ်။

အဲဒီမှာ တရားသူကြီးက အသက်မပြည့်သေးတဲ့ ငယ်ရွယ်သူမို့လို့ အမှုဖြစ်ပြီး မကြာခင်မှာဘဲ ဒဏ်ငွေ၃၀၀၀ အမိန့်ချလိုက်တယ်။ သူကတော့ အမှုတန်းလန်းကြီး ကျန်နေလို့ ရုံးချိန်း အမြဲသွားနေရတုန်း။ သူ့ကို ကူညီပေးနေတဲ့သူ တစ်ဦးရှိသေးတယ်။ သူ့ရဲ့လက်ကတုံးတောင်ဝေးပေါ့။ ကျွန်မတို့ ဆိုင်နဲ့ မျက်စောင်းထိုးမှာ ရတနာသိန်းထိုက်အောင် ထီဆိုင်ဖွင့်ထားတာ။ လမ်းမတန်းပေါ်မှာ ဖွင့်ထားတာလေ ဗုဒ္ဓဟူးသား။ သူက ဗုဒ္ဓဟူး၊ ကျွန်မက စနေသမီးဆိုတော့ ရှုးတောင်ထမင်းမငတ်ဘူးလို့ ဆိုရိုးရှိတယ်လေ။ ဒါကြောင့် သူဆိုင်မှာ ထီခဏခဏသွားထိုးပြီး သူ့လူကို ကိုယ့်လူလုပ်ပစ်လိုက်တယ်။ သူ့တို့က ကိုယ်ပိုင်အိမ်ဆိုတော့ အမွေရရင် သူလည်း တစ်ပုံရမှာ။ ဒါကြောင့် သူနဲ့ တရားဝင် လက်ထပ်ပြီး လက်ထပ်စာချုပ်ကို ကျွန်မက ယူထားလိုက်တယ်။ ဒါပဲလေအကြံကို ပိုင်အောင်လုပ်ထားမှ ချမ်းသာမှာမို့လား။ ချမ်းသာမှ ကျွန်မချစ်တဲ့ ငွေတွေ ကျွန်မဆီ ရောက်လာပြီး အသက်ရှည်ရှည်နေရမှာ အစွမ်းထက်တဲ့ ငွေရှိတာကို သိတာနောက်ကျလေခြင်းလို့တောင် ကိုယ့်ကိုယ်ကိုယ်တောင် ဒေါသဖြစ်ရသေးတယ်။ အ,လို နုံလို့ ဆင်းရဲခဲ့တာ။


ကျွန်မ ရည်ရွယ်ချက်ကတော့ ဒီမှာတင်လားဆိုတော့ မဟုတ်သေးဘူး။ နောက်ထပ် အတွယ်ကောင်းကောင်း မတွေ့မခြင်းတော့ ရတာကိုပဲ တွယ်ထားရမယ်။ ကျွန်မက စနေသမီး။ အမေက ကျွန်မတို့ ညီအစ်မတွေကို နာမည်ဆင်တူ ယိုးမှားမှည့်ထားလို့ နေ့သင့်နာမ်သင့်မဖြစ်တာ။ အခုကတော့နာမည်က အရေးမကြီးဘူး။ ကျွန်မကို အတ္တကြီးတယ်လို့ပဲ ပြောပြော၊ လောဘကြီးတယ်လို့ပဲ ပြောပြော၊ ကျွန်မလိုချင်တဲ့ ရွှေမိုး ငွေမိုးတွေသာ ကျွန်မ အပေါ် ရွာသွန်းမယ်ဆိုရင်တော့ ကျွန်မ ပြုံးရွှင်စွာခံယူဖို့ အသင့်ပါပဲလို့ လောကကြီးကို သတ္တိရှိစွာနဲ့ ရင် ဆိုင်ပစ်လိုက်မယ်လို့ အစက တည်းက ကျွန်မ ကြွေးကြေ ထားပြီးသား။ ဒါကြောင့်မို့ ဝင် လိုက်ရင်ပဲဖြစ်ဖြစ်၊ ဝဋ်ကြွေး ရင်ပဲဖြစ်ဖြစ်၊ နောင်ဘဝရှိရင် လဲ နောင်ဘဝပေါ့။ နောင်ဘ အထိစောင့်ပေးကြပါ ကျေး ရှင်တို့ရယ်လို့ပဲ ကျွန်မ ပြော တာပါ။

ဓာသင်းကြို



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ
အိအိအောင်
(မဲခေါင်)

# လှိုင်းထန်ရှဲ ပျို[illegible]



www.burmeseclassic.com

www.burmeseclassic.com



## လှိုင်းထန်၍ ဖျိုင်းပျံ့သည်

ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦး ရိုက်ကူးခဲ့သော 'အပြေးနဲ့အလိုက်' မှုခင်းရုပ်ရှင်၏ ဇာတ်ညွှန်းမှ ဇာတ်ကွက်တစ်ကွက်အား ဝတ္ထုတိုပုံစံအဖြစ် ဖန်တီးရေးသားတင်ပြခြင်းဖြစ်ပါသည်။

**ဒါရိုက်တာ–အိအိအောင်**
**(မဲခေါင်)**

ချစ်သူမျက်နှာ
ညှိုးငယ်မှာကို
အနုမြူစစ်ထက်ကြောက်မိသည်။
ဆွေး

အထက်ပါကဗျာလေး ရေရွတ်နေသူမှာ ကဗျာဆရာမလေး 'ဆွေး'။

ကဗျာ ဆရာမလေး ဆွေးမှာ ဆွေးဟူသော သူ့အမည်နှင့်လိုက်အောင် အလွမ်းကဗျာများရေးရာတွင် နာမည်ရလာသူဖြစ်သည်။

ယခုလည်း သူ့ဘဝ သူ ရှောင်ပြန်ဟပ်ရင်း အလွမ်းကဗျာများကိုသာ ရေးစပ်နေခြင်းဖြစ်လေသည်။

ဆွေးအပါးက မောင်အပြီးအပိုင် ခွဲခွာသွားခြင်းဟာ နှစ်တွေလည်း ညောင်းခဲ့ရပြီလေ။

မောင်ကိုတော့ ဆွေး ခုထက်တိုင် တမ်းတနေရဆဲ လွမ်းနေရဆဲပါ မောင်ရယ်။

တချို့က ပြောကြတယ်။ ဆွေးရဲ့ဘဝကို အခြေခံပြီး ရေးတဲ့ ကဗျာလေးတွေဟာ သရုပ်ပေါ်လွန်းလို့ ဆွေးကို အလွမ်းကဗျာဆရာမလေး ဖြစ်အောင် တွန်းပို့ပေးခဲ့တာတဲ့။

ဟုတ်ပါတယ် မောင်ရယ်။ ဆွေးက ငယ်စဉ်ကတည်းက မိဘမဲ့ဘဝကို စိတ်အားငယ်စွာ ဖြတ်သန်းခဲ့ရသူမို့ အလွမ်းကုန်ကြမ်းတွေ ပြည့်ဝနေခဲ့ရတာကိုး။

'ဆွေး' ဘဝကို ဆွေး ကျေနပ်လွန်းလှပါတယ် မောင်ရယ်။

မောင့်ကို သတိရတိုင်း ဆွေး အလွမ်းကဗျာလေးတွေ ရေးနေရဦးမှာပေါ့။

ဤသည်ကား ကဗျာဆရာမလေး ဆွေး၏ ရင်တွင်းက အတွေးပုံရိပ်များပင်ဖြစ်လေသည်။

~~~~~

ညည့်ခန်းတွင်း၌ ဆွေးအကြောင်းပြောနေကြသူနှစ်ဦးမှာ ဆွေး၏ အဒေါ်ဖြစ်သူ ဒေါ်ခင်လေးနှင့် အိမ်နီးချင်း ဒေါ်ညွန့်။

"အဲဒါသာကြည့်တော့ ဒေါ်ညွန့်ရေ။ နေ့ရှိသရွေ့ အဲဒီလိုပဲ ပန်းခြံထဲမှာထိုင်ပြီး မမောနိုင်၊ မပန်းနိုင် ကဗျာတွေ ရေးနေတာက ထမင်းမေ့၊ ဟင်းမေ့ပဲလေ"

"အင်း သူ့ ယောကျ်ားကလဲ နွေမြင်ညပျောက် ဆိုတာလို ခရီးသွားရင်း မန္တလေးဘက်မှာ ကားမှောက်ဆုံးခဲ့ရတာဆိုတော့ တော်တော်နဲ့တော့ ဘယ်ဖြေနိုင်ပါ့မလဲ။ အေးလေ ဆွေးရဲ့စိတ်ကို ပြောင်းလဲအောင် လုပ်နိုင်တဲ့သူတစ်ဦး ပေါ်လာရင်တော့ တဖြည်းဖြည်း စိတ်သက်သာရာ ရလာမှာပေါ့"

"ကျွန်မလဲ အဲဒါကို မျှော်လင့်နေတာပဲ ဒေါ်ညွန့်ရဲ့။ လွန်ခဲ့တဲ့ နှစ်လလောက်တုန်းကတော့ သူ့လိုပဲ ကဗျာတွေရေးနေတဲ့ ကဗျာဆရာလေး မောင်မျိုးသူ ဆိုသူက ဆွေးရဲ့ ကဗျာလေးတွေကို ရှုမဝမဂ္ဂဇင်းထဲမှာ တွေ့ရာက စာရေးပြီး မိတ်ဖွဲ့လာ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တယ်လေ။ ကျွန်မလဲ ခွေး စိတ်ပြောင်းသွားအောင် စာပြန်ရေးနိုင်းလိုက်တယ်။ ခုထိတော့ အတော်လေး အဆင်ပြေနေပုံပါပဲ။

## တစ်စိတ် တစ်ဒေသတော့ ပယ်ဖျောက်နိုင်မယ်လို့ တွက်ထားတာပဲ ဒေါ်ညွန့်ရယ်'

တတစ်စောင်မှာတော့ သူ့ ဓာတ်ပုံ ထည့်ပေးလာတယ်"

"အဆင် ပြေနိုင်ရဲ့လား"

"ဓာတ်ပုံကြည့်ရတာတော့ လူရည်သန့်လေး တစ်ယောက်ပါ။ ခွေး ထက်တော့ ငယ်လိမ့်မယ်ထင်တယ်။ အလုပ်ကတော့ ထားဝယ်ဘက်က သတ္တုရှာဖွေရေးမှာ အငယ်တန်း အင်ဂျင်နီယာလို့ ပြောတာပဲ။ ဖုန်းအဆက် အသွယ်လဲရပါတယ်။ ဘာပဲဖြစ်ဖြစ်လေ တူမလေး ခွေးရဲ့ ဘဝကို တစ်စိတ်တစ်ဒေသတော့ ပယ်ဖျောက်နိုင်မယ်လို့ တွက်ထားတာပဲ ဒေါ်ညွန့်ရယ်"

"ဒါနဲ့ နေပါဦး ခွေးဟာ အိမ်ထောင်ကျပြီး မုဆိုးမဖြစ်နေရသူ တစ်ယောက်ဆိုတာကိုရော အဲဒီသူငယ်ကို အသိပေးထားရဲ့လား။ ခုရှုပ်မှ နောင်ရှင်းလေ"

အိမ်နီးချင်း ဒေါ်ညွန့်ရဲ့ အကြံပေးချက်–

"သိပါ့တော်၊ အဲဒါကြောင့် ခွေးဘဝကို သူ ရာသက်ပန် စောင့်ရှောက်သွားချင်တယ်တဲ့။ သူ့အလုပ်က ခွင့်ရရင် ရချင်း ခွေးနဲ့တွေ့ဖို့ ရန်ကုန်ကို အရောက်လာခဲ့မယ်တဲ့လေ"

"အင်း ... ဖူးစာရေးနတ်က အဒေါ်ကိုယ်တိုင်ဆိုတော့ ဖြစ်နိုင် ခြေငါးဆယ်ရာခိုင်နှုန်းထက်တော့ ပိုနိုင်ပါတယ်"

~~~~~

"နွေဆိုရင်နေရှိမှ၊ မိုးဆိုရင် ရေရှိမှ၊ ဆောင်းဆိုရင် နှင်းရှိမှ၊ ခွေးဆိုရင် မောင်ရှိမှ ဖြစ်မှာပေါ့ မောင်ရဲ့"

"ဆိုလှချည့်လား ခွေးရဲ့ အဲဒါကြောင့်လဲ ရန်ကုန်ကို မောင် အရောက် လာခဲ့ရတာလေ"

ကဗျာ ဆရာလေး မောင်မျိုးသူနှင့် ကဗျာဆရာမလေး ခွေးတို့၏ ချစ်စကားများ ပင်ဖြစ်သည်။

"ဒီမှာမောင် ချစ်သောအခါ ပျားသကာ၊ မုန်းသောအခါ ခါးတမာဆိုတဲ့ ဆိုရိုးလေးကိုလဲ သတိပြုပါဦး ကဗျာဆရာကြီးရဲ့"

"အို–လာချင် အနီးလေး၊ မလာချင် ခရီးဝေးတဲ့။ ဟော ခုလာချင်လို့ကို ခွေး အနားမှာ မောင် ရောက်နေပြီလေ။ အဲဒါမောင်ရဲ့ချစ်သက်သေတပဲပေါ့"

"ချစ်တာ အဓိက မဟုတ်သေးပါဘူး မောင်ရယ်။ အိမ်ထောင်ပျက်ဆိုတာ အချစ်ခေါက်ရိုးကျိုးနေပါပြီ"

"ဒါဆိုရင်လဲ အချစ်တစ်ရေးနိုးလို့ ဆိုလိုက်မှာပေါ့"

"နေပါဦး ဆရာလေးရဲ့ Don't Wake The Sleeping Tiger အိပ်နေတဲ့ကျားကို မနှိုးရဘူးတဲ့ နိုးလာရင် ကိုက်တတ်တယ်တဲ့လေ"

"ဒီမှာ ခွေးသာ ကျားမလေးဆိုရင် မောင်အသေခံ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



လိုက်ရုံပဲ ရှိတာပေါ့၊ မောင် နောက်တစ်ခေါက် ရန်ကုန် လာရင် ဆွေးနဲ့မောင် လက်ထပ် ဖို့ မောင့်ဖေဖေနဲ့မေမေကို ခွင့် တောင်းပြီး စီစဉ်ခဲ့မှာနော်''

''မမြန်ဆန်လွန်းဘူး လား မောင်ရယ်၊ နေ့ကောင်း ရက်သာလေး ဘာလေးလဲ ရွေး ဦးမှပေါ့''

ဆွေးက မခို့တရို့ အ ကြည့်လေးဖြင့် ပီတိလွှမ်းရင်း တုံ့ ပြန်လိုက်သည်။

''ချစ်ပြက္ခဒိန်မှာ ပြဿ ဒါး မရှိဘူးလေ။ ရက်ရာဇာပဲရှိ တာ ဆွေးရဲ့''

''အင်း ဆွေးရဲ့ အချစ် ဦးက ဆွေးအနားက အပြီးအပိုင် ခွဲခွာသွားလေတော့ ဆွေး အ သည်းကျွမ်းလုံမတတ် အရမ်း ခံစားခဲ့ရပါတယ် မောင်ရယ်။ မောင်နဲ့ကျတော့လဲ''

မောင်က ဆွေးရဲ့စကား ကို ဖြတ်လိုက်သည်။

''ဩော် ဆွေးရယ် ဒါ ကြောင့်လဲ မောင်က ဆွေးဘဝ ကို သာယာစေဖို့ ဖန်တီးပေးချင် တာပါ။ စိတ်နွမ်းစရာတွေ မစဉ်း စားနဲ့တော့လေ။ မောင့်အချစ် စိတ်ချမ်းသာရအောင် မောင် ရက်ရာဇာတွေ တစ်ပွေ့တစ်ပိုက် ကြိုးရွေးပြီး အပြီးအပိုင် ရန်ကုန် ပြောင်းလာဖို့ပါ စီစဉ်ခဲ့မယ်လေ။ ဒါဆို ဆွေး ကျေနပ်ပြီပေါ့''

''မောင် ထားဝယ် ပြန်ရင် ဆွေး မောင့်အတွက် ရေး ထားတဲ့ ဒီကဗျာလေးကို မောင် ယူသွားနော် ရော့ ဖတ်ကြည့်''

စာရွက် ပြာပြာလေး ပေါ်မှာ ဆွေးရဲ့ လက်ရေးလှလှ လေးတွေနဲ့ ရေးထားတဲ့ ကဗျာ လေးကို တွေ့ရသည်။

မောင် ကဗျာလေးကို ဖြည်းညင်းစွာ ရေရွတ်နေစဉ် ဆွေးတစ်ယောက် မောင့်အပါးမှာ ပီတိဝေဖြာသော မျက်ဝန်းအစုံ ဖြင့် ငေးမောနေလို့ပေါ့။

**'လှိုင်းထန်၍ မျိုင်းပျံ့သည်'**

**ချောင်းစပ်ကမ်းပါး**
**မျိုင်းဖြူနားတော့**
**လေအကျ လှိုင်းအထမို့**
**ငွေမျိုင်းခများ**
**မနေသာဘဲ**
**ထပျံ့ဝဲသည်**
**တစ်ကျော့ပြန်လာလိမ့်ဦး**
**မည်...**

**ဆွေး**

တကယ်တော့ အထက် ပါ ဖြစ်ရပ်လေးမှာ မကြာသေး မီကပင် ဆွေးနှင့် ကဗျာဆရာ လေး မောင်တို့ ဆုံစည်းခဲ့ရသော ချစ်ရက်လေးကို ဆွေး တစ် ယောက် ဆွေးမြည့်စွာဖြင့် ပြန် လည် တွေးတောနေမိခြင်းသာ ဖြစ်လေသည်။

''ခုတော့ ဆွေး ဆီကို တစ်ကျော့ ပြန်မလာနိုင်တော့ပါ လား မောင်ရယ်''

ကဗျာ ဆရာလေး မောင်တစ်ယောက် ဆွေးနဲ့ လက် ထပ်ဖို့ ရန်ကုန်လာမည့်ရက်တွင် ပင် သတ္တုမိုင်းပြိုကျပြီး ထားဝယ် ၌ သေဆုံးခဲ့ရပြန်ပြီလေ။

'ကံဆိုးမ သွားရာ မိုး လိုက်လို့ရွာ' ဆိုသကဲ့သို့ပင်–

ထိုနေ့မှစ၍

ကဗျာ ဆရာမလေး ဆွေးခများ တိုက်ရှေ့ပန်းခြံထဲရှိ မူလ နေရာလေးမှာပင် လွမ်း ကဗျာလေးတွေ မမောမပန်း ဆက်ရေးနေရဦးမည် မဟုတ်ပါ လော။

~~~~~

ဆွေး ဘဝကလည်း ဖွပ်ခါမှ ပိုညစ်၊ လော်ရင်းနှင့်ဆို



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဘာလို ဒေါ်ခင်လေးနှင့် ကျွန်မတို့ ကြိုးစားခဲ့သမျှဟာတွေ ခုတော့ ရေပေါ်လမ်းလျှောက်သလို အရာ မထင်ပါလား။

အိမ်နီးနားချင်း ဒေါ်ညွန့်က လွမ်းကဗျာလေးတွေ ရေးနေဆဲဖြစ်သော ဆွေးရဲ့ဖြစ် အင်ကို နေ့စဉ်မြင်တွေ့နေရဆဲမို့ ဒေါ်ခင်လေးရှေ့တွင် ငြီးတွား လိုက်ခြင်းဖြစ်သည်။

"ကျွန်မ တူမလေးကို က ကံဆိုးရှာတာပါဒေါ်ညွန့်ရယ်။ ငွေချမ်းသာတိုင်းလဲ စိတ်မချမ်း သာနိုင်ဘူးဆိုတာ ဒါမျိုးပဲလေ။ အမွေရစရာဆိုလို့လဲ ဆွေး တစ် ယောက်ပဲ ရှိတာ ဒေါ်ညွန့်ရဲ့။ ဆွေးခမျာ ဖြေနိုင်စရာ အ ကြောင်း မရှိတော့ဘဲ လွမ်း သံသရာထဲပဲ ပြန်ရောက်သွား ရရှာတာပေါ့လေ"



"ဆွေးကိုတော့ ဂရု စိုက်ပါ ဒေါ်ခင်လေးရယ်။ ကျွန်မ လဲ ရှိသားပဲ။ ဆွေမျိုးလို သ ဘောထားပြီး တိုင်ပင်နိုင်ပါ တယ်။ တော်တော်ကြာ စိတ်ကျ ရောဂါပါ စွဲသွားရင် ဘယ်နှယ့် လုပ်မလဲ။ ကျွန်မ သွားလိုက် ဦးမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင် ပါတယ်"

~~~~~

နံနက်ခင်း နေရောင် ခြည် ဖြာဝေနေသော တိုက်ရှေ့ ပန်းခြံထဲတွင် ဆွေးတစ်ယောက် ငူတူတူ ထိုင်နေသည်။

ထုံးစံအတိုင်း လွမ်း ကဗျာလေး တွေးရင်းရေးစပ်ရင်း နဲ့ပေါ့–

"မမလေး ဒီမှာ သ တင်းစာ သတင်းစာ"

အတွေးကလေးထဲ ရောက်နေရာမှ သတိ ဝင်လာ သည်။

"သြော် အေး––အေး ထားခဲ့"

"ဒီမှာ မမလေး အတွက် အိုဗာတင်း။ ဒေါ်ဒေါ်က ပူပူလေး သောက်လိုက်ပါတဲ့"

"သြော် အေးအေး"

အိမ်ဖော် ကောင်မလေး ပြန်ထွက်သွားလိုက်သည်နှင့် ဆွေး အိုဗာတင်းကို မသောက် သေးဘဲ ဗမာ့ခေတ်သတင်းစာကို အလျင် ကောက်ဖတ်နေသည်။

တစ်နေရာတွင် မမျှော် လင့်ဘဲ ကြော်ငြာတစ်ခုကို အ တွေ့ အာရုံ စိုက်ကြည့်လိုက် သည်။

**'လှိုင်းထန်၍ ဖျိုင်းပျံ့သည်'**
**ချောင်းစပ်ကမ်းပါး**
**ဖျိုင်းဖြူနားတော့**
**လေအကျ လှိုင်းအထမို့**
**ငွေဖျိုင်းခမျာ**
**မနေသာဘဲ**
**ထပျံ့ဝဲသည်**
**တစ်ကျော့ပြန် လာလိမ့် ဦး**
**မည်. . .**

**ဆွေး**

"ဟင် မောင့်ကို ငါရေး ပေးလိုက်တဲ့ ကဗျာလေးပါလား"

နှုတ်မှ ရေရွတ်ရင်း စိတ် ဝင်တစား ဆက်ဖတ်လိုက်သည်။

"ဤ ကဗျာလေးနှင့် ပတ်သက်သူ သုံးရက်အတွင်း အောက်ပါ ဖုန်းနံပါတ်နှင့် ဆက်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သွယ်ပါ။ သင့်အတွက် ထူးခြားသော သတင်းများ သိရှိလာလိမ့်မည်''

ဆရာလာဂရု

ဆွေး၏ မျက်နှာပေါ်တွင် ဝင်းလက်သော အတွေးတစ်ခု တိုးဝင်လာကြောင်း တွေ့ရပြီး သတင်းစာကိုယူကာ တိုက်ထဲသို့ ပြေးဝင်သွားတော့သည်။

''ဒေါ်ဒေါ်... ဒေါ်ဒေါ်''

''ဟဲ့ ဒေါ်ဒေါ် ဒီမှာပါ။ အမောတကောနဲ့ ဘယ်လိုဖြစ်လာရတာလဲ ဆွေးရဲ့''

''ဒီကြော်ငြာကို ကြည့်ပါဦး။ မောင် ရန်ကုန်ကိုလာပြီး ဆွေးနဲ့ တွေ့တုန်းက မောင့်အတွက် ဆွေး ရေးပေးလိုက်တဲ့ ကဗျာလေ။ အဲ့ဒီစရာ ကောင်းလိုက်တာ ဒေါ်ဒေါ်ရယ်။ ဒီကဗျာလေးက မောင်နဲ့ ဆွေးတို့ပဲ သိကြတာ။ ဘယ်မဂ္ဂဇင်းကိုမှ ဆွေး မပို့ခဲ့ဘူး။ ဒီအတိုင်းဆို မောင်နဲ့ ပတ်သက်တဲ့ သတင်း တစ်ခုခု တော့ ရမှာသေချာတယ်။ မောင် မသေဘူး။ ထားဝယ်ဆေးရုံမှာပဲ ရှိလိမ့်မယ်။ ဆွေးကို ကူညီပါ ဒေါ်ဒေါ်ရယ်''

ဒေါ်ခင်လေးက သတင်းစာထဲက ကြော်ငြာကို ဖတ်ကြည့်လိုက်သည်။

''အင်းလေ ငါ့ တူမ စိတ်ချမ်းသာမယ်ဆိုရင် သွားတွေ့ကြတာပေါ့''

~~~~~

ရန်ကုန်မြို့ ဗဟန်းတစ်နေရာ–

ဖုန်းနှင့် မေးမြန်းပြီး သိရှိရသောလိပ်စာသို့ ဒေါ်ခင်လေးနှင့် ဆွေးတို့ ရောက်ရှိခဲ့ကြသည်။

''ဆရာ လာဂရုနှင့် တွေ့ချင်လို့ပါ''

တပည့်ဟုထင်ရသူ လူရွယ်တစ်ဦးအား ဒေါ်ခင်လေးက မေးလိုက်သည်။

''ဆရာနဲ့ တွေ့ချင်ရင် တိုကင်ယူထားပြီး စောင့်ရတယ် ခင်ဗျ''

''ဒေါ်ဒေါ်တို့က ဖုန်းဆက်ပြီး လာခဲ့ပါဆိုလို့ လာခဲ့ကြတာပါ''

''ဒါဆိုလဲ ဒီမှာ ခဏစောင့်နော်၊ ရှေ့မှာ ငါးယောက်လောက်ရှိသေးတယ်။ ဆရာကြီးကို ကျွန်တော် ဝင်ပြောပြပါ့မယ်''

''ကျေးဇူးပဲကွယ်၊ ဒီအပြင်မှာပဲ စောင့်နေပါမယ်''

ဒေါ်ခင်လေးနှင့် ဆွေးတို့လည်း ရောက်နှင့်နေသူများနည်းတူ ဝင်ထိုင်နေလိုက်ကြရသည်။

''ဒေါ်ဒေါ် ဆရာကြီးက ဝင်ခဲ့ပါလို့ ပြောပါတယ်။ မေးမြန်းချင်တဲ့သူတစ်ဦးပဲ ဝင်ရပါလိမ့်မယ်''

တပည့်ဖြစ်သူ အခန်းထဲမှ ထွက်လာပြီး ပြောကြားသဖြင့် ဆွေး တစ်ဦးတည်းသာ အခန်းထဲ ဝင်သွားသည်။ ဒေါ်ခင်လေးက အမျိုးသမီးငယ်တစ်ဦး ဘေးတွင် ထိုင်နေသည်။

''ဒီက တူမက တစ်ယောက်တည်းလား။ ဆရာကြီး လာဂရုနဲ့ တွေ့ပြီးပြီလား''

''တစ်ခါတော့ တွေ့ပြီး

■ ''ဒါဆိုလဲ ဒီမှာ ခဏစောင့်နော်၊ ရှေ့မှာ ငါးယောက်လောက် ရှိသေးတယ်။ ဆရာကြီးကို ကျွန်တော်ဝင်ပြောပြပါ့မယ်'' ■



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဖို ဟောစာတမ်း လာယူဆိုလို့ အခုလာခဲ့တာပါ"

စပ်စပ်စုစု လုပ်တတ်သည် ဆိုသည်မှာ မိန်းမသား အများစု၏ သဘာဝပင်ဖြစ်သည်။

"ဒေါ်ဒေါ်တို့ကတော့ ဆရာကြီးဆီ တစ်ခါမှ မလာဖူးပါဘူး။ ခုမှ ဒေါ်ဒေါ့် တူမလေးက မေးချင်မြန်းချင်တယ်ဆိုလို့ လာခဲ့တာ"

"ဆရာကြီးရဲ့ ဟောချက်တွေက မှန်သလားမပြောနဲ့။ သမီးရဲ့ ဖြစ်ပျက်ခဲ့သမျှကိစ္စ အားလုံးကို ကွက်တိကို ပြောနိုင်တာ။ ကုန်ကုန်ပြောမယ် ဒေါ်ဒေါ်ရယ် သမီး မရှက်တတ်ပါဘူး။ သမီးချစ်သူနဲ့ သမီးတို့ နှစ်ကိုယ်ကြား ပြောခဲ့တဲ့ စကားတွေကိုတောင် ဆရာကြီးက ပြောပြနိုင်တာ။ သမထအားနဲ့ ဆရာကြီး အာရုံခံကြည့်ပေးရင်း သေဆုံးသွားတဲ့ လူတွေ ဘယ်ဘဝရောက်နေကြတယ်ဆိုတာတောင် ပြောနိုင်တယ်လေ"

"စပ်စုတယ်လို့ မအောက်မေ့နဲ့နော်၊ ခုသမီးက ဘယ်သူ့အတွက်နဲ့ လာကြည့်ထားတာလဲ"

"သမီးနဲ့ လက်ထပ်မယ်ဆိုတဲ့ သမီးရဲ့ချစ်သူ အတွက်ပါ။ ဒါ သမီးရဲ့ချစ်သူလေ"

အမျိုးသမီးငယ်က သူ့ချစ်သူ၏ ဓာတ်ပုံကို ထုတ်ပြရင်း ကြွားလုံးထုတ်ပြလိုက်ပြန်သည်။

"သူက ဘွဲ့ရပြီးသားလေ။ သမီးကိုလဲ သူက သိပ်ချစ်ရှာတာ"

ဒေါ်ခင်လေးက လူငယ်၏ ဘွဲ့ဝတ်စုံနှင့် ရိုက်ထားသော ဓာတ်ပုံငယ်ကို တစ်ချက်ကြည့်လိုက်သည်။

"သမီးရဲ့ချစ်သူက သပ်သပ်ခပ်ခပ် ပညာတတ်လေးပဲ"

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်။ ဒါကြောင့်လဲ သမီးသူ့ကို သိပ်နှမြောခဲ့တာပေါ့။ အစ်ကိုက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားရှာပြီလေ။ အစ်ကို ဘယ်ဘဝရောက်နေတယ်ဆိုတာ သိချင်လွန်းလို့ လာမေးတာ"

"ကောင်းပါတယ် သမီးရယ်။ သူ့အတွက် ကုသိုလ်ပြုပေးနိုင်တာပေါ့"

အခန်းတွင်းမှ တပည့်ဆိုသူ ထွက်လာပြီး အမျိုးသမီးငယ်အား ဟောစာတမ်းပေးသဖြင့် စကားပြတ်သွားကြတော့သည်။

"သမထ ဆရာကြီး လာဂရု"

"အကြားအမြင် အတတ်ဟောသည်"

အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် အထက်ပါ စာတန်းကို တွေ့ရသည်။

"အဌဝီသံ" သုံးပါးဘဝ သုံးလောကတွင် မရေမတွက်နိုင်သော ဘုရားရှင်အပေါင်းတို့ကို ကျွန်ုပ်ဆရာလာဂရုသည် "အာဒရေန' ရှိသေစွာ 'နမာမိ' ရှိခိုးပါ၏ အရှင်ဘုရား။ ကိုင်း အင်္ဂါ သမီး အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ရှိခိုးပူဇော်လော့။

ကန်တော့ပွဲများ ရှေ့တွင် တစ်ဦးတည်းထိုင်နေသော ဆွေး အထက်ပါ အသံများကို လေးဖက်လေးတန်မှ ကြားနေရသော်လည်း ဆရာကြီးလာဂရုကို မမြင်ရသေး။ ခဏချင်းပင် ကတ္တီပါ လိုက်ကာကြီးများထဲမှ ထွက်လာသော ဆရာကြီး လာဂရုကို တွေ့ရလေပြီ။ ဆရာကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး နှုတ်ခမ်းမွေးစစနှင့် ဆံပင်ရှည်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖားလျားချထားကြောင်း တွေ့ရသည်။ အဖြူရောင်အင်္ကျီ ရှည်ကြီးကို ခြေသလုံးတိုင် ဖုံးအောင် ဝတ်ဆင်ထားပြီး ဘောင်းဘီပုံစံမဟုတ်ဘဲ လုံချည်အစား အဖြူရောင်ပိတ်စကို ပုဏ္ဏားများကဲ့သို့ ခါးတောင်းကျိုက် ဝတ်ထားသည်။

ဆရာကြီး လာဂရုကို မြင်ရသည်မှာ ပရောဟိတ်ပုဏ္ဏားဆရာကြီးဟုပင် တွေးထင်စရာဖြစ်သည်။

"အင်း ငါ့ သမီးရောက်လာမယ်ဆိုတာ အဘ အာရုံနဲ့သိပြီးသားပါ။ ငါ့သမီး မေးချင်တာက ချစ်သူမောင်မျိုးသူ ထားဝယ်မှာ သတ္တုမိုင်းပြိုကျပြီး သေဆုံးခဲ့ရကဲ့ကိစ္စမှ ဟုတ်ရဲ့လားကွယ်"

"ဟုတ်ပါတယ် အဘရယ်၊ ဟုတ်ပါတယ်"

ဆွေးတစ်ယောက် အံ့အားသင့်ခြင်းနှင့်အတူ အားတက်သွားပုံ တွေ့ရသည်။

"ဪ ဘာမှ မပြောရဘဲ မောင့်အကြောင်း သိနေပါလား။ ထူးဆန်းလိုက်တာ"

ဆွေး၏ စိတ်ထဲ၌ တွေးကြည့်လိုက်သည်။

"ငါ့ချစ်သူအကြောင်း အဘက ကြိုသိနေပါလား။ ထူးဆန်းလိုက်တာလို့ ငါ့သမီး တွေးနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒါ မထူးဆန်းနဲ့ ငါ့သမီး၊ အဘရဲ့ သမထအာရုံကြောင့်ပဲကွယ့်၊ ငါ့သမီးရဲ့ချစ်သူ မောင်မျိုးသူခမျာ ငါ့သမီးကို စွဲလမ်းတဲ့စိတ်ကြောင့် မကျွတ်လွတ်သေးဘူး သမီးရဲ့"

"ဒါဆို မောင် ဘယ်ဘဝရောက်နေတယ်ဆိုတာ သမီး သိခွင့်ရရင် သိချင်ပါတယ် အဘ"

ဆွေးက အဆောတလျင် ပြောလိုက်သည်။

"သိရပါတယ်ကွယ်၊ အဘဆီလာမေးကြတဲ့သူတွေဟာ အဲဒါမျိုးတွေသိချင်လို့ လာမေးကြတာလေ။ သေဆုံးသွားတဲ့လူတွေ မကျွတ်မလွတ်သေးကြသူဆိုရင် သူတို့ကို မြှုပ်နှံခဲ့တဲ့သင်္ချိုင်း အစောင့်ကို အဘ အမိန့်နဲ့ခေါ်ခိုင်းရတာ။ တစ္ဆေသရဲဘဝမှာလား၊ ဥစ္စာစောင့်ဘဝမှာလား။ တချို့ဆိုရင် စားရမဲ့သောက်ရမဲ့ဘဝနဲ့ ကယ်မယ့်သူမရှိဘဲ သစ်ပင်ကြီးတွေ သင်္ချိုင်းတွေမှာ ကပ်နေကြရတာကွယ့်၊ အလွန်သနားစရာကောင်းကြတာကလား။ သူတို့ ဘယ် ဘဝရောက်နေတယ် ဆိုတာ သိပြီး သူတို့အတွက် လှူဒါန်းပေးကြ၊ ကုသိုလ်ပြုပေးကြမယ်ဆိုရင် သူတို့ ကျွတ်လွတ်နိုင်ကြတာပေါ့။ ငါ့သမီးအတွက်လဲ ကုသိုလ်ရနိုင်တဲ့အလုပ်ပဲ"

"သမီး မောင့်ကို ကယ်ချင်ပါတယ် အဘရယ်"

"အေး အဘအဲဒါသိလို့ ငါ့သမီးကို ခေါ်လိုက်ရတာပဲ။ အဘက အဘတတ်တဲ့ပညာနဲ့ တမလွန် ဘဝက လူတွေကို ကယ်တင်နိုင်ဖို့ နေ့စဉ်ကြည့်နေရတာ။ အဲဒီမှာ သမီးချစ်သူရဲ့ ဝိညာဉ်နဲ့တွေ့ပြီး ငါ့သမီးရဲ့ ကဗျာ လေးကို သတင်းစာထဲမှာ ထည့်လိုက်တာပဲလေ။ သမီးကိုယ်တိုင် မောင်မျိုးသူရဲ့ ဝိညာဉ်နဲ့တွေ့ပြီး ပြောရင် မကောင်းဘူးလား။ အဘ ပြောပြတာတစ်ခုတည်းနဲ့ မ… ယုံသင့်သေးဘူးလေ။ သံသယ… ရှင်းသွားတာပေါ့ သမီးရဲ့"

"သမီး မောင်နဲ့ အ… ဆုံး တွေ့ပါရစေ"

"ကောင်းပြီလေ၊ အဘ



www.burmeseclassic.com

www.burmeseclassic.com



တည့်နဲ့တွေ့ပြီး လိုအပ်တာတွေ ပြင်ဆင်ထားဖို့ အသေအချာမေး သွားပေါ့''

ကျေးဇူးတင်လိုက်တာ အဘရယ်။ အဘကို သမီး ကန်တော့ခဲ့ပါတယ်''

ဆွေး၏ဆန္ဒ ပြည့်ဝသွားပြီမို့ အလှူငွေ ငါးထောင်ကျပ် ကန်တော့ပွဲတွင် ထိုးကာ ပြန်ထွက်ခဲ့တော့သည်။

~~~~~

လမိုက်ည ဖြစ်သော်လည်း ကြယ်ရောင်တော့ရှိသေးသည်။

ည ၉ နာရီဆိုပေမယ့် ဆွေးတို့ ဝန်းကျင်တွင် လူသွားလူလာသိပ်မရှိတော့။ တစ်ခါတရံ ကား တစ်စီးနှစ်စီး ဖြတ်သွားသံကြားရသည်။

ဆွေးတို့ ညှော်ခန်းထဲတွင် ကော်ဇောများခင်းထားပြီး ကန်တော့ပွဲသုံးပွဲပြင်ထားသည်။ ဖါဆိုဖယောင်းတိုင်ကြီးများ ထွန်းညှိထားကြောင်း တွေ့ရသည်။ ဆရာကြီး လာဂရု၏ တပည့်က ကြေးခေါင်းလောင်းငယ်ကို တီးရင်းအခန်းတွင်းသို့ဝင်လာသည်။

''အဘကြွလာပါပြီ''

အဘဆရာကြီး လာဂရုမှာ ဆေးလွယ်အိတ်ဟု ထင်ရသော ရှမ်းလွယ်အိတ်ကြီးတစ်လုံး လွယ်ထားလျက် အခန်းထဲသို့ ဝင်လာသည်နှင့် ဆွေးက ဆရာကြီးအား နေရာထိုင်ခင်း ပေးသည်။ ဆရာကြီး၏ နောက်မှ ဆွေး၏ အဒေါ် ဒေါ်ခင်လေး လိုက်ပါလာပြီး ဆရာကြီးအား ရှိသေစွာကန်တော့ကြသည်။

**''ကိုင်း– ငါ့သမီး မျက်စိမှိတ်ပြီး မောင်မျိုးသူကို အာရုံပြုထားပေတော့''**

''အေး အိမ်သူ အိမ်သားအားလုံး စိတ်ချမ်းမြေ့ကြပါစေကွယ်''

ဒေါ်ခင်လေး ပြန်ထွက်သွားသည်နှင့် ဆရာကြီးက ဆေးလွယ်အိတ်ထဲမှ ဆေးတောင့်တစ်တောင့် ထုတ်ယူကာ ဆွေး၏ ခေါင်းပေါ်သို့တင်ပြီး လက်နှင့်ဖိထားလိုက်သည်။

''ကိုင်း–ငါ့သမီး မျက်စိမှိတ်ပြီး မောင်မျိုးသူကို အာရုံပြုထားပေတော့''

ဆရာကြီးက ဂါထာတစ်ပိုဒ်ရေရွတ်နေသည်။

''မောင်မျိုးသူကို မြှုပ်နှံထားတဲ့ သင်္ချိုင်းစောင့်၊ မောင်မျိုးသူရဲ့ဝိညာဉ်ကို ငါ ဆရာထံ အမြန်လွှတ်''

ရုပ်ရှင်များထဲမှ ကင်မရာ လှည့်စားချက်ကဲ့သို့ ပြတင်းပေါက် လိုက်ကာရှေ့သို့ မောင်မျိုးသူ ရောက်နေကြောင်း တွေ့ရသည်။

''ငါ့သမီးရဲ့ ချစ်သူ မောင်မျိုးသူ ဝိညာဉ်ရောက်နေပြီ၊ မျက်စိဖွင့်ကြည့်တော့''

''ဆွေး''

''ဟင်. . မောင်''

ဆွေး ဝမ်းသာလုံးဆို့ပြီး အဆောတလျင်ထိုင်ရာမှထပြီး မောင့် ထံသွားမည်အပြု–

''သမီး သတိထားဦးမှပေါ့၊ ဘဝချင်းမတူကြတော့ဘူးလေ။ လူလုံးပြနိုင်တယ်ဆိုတာ အဘရဲ့ သမထအစွမ်းကြောင့်ကွယ့်။ သူ့ခမျာ ခွင့်ပြုချက်နဲ့ လာရတာ။ မေးစရာရှိတာသာမေးပါ''

ဆရာကြီးက တားလိုက်မှ ဆွေး သတိပြန်ဝင်လာ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ကာ ပြန်ထိုင်လိုက်သည်။

''အဖြစ်ဆိုးလိုက်တာ မောင်ရယ်''

မစောင့်စည်းနိုင်တော့ဘဲ မျက်ရည်တို့ တသွင်သွင်စီးကျလာသည်။ မောင်မျိုးသူ တစ်စုံတစ်ရာ ပြောနေဟန်တွေ့ရသော်လည်း အသံကို မကြားရ။

''သူ့ကို ကယ်ချင်ရင် သက်န်းသုံးစုံလှူပေးပါလို့ ပြောတာ။ ကိုင်း ငါ့သမီး ဘုရားကို အာရုံပြုပြီး မောင်မျိုးသူကိုယ်တိုင် သုခမှခေါ် နိုင်သွားရအောင် အမျှပေးဝေလိုက်ပါ သမီးရယ်''

ဆွေးတစ်ယောက် တဒိုက်တငင် ငိုလျက်နှင့်ပင် မျက်စိ မှိတ်၍ ဘုရားကို အာရုံပြုလိုက်သည်။

''မောင်ရေ ဆွေး ပြုခဲ့တဲ့ ဒါနသီလ ဘာဝနာတွေနဲ့ အတူ အမျှ အမျှ အမျှ''

''သာဓု သာဓု သာဓု''

ဆွေး၏ ရှေ့သို့ တစ်စုံတစ်ခု ကျလာသည်ဟု ခံစားလိုက်ရသဖြင့် ကြည့်လိုက်မိသည်။ အဘ ဆရာကြီး လာဂရု၏ ဆံပင်ရှည်အတုကြီး ဖြစ်နေကြောင်း တွေ့ရသည်။

''ကဲ မိန်းကလေး မင်းရဲ့ မောင်တော် သူလိုချင်တာရလို့ ပြန်သွားပြီ။ အခု ငါလိုချင်တာကိုပဲ ပေးတော့''

ဆရာကြီး ဆိုသူက လွယ်အိတ်ထဲမှ သေနတ်ကို ထုတ်ချိန်ထားပြီး ဖြစ်နေ၍ ဆွေး ဘာပြောရမည်မသိ။ ကြောင်အမ်းအမ်း ဖြစ်နေသည်။

''ဟော့ကောင် ငသိန်း၊ မင်းနဲ့ ငမျိုးက ဟိုအဒေါ်ကြီးနဲ့ အိမ်ဖော်လေးကို ထိန်းထား။ ငါ ဒီဟာမနဲ့ မီးခံသေတ္တာထဲကဟာတွေ သွားယူမယ်''

''ရှင်တို့ အတော်အကြံပက်စက်တာပဲ''

ဆွေးက ဒေါသကဲ လိုက်သည်။

''ဟ အကြံပက်စက်တာ မဟုတ်ဘူး။ အကြံတော်တာ။ ငါ ဒီလိုမျိုး ခွင်မိဖို့ နှစ်နဲ့လနဲ့ချီပြီး ကြိုတင် စီစဉ်ခဲ့ရတာ။ နင့် ချစ်သူ မျိုးသူဆိုတာကလဲ ငါ့တပည့် ငမျိုးပဲ။ သူ့ ရုပ်ရည်လေးနဲ့ဆိုတော့ နင်တို့လို မိန်းမလှလေးတွေ ကျနိုင်တာပေါ့။ လျှာရှည်တယ်ဟာ။ မီးခံသေတ္တာထဲက ငွေအားလုံးနဲ့ ရတနာပစ္စည်းတွေ ထုတ်ပေး''

ဆွေး ဘာမျှ မတတ်နိုင်တော့။ ထုတ်ပေးရုံ မှတစ်ပါး အခြားမရှိတော့။ ဆရာကြီးက ဆွေးကို ဓားစာခံလုပ်၍ အိမ်ထဲမှထွက်ပြီး အသင့်ရပ်ထားသော ဆလွန်းကားပေါ်သို့ တက်ကာ မောင်းထွက်ခဲ့တော့သည်။

~~~~~

''ရှင် လိုချင်တာတွေ ရပြီးပြီပဲ။ ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ''

ဆွေးက ခပ်ဆတ်ဆတ် မေးလိုက်သည်။

''လွတ်ရာကျွတ်ရာကို ပေါ့။ နင့် အဒေါ်က ရဲကို အကြောင်းကြားလိုက်ရင် ဘယ်နှယ့်လုပ်မလဲ။ အညာကိုင်တာလေ။ အညာကိုင်တာ''

မြို့ထွက် တစ်နေရာအရောက်တွင် ကားရှေ့ဘီး လေပြားသွားသဖြင့် ကားရပ်လိုက်ရသည်။ ညဥ့်နက်နေပြီမို့ မှောင်နှင့် မည်းမည်းပေါ့။

''ကား နောက်ခန်းဖုံးထဲမှာ စပယ်ယာဘီးပါတယ်။ မြန်မြန်လဲမှ ဖြစ်မယ်။ လာ နင်ပါ လိုက်ခဲ့''



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဆွေး ကားပေါ်မှ ဆင်း လိုက်သွားရသည်။

လမ်းဘေး ခါတ်မီးတိုင် တစ်တိုင်မှ အလင်းရောင်အနည်း ငယ်ရသဖြင့် တော်သေး၏။

ဆရာကြီးက ကား နောက်ဖုံးကို သွားဖွင့်သည်။ စပယ်ယာဝိုးကို မတွေ့ရ။

ဆရာကြီးအား သေ နတ်နှင့် ချိန်ထားပြီး ဖြစ်နေသူ တစ်ဦးကိုသာ တွေ့ရသည်။

"အံ့ဩသွားလား ကျုပ် သေနတ်က လှုပ်လှုပ်ရှရှလုပ်တာ မကြိုက်ဘူးနော်။ နောက်ဆုတ် လိုက်ပါ'

ဆရာကြီးက နောက်သို့ အနည်းငယ် ဆုတ်ပေးလိုက်ရ သည်။ နောက်ဖုံးထဲက လူ အောက်သို့ဆင်းလာပြီး ဆရာ ကြီး လွယ်အိတ်ထဲမှသေနတ်ကို နှိုက်ယူလိုက်သည်။

ဆွေး ဘာလုပ်ရမည် မသိ။ အရိပ်အကဲသာကြည့်နေ ရသည်။

"မင်းဘယ်သူလဲ"

"မေးမနေနဲ့ ခင်ဗျား တပည့် ငသိန်းရော၊ ငမျိုးပါ ရောက်လာလိမ့်မယ်"

ပြောရင်းဆိုရင်း အ မှောင်ထဲမှ ကားမီးရောင်တစ်ခုကို တွေ့လိုက်ရသည်။

"ဆွေး ဘာမှ မစိုးရိမ် ပါနဲ့၊ ဆွေး အဒေါ်ကိုလည်း ဟိုကောင်တွေ ခေါ်လာမှာပါ။

ဂျစ်ကား တစ်စီးရောက် လာပြီး ဒေါ်ခင်လေး ဆင်းလာ ကာ ဆွေးထံသို့ ကသုတ်က ယက် သွားသည်။

ဝတ်စုံပြည့် ရဲသုံးဦးနှင့် အတူ လက်ထိတ်ခတ်ထားသော ငသိန်းနှင့် ငမျိုးတို့ပါ ကားပေါ်မှ င်းလာကြကြောင်း တွေ့ရ သည်။

"ကဲ ခင်ဗျား ကျုပ်ကို မင်းဘယ်သူလဲလို့ မေးဖို့လိုသေး လား"

လက်မြှောက်ထားရ သော ဆရာကြီးကို မေးလိုက် ခြင်း ဖြစ်သည်။

ဆရာကြီး လာဂရု ဘာမျှ ပြန်မပြောနိုင်တော့။

ဒေါ်ခင်လေး ဆရာကြီး လာဂရု ဟောခန်းသို့ ရောက် စဉ်က အမျိုးသမီးငယ်တစ်ဦး ထုတ်ပြသော သူ့ချစ်သူဆိုသူ၏ ဓာတ်ပုံမှာ မျိုးသူနှင့် တစ်ထေရာ

တည်း တူနေသဖြင့် မသင်္ကာ ဖြစ်ခဲ့ကြောင်း၊ သို့ကြောင့် ဆရာကြီးတို့ လာမည့်အချိန်ကို ကြိုပြီး ရဲစခန်းသို့ အကြောင်း ကြားထားခြင်းဖြစ်ကြောင်း၊ သို့ နှင့် နယ်ထိန်းအဖွဲ့မှ အရပ်ဝတ် နှင့် စောင့်ကြည့်နေကာ ယခုကဲ့ သို့ တရားခံများနှင့် သက်သေခံ ပစ္စည်းများပါ လက်နက်နှင့် အ တူ ရရှိနိုင်ရန် ဆလွန်းကားဘီးကို သံထောက်ထားခဲ့ခြင်းဖြစ်ကြောင်း။ သို့ကြောင့်လည်း ယခုကဲ့သို့ အ ချိန်ကိုက် ဖမ်းမိနိုင်ခဲ့ခြင်းဖြစ် ကြောင်း ရှင်းပြသည်။

ဒေါ်ခင်လေး၏ ရဲဂေါ်ပ်ဖွဲ့ အပေါ် တာဝန်သိသိဖြင့် ဂူ၊ ဒီ သတင်းပေးခဲ့ခြင်းမှာ Community Policing ပြည်သူလူထုပူးပေါင်းပါ ဝင်လာသော ရဲတပ်ဖွဲ့ကြီးအဖြစ် ရပ်တည်လာစေရေးအတွက် မီး မောင်း ထိုးပြခဲ့ခြင်းပင်မဟုတ်ပါ လော..

နတ္ထိ လောကေ ရ ဟော နမ။

လောကကြီး၌ ဆိတ် ကွယ်ရာ အရပ်မရှိပါ။

ဒ်ရိုက်တာ ဒီအိအောင်

(မဲခေါ်)



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုးတောင်ကို မုန်းတဲ့သူ

ဝါဆိုဝသန် (မြန်မာစာ)



ကျိုက်ထီးရိုးတောင်မှာ
ဘဝပျက်ခဲ့ရတဲ့
ကောင်မလေးတစ်ယောက်ရဲ့
ဖြစ်ရပ်မှန်



www.burmeseclassic.com

www.burmeseclassic.com



## ကျိုက်ထီးရိုးတောင်ကို မှန်းတဲ့သူ

### ဝါဆိုဝသန်-မြန်မာစာ

"လူယုံ သတ်တယ်ပဲ ဆိုလေမလား"

"ဝသန်"သည် နာမည်မကြီးသေးသော "---" ကုမ္ပဏီ၌ Marketing Manager အလုပ်ကို လုပ်ကိုင်ရင်း အားလပ်ချိန်များတွင် မိမိကြုံတွေ့သမျှ (သို့မဟုတ်) မိမိနှင့် ဆက်နွယ်နေသူများထံမှ အဖြစ်အပျက်ကလေးများကို စာမူကြမ်းလုပ် ရေးသား၍ မဂ္ဂဇင်းတိုက်များသို့ ပေးပို့နေချိန်ဖြစ်သည်။

"ဝသန်"မှာ နယ်မှလာ၍ အလုပ်လုပ်နေသူ ဖူးဖူး ခေါ် သူငယ်ချင်းတစ်ယောက်ရှိသည်။ ဝသန်ကဲ့သို့ပင် သူမသည် Marktting တစ်ဦးဖြစ်သည်။ ယခု ရေးသားမည့် ဇာတ်လမ်းသည် သူငယ်ချင်းဖြစ်သူ ဖူးဖူး၏ ကိုယ်တိုင် ခံစားကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန် ဇာတ်လမ်း တစ်ပုဒ်ဖြစ်သည့်အလျောက် ကာယကံရှင်၏ တောင်းဆိုမှုအရ နာမည်မှန်များကို ချန်လှပ်ကာ အဖြစ်မှန်ကို ရေးသားလိုက်ရပေသည်။

ထိုသို့ ရေးသားရာ၌ ဖူးဖူးဆိုသော မိန်းကလေး၏ အကြောင်းအနည်းငယ်ကို စာဖတ်သူတို့ သိရှိနိုင်စေရန် ရေးသားပေးရသည်ရှိသော်-

စာရေးသူ ဝသန်နှင့် သူငယ်ချင်းဖြစ်သူ ဖူးဖူးတို့သည် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက "---"ကုမ္ပဏီ၌ အတူတူ အလုပ်လုပ်ရင်း ခင်မင်ရင်းနှီးခဲ့ကြသည်။

အသက်(၂၂)နှစ် ကျော်ကျော်သာ ရှိသေးသော ဖူးဖူးသည် အလွန်တရာ လှပသူ မဟုတ်တောင်မှ သာမန်ထက်ပို၍ လှပသော မိန်းကလေးတစ်ဦးဖြစ်သည်။ အသားအရေ ဖြူဝင်းသည့်အလျောက် မချမ်းသာသော်လည်း ရှိသော အဝတ်အစားလေးနှင့် သပ်ရပ်စွာ ဝတ်တတ်၊ စားတတ်၊ နေတတ်ကာ ချစ်စဖွယ် အပြုအမူများလည်းရှိပေသည်။

စကားပြော ချိုသာသော ဖူးဖူးသည် စိတ်ရင်းလည်း ကောင်းသလောက် သူမ၏ အားနည်းချက်ကတော့ တစ်ဖက်သားကို အလွန်တရာမှ အားနာတတ်ခြင်းပင်။ သူမသည် ဘာသာရေးကိုလည်း လွန်စွာ လိုက်စားသူဖြစ်သည်။

တစ်ယောက်တည်း အေးအေးဆေးဆေး နေတတ်သော သူမမှာ နယ်ရှိ မုဆိုးမအမေနှင့် တက္ကသိုလ်တက်နေသော ညီမလေး၊ ကိုးတန်းကျောင်းသား မောင်လေးတို့အား ရိုးသားကြိုးစား၍ ရသော ဝင်ငွေလေးဖြင့် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့နေရသူဖြစ်ပေသည်။

~~~~~

တစ်နေ့ ...

ကုမ္ပဏီမှ သီတင်းကျွတ်ရက်ဖြစ်၍ ဝန်ထမ်းများအားလုံးကို ကျိုက်ထီးရိုးဘုရားသို့ နေ့ချင်းပြန်တစ်ရက်ခရီးဖြင့် လိုက်ပို့ပေးခဲ့ရာ ဝသန်နှင့် ဖူးဖူးတို့လည်း သွားရောက် ဖူးမြော်ဖြစ်ခဲ့ကြသည်။

ထို့နောက်တွင်တော့ ဖူးဖူးတစ်ယောက် ထားဝယ်မြို့ရှိ သူမ၏ မိခင်ထံသို့ သွားရောက် ကန်တော့ရန်အတွက်



www.burmeseclassic.com
~~~~~

www.burmeseclassic.com


ခွင့် (၁၀)ရက်ယူကာ ပြန်သွားလေသည်။

ခွင့်ရက်ပြည့်၍ ပြန်လာသောအခါတွင်တော့ "ဖူးဖူး" သည် အလျင်ကဲ့သို့ မဟုတ်တော့ဘဲ ရွှင်လန်းမှုမရှိ အလုပ်လုပ်ရာတွင် ငိုင်တိုင်တိုင်ဖြင့် တစ်ခါတစ်ရံတွင် ဝသန်ကို စိုက်ကြည့်နေတတ်ပြီး တစ်ခုခုကို ပြောပြချင် ရင်ဖွင့်နေချင်သည့် ပုံမျိုးဖြင့် နေခဲ့သည်။ သို့သော်လည်း ဘာမျှ မပြောလာဘဲ သက်ပြင်းရှည်ကြီးကိုသာ မှုတ်ထုတ်လိုက်သည်နှင့်အမျှ သူမ၏ မျက်နှာကလေးလည်း မှိုင်ကျသွားသည်ကို ဝသန် သတိပြုမိခဲ့သည်။

ဝသန်၏ အထင်မှာတော့ သူမ၏ မိသားစုရေးရာ အိမ်တွင်းရေး ပြဿနာတစ်ခုခုကြောင့် ဖြစ်လိမ့်မည်ဟု ထင်ကာ ဘာမျှ မမေးဘဲ အလျင်လိုသာ ပုံမှန်ဆက်ဆံခဲ့သည်။

သို့ပေမယ့် ဖူးဖူး၏ ထူးခြားမှုတစ်ခုကတော့–

အလျင်ကဆိုလျှင် ဘယ်သွားသွား ဘာလုပ်လုပ် တစ်ယောက်တည်း သွားလာတတ်ကာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် နေထိုင်တတ်သော ဖူးဖူး အခုတော့ ဘယ်သွားသွား ဝသန်ပါမှ သွားခြင်းပင်။

နောက်တစ်ခုမှာတော့ ဖူးဖူး၌ ချစ်သူရှိသည်။ သူမ၏ ချစ်သူကိုလည်း သူမ ခပ်ခွာခွာ နေလာသည်။

ဒီနေ့တော့ ...

ဖူးဖူး တစ်ယောက် ဝသန်နှင့်အတူ အလုပ်မှ ပြန်ချိန် ညနေ (၅)နာရီတွင် ကန်တော်ကြီး၌ ခဏသွားထိုင်ရအောင်ဟု ဆိုသဖြင့် ဝသန်တို့ နှစ်ယောက် ကန်တော်ကြီးသို့ ရောက်ဖြစ်ခဲ့ကြသည်။

ကန်တော်ကြီး ဝင်းအတွင်း ရေကန်အနီးရှိ လူရှင်းသော ခုံတန်းလေးတစ်ခုံ၌ ထိုင်လိုက်ကြရင်း နှစ်ယောက်သား ကရဝိက် ဟိုတယ်ကြီး၏ အလှနှင့် ကန်ရေပြင်၏ အလှများ လူအများ၏ သွားလာလှုပ်ရှားနေပုံများကို ဟိုဟိုဒီဒီ ငေးလျက်–

ညနေခင်း၏ လေတဟူးဟူးအောက်တွင် တိတ်ဆိတ်ခြင်းတို့ စိုးမိုးလျက် ငြိမ်းချမ်းအေးမြ သာယာမှုများကြောင့် တစ်နေ့တာ လုပ်ငန်းခွင်ပင်ပန်းခဲ့သမျှ တို့ မေ့ပျောက်သွားလေတော့သည်။

"သူငယ်ချင်း ဝသန် ငါလေ နင့်ကို ပြောစရာရှိတယ်"

တိတ်ဆိတ်မှုကို စ' တင် ဖြိုခွင်းလိုက်သည်က–

ဖူးဖူး၏ ချိုသာ လေးနက်သော စကားအချို့–

သူမ၏ စကားကြောင့် ဝသန် ရုတ်တရက် ဖူးဖူး၏ မျက်နှာကို အမှတ်တမဲ့ ကြည့်


www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတော့

မျက်လွှာကိုချကာ စကားလုံးတို့ကို ထွက်လာအောင် မနည်းအားယူနေသယောင်၊ သူမ၏ မျက်နှာမှာ တစ်ခုခုကို အလေးအနက်ထား စဉ်းစားနေသည့် ပုံစံမျိုးဖြင့်–

ထို့နောက် သူမ မျက်နှာကိုမော့ကာ အဝေးတစ်နေရာကို အသက်မဲ့စွာ ငေးလျက် အောက်နှုတ်ခမ်းကို တင်းတင်း ဖိကိုက်ထားရင်း သူမ၏ အခြေအနေကို မြင်လိုက်ရသောအခါ ဝသန်မှာ သူငယ်ချင်း တစ်ယောက်၏ ရင်ထဲမှာ ခံစားမှုများကို မျှဝေလိုသောစိတ်ဖြင့် ဖူးဖူး၏ လက်ဖဝါးလေး တစ်ဖက်ကို ချစ်သူရည်းစား တစ်ယောက်ကဲ့သို့ ညင်သာစွာ ဆုပ်ကိုင်လိုက်ပြီး–

''သူငယ်ချင်း နင်ရဲ့ ရင်ထဲမှာ တစ်ခုခုကို ခံစားနေရတယ်ဆိုရင် ငါ့ကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်လိုက်ပါဟာ။ ငါတို့ နှစ်ယောက်က ဘာမှ ဖုံးကွယ်ထားစရာ မလိုတဲ့ သူငယ်ချင်း အရင်းကြီးတွေပဲလေ''

''ဝသန် ငါလေ ဒီတစ်ခေါက် ရန်ကုန်ကို ပြန်မလာခင်မှာ အလွန်ကိုကံဆိုးမိုးမှောင်ကျသလို ရင်နာစရာကိစ္စ တစ်ခုနဲ့ ကြုံခဲ့ရတယ်ဟာ။ ငါရဲ့ ရင်ထဲမှာ ဘယ်လိုမှ မေ့ဖျောက်လို့မရဘူး။ ဒါတွေကို ငါတစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေတယ်။ ဒါပေမယ့် နင်က စာရေးဆရာမဆိုတော့လေ''

''သူငယ်ချင်းရယ် နင်ဖြစ်ပျက်ခဲ့ရတဲ့ ကိစ္စတွေကို ငါ့ရဲ့ရင်ထဲမှာပဲ သိမ်းထားလိုက်ပါ့မယ်။ နင်ရဲ့ဆန္ဒမပါဘဲ ငါ စာထဲထည့်မရေးပါဘူး။ နင်စိတ်ပေါ့သွားအောင် ရဲရဲသာ ရင်ဖွင့်လိုက်ပါဟာနော်''

''တကယ်တော့လေ ဝသန် ငါရဲ့ အရှက်နဲ့ ရင်းပြီး နင့်ကို ရင်ဖွင့်ရမှာပါဟာ၊ ဒါပေမယ့် ငါ့ရဲရင်ထဲမှာ မွန်းကျပ်လွန်းလို့၊ ပြီးတော့ ငါ အတော်စိတ်နာတယ်၊ အတော်လဲ ကြောက်တယ်၊ ပြန်စဉ်းစားမိရင် ငါ့ရဲ့အတွက်တော့ အိပ်မက်ဆိုးပဲသိလား''

''နင် ဘာတွေများ ကြုံတွေ့ခဲ့ရလို့လဲဟင်၊ ကြည့်ပါဦး မျက်ရည်တွေလ၊ စီးကျလို့ ငိုချင်ရင် ငိုချလိုက်ပါဟာ တင်းမထားပါနဲ့၊ ဟုတ်ပြီလား''

''ငါ မငိုဘူး ဝသန် ငါ လုံးဝ မငိုဘူး''

''ဟွန်း မငိုဘူးလဲ ပြောတယ်၊ ပါးမှာလဲ မျက်ရည်တွေနဲ့''

''ငါ စိတ်နာလွန်းလို့ ငါ နင့်ကို ပြောပြမယ်၊ နင် သေချာ နားထောင်နော်''

''အင်း ပြော''

''ငါ အိမ်ကို မပြန်ခင့်လေ၊ ငါတို့ ကုမ္ပဏီက နေ့ချင်းပြန် ကျိုက်ထီးရိုးကို ဘုရားဖူးလိုက်ပို့ပေးတာလေ၊ နင်မှတ်မိသေးလား၊ ပြီးတော့ အဲဒီတုန်းက ကောင်လေးတစ်ယောက်က ငါ့ကို လှမ်းနှုတ်ဆက်တာလေ၊ ငါက သူ့ကို မမှတ်မိတော့ဘူး။ တကယ်တော့ သူက ငါရဲ့ ဝမ်းကွဲမောင်လေးဆိုတာလေ''

''အင်း ငါ မှတ်မိပါတယ်။ နင်ရဲ့ ဝမ်းကွဲမောင်လေးကိုပေါ့''

''တကယ်တော့ သူက ဝါအရဆိုရင် ငါရဲ့ ဦးလေးတစ်ယောက် ဒါပေမယ့် ငါ့ထက် ငယ်တော့ ငါကမောင်လေးလို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



သဘောဘာထားတာလေ၊ အမျိုးတွေဆိုပေမယ့် သူတို့က ကျိုက်ထိုမှာ နေပြီး ငါတို့က ထားဝယ်မှာနေတော့နည်းနည်းစိမ်းတယ်၊ သူက ကျိုက်ထီးရိုးဘုရားရဲ့ အလှူခံ ဌာနမှာ အလုပ်လုပ်တာလေ''

''အင်း ငါသိတယ်လေ နင်ငါ့ကို ပြောပြထားတာပဲ၊ ဒါနဲ့ အခု ကိစ္စက သူနဲ့ ဆိုင်နေလို့လား''

''ဆိုင်တာပေါ့ ဝသန်ရယ်၊ သိပ်ဆိုင်တာပေါ့။ အဲဒီမှာ သူနဲ့ ငါပြန်တွေ့တော့ သူက ငါ့ဆီက ဖုန်းနံပါတ်တောင်းလို့ ငါပေးခဲ့တယ်လေ။ အဲဒီနောက်ပိုင်းလဲ ငါ့ကို ဘုရားဖူးလာဖို့ ခဏခဏ ခေါ်တော့တာပဲ''

''ဟုတ်တယ်နော် သူရဲ့ ဖုန်းခဏခဏလာလို့ နင်မကိုင်ချင်တော့တာနဲ့ ငါ့ကိုတောင် နင်မရှိဘူး၊ ဘာညာနဲ့ လိမ်ခိုင်းလိုက်သေးတယ်လေ''

''ငါက သူကို မောင်လေးတစ်ယောက်လိုပဲ သဘောထားတာ၊ အခု ဒီတစ်ခေါက် အိမ်ပြန် မေမေ့ကို သွားကန်တော့ပြီး ပြန်လာတော့ ထားဝယ်ကနေ ရန်ကုန်ကို ကားစီးရင် ရန်ကုန်ကို ည ၁၀ နာရီမှ ရောက်မှာလေ၊ ညဘက်ဆိုတော့ ငါတစ်ယောက်တည်း သွားလာရအဆင်မပြေမှာစိုးလို့ ငါ မော်လမြိုင်ထိပဲ လက်မှတ်ဖြတ်ပြီး မော်လမြိုင်မှာ တစ်ညအိပ်လိုက်တာ၊ ငါ မော်လမြိုင်ရောက်တော့ သူက ဖုန်းဆက်တယ်၊ အဲဒီတော့ ငါကလဲ ဒီည မော်လမြိုင်မှာ တစ်ညအိပ်ပြီး မနက် ကားနဲ့ ရန်ကုန်ကို ပြန်မယ့်အကြောင်း ပြောတော့၊ သူက ငါ့ကို မော်လမြိုင် ရောက်မှတော့ ကျိုက်ထီးရိုးဘုရားကို ဝင်ဖူးပြီးသွားမှ ရန်ကုန်ကို နေ့လယ်ကားနဲ့ ပြန်ပေါ့လို့ ပြောတယ်--

**''အင်း ငါသိတယ်လေ နင်ငါ့ကို ပြောပြထားတာပဲ၊ ဒါနဲ့ အခုကိစ္စက သူနဲ့ ဆိုင်နေလို့လား''**

''ဒါပေမယ့် ငါက မလာတော့ဘူးလို့ ငြင်းတယ်။ သူကလဲ အလုပ်သွားပြန်လုပ်မှာ ဘုရားလေးတော့ ဝင်ဖူး သွားသင့်တာပေါ့၊ ပြီးတော့ မသူသူလဲ အဲဒီက ရိုးရိုးလေး ဟိုတယ်မှာ အလုပ်လုပ် နေတယ်တဲ့။ သူသူဆိုတာက ငါနဲ့ ငယ်ငယ်လေးတုန်းက အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေ၊ မတွေ့ဖြစ်ကြတာလဲ ကြာနေပြီပေါ့။ နောက်ပြီး သူကတကယ်လို့ ငါလာရင် ကုန်ကျစရိတ်အားလုံးအတွက် သူတာ ဝန်ယူတယ်လို့ ပြောတော့ ငါ လဲ စဉ်းစားလိုက်ဦးမယ်ပေါ့---

''နောက်တော့ ငါလဲ စရိတ်မကုန်ဘဲ ဘုရားဖူးရမှာ ငယ်သူငယ်ချင်း သူသူနဲ့လဲ တွေ့ရဦးမယ် ပြီးတော့ နေ့လယ်ကားနဲ့လဲ ရန်ကုန်ကို ပြန်လို့ရတယ်ဆိုတော့ သွားရင်ကောင်းမယ်ဆိုပြီး မော်လမြိုင်မှာ တစ်ညအိပ်ပြီး ကင်မွန်းစခန်းကို မနက် အစောဆုံးထွက်တဲ့ ၆း၃၀ ကားနဲ့လိုက်သွားတယ်---

''မော်လမြိုင်နဲ့ ကင်မွန်း စခန်းကို ရောက်တယ်။ ငါကလဲ ဒီနေ့အရောက် ရန်ကုန်ကို ပြန်ရမှာဆိုတော့ ရန်ကုန်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်မယ့် နောက်ဆုံး ကား ၃း၃၀ လက်မှတ်ကိုဖြတ်ပြီး ပါလာတဲ့ ပစ္စည်းတွေကို 'ရိုးရိုးလေး' ထမင်းဆိုင်မှာ အပ်ပြီး တောင်ထက်ကားနဲ့ ကျိုက်ထီးရိုးကို တက်သွားတာပေါ့--

"ကျိုက်ထီးရိုးတောင် ပေါ်ရောက်တော့ နေ့လယ် ၁၂ နာရီ ရှိပြီ၊ ဒီတော့ကားက ၃း၃၀ ဆိုတော့ ၂း၀၀ နာရီလောက် ... ပြန်ဆင်းရင် မီတယ်လေ။ အဲဒီလိုနဲ့ ငါရဲ့ မောင်လေးဆီကို ... ဆက်တော့ သူက လာကြို ... တကယ်တော့ သူ့မှာ ... မရှိဘူး။ လိုင်းဖုန်းက ... ခေါ်နိုင်းရတာ၊ ပြီး ... ငါ့ကို "သူသူ့"ဆီ ... သွားလည်ပြီး ဘုရားလေး ... ဖူးပြီး ပြန်ပေါ့လို့ ပြော ... သူနောက်လိုက် သွား...ပေါ့---

"အဲဒီမှာပဲ ငါ့အတွက် ကံဆိုးမိုးမှောင်စရာ ကိစ္စက ဖြစ်လာတာပဲ။ ငါက သူ့ကို မောင်လေးတစ်ယောက်လိုပဲ သဘောထားပြီး ယုံမိတာကိုး"

သူငယ်ချင်း၏ ပြောပြချက်များအား စာဖတ်သူတို့အတွက် ဗဟုသုတရစေရန် အလို့ငှာ နောက်တစ်ခုမှာ မိန်းကလေးတစ်ယောက် အနေဖြင့် မည်သူ့ကိုမျှ နောက်ဆုံး ဆွေမျိုးရင်းချာကအစ ယုံကြည်၍ မရကြောင်းကို သင်ခန်းစာယူနိုင်ရန်အတွက် မျှဝေပေးချင်သော ဆန္ဒဖြင့် ဖူးဖူး၏ ခွင့်ပြုချက်အရ ဝသန်က ခံစားရေးသား၍ တင်ပြလိုက်ရပါသည်။

~~~~~

(၂)

"သော်ဇင်ဦး"

"ဖူးဖူး"၏ မောင်လေး ဝမ်းကွဲဖြစ်သည်။

"မဖူးဖူး ကျွန်တော့်မှာ စောင့်လိုက်ရတာဗျာ၊ လာ အစ်မသူငယ်ချင်း "သူသူ' အလုပ်လုပ်နေတဲ့ ဟိုတယ်ကို သွားလည်ပြီး ခဏတဖြုတ်နားပြီး ဘုရားသွားဖူးကြတာပေါ့"

"ငါ အချိန်သိပ်မရဘူးနော်၊ ၂ နာရီထိုး...နဲ့ ပြန်မယ့်ကားလက်မှတ် ဖြတ်ခဲ့ပြီးပြီ"

"ဟုတ်လား စိတ်မပူပါနဲ့၊ နှစ်နာရီထိုး...နဲ့ ကျွန်တော် ကားပေါ်အရောက် ပြန်ပို့ပေးမယ် စိတ်ချ"

ဤသို့ဖြင့် သူ့ကို ယုံကြည်မိသော ကျွန်မသည် သူခေါ်သွားသော ဟိုတယ်သို့ "သူသူ"ရှိမည်အထင်နှင့် လိုက်သွားမိခဲ့သည်။ ရိုးရိုးလေးဟိုကယ်သို့ ရောက်သောအခါ သူက ကျွန်မအား အခန်းတစ်ခန်း၌ ထားကာ ခဏစောင့်နိုင်းပြီး ကျွန်မ၏ သူငယ်ချင်းကို သွားခေါ်ပေးမည်ဟုဆိုကာ ထွက်သွားသလို ကျွန်မ၏ ဟန်းဖုန်းကိုလည်း ခဏ ဟုဆိုကာ တောင်းသွားလေသည်။

အမှန်ဆိုလျှင်တော့ သူ

"အဲဒီမှာပဲ ငါ့အတွက် ကံဆိုးမိုးမှောင်စရာကိစ္စကဖြစ်လာတာပဲ၊ ငါက သူ့ကို မောင်လေးတစ်ယောက်လိုပဲ သဘောထားပြီး ယုံမိတာကိုး"

www.burmeseclassic.com
~~~~~

www.burmeseclassic.com



သည် ကျွန်မ၏ ဝမ်းကွဲမောင်လေးဖြစ်သည့်အလျောက် ကျွန်မသည် သူ၏ အပေါ်၌ မယုံသင်္ကာသည့် စိတ်မျိုး လုံးဝမရှိခဲ့ပေ။ ထိုအတွေးတို့က လုံးဝမှား ခဲ့လေပြီ။

ခဏကြာတော့ သူ ပြန်ရောက်လာသည်။ "သူသူ" လည်း မပါ။

"သူသူ"ရော

ကျွန်မ၏ အမေးကို သူက မဖြေဘဲ တံခါးကို ချက်ထိုးပိတ်လိုက်သည်။ မောင်နှမ ဆိုသော်လည်း အခန်းတစ်ခန်းထဲတွင် ယောကျ်ားလေးနှင့် မိန်းကလေးမို့ ယခုကဲ့သို့ မနေရန်မသင့်ဟု ထင်မိသလို မသိစိတ်ကလည်း အနည်းငယ်ရင်ထိတ်သွားသည်။

"တံခါး ဖွင့်ထားလေ၊ ဒါမှ မဟုတ်ရင် ငါ အပြင်မှာပဲ သွားစောင့်နေလိုက်တော့မယ်။ ငါ အချိန်မရဘူး"

ကျွန်မ ပြောပြောဆိုဆိုနှင့် တံခါးနားသို့ လျှောက်အလာ သူက တံခါးချက်ကို သူ့ကိုယ်လုံးနှင့်ကွယ်လျက် ကျွန်မဖက်ကို မျက်နှာမူထားပြီး–

"ကျွန်တော် တကယ်တော့ အစ်မကို ညာခေါ်တာ အစ်မ သူငယ်ချင်းက ဒီမှာမရှိဘူး"

"ဘာ––ဘာ နင်–– နင် ဘာသဘောလဲ၊ နင်နဲ့ ငါ က မောင်နှမတွေနော်။ နင် မဟုတ်က ဟုတ်ကတော့ မကြံလောက်ပါဘူး။ ဒါ ဘုရားမှာလေ နင် ငရဲကြီးမှာပေါ့"

ကျွန်မ ရင်တွေ ဗလောင် ဆူသွားသည်နှင့်အမျှ မထင်မှတ်ထားသည့် ယခုလိုဖြစ်ရပ်ကြောင့် ကျွန်မ ပါးစပ်မှ ဘာတွေပြောမိလို့ ပြောမိမှန်းပင် မသိတော့ ရောက်တတ်ရာရာ ထွက်ကုန်တော့သည်။

"ငရဲကြီးလဲ ကြီးပါစေဗျာ။ ကျွန်တော်ကတိပေးတယ်၊ အစ်မကို ကျွန်တော် လက်ထပ်ယူမှာပါ။ ကျွန်တော် ဒီလိုအခွင့်အရေးကို စောင့်ခဲ့ရတာ ကြာပြီ၊ အစ်မကိုလဲ ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ရတာ"

"နင် ရူးနေပြီလား၊ ဖယ်––ဖယ်ပေး ငါပြန်မယ်"

ကျွန်မ မည်သို့မျှ ငိုယို တောင်းပန်သော်လည်း အချည်းအနှီးသာဖြစ်ခဲ့လေပြီ။ လိုချင်ရမ္မက်စိတ် ပြင်းပြနေသော သူ့လို လူတစ်ယောက်ကြောင့် လူစိတ်ပျောက်လို့ ဘုရားမှန်း မသိ၊ ကျောင်းမှန်းမသိသော သူ့လိုယောကျ်ား တစ်ယောက်ကို ကျွန်မဘဝရဲ့ အတိတ်ဘဝ ဝဋ်ကြွေးလို့ပဲဆိုလေမလား။ ကျွန်မရဲ့ ဘဝအမှောင်ထဲမှာ နစ်မွန်းသွားခဲ့ရပြီ။

ယောကျ်ားလေးနှင့် မိန်းကလေး အင်အားချင်းယှဉ်ပါက မည်သို့မျှ မယှဉ်နိုင်ပေ။ မိန်းကလေးတို့သာ ရှုံးနေမြဲ မဟုတ်ပါလား။

ကျွန်မ အော်ဟစ် အကူအညီ တောင်းသော်လည်း ကျွန်မ၏ ပါးစပ်ကို သူက လက်နှင့် ပိတ်ထားသည်။ မျက်ရည်ကို အဖော်ပြု ဘုရားကို 'တ'ရုံမှတစ်ပါး ကျွန်မမှာ အားကိုးစရာ မရှိတော့ပါလား။

"ဖုန်း" ကျွန်မ၏ ဟန်းဖုန်းကိုလည်း သူက သိမ်းထားလိုက်သေး။ ကျွန်မ၏ ရင်ထဲမှာတော့ အမုန်းမီးတို့က နှလုံးသားတစ်ခုလုံးကို လောင်မြိုက်လျက် နှုတ်ခမ်းကို တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



စေ့ကိုက်ထားရုံမှလွဲ၍ . . ။

ကျွန်မ ကိုယ့်ကိုယ်ကို သတ်သေဖို့ စဉ်းစားသည်။

သို့သော်--

ကျွန်မ သေရမှာ မကြောက်သော်လည်း ကျွန်မ သေသွားပါက ကျွန်မကို မှီခိုအားထားပြီ နေနေကြရရှာသော ကျွန်မကို သိပ်ချစ်ကြသည့် မေမေ၊ ညီမလေးနှင့် မောင်လေး မည်သို့ရှေ့ဆက်ကြမည်နည်း။

ကျွန်မ သေ၍ မဖြစ်ပါ။

ကျွန်မ အလုပ်တွေ လုပ်ရဦးမည်။ ကျွန်မ၏ နောက်၌ မေမေ၊ ညီမလေးနှင့် မောင်လေးတို့ရှိသည်။ ထို့ကြောင့်–

ကျွန်မ ဆုံးဖြတ်ချက်ချလိုက်သည်။ ကျွန်မ၏ ဘဝ တစ်ခုထက် လူသုံးယောက်၏ ဘဝက ပို၍ တန်ဖိုးရှိသည်။ ကျွန်မ၌ တာဝန်တွေ ရှိနေသေးသည်။ သူတို့အတွက် ကျွန်မ သေ၍ မဖြစ်ပါ။

ရင်ထဲမှ ဒဏ်ရာတို့ကို ကြိတ်မှိတ်မျိုသိပ်လျက် သေချာသည်ကတော့ ကျွန်မသည် ကျိုက်ထီးရိုး တောင်တန်းကြီးနှင့်တကွ ကျိုက်ထီးရိုး ဘုရားဝင်းရှိ အရာအားလုံးကိုပါ မုန်းသွားခဲ့သည်။

ကျွန်မသည် လူတစ်ဖက်သားကို နာကျင်အောင်မပြုလုပ်ရက်ပါ။ သူကတော့ ကျွန်မအပေါ် ရက်ရက်စက်စက် လုပ်ရက်သွားခဲ့ပြီ။

မောင်နှမ နှစ်ယောက်၏ ဖြစ်ရပ်ဆိုးအတွက် ကျွန်မ လူရှေ့သူရှေ့မပြောဝံ့ပါ။ ကျွန်မ မိဘရော သူ့ မိဘတွေပါ မျက်နှာပျက်ကြရလိမ့်မည်။

ထို့ထက် သူသည်လည်း သား အကြီးဆုံးဖြစ်ပြီး သူ၏ မိခင်နှင့် မကြာခင်ကမှ ဆိုင်ကယ်မှောက်၍ ဆေးရုံတင်ထားရသော သူ၏ညီလေးတို့မှာ သူ့အား မှီခိုနေရသည်ဖြစ်ကာ သူသည်လည်း အဆင်ပြေသည့် မိသားစုမှ မဟုတ်သလို ကျွန်မသည်လည်း အဆင်ပြေသည့် မိသားစုမှ မဟုတ်ပေ။

အရာရာကို စဉ်းစားချင့်ချိန်၍ ကျွန်မ၏ အပျိုရည်ဘဝကို အတိတ်ဝင်္ဂကြွေးပမာ လူမသိသူမသိ ရင်နှင့်စရာ အဖြစ်တွေနှင့် စတေးလို့ ရင်ထဲမှာသာ သိမ်းထားလိုက်လေပြီ။

လောကကြီး၌ ထိုကဲ့သို့ စည်းမစောင့်သော ယောကျ်ားများရှိနေခြင်းကြောင့် ကျွန်မတို့ လိုအားနွဲ့သော တစ်ကိုယ်ရည် တစ်ကာယ လှုပ်ရှားရုန်းကန်နေရသော ရိုးရိုးသားသား ကြိုးစားနေသည့် မိန်းကလေးတွေ ယခုကဲ့သို့ အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ကြရသည့်အဖြစ်ကို စာဖတ်သူတို့ အားသိစေချင်ပါသည်။

မိန်းကလေး တစ်ဦး အနေဖြင့် မည်သူကိုမျှ အယုံမလွယ်သင့်သလို တစ်ဦးတည်း ခရီးသွားလာခြင်းကိုလည်း တတ်နိုင်သမျှ ရှောင်ရှားသင့်သည်ကို သိစေလိုသောဆန္ဒဖြင့် တစ်မျိုး ယောကျ်ားလေးတွေကိုလည်း မိမိ၏ စည်းမစောင့်မှုကြောင့် တစ်ဖက်သား မိန်းကလေးတို့၏ ဘဝ ယခုကဲ့သို့ ဖြစ်ရခြင်းကို သင်ခန်းစာယူ၍တစ်ဖုံ ထိုကဲ့သို့ ယောကျ်ားလေးများ လောကကြီး၌ နောက်ထပ်မရှိပါစေနှင့်ဟု ဆန္ဒပြုရင်း . . . ။

ဝါဆိုဝသန် (မြန်မာစာ)




www.burmeseclassic.com

www.burmeseclassic.com

# သံသယတစ်စက်က တေးတစ်ချေက်

တွင်းကြီးသား (တင်ဝင်းဦး)





www.burmeseclassic.com

www.burmeseclassic.com



**"သံသယတစ်စက်**
**မားတစ်ချက်"**

**တွင်းကြီးသား–တင်ဝင်ဦး**

မတွေ့ချင် မမြင်ချင်တော့ပေမယ့် တွေ့နေကြားနေရသည့် အခါမျိုးတွေမှာ နယ်ထိန်း မြင့်ထွန်း . . . စိတ်အေးအေး ထားပြီးဖြေရှင်းရသည်က များသည်။ မိမိတို့ ရဲကင်းသည် ထိန်ပင်သာရွာမှာ အခြေချထားသည်မို့ မိမိနယ်မြေအတွင်း ဖြစ်ပျက်ခဲ့သမျှ အမှုအခင်းများသည် မိမိနှင့် ပထမဦးဆုံး ထိပ်တိုက်တွေ့ရတာက များသည်။

ဆဲဆိုမှု၊ ထိပ်ပေါက်ခေါင်းကွဲ ပြီးတော့ သုံးလုံးကိစ္စကအစ ခားပြမှုအထိ နယ်ထိန်း မြင့်ထွန်း ရင်ဆိုင်ခဲ့ဖူးသည်။ အဲ လူသတ်မှုမျိုး၊ မုဒိမ်းမှုနှင့် ခားပြမှုကတော့ မကြုံတွေ့ခဲ့တာကြာပြီ။ ကျန်တဲ့ နှစ်လုံးသုံးလုံးကိစ္စ၊ ရန်ဖြစ်တာ၊ မြေယာကြောင့် ရိုက်နှက်ကြတာမျိုး။ အဲ ဒီဝိုင်း၊ ကြက်ဝိုင်းဖမ်းရတာမျိုးကတော့ အမြဲလိုလို။

အမှုသေးတွေ ရင်ဆိုင်ရတိုင်း လူတွေရဲ့ လောဘတရားကို အဖြေရှာကြည့်မိသည်။ လောဘကြောင့် ဒေါသဖြစ်၊ ဒေါသကြောင့် ပြစ်မှုကျူးလွန်ကြတာများသည်။ ဒီနေ့ကာလက ကိုယ်ရှိမှ ကိုယ်စားရ၊ ဝတ်ရတာပဲဆိုသည့် အတွေးကလိပ်မျိုးလိုဖြစ်နေပြီး ကိုယ့်ဘက်ကို ယက်နေသည်ကသာများသည်။

လက်ထဲက သတင်းစာကို ဟိုလှန်ဒီလှန်လုပ်ရင်း ရုံးခန်းရှေ့ ကုလားထိုင်မှာ ထိုင်ရင်း နယ်ထိန်းမြင့်ထွန်းအတွေးနယ်ချဲ့နေသည်။ ဒီကနေ့ ကြည်ဝင်းတို့ မြင့်နိုင်ထွန်းတို့အဖွဲ့ နယ်မြေသတင်း အယူခိုင်းတာ ပြန်မလာကြသေး။ ရဲကင်းမှာတော့ တပည့်ကျော်အောင်မျိုးနှင့်ခင်လှ ကျင်ဆောင်တို့ကျန်ရစ်လေသည်။

"ဆရာ . . . ဆရာ"

ရုတ်ခြည်း ဆိုင်ကယ်နှင့် အပြေးရောက်လာသူက အောင်မျိုး။

"ဘာလဲ အောင်မျိုး"

"ကုန်းကြီးရွာက ဥက္ကဋ္ဌနဲ့အဖွဲ့ လာနေပြီ ဆရာ"

"ဘာအမှုတဲ့လဲ"

"လူသတ်မှုတဲ့ ဆရာရဲ့"

အောင်မျိုး အဖြေကြောင့် နယ်ထိန်းမြင့်ထွန်း စိတ်လှုပ်ရှားသွားသည်။ လူသတ်မှုဆိုတာက အမှုကြီး။ ခေါင်းစားရမည့်အမှုကြီး။ နယ်ထိန်း မြင့်ထွန်း တွေးနေဆဲမှာပင် ကုန်းကြီးရွာက ဥက္ကဋ္ဌနှင့်အဖွဲ့ ရဲကင်းအတွင်းဝင်လာသည်။

"အထဲဝင်ပါ ဥက္ကဋ္ဌ"

အောင်မျိုးက နယ်ထိန်း မြင့်ထွန်း ဝင်သွားရာ ရုံးခန်းအတွင်း မေးငေါ့ပြရင်း ပြောလိုက်သည်။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လာသည်။ စာရေးကို ခေါ်လိုက်သလို၊ အောင်မျိုးကိုလည်း အနားမှာနေရန် မျက်ခြည်ပြလိုက်သူက နယ်ထိန်း မြင့်ထွန်း။

"ကဲ ဥက္ကဋ္ဌ ပြောပါဦး"

"ဟုတ်ကဲ့ဆရာ သေသူက ညိုမာတဲ့"

"ညိုမာ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ညိုမာကို ဘယ်သူက သတ်တာလဲ ဥက္ကဋ္ဌ"

"ကျော်အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်အေး"

"ဟုတ်ပါတယ်"

မေးသမျှ ဖြေနေသည့် ဥက္ကဋ္ဌ စကားများကို နားထောင်ရင်း နယ်ထိန်းမြင့်ထွန်း တွေးနေမိသည်။ တစ်ပတ်ကို တစ်ကြိမ်ခန့် နယ်မြေအေးချမ်းရေးနှင့် အခြားကိစ္စကြီးငယ်ရှိ၍ ကုန်းကြီးရွာကို ရောက်ခဲ့သည်။ ဒီတော့ နယ်ထိန်းမြင့်ထွန်းအနေဖြင့် ကုန်းကြီးရွာသူရွာသားတွေနှင့်ခင်မင်ခဲ့သူက များသည်။ မဒိသလောက် အခြေအနေမျိုးမို့ ယခု ကျော်အေးဆိုတဲ့ အကောင်လည်းသိ ညိုမာဆိုတဲ့ မိန်းကလေးကိုလည်း သိသည်။ အရင်းနှီးကြီးတော့မဟုတ်။

"သူတို့က လင်မယား မဟုတ်လား ဥက္ကဋ္ဌ"

ရုတ်တရက် နယ်ထိန်းမြင့်ထွန်းကမေးလိုက်သည်။

"ဟုတ်ပါတယ် ဆရာ"

"ကဲ ကဲ အချိန်သိပ်မရှိဘူး ဥက္ကဋ္ဌ။ သွားကြရအောင် အောင်မျိုးရေ ပြင်ဆင်ထားပေတော့။ မင်းရောလိုက်ခဲ့ ဆရာ။ မြို့နယ်ကို သတင်းပို့လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

နယ်ထိန်း မြင့်ထွန်းက မြို့နယ် စခန်းမှူးနှင့် ရဲတပ်ဖွဲ့မှူးရုံးထံ ထူးခြားဖြစ်စဉ် သတင်းပို့လိုက်သည်။ တပည့် အောင်မျိုးကလည်း ကုန်းကြီးသွားဖို့ ပြင်ဆင်နေပြီ။ ပြီးသည်နှင့် ကုန်းကြီးအဖွဲ့နှင့်အတူ နယ်ထိန်း မြင့်ထွန်းနှင့် တပည့် အောင်မျိုးတို့ ကုန်းကြီးရွာကို ခရီးနှင်ခဲ့ကြရပြီ။

ရဲကင်းနှင့် ကုန်းကြီးက ရှစ်မိုင်ခန့်ဝေးသည်။

---။---

ကုန်းကြီးရောက်တော့ အချင်းဖြစ်နေရာကို အလျင်သွားသည်။ အချင်းဖြစ်နေရာက ကျော်လင်းရဲ့ မိဘအိမ်မှာ။ ညိုမာ့အလောင်းသည် အိမ်ရဲ့ အနောက်ဘက် နွားစာ တိုက်အောက်မှာဖြစ်ပြီး အလောင်းကို ဖျာအုပ်ထားသည်။ ညိုမာ့ရင်ဝမှာ ဓားချက်တစ်ချက်တည်းနှင့် သေဆုံးရခြင်း။ အဲ ကျော်အေးကတော့ မရှိတော့ပြီ။ ထွက်ပြေးသွားပြီ။

နယ်ထိန်းမြင့်ထွန်းတို့ ရောက်သည်နှင့် ရွာကလူတွေ ပိုပြီး ရောက်လာကြသည်။ စောစောကတော့ လေးငါးဦးခန့်သာ အလောင်းနှင့် မနီးမဝေးမှာရှိနေပြီး ကျော်အေးရဲ့ အမေဖြစ်သူနှင့် အဖေဖြစ်သူတို့မှာတော့ အိမ်ထဲမှာ ကျိတ်ငိုရင်းရှိသည်။

"အောင်မျိုး အလောင်းကို ဓာတ်ပုံ ရိုက်ပြီးရင် အချက်အလက်တွေရေး"

"ဟုတ်ကဲ့ဆရာ"

လုပ်စရာရှိတာ ထောင့်စေ့အောင်လုပ်၊ မြို့နယ်ကို အကြောင်းကြားလိုက်သည်။ လူသတ်မှုကြီးပေမို့ မြို့နယ်မှူးအပါအဝင် စခန်းမှူးနှင့်တပည့်အချို့ကားနှင့်အရောက်လာကြသည်။ ပြီးတော့ နယ်ထိန်းမြင့်ထွန်းကို ညွှန်ကြားစရာရှိတာ ညွှန်ကြားပြီး ပြန်သွားကြသည်။

"ရဲကင်းမှူး ၊ ထွက်ပြေးတဲ့ တရားခံနောက်ကို အမြန်လိုက်ပါ"

"ဟုတ်ကဲ့"

မြို့နယ်က အဖွဲ့ပြန်သွားသည်နှင့် နယ်ထိန်း မြင့်ထွန်း လုပ်ငန်းစရပြီ။ ယခုအမှုက လင်သားဖြစ်သူ ကျော်အေးက ဇနီးဖြစ်သူ ညိုမာကိုသတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်ဆိုတာ သေချာပြီ။ အဲ ကျော်အေးထွက်ပြေးသွားသည့် ဆိုတော့ ကျော်အေးနောက် လိုက်ဖို့သာ အဓိက။ ကျော်အေး ကိုမိဖို့သာ အဓိက။

ထွက်ပြေးသွားသည့် ကျော်အေးအနေဖြင့် မိမိချစ်ဇနီး ကို ဘာကြောင့် သတ်ခဲ့ရ သနည်း။ ဘယ်လိုအကြောင်း ကြောင့် သတ်ခဲ့ရတာလဲ။ ဘာ တွေ မသင့်မမြတ် ဖြစ်ကြကာ လဲ။ ညိုမာက အပြောမတတ် လို့လား။ အငြိုးကြီးအောင် ညို မာ ဘာတွေလုပ်ခဲ့လို့လဲ။

နယ်ထိန်း မြင့်ထွန်း တွေးရင်း ခေါင်းစားနေသည်။ အလောင်းကို မြို့နယ်ပို့အပြီးမှာ တော့ ကျော်အေးမိဘတွေ၊ ဆွေမျိုးတွေနှင့် ညိုမာ မိဘတွေ ဆွေမျိုးတွေနှင့်ပါတွေ့သည်။ မေးစရာရှိတာမေး မှတ်စရာရှိ တာမှတ်။

ပြီးသည်နှင့်ဥက္ကဋ္ဌ အဖွဲ့ ဝင်နှင့် စာရေး၊ ပြီးတော့ ရာအိမ်မှူး၊ ဆယ်အိမ်မှူးအချို့ ကို ခေါ်ပြီး ရုံးကိုလာခဲ့ကြသည်။

"ကဲ ဥက္ကဋ္ဌ၊ ကျော် အေးကို လိုက်မရှာခင် မေးစရာ ရှိတာ မေးရဦးမယ်"

"ဟုတ်ကဲ့ မေးပါ"

"ညိုမာ အကြောင်း ဘာသိထားတာရှိလဲ၊ ဆိုလိုတာ က ညိုမာမှာ ကျော်အေးနဲ့ ရပြီး တဲ့နောက် အိမ်ထောင်ရေး ဖောက်ပြန်တာမျိုးရှိခဲ့သလား"

နယ်ထိန်း မြင့်ထွန်း အမေးကြောင့် ဥက္ကဋ္ဌ စဉ်းစား သည်။ အခြားသူတွေလည်း စဉ်း စားဟန်ပြုနေဆဲ..

"အမှန်ပြောရရင် လူမှု ရေးဖောက်ပြန်မှု သတင်းက တော့ လုံးဝမရှိပါဘူး ဥက္ကဋ္ဌ၊ ညို မာက ရိုးသားတယ်။ အနေအ ထိုင် ပိရိပါတယ်။ ရှက်တတ် ကြောက်တတ်တဲ့ စိတ်ထားရှိပါ တယ်ဆရာ။ အပြစ်အနာအဆာ ကတော့ လုံးဝမရှိပါဘူး"

ဥက္ကဋ္ဌ အဖြေစကားနှင့် အတူ အခြားတာဝန်ရှိသူတွေက ပါထောက်ခံမှုပေးခဲ့ကြသည်။

"ဒါဖြင့် ကျော်အေးနဲ့ မရခင်မှာရော ညိုမာမှာ ငယ် ရည်းစားဆိုတာမျိုးရှိခဲ့သလား"

"မရှိဘူး ဆရာ။ အဲ သလို အရှုပ်အရှင်းကတော့ ရှင်း တယ်။ အခု ကျော်အေးနဲ့ရခဲ့ တာကလဲ သူတို့အချင်းချင်း ချစ် ပြီးယူခဲ့ကြတာ။ ဒါပေမယ့် "

ဒါပေမယ့် ဆိုပြီး စကားဖြတ်လိုက်သည့် ဥက္ကဋ္ဌ စကားကြောင့် နယ်ထိန်း မြင့် ထွန်း မျက်ခုံးတစ်ဖက် ပင့်တင် ပြီး စိတ်ဝင်တစားနားစိုက် ကြည့် နေမိသည်။

"ဒါပေမယ့် ဘာဖြစ် သလဲ ဥက္ကဋ္ဌ ပြောပါ"

"ဟို သူတို့က ရလို့ သာရခဲ့တာ ... ဟို"

"စောစောက ဥက္ကဋ္ဌ ပြောတော့ သူတို့အချင်းချင်း ချစ်လို့ယူခဲ့တာဆို၊ အခု"

"အဲသလို ချစ်လို့ယူခဲ့ ကြတာ ဟုတ်ပါတယ်ဆရာ။ ပြောလိုတာက ညိုမာ့ အဖေက သူ့သမီးကို ကျော်အေးနဲ့ လုံးဝ သဘောမတူခဲ့ဘူးလေ"

"အဲဒီတော့"

"အဲသလို ညိုမာ့ အ ဖေက သဘောမတူခဲ့လို့ မင်္ဂ လာ မဆောင်ခဲ့ရဘူးလေ။ အခု သူတို့ရတာ နှစ်နှစ်ကျော်လာပြီ လေ"

နယ်ထိန်း မြင့်ထွန်း နည်းနည်း စိတ်ဝင်စားသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဆက်ပြီး မမေး မိတော့။ အချိန်က နည်းနေပြီ။ တရားခံပြေးကို လိုက်ရှာရဦးမည်လေ။ ထိုစဉ် သူ့တပည့်ကျော် ရဲသားတွေရောက်လာပြီး ကြည်ဝင်းနှင့် မြင့်နိုင်ထွန်း"

"ဆရာ အခြေအနေ"

မြင့်နိုင်ထွန်းက ခပ်တိုတိုးမေးသည်။

"ကျော်အေး ထွက်ပြေး သွားပြီကွ။ သူ့ နောက်လိုက်ကြရမယ်။ ကဲ အရန်သင့် ပြင်ထားကြ"

"ဟုတ်ကဲ့ ဆရာ"

ဥက္ကဋ္ဌနှင့်အဖွဲ့ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။ ဟကယ်တော့ ကျော်အေးသွားတတ်သည့် နေရာ၊ သွားနိုင်သည့် နေရာများနှင့် ကျော်အေး မိဘနှစ်ပါးရဲ့ ဆွေမျိုးများရှိရာ ရွာတွေကိုစုံစမ်းပြီးသား။

အဖွဲ့လိုက်ထွက်ခဲ့ကြသည်။ ပထမဆုံး သရက်တော၊ သရက်တောပြီးမှ ထန်းပင်ကုန်းပြီးမှ ကြာပင်ကန်ရွာတွေကို ပိုက်စိပ်တိုက်လိုက်ရမည်လေ။ ဖြစ်နိုင်တာက ကျော်အေးဆိုတဲ့ အကောင် ဆွေမျိုးတွေရှိရာ ရွာမှာ နိုအောင်နိုင်သည်။ ဒါမှမဟုတ် မြစ်ကြောင်းကလည်း ပြေးနိုင်သည်။ ကားလမ်းကလည်း ပြေးနိုင်သည်လေ။ ထို့ကြောင့် အနီးချုပ်စပ်ကရွာတွေရှိ တာဝန်ရှိသူတွေထံ လှို့ဝှက်သတင်းပို့ထားပြီးသား။ ရဲစခန်းတွေဆီလည်း အကြောင်းကြားခဲ့ပြီးသား။

ပိုက်စိပ်တိုက် ရှာခဲ့သည်မှာ အနီးချုပ်စပ် လေးငါးရွာတွေသာ ကုန်သွားသည်။ ကျော်အေးကို အစအနတောင်မတွေ့ရ။ ဆွေမျိုးတော်စပ်သူတွေအနေဖြင့်ကလည်း ယူသတ်မှုသတင်းကြားသည်။ ထွက်ပြေးနေသည်ဟုသာ သိရသည်။ ကျော်အေး လုံးဝမလာကြောင်း ဝန်ခံကြသည်။

ကျော်အေး လွတ်နေသည်မှာ နှစ်ရက်ရှိပြီ။

~~~~~

"ကဲ ဥက္ကဋ္ဌ ဖြေပါဦး ဟိုနေ့က အကြောင်းဆက်ပါဦး"

"ဗျာ"

"ဟို အကြောင်းလေ ဗျာ။ ညီမှာ အဖေက ညီ့အကို ကျော်အေးနဲ့ သဘောမတူဘူး။





www.burmeseclassic.com
~~~~~

www.burmeseclassic.com



မင်္ဂလာဆောင်ခွင့်မရခဲ့ကြဘူး ဆိုတာရဲ့အဆက်လေ''

စကားလမ်းကြောင်း ရှင်းပေးမှ ဥက္ကဋ္ဌက ဆက်ပြီး ပြောလာသည်။

''ဒီလို ဆရာရဲ့ အဲ ဒီလို လုံးဝသဘောမတူဘူး ဆိုပြီး ငြင်းခဲ့ပြီးတဲ့နောက်။ အဲ ကျော်အေး မိဘတွေကတော့ တာဝန်ကျေကြပါတယ် ဆရာ။ ညိုမာ့ အဖေကို ခင်မင်တဲ့ လူကြီးတွေရှာပြီး ပြောခိုင်းကြ၊ နား ချခိုင်းကြတယ်။ ဒါပေမယ့် လုံးဝ ကို လက်မခံဘူးလေ။ အဲသလို နဲ့ နောက်ဆုံး ညိုမာ့မိဘတွေ လဲ လက်လျှော့လိုက်ကြရတယ် လေ။ လုံးဝကို မပြောတော့ဘူး ပေါ့။အဲ ညိုမာကိုလဲ သူတို့ အိမ်မှာအပြီးခေါ်ထားခဲ့တာပေါ့။ အဖေဖြစ်တဲ့လူက မင်္ဂလာပွဲကို လက်မခံဘူးဆိုတော့လဲ ညိုမာ ခမျာ ဘာတတ်နိုင်မှာလဲ။ ပြီး တော့ ညိုမာကတော့ မိဘတွေ ဆီကို လုံးဝမသွားရဲရှာဘူးလေ။ မိခင်ဖြစ်သူကတော့ ယောကျ်ား မသိအောင် တိတ်တဆိတ်တွေ့ ခဲ့ရရှာတာပေါ့''

'ဪ'

နယ်ထိန်း မြင့်ထွန်း တွေဝေသွားသည်။

''ဒါနဲ့ ညိုမာ့အဖေက ကျော်အေးနဲ့ ဘာပြုလို့ သဘော မတူတာလဲဗျာ။ ကျော်အေးတို့ မိသားစုကဆင်းရဲလို့လား၊ ဘာ တွေ မကျေနပ်ချက်တွေရှိနေ လို့လဲ''

နယ်ထိန်း မြင့်ထွန်း အမေးကြောင့် ဥက္ကဋ္ဌဖြစ်သူက မဲ့ပြုံးတစ်ချက်ပြုံးသည်။ ရုံးထဲ မှာတော့ တပည့် ရဲသားနှစ်ဦး အပါအဝင် တာဝန်ရှိသူလေးငါး ဦးမှာတော့ သူတို့ပြောစကားများ ကို နားစွင့်ရင်း ငြိမ်ပြီး နား ထောင်ရုံမှအပ ဘာမျှဝင် မမေး ကြ။

''လုပ်စမ်းပါဦး ဇာတ် လမ်းက ကောင်းခန်းရောက်နေ ပြီ ဥက္ကဋ္ဌရဲ့''

''ဒီ ဒီလိုလေဗျာ။ ဒါ ကတော့ အရပ်စကားပေါ့နော်။ ကျွန်တော် ကြားတာကို ပြော တာ ဟုတ်မဟုတ်တော့ မသေ ချာဘူး''

ဥက္ကဋ္ဌက ပြောလိုသည့် အဓိက အကြောင်းကို မပြော သေးဘဲ ပြောမည့် စကားကို တာဝန် မယူရဲပုံရသည်။ ဘာ အကြောင်းမှို ဒီလောက်စိုးရွံ့နေ သနည်း။

''ကဲပါ ပြောပါ''

ပြုံးပြကာ ဥက္ကဋ္ဌ လက်ကို ဆွဲကိုင်ရင်း မေးသူက နယ် ထိန်း မြင့်ထွန်း။

''ဒီလိုတဲ့ ဆရာရဲ့၊ ညို မာ့ အဖေနဲ့ ကျော်အေးအမေတို့ က လူမှုရေး ဖောက်ပြန်မှုရှိခဲ့ တယ်တဲ့''

''ဟင်''

''ဟုတ်တယ်ဆရာ ညို မာတို့ ကျော်အေးတို့ မယူကြ ခင် လွန်ခဲ့တဲ့ နှစ်အတော်ကြာ ကြာကတည်းက တိတ်တိတ်ပုန်း ဖောက်ပြန် နေခဲ့ကြတယ်လို့ တော့ကြားဖူးတယ်။ ဒါပေမယ့် ရုံးရောက်ဂါတ်ရောက်တော့ မ ဖြစ်ခဲ့ဘူး။ အဲဒီလိုတော့ကြားဖူး တယ်''

နယ်ထိန်း မြင့်ထွန်း ဘာမျှမမေးမိသေး၊ ယခုကိစ္စက သေသူက မိန်းကလေး။ သတ် သူက ယောကျ်ားသား။ သူတို့ အချင်းချင်း ချစ်ပြီး ညားခဲ့ကြ ပေမယ့် မိန်းကလေး အဖေက သူ့သမက်တော်ရမည့် လူရဲ့ မိ



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင့် မှားထားကြသည်။ မှားဆဲလည်းဖြစ်မည်။

"ဒီ အကြောင်းတွေကြောင့်များ သူ့သမီးကို အဲဒီကောင်နဲ့ သဘော မတူတာဘဲ ဖြစ်ရမယ်"

ရင်ထဲမှာပင် တွေးရင်း နယ်ထိန်း မြင့်ထွန်း စဉ်းစားနေသည်။ ရှိစေတော့။ ဒီအကြောင်းတွေက အမှုနဲ့ပတ်သက်မှုတော့ ရှိနိုင်သည်။ သို့သော် သတ်သူ သေသူတို့မှာ ဘယ်လို အကြောင်းကြောင့်ပဲဖြစ်ဖြစ် လူသတ်မှုကတော့ ကျူးလွန်ပြီးသွားပြီ။ သေသူသေ၊ ပြေးသူပြေးနေပြီ။ ပြေးသူမိဖို့ကအဓိက။

နယ်ထိန်း မြင့်ထွန်း ဆက်မမေးတော့။ ကျော်အေးကို လက်ရ ဖမ်းပြီးမှသာ တာဝန်ကျေမည်။ ဘာကြောင့် သတ်တယ်ဆိုတာ သိရမည်လေ။ တရားခံကတော့ ဒေါသဆိုသည့် မိစ္ဆာနတ်ဆိုးကြောင့် ဆိုတာတော့ သေချာသည်လေ။

~~~~~

အချင်းဖြစ်ပြီး သုံးရက်မြောက်နေ့။

နယ်ထိန်း မြင့်ထွန်း အနေဖြင့် ကုန်းကြီးမှ မပြန်တော့။ ရဲကင်းမှ တပည့်အချို့နှင့် မြို့နယ်မှ ရဲအချို့ ကိုကျော်အေး ခြေချနိုင်မည့် နေရာများကို အကွက်ချ၍ ခြေရာခံခိုင်းထားသည်။

ဒီကနေ့ ရုံးမှာထိုင်ရင်း သတင်းနားစွင့်နေမိသည်။ ရုံးထဲမှာတော့ ဉက္ကဋ္ဌ အဖွဲ့ဝင်နှင့် စာရေးသာရှိသည်။ အမာခံ သတင်းပေးသူများလည်း ဘာသတင်းမှ မပို့ကြသေး။


"ဟော ဟိုမှာ ဆရာ"

"ဘာလဲ ဉက္ကဋ္ဌရဲ့"

"ကျော်အေး အစ်ကို ကျော်လင်း"

ဉက္ကဋ္ဌက လမ်းမဘက် လက်ညှိုးထိုးပြသည်။ မှန်သည်။ ကျော်အေးရဲ့အစ်ကို ကျော်လင်း။ ကျော်လင်းသည် ခပ်မှန်မှန်နှင့် လာနေသည်။ မျက်နှာမှာ သုန်မှုန်နေခြင်းမျိုးတော့ မဟုတ်။ ညှိုးငယ်နေသည့် သဘော။ ပုဆိုးခြုံထားသည်။

ညီ[မှာ] အသတ်ခံရသည့်နေ့က ကျော်လင်းကို အိမ်ထဲမှာ သူ့အမေဖြစ်သူ၏ အနားမှာ ထိုင်ပြီးနေသည်ကို သတိပြုမိသည်။ နယ်ထိန်း မြင့်ထွန်းက မေးသည့်အချိန် အချင်းဖြစ်ပွား





www.burmeseclassic.com
~~~~~

www.burmeseclassic.com



ရာ၌ မရှိပါဘူးလို့ဖြေခဲ့သည်။

တကယ်တော့ ကျော်အေးတို့မှာ ညီအစ်ကို နှစ်ဦးသာရှိသည်။ အကြီးဖြစ်သူ ကျော်လင်းက အိမ်ထောင်မပြုသေးဘဲ ညီဖြစ်သူက အိမ်ထောင်ပြုသွားခြင်းပင်။

ညိုမြာ အသတ်ခံရအပြီး ကျော်လင်းနှင့် ညိုမြာတို့ရဲ့ဆက်ဆံရေးက ဘာမှုအပြစ်

**ညိုမြာ အသတ်ခံရအပြီး ကျော်လင်းနှင့် ညိုမြာတို့ရဲ့ ဆက်ဆံရေးက ဘာမှု အပြစ် ပြောစရာမရှိ။**

ပြောစရာမရှိ။ အကယ်၍များ ကျော်လင်းနှင့် ညိုမြာ ငြိစွန်းခဲ့သည်ဆိုရင်လည်း ထိုအမှားကြောင့် ညီဖြစ်သူ ကျော်အေးက သိသွားပြီး ဇနီး ဖြစ်သူကို သတ်ပစ်နိုင်သည်လေ။ ခုတော့ ဒီလိုလည်း ဖောက်ပြန်ခြင်းမျိုးကမရှိ။

"ကျော်လင်း"

"ဟုတ်ကဲ့"

ဦးကျော်ဌက ရုံးပေါက်ဝမှာ ပုဆိုးခြုံထားသည့် ကျော်လင်းကို နှုတ်ဆက်လိုက်သည်။

"ဝင်ခဲ့လေကွာ၊ ဘာကိစ္စရှိလို့လဲဟင်"

ဦးကျော်ဌက မေးသည်။ ဘာမှ ပြန်မဖြေဘဲ ကျော်လင်းက ရုံးထဲရှိ စားပွဲရှေ့တွင် ရပ်သည်။ နယ်ထိန်း မြင့်ထွန်းက ကျော်လင်းကို အကဲခတ်ရင်း သတိနှင့်ကြည့်နေသည်။ ကြည့်နေဆဲ အချိန်မှာ ကျော်လင်း မျက်လုံးအစုံမှ မျက်ရည်များကျလာသည်ကို သတိပြုမိသည်။

"ကျုပ် ဝန်ခံချင်လို့"

"ဟင်"

"ဘာ "

"ဖြောင့်ချက် ဖြောင့်ချက်ပေးချင်လို့"

"ဟာ"

ထင်မှတ်မထားသော ကျော်လင်းစကားကြောင့် အားလုံး အံ့အားသင့်သွားကြသည်။ ဖြောင့်ချက်ပေးချင်သတဲ့။ ဝန်ခံချင်သတဲ့။

ကျော်လင်းက ဆက်ပြောသည်။

"ညိုမြာကို ကျုပ်သတ်တာ"

"ဟာ"

"ဟင် "

ခပ်တိုးတိုး ပြောလာသည့် ကျော်လင်း စကားက ဝမ်းသာစရာ ကောင်းလှသည်။ တရားခံဟု ယူဆ မထားသောလူတစ်ဦး၏ စကားက သူ့ကိုယ်သူ တရားခံပါဟု ပြောနေပြီ။ တကယ်လား။ သူ့ညီကိုယ်စား ထောင်ကျခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက်လား။ မပြောနိုင်သေး။ တကယ်သတ်တာဆိုရင်တော့ အမှုအတွက်ဝမ်းသာစရာ။ သို့သော် စိတ်တော့ ကောင်းနိုင်ကြမည် မဟုတ်။

နယ်ထိန်း မြင့်ထွန်းက ထိုင်နေရာမှ ထလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းက ခြုံထားသော ပုဆိုးကိုချသည်။ ခါးကြားမှာတော့ တစ်ပေခွဲခန့်ရှိ နှစ်ဖက်သွား ဓားမြှောင်တစ်ချောင်း၊ ဓားမြှောင်မှာ သွေးစွန်းထားသည်။ ဒါဆိုရင် ကျော်လင်းပြောတာသေချာပြီ။

ကျော်လင်းက ဓားမြှောင်ကို နယ်ထိန်း မြင့်ထွန်းထံ လှမ်းပေးသည်။ ဓားကို ယူလိုက်သည်။

"ကဲ ဘယ်လိုဖြစ်တာလဲ ငါ့ညီရာ။ ကိုယ်တို့တောင်မျက်စိလည်သွားပြီကွာ။ ညိုမာကို ကျော်အေးက သတ်တာပါလို့ ယူဆပြီး လိုက်ဖမ်း လိုက်ရှာနေကြပြီလေ"

"အမှန်ပြောရရင် ညိုမာကို ကျုပ်သတ်တာပါ။ ညီလေး သတ်တာ မဟုတ်ပါဘူး"

"အသေးစိတ် ပြောပါဦး ညီလေးရာ"

နယ်ထိန်း မြင့်ထွန်း မေးလိုက်ချိန်မှာတော့ ရုံးရှေ့မှာ ရွာထဲက လူတွေ အပါအဝင် ကျော်လင်းရဲ့ မိဘတွေပါ ရောက်လာပြီး ငိုနေကြသည်။

"တကယ်တော့ ကျုပ်က ကျုပ်ညီကိုရော ခယ်မဖြစ်သူကိုပါ ချစ်ခဲ့သူပါ။ သူတို့ ဘဝအဆင်ပြေပါတော့ဆိုပြီး ကျုပ်က အိမ်ထောင်ပြုဖို့တောင်မှ စိတ်မကူးခဲ့ပါဘူး။ ထားပါတော့လေ။ အဲဒီနေ့ မနက်စောစောက သူတို့ လင်မယား အိမ်အနောက်ဘက်က နွားစာတိုက်အောက်မှာ စကားများနေကြတယ်။ အဲဒါ ကျုပ်လဲ နွားကျွေးရင်းနဲ့ အသာနားစွင့်နေမိတယ် ဆရာ"

"ဟုတ်ပြီ ဆက်ပြောပါ ညီလေး"

"အဲဒါ ညိုမာက ဘာပြောသလဲဆိုရင် သူတို့ ညားသာ ညားခဲ့ကြတာ မင်္ဂလာ မဆောင်ခဲ့ရတဲ့အကြောင်း၊ အဲသလို မင်္ဂလာမဆောင်ခဲ့ရတာက နင့်အမေနဲ့ ငါ့အဖေတို့ ဖောက်ပြန်ခဲ့ကြတာကြောင့်လို့ ညိုမာကပြောလိုက်တယ်။ ဆရာ ... စဉ်းစားကြည့်ပါ။ ဒီစကားကြားရတော့ ကျုပ် ဘယ်လောက်ဒေါသဖြစ်မလဲဆိုတာ"

ကျော်လင်း စကား နားထောင်ရင်းခေါင်းတညိတ်ညိတ်။

"အဲဒါ ကျုပ်က အဲဒီ

စကားကြားတော့ နောက်နောင်
ငါ့အမေနဲ့ နင့်အဖေရဲ့အကြောင်း
မပြောဖို့တားခဲ့တယ်။ ညီလေးက
လဲ တောင်းပန်ခဲ့ရှာပါတယ်။ ညီ
လေးက ကျုပ်ကိုလဲ ကြောက်
တယ်လေ။ ဒါနဲ့ နောက်နောင်
အဲသလို ပြောလာမယ်ဆိုရင်
အိမ်မှာ မထားနိုင်ကြောင်း၊ ဒီလို
ကိစ္စမျိုးက အမေ့ သိက္ခာကျ
တဲ့အကြောင်း၊ တကယ်ဟုတ်
မှန်ရင် နင့်အဖေကို သတ်ပ
မယ်လို့ပြောတဲ့အခါ"

ပြောရင်း စကားဖြတ်
သူက ကျော်လင်း။ ကျော်လင်
အသံက တုန်ခါနေသည်။ ငိုနေ
ရှာမည်။ ရက်စရာ အကောင်
ဆုံးသော အကြောင်းဆိုတော့
ရှက်မည်။ ဒေါသဖြစ်မည်ပေါ့

"ပြောပါကွာ"

"ဟုတ်ကဲ့ အဲသလို
ပြောတော့ ကျုပ်ကိုပါ ဆဲ
တယ်။ အဲဒါနဲ့ တောထဲသွားရ
ယူမယ့် ဟောဒီ ဓားမြှောင်
ခါးမှာ အရန်သင့်ပါတာဆိုတော့
တစ်ချက်တည်း ထိုးချလိုက်
တယ်။ ပြီးတော့ ညီလေးကို ပြေ
ခိုင်းတယ်။ ဓားကို လုံချည်
တယ်။ ညိုမာကို ကျော်အေ



www.burmeseclassic.com

www.burmeseclassic.com



သတ်သွားတာလို့ ပြောလိုက်မိတာပါ''

နယ်ထိန်း မြင့်ထွန်း နားလည်ခဲ့ပါပြီ။ သစ္စာမရှိယုတ်မာခဲ့မိကြသော တဏှာရမ္မက်ကိစ္စတွေကြောင့် ခုတော့ အပြစ်မရှိတဲ့သူတွေ သေသူသေ၊ ဒုက္ခရောက်သူရောက်။

''ကဲ တာဝန်အရပေါ့ကွာ နော်''

''ဟုတ်ကဲ့''

ပြောရင်း ကျော်လင်းကို လက်ထိတ်ခတ်လိုက်သည်။ ပြီးတော့ ကျော်အေး နောက်လိုက်နေသူများထံ ဖုန်းဖြင့် ပြန်ခေါ်သည်။ အကျိုးအကြောင်းရှင်းပြလိုက်သည်။ ပြီးတော့ မြို့နယ်ကို တင်ပြလိုက်ပြီး ကျော်လင်းကို မြို့နယ်သို့ ပို့လိုက်သည့်အချိန်မှာတော့..

ကျော်လင်း မိဘနှစ်ဦးခမျာ ခေါင်းမဖော်ဝံ့သည့်အဖြစ်အပျက်တွေကြောင့်ရော သားဖြစ်သူအတွက်ကြောင့်ပါ ကျိတ်ငိုရင်း ကျန်ခဲ့ပြီ။ သူတို့ နည်းတူ ညိုမှာ့ မိဘနှစ်ပါးမှာလည်း တူညီသော ဝေဒနာများကို အရှက်တရားများနှင့် ခံစားနေကြရပြီဆိုတာကတော့ အသေအချာ။

ဘာပဲပြစ်ဖြစ် မှားတတ်သော အမှားကို အသိနှင့်ရှောင်နိုင်ရင်ရှောင်၊ မရှောင်နိုင်ရင်တော့ ဒုက္ခတွေက ထုနှင့်ထည်နှင့်ဝင်ရောက် ဖျက်ဆီးတတ်သည်ကိုတော့ ညိုမှာ့ အဖေဆိုသူ သိနေလောက်ပြီ။ တကယ်တော့ ကျော်အေး မိခင်နှင့်ငြိစွန်းခဲ့ဖူးသည့် သူ့အနေဖြင့် မိမိရဲ့ သမီးကို ငြိစွန်းခဲ့သူ၏ သမီးနှင့် ရဲရဲဝံ့ဝံ့ ဘယ်မှာပေးစားရဲမည်နည်း။

ဘာပဲဖြစ်ဖြစ်၊ ညိုမှာကတော့ သေခဲ့ပြီ။

~~~~

ကျော်လင်းကို မြို့နယ်သို့ ပို့နေသည့် အချိန်မှာတော့ အစ်ကိုဖြစ်သူကိုလည်း ကြောက်ရ၊ မိမိရှေ့မှာ ချစ်သော ဇနီးသေရသည့် မြင်ကွင်းကိုတွေ့လိုက်ရသည့် ကျော်အေးခမျာ။

ပြေးရင်း လွှားရင်းနှင့် စိတ်ကူးပေါက်ပြီး ရွာနှင့် တစ်မိုင်ခန့်ဝေးသည့် ရှားတောကွင်းရှိ ရေတွင်းပျက်ထဲ ခုန်ချ၍ အဆုံးစီရင်ခဲ့သည်ကိုတော့ ကျော်လင်း မသိရှာသေး။ ရွာကလူတစ်ဦး မထင်မှတ်ဘဲ ထိုရေတွင်းပျက်ထဲ ကြည့်မိသည့်အခါ ကျော်အေး အလောင်းကိုတွေ့ခဲ့ရသည်မို့ အလောင်းကို ဝိုင်းပြီး [illegible]နေသည့် [illegible]ချိန်၊ ကျော်လင်းမှာကတော့ အချုပ်ထဲမှာ။

ဖောက်ပြန်လိုစိတ် ရှိသော မိဘတို့၏ ပြစ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာများက အပြစ်မရှိသော ကလေးများအနေဖြင့် သံသယကြီးစွာဖြင့် ဘဝကိုရင်း အသက်တွေပေးဆပ်ခဲ့ရချေပြီ။ ညိုမှာ့ဖခင်ရော ကျော်အေးမိခင်ပါ မျက်နှာမပြရဲကြပြီ။

ဘာပဲဖြစ်ဖြစ် ကျော်အေးအလောင်းကို ညိုမှာ့ အလောင်းနှင့် ယှဉ်မြှုပ်လိုက်သည့်အဖြစ်ကိုကြည့်ရင်း နယ်ထိန်းမြင့်ထွန်းရော ရွာထဲက လူတွေပါလုံးဝစိတ်မကောင်းနိုင်တော့။ အမှားဟစ်ချက်၏ သံသယတစ်စက်က ဓားတစ်ချက်အဖြစ် အသွင်ပြောင်းသွားခဲ့သည်မို့ ...။

သံသယဆိုတာ အကြီးမားဆုံးသော ရန်သူပါတကား။

တွင်းကြီးသား-တင်ဝေဦး



www.burmeseclassic.com
~~~~

www.burmeseclassic.com



သစ်တုံးအတွက်
ငွေမပေးလို့
လုံနဲ့ထိုးသတ်မိတဲ့
ဇာတ်လမ်းတစ်ပုဒ်

အောင်သီဟ
(နတ်တလင်း)

# ဒေါသတစ်ချက်
# ဘဝပျက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဘောစ် ဂျွန်
ဘဝပျက်တစ်ခု"
အောင်သီဟ (နက်ကောင်း)

မမြင်ကွယ်ရာမှာ ကျူးလွန်တဲ့ မှုခင်းမှန်သမျှ ပြစ်မှုကျူးလွန်သူ တရားခံနှင့် ဂျဲတပ်ဖွဲ့ဝင်တို့၏ဉာဏ်ရည် ဉာဏ်သွေး ပြိုင်ပွဲများပင် ဖြစ်သည်။ ပြစ်မှုကျူးလွန်သူကလည်း သူကျူးလွန်သည့် ပြစ်မှု မပေါ်ပေါက်အောင် သဲလွန်စ မှန်သမျှ ဖျောက်ဖျက်ခြင်း ရဲတပ်ဖွဲ့ဝင်များ မျက်စိလယ်လမ်းမှားအောင် လမ်းကြောင်းလွှဲမှုများ ပြုလုပ်၍ ကာကွယ်ကြသည်သာ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း ပြစ်မှုကျူးလွန်သူတို့က မည်ကဲ့သို့ပင်ကျူးလွန်သည်ဖြစ်စေ အပြစ်မခံရလေအောင် ဗဟုသုတပြည့်စုံစေမည့် စာပေများကို ဖတ်လျက် မှတ်လျက် ပြစ်မှုကျူးလွန်သည့် တရားခံကို မရရအောင် ဖော်ထုတ်ခဲ့သည်သာဖြစ်သည်။

ယခုလည်း ထိုးသွင်းဒဏ်ရာ (၄၁)ချက်ဖြင့် သေဆုံးနေသော အလောင်းကြောင့် ရဲဂါတပ်ဖွဲ့ဝင်တို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထိုအထဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီး၏ နှမ်းတစ်စေ့သာဖြစ်သော ဒုရဲအုပ် ထွန်းနိုင်လည်း အပါအဝင် ဖြစ်သည်။

အလောင်းက ကွေ့ကြီးရွာသား လေးမောင်။

ဒုရဲအုပ် ထွန်းနိုင်က တောင်ညိုဆည် ရဲကင်းမှူးတာဝန် ပေးအပ်ခြင်း ခံရသဖြင့် တောင်ညိုဆည် ရေမြုပ် ဧရိယာထဲတွင် ဖြစ်ပျက်သည့် ယခု လေးမောင် အသတ်ခံရမှုမှာလည်း သူ၏ ဖော်ထုတ်မှုက အရေးကြီးသည် အမှုတရားခံ ဖော်ထုတ်ရမည့်သူက သူ့ တာဝန်ပင်။

ဒုရဲအုပ် ထွန်းနိုင်က သတင်းရလျှင် ရချင်း အခင်းဖြစ်ပွားရာ ကွေ့ကြီးကျေးရွာနှင့် ညောင်လေးပင် ကျေးရွာ ဟောင်း လယ်ကွင်းထဲတွင် ရောက်ရှိနေပြီး အလောင်းကို စစ်ဆေးကာ တောင်ညိုစခန်းမှူး ရဲအုပ်မြင့်ကျော် အလာကို စောင့်နေသည်။ စခန်းမှူး ရဲအုပ် မြင့်ကျော်ထံကိုလည်း မနက် ၉ နာရီခန့်က သတင်းရလျှင်ရချင်း ဖုန်းဖြင့် သတင်းပို့ထားပြီးဖြစ်သည်။ စခန်းမှူးရဲအုပ် မြင့်ကျော်ကလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဖုန်းဖြင့် သတင်းပို့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ကို ခံယူနေသလို ဒုရဲအုပ် ထွန်းနိုင်နှင့် တောင်ညိုဆည်ရဲကင်းမှ တပ်ဖွဲ့ဝင်များကိုလည်း အခင်းဖြစ်အရပ်သို့ အမြန်သွားရောက် ထိန်းသိမ်းထားရန် ညွှန်ကြားလိုက်သဖြင့် ဒုရဲအုပ် ထွန်းနိုင်က တောင်ညိုဆည်ရဲကင်းမှ တပ်ဖွဲ့ဝင်တချို့နှင့်အတူ ရောက်ရှိနေခြင်း ဖြစ်သည်။

ဒုရဲအုပ် ထွန်းနိုင်က လေးမောင် အလောင်းကို စစ်ဆေးပြီး စခန်းမှူး အလာကို စောင့်ဆိုင်းနေစဉ် ကျေးရွာ ပြည်သူများ၏ သတင်းအစအနများကို ဖော်ထုတ်နေသည်။

"ခင်ဗျား ပြင် ဘာက ဘယ်အချိန်လဲ ကိုခင်ဦး"

ဒုရဲအုပ် ထွန်းနိုင်က ညောင်လေးပင်ရွာသား ကိုခင်ဦးကို မေးလိုက်သည်။

"မနေ့က ညနေ (၆)



www.burmeseclassic.com

www.burmeseclassic.com



နာရီလောက်မှာ ကွေ့ကြီးရွာက ကျော်နိုင်နဲ့ ဖိုးတင်တို့ ညောင်လေးပင်ရွာဟောင်းမှာ အရက်သောက်ပြီး ဆိုင်ကယ်ကို နှစ်ယောက်စီးပြီး ကွေ့ကြီးရွာကို ပြန်သွားတယ် ဗိုလ်လေး''

ဒုရဲအုပ် ထွန်းနိုင် ဗာဒံပင်ရိပ်တွင် ကိုခင်ဦးနှင့် စကားပြောနေရာမှ လေးမောင် အလောင်းရှိရာသို့ ကြည့်လိုက်သည်။ အလောင်းပတ်ဝန်းကျင်တွင် ဘာသဲလွန်စမျှမရ ရွာနှစ်ရွာဘက်လမ်းနှင့် တောင်ညိုချောင်းမကြီးကြားတွင် ရာဘာဖိနပ် ဘယ်တစ်ဖက် သာတွေ့ရသည်။

''သူတို့ နှစ်ယောက်တည်း ပြန်တာလား၊ အခု သေသူ လေးမောင် မပါဘူးလား ကိုခင်ဦး''

ဒုရဲအုပ် ထွန်းနိုင်က စကား စပြန်သည်။

''မပါဘူး ဗိုလ်လေး သူတို့ နှစ်ယောက်တည်းရယ်၊ ပြီးတော့ အခုသေတဲ့ လေးမောင်ဟာ ပေါင်းတည်မြို့က သစ်ကုန်သည်ထံမှာလဲ သူရစရာရှိတဲ့ အကြွေးတောင်းစရာရှိတယ်လို့ ကျွန်တော် ကြားတယ် ဗိုလ်လေး။ မနေ့ညက အဲဒီ သစ်ကုန်သည်ပါတဲ့ ကားချောင်းဟိုဘက်ကမ်းကားလမ်းမှာ ပျက်လို့ ရပ်ထားရတယ် ကြားတယ်''

ကိုခင်ဦးက သူသတင်းရသမျှကို ဒုရဲအုပ် ထွန်းနိုင်အား သတင်းပေးလိုက်သည်။ ဒုရဲအုပ် ထွန်းနိုင်က ကိုခင်ဦး စကားကို နားစွင့်ရင်း သူမနက်က သူရလာသည့် ကွေ့ကြီးရွာထဲက သတင်းကို ပြန်တွေးနေမိသည်။

''မနေ့ည (၆)နာရီလောက်မှာ ကျွန်တော်တို့ ကွေ့ကြီးရွာက ကျော်နိုင်ရယ်၊ လေးမောင်ရယ်၊ ဖိုးတင်ရယ် ဆိုင်ကယ်ကို သုံးယောက်စီးပြီး ညောင်လေးပင်ရွာက ပြန်လာတာ ကျွန်တော်တွေ့လိုက်တယ်။ ဖိုးတင်က သူ့အိမ်ရှေ့မှာ ဆင်းကျန်ခဲ့ပြီး လေးမောင်ကတော့ ကျော်နိုင်နဲ့ ပါသွားတယ် ဗိုလ်လေး။ နောက်တော့ ကျွန်တော် မသိတော့ဘူး။ ဒီမနက် လေးမောင် အလောင်းကို ရွာနှစ်ရွာကြား လယ်ကွက်ထဲမှာ တွေ့တယ်ဆိုလို့ ကျွန်တော် သွားကြည့်ခဲ့ပါသေးတယ် ဗိုလ်လေး''

ကွေ့ကြီး ကျေးရွာမှ လေးမောင်ဖနီး၏ ပြောစကားများမှာလည်း ဒုရဲအုပ် ထွန်းနိုင်နားထဲမှ ကြားယောင်လာပြန်သည်။

''မနေ့ည (၈)နာရီလောက်မှာ ကိုလေးမောင် အိမ်ပြန်လာပြီး အကျီလဲပြီး ပြန်

**နောက်တော့ ကျွန်တော်မသိတော့ဘူး။ ဒီမနက် လေးမောင်အလောင်းကို ရွာနှစ်ရွာကြား လယ်ကွက်ထဲမှာ တွေ့တယ်ဆိုလို့ ----**



www.burmeseclassic.com

www.burmeseclassic.com



ထွက်လို့ ကျွန်မက ဘယ်သွား မှာလဲ ဘယ်မှမသွားဘဲ အိပ်တော့လို့ ကျွန်မကပြောတော့ သူက မူးနေပြီလေ။ ပြီးတော့ ရစရာရှိတာ တောင်းရမှာပဲလို့လဲ သူကပြောသေးတယ်။ မသွားပါနဲ့လို့ ကျွန်မက တားတဲ့ကြားက သူထွက်သွားတာပါ ဗိုလ်လေး အခုတော့ အဟင့် အဟင့်"

လေးမောင် ဇနီး၏ ငို ရှိုက်သံများက နားထဲတွင် ဆူဝေလာသည်။

"အင်း နှစ်ရွာကြား လမ်းရဲ့ အရှေ့ဘက် လယ်ကွင်း ထဲမှာ ဘယ်ဘက်ဖိနပ်တစ်ခု တွေ့တယ်။ ပြီးတော့နောက်ထပ် ဝါးသုံးပြန်လောက်မှာလေးမောင် အလောင်းကို ပုဆိုးအပြနဲ့တွေ့ တယ်။ လေးမောင်ပုဆိုးနဲ့ မြေး လမ်း တစ်ဝက်က ပုဆိုးအပြက တစ်ထည်တည်း လေးမောင် ပု ဆိုးကပြတဲ့ အပိုင်းအစ–။

ဒုရဲအုပ် ထွန်းနိုင်က ဖ လန်ပင်အရိပ်တွင် ထိုင်ရင်း စဉ် စားနေစဉ် တောင်ညို ရဲစခန်း မှူး ရဲအုပ်မြင့်ကျော်နှင့် နယ် ထိန်း ခေါင်းဆောင် ဒုရဲအုပ် ကျော်မိုး၊ နယ်ထိန်းတပ်ဖွဲ့ ဝင် များရောက်လာသဖြင့် အခင်း ဖြစ်အရပ် မြေပုံကြမ်းရေးဆွဲခြင်း အလောင်းကို ရှထောင့်မျိုးစုံ ရိုက်ကာ အလောင်းကို ဆေးရုံ ပို့လိုက်သည်။



စခန်းမှူးရဲအုပ် မြင့် ကျော်က ဒုရဲအုပ် ထွန်းနိုင်ဘက် လှည့်ကာ–

"ကဲ ကိုထွန်းနိုင်က ဒီ ရွာကို အခြေပြုပြီး တရားခံ စုံ စမ်းဖော်ထုတ်ဗျာ။ ကိုကျော်မိုး နဲ့ နယ်ထိန်းအဖွဲ့တွေက ကို ထွန်းနိုင်ကို ကူညီလိုက်၊ ကျွန် တော်ကတော့ မြို့နယ်နဲ့ အ ဆက်အသွယ် လုပ်ဖို့ပြန်နှင့် မယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ဒုရဲအုပ် ထွန်းနိုင်က ပေးအပ်သည့် တာဝန်ကို လက် ခံလိုက်သည်။ စခန်းမှူး ရဲအုပ် မြင့်ကျော်က တပ်ဖွဲ့ဝင် ထချို့ နှင့် ပြန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုကျော်မိုးက ကျော်နိုင့် အိမ်ဘက်သွားပြီး သတင်းစုံစမ်းဗျာ"

ဒုရဲအုပ် ထွန်းနိုင်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မိုးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင် တချို့ကို ကျော်နိုင့်အိမ်သို့ လွှတ်လိုက်ပြီး ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်နေလိုက်သည်။

လေးမောင် အသတ်ခံရပြီ။ သတ်သူက ဘယ်သူနည်း။ အဲဒီလို တရားခံ မသိတဲ့ အမှုမျိုးမှ တရားခံကို စုံထောက်ဖော်ထုတ်ရမှာ ဒုရဲအုပ် ထွန်းနိုင် စိတ်အဝင်စားဆုံး–

ခပ်လှမ်းလှမ်း တောညို့အုပ်က ဥသြငှက်ကလေး တစ်ကောင်၏ တွန်းသံ သာသည် လွမ်းဆွေးဖွယ်ရာ သဲ့သဲ့ကြားလိုက်ရသည်။

"ဥသြ ဥသြ ဥသြ "

"ကိုင်း ပြောစမ်း ဖိုးတင်၊ မင်းတို့ရဲ့ မနေ့က အကြောင်း––"

ဒုရဲအုပ် ထွန်းနိုင်က ကျေးကြီးရွာ လူကြီး ဦးမြင့် အိမ်တွင်နားရင်း ဖိုးတင်ကို ခေါ်ယူစစ်မေးနေခြင်းဖြစ်သည်။

"ဘာကို ပြောရမှာလဲ မိုလ်လေး"

ဖိုးတင်က ဘာကို ပြောရမှာလဲဟု ပြန်မေးလာသည်။

"မင်းနဲ့ ကျော်နိုင် ညောင်လေးပင်ရွာမှာ တွေ့တာက ပြော ..."

ဒုရဲအုပ် ထွန်းနိုင်က ဖိုးတင်ကို ဖြတ်ပြောခိုင်းလိုက်သည်။

"ဟုတ်ကဲ့ မနေ့တုန်းက ညနေမှာ ညောင်လေးပင်ရွာက ကျွန်တော် ရစရာရှိတဲ့ အကြွေးသွားတောင်းရာ မရခဲ့ပါဘူး။ ကျွန်တော် ကြွေးတောင်းပြီး အပြန်မှာ ညောင်လေးပင်ရွာထဲက ကိုချစ်အိမ် ရှေ့ရောက်တော့ ကျေးကြီးရွာက ကိုကျော်နိုင်က လှမ်းခေါ်လို့ ကျွန်တော် ဝင်သွားပါတယ်။ ကိုချစ်အိမ်ရောက်တော့ ကိုကျော်နိုင်တို့ အရက်ဝိုင်းဖွဲ့နေလို့ ကျွန်တော်ပါ အရက်သောက်ပါတယ်။ ညနေ ၅နာရီခွဲလောက်မှာ ကိုကျော်နိုင် ဆိုင်ကယ်စီးပြီး ပြန်ခဲ့ပါတယ်။ ကျွန်တော်တို့ ညောင်လေးပင်ရွာထိပ်ရောက်တော့ ကျေးကြီး ဘက်က လာနေတဲ့ ကိုလေးမောင်ကို တွေ့ပါတယ်"

"တွေ့တော့ ဘာပြောလဲ"

**ကိုကျော်နိုင်က မောင်တော့မယ် မသွားနဲ့တော့ ငါ့အိမ်မှာ ဝီစကီပြားတစ်ပြားရှိတယ်။ အဲဒါ လိုက်သောက်လို့ပြောပြီး ကျွန်တော်တို့ နှစ်ယောက်ကြားမှာ လေးမောင်ကိုတင်ပြီး ကျွန်တော်တို့သုံးယောက် ကျေးကြီးရွာကို ပြန်ခဲ့ပါတယ်။**



www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်ထွန်းနိုင်က ဖိုးတင်ကို ကြည့်ရင်း မေးလိုက်သည်။ ဖိုးတင်က ဒုရဲအုပ် ထွန်းနိုင်ကို ကြည့်ရင်း ပြန်ပြောလာသည်။

"ကိုကျော်နိုင်က လေးမောင်ကို ဘယ်သွားမလို့လဲ မေးတော့ လေးမောင်က ညောင်လေးပင်ရွာကို အရက်သောက်သွားမလို့ လို့ပြန်ပြောပါတယ်။ ကိုကျော်နိုင်က မောင်တော့မယ် မသွားနဲ့တော့ ငါ့အိမ်မှာ ဝီစကီပြားတစ်ပြားရှိတယ်။အဲဒါ လိုက်သောက်လို့ပြောပြီး ကျွန်တော်တို့ နှစ်ယောက်ကြားမှာ လေးမောင်ကို တင်ပြီး ကျွန်တော်တို့ သုံးယောက် ကျွေးကြီးရွာကို ပြန်ခဲ့ပါတယ်။ ကျွန်တော့် အိမ်ရှေ့ရောက်တော့ ကျွန်တော် ဆင်းကျန်ခဲ့ပါတယ်။ ကိုလေးမောင်ကတော့ ကိုကျော်နိုင်နဲ့ ပါသွားပါတယ်"

ဖိုးတင်က စကားကို ရပ်လိုက်သည်

"မင်းကရော အရက်သောက်ဖို့ ဘာလို့ လိုက်မသွားတာလဲ"

ဒုရဲအုပ် ထွန်းနိုင်က ဖိုးတင်ကို မေးလိုက်သည်။

"ကျွန်တော်က ညောင်လေးပင်ရွာမှ သောက်တာများသွားလို့ လိုက်မသောက်တော့တာပါ"

"မင်းက ညောင်လေးပင်မှာ ဘယ်လောက်သောက်လာလို့လဲ"

"ကိုကျော်နိုင်တို့ ဘယ်လောက် သောက်သလဲတော့ မသိဘူး။ ကျွန်တော် ရောက်တော့ တစ်ယောက် ၃ ခွက်စီ သောက်ခဲ့ပါတယ်"

ဖိုးတင်က ပြန်ပြောသည်။

"မင်း လေးမောင် အလောင်းကို သွားကြည့်သေးလား။ လေးမောင် ဘာလို့ သေတာလဲ"

ဒုရဲအုပ် ထွန်းနိုင်က မေးလိုက်သည်။ ဖိုးတင်က ဒုရဲအုပ် ထွန်းနိုင်ကို ကြည့်ပြီး ပြောလာသည်။

"သွား မကြည့်ပါဘူး ဗိုလ်လေး။ လေးမောင် လှံနဲ့ထိုး အသတ်ခံရတာလို့ ကြားပါတယ်"

"တစ်ရွာတည်းသား အသတ်ခံရတာ မင်းကဘာလို့ သွားမကြည့်တာလဲ။ ပြီးတော့ မနေ့ကမှ ဆိုင်ကယ်အတူတူစီး လာခဲ့ရပြီး"

ဒုရဲအုပ် ထွန်းနိုင်က စကားကို ရပ်ပြီး ဖိုးတင်ကို ကြည့်လိုက်သည်။

"မနေ့ညက ကျွန်တော် အိမ်ရောက်ပြီး နတ်ရုပ်ကြီး တောင်သာထဲက ဖျဉ်ဖုတ်တဲကို ကျွန်တော်သွားနေလို့ အခုမနက်မှ ပြန်လာခဲ့တာ ကျွန်တော် ရွာရောက်တော့ ကိုလေးမောင် အလောင်းသယ်သွားပြီ။ ဒါကြောင့် ကျွန်တော်သွား မကြည့်လိုက်ရတာပါ"

ဖိုးတင်က ပြောပြီး တံတွေးတစ်လုံးမျိုချလိုက်သည်ကို ဒုရဲအုပ် ထွန်းနိုင်က သတိထားမိလိုက်သည်။

"ကောင်းပြီလေ၊ အခု မင်းအိမ်ပြန်နေလိုက်ဦး။ နောက်တစ်ခါ မေးစရာရှိရင် ခေါ်မေးလို့ရအောင် ဘယ်မှ မသွားနဲ့ဦး"

"ဟုတ်ကဲ့ ဗိုလ်လေး ကျွန်တော် အိမ်မှာပဲ ရှိနေမှာပါ ဗိုလ်လေး၊ မေးစရာရှိရင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



**"လေးမောင် ကားပျက်ဆီမရောက်ဘူးဗျ။ သူ ကားပျက်ဆီရောက်ခဲ့ရင် အသွားတစ်ကြောင်းနဲ့ အပြန်တစ်ကြောင်း ချောင်းကိုဖြတ်ရမယ်။**

လိုက်ပါ ကျွန်တော်အချိန်မရွေး လာပို့ပါ့မယ်''

ဖိုးတင်က ဒုရဲအုပ် ထွန်းနိုင်ကို ပြန်ပြောပြီး ပြန်ထွက်သွားသည်။ ဒုရဲအုပ် ထွန်းနိုင်က တပ်သားကျော်သူအောင်ကို ဦးမြင့်အိမ်နောက်ဘက်သို့ ခေါ်သွားပြီး လုပ်ဆောင်ရမည်တို့ကို မှာကြားစေလွှတ်လိုက်သည်။ တပ်သား ကျော်သူအောင်သည် ကွေ့ကြီးရွာမှ ရဲတပ်ဖွဲ့သို့ ဝင်ခဲ့သူဖြစ်သည်။ ကွေ့ကြီးရွာသည် တပ်သား ကျော်သူအောင်၏ ရွာ-။

ဒုရဲအုပ် ထွန်းနိုင်သည် နွေနေပူကိုဖြတ်၍ ဦးမြင့် အိမ်ထဲသို့ ပြန်ဝင်လာသည်။ နေ့ခင်း ၁ နာရီနေသည် ကွေ့ကြီးကျေးရွာကို အတင်း ချုပ်နှောင်ပွေ့ဖက် နမ်းနေသည်။

~~~~~

''ကဲ ကိုကျော်မိုး ခင်ဗျား စုံစမ်းရတာ ပြောပါဦး''

ဒုရဲအုပ် ထွန်းနိုင်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မိုးကို မေးလိုက်သည်။ သူတို့အဖွဲ့ နေ့လယ် ၁ နာရီခွဲမှ ရွာလူကြီး ဦးမြင့်အိမ်တွင် နံနက်စာ စားပြီး၊ အိမ်ပေါ်ထပ် ညှိခန်းတွင် ရေနွေးကြမ်းဝိုင်း ထိုင်ရင်းမေးလိုက်ခြင်းဖြစ်သည်။ ဒုရဲအုပ်ထွန်းနိုင်ကဒုရဲအုပ် ကျော်မိုး၏ စီနီယာဖြစ်၍လည်း လိုအပ်သည်များ ပြောပြီး အဖွဲ့ခွဲ စုံစမ်းနိုင်းခြင်းအား မေးလိုက်ခြင်း ဖြစ်သည်။

''ဒီလို အစ်ကိုရဲ့ ကျွန်တော်တို့ ကိုကျော်နိုင့်အိမ်သွားစုံစမ်းတော့ ကိုကျော်နိုင်ကို အိမ်မှာ တွေ့တယ်။ မနေ့ညက ညောင်လေးပင်ရွာကအပြန် ဖိုးတင်၊ လေးမောင်တို့ သူ့ဆိုင်ကယ်နဲ့ အတူစီးခဲ့တာ။ လေးမောင် သူ့အိမ်မှာ ဝီစကီသောက်တာတွေ ပြောပြတယ်။ ပြီးတော့ လေးမောင်က ကားပျက်နေတဲ့ သစ်ကုန်သည်ဆီမှာ သူ့ရစရာရှိတဲ့ အကြွေး သွားတောင်းမယ်ဆိုလို့ သူက မင်းမူးနေပြီ မသွားနဲ့လို့ တားခဲ့တာကိုလဲ ပြောတယ်။ သူ့အိမ်က အရက်သောက်ပြီး ပြန်သွားတော့ ည ၈နာရီထိုးခါနီးပြီလို့ ပြောတယ်''

ဒုရဲအုပ် ကျော်မိုးက စကားကို ရပ်လိုက်သည်။ ဒုရဲအုပ် ထွန်းနိုင်က ရေနွေးကြမ်းတစ်ခွက်ကို ယူကာ သောက်လိုက်ပြီး-

' ဟ နာရီကို အတိအကျ ကျော်နိုင်က ပြောနိုင်ပါလား''

''ကျွန်တော်လဲ အဲဒါကို သိလို့ ထောက်ပြတော့ သူပြောတာက လေးမောင် ပြန်တော့ ကိုရီးယား ကားက မပြီးသေးဘူးတဲ့။ သူထွက်သွားပြီး ခဏကြာမှ ကိုရီးယားဇာတ်လမ်းတွဲပြီးလို့ သတင်းလာတယ်တဲ့လေ။ အဲဒါကြောင့် လေး
~~~~~

www.burmeseclassic.com



မောင် ပြန်တဲ့ နာရီကို မှတ်မိ
တာပါလို့ သူကပြောတယ်”

ဒုရဲအုပ် ကျော်မိုးက
သူ့စုံစမ်းချက်ကိုပြောပြသည်။

“ပြီးတော့ လေးမောင်
မှာ ဘယ်ဘက်ဖိနပ် တစ်ဖက်ပဲ
ရှိတော့တယ်လို့ လေးမောင်က
ခြေထောက်မြှောက်ပြီး ပြောပြလို့
ကိုသောင်းတို့ သိတာတဲ့။ ကျွန်
တော့် အထင်တော့ လူသတ်
သမားဟာ ပျက်နေတဲ့ ကားဆီ
မှာ ရှိမယ်လို့ထင်တယ်”

ဒုရဲအုပ် ကျော်မိုးက
သူ့ထင်မြင်ချက်ကို ပြောလာ
သည်။ ဒုရဲအုပ် ထွန်းနိုင်က
ခေါင်းကိုခါယမ်းလိုက်သည်။ ပြီး
တော့ တွေးတွေးဆဆပြောလာ
သည်။

“လေးမောင် ကား
ပျက်ဆီမရောက်ဘူးဗျ။ သူကား
ပျက်ဆီ ရောက်ခဲ့ရင် အသွား
တစ်ကြောင်းနဲ့ အပြန်တစ်
ကြောင်း ချောင်းကိုဖြတ်ရမယ်။
ချောင်းကို ဖြတ်ရင် သူ့ခြေသ
လုံး တစ်ပတ်လည်မှာ ရွှံ့တွေ
ပေနေရမယ်လေ။ အခုတော့
လေးမောင်ရဲ့ ခြေထောက်မှာ
ဘာရွှံ့မှပေမနေဘူး။ ဒါကြောင့်
သူကားပျက်ဆီကို မသွားဘူးလို့
ကျွန်တော်ပြောတာ”

ဒုရဲအုပ် ထွန်းနိုင်က
သူ့ ယူဆချက်ကို ပြောလိုက်
သည်။ ပြီးတော့ ဆက်ပြောပြန်
သည်။

“ကျွန်တော် ယူဆတာ
ကတော့ လူသတ်သမားဟာ ဒီ
ကွေ့ကြီးရွာထဲမှာပဲ ရှိမယ်”

ဒုရဲအုပ် ကျော်မိုးက
ဒုရဲအုပ် ထွန်းနိုင်၏ စကားကို
နားထောင်ရင်းပြောလိုက်သည်။

‘လေးမောင်ရဲ့ ဖိနပ်
တစ်ဖက်က ကားရှိရာ လမ်းအ
ရှေ့ဘက် လယ်ကွက်ထဲမှာတွေ့
တာမဟုတ်လား။ အဲဒီဘက်က
ပြေးလာရင်း ကျွတ်ကျန်ခဲ့တာ
ရော မဖြစ်နိုင်ဘူးလား”

“အင်း ကိုကျော်မိုး
ပြောသလိုလဲ တွေးနိုင်တာပါပဲ။
ဖိနပ် တစ်ဖက်ကိစ္စကို အသာ
ထားပြီး ဒီဘက်ကမ်းကနေ
လှမ်းပြောပြီး အချေအတင်ဖြစ်
လို့ ကားသမားတွေက လိုက်
လုပ်တယ် ဆိုပါတော့။ လေး
မောင်က လယ်ကွင်းထဲက ပြန်
ပြေးလာပြီး ဒီတာလမ်းကို
ရောက်ရင် ရွာထဲက ပြန်ပြေးပြီး
ရွာထိပ်က အိမ်တွေကို အကူအ
ညီတောင်းခံနိုင်တာပေါ့။ အဲဒီလို
မပြေးနိုင်လို့ သူ့ကို မီသွားရင်
သူ့ကို လမ်းဘေးမှာပဲ သတ်
[illegible] မဟုတ် ဒီရွာ
သားဆိုရင် လေးမောင် ပြန်အ
လာကို ဆီးစောင့်လုပ်မယ်။ ဒီ
တော့ လေးမောင်က လူသတ်
သမားနဲ့ ရင်ဆိုင်တွေ့တဲ့နေရာ
မှာ ဒီတောလမ်းအတိုင်း ရွာထဲ
ဝင်မပြေးနိုင်တော့ဘဲ သူလွတ်
ရာ လွတ်ကြောင်း ဒီရွာနောက်

**“ဖိနပ်တစ်ဖက်
ကိစ္စကို
အသာထားပြီး
ဒီဘက်ကမ်းကနေ
လှမ်းပြောပြီး
အချေအတင်ဖြစ်လို့
ကားသမားတွေက
လိုက်လုပ်တယ်
ဆိုပါတော့။**



www.burmeseclassic.com

www.burmeseclassic.com



ဖေးဘက် လယ်ကွက်တွေဘက်ကို ပြေးမယ်။ ဒီမှာ လူသတ်သမားက လိုက်သတ်မယ်။ ဒီတော့ ကျွန်တော် သုံးသပ်တာက လူသတ်သမားဟာ ဒီရွာသားပဲ ကိုကျော်မိုး"

ဒုရဲအုပ်ထွန်းနိုင်က သုံးသပ်ပြသည်။ ဒုရဲအုပ် ကျော်မိုးနှင့် ရွာလူကြီး ဦးမြင့်တို့က ဒုရဲအုပ် ထွန်းနိုင်၏ သုံးသပ်ချက်ထဲတွင် နစ်မျောနေကြသည်။

"ဦးမြင့် ဒီ အတောအတွင်း လေးမောင်နဲ့ ရန်ဖြစ်တဲ့လူ ဒီရွာမှာရှိလား"

ဒုရဲအုပ် ထွန်းနိုင်က ရွာလူကြီး ဦးမြင့်ကို မေးလိုက်သည်။

"လေးမောင်နဲ့တော့ ရန်မဖြစ်ပါဘူး။ လွန်ခဲ့တဲ့ ၃ ရက်လောက်က လေးမောင် နေအိမ်ကို သူ့မိန်းမတစ်ယောက်တည်းရှိနေတုန်း နေ့ခင်း ၁၂ နာရီလောက်မှာ ဖိုးတင်က ဓားကိုင်တက်လာပြီး အကြွေးတောင်းတယ်လို့ လေးမောင်မိန်းမက ကျွန်တော့်ကို တိုင်ပြောတယ် ဗိုလ်လေး"

ဦးမြင့်က သူသိတာကို ပြောလာသည်။

"ဘာ အကြွေးလဲ ဦးမြင့်"

"ဖိုးတင် တောထဲက သစ်ဆွဲလာတာကို လေးမောင်က ယူရောင်းပေးပြီး ပိုက်ဆံ အကျေမပေးဘဲ အကြွေးကျန်နေတာလို့ ဖိုးတင်က ကျွန်တော်ကို တစ်ခါပြောဖူးတယ်"

"ဘယ်လောက်တောင် အကြွေးကျန်နေလို့လဲ"

"မများပါဘူး ၇၀၀၀ ထဲလို့ ဖိုးတင်ကပြောတယ် ဗိုလ်လေး"

ဒုရဲအုပ် ထွန်းနိုင်က ရွာလူကြီး ဦးမြင့်တို့ စကားပြောနေစဉ် ရဲတပ်သား ကျော်သူအောင် နေအိမ်ပေါ် တက်လာသည်။

"ဟ ကျော်သူအောင် မင်း ထမင်းစားပြီပလား။ မင်း အရီးလေးကို ခူးခိုင်းပြီး စားလိုက်လေ"

ဦးမြင့်က ကျော်သူအောင်ကို လှမ်းပြောလိုက်သည်။

ရဲတပ်သား ကျော်သူအောင်က ဦးမြင့်ကို ပြုံးပြလိုက်ပြီး-

"ကျွန်တော် စားပြီးပြီ ဦးလေး၊ အရီးလေးမြတို့အိမ်က စားလာတယ်"

ရဲတပ်သား ကျော်သူအောင်က ဦးမြင့်ကို ပြန်ပြောပြီး ဒုရဲအုပ် ထွန်းနိုင်ကို ခေါင်းညိတ်ပြသည်။ ဒုရဲအုပ်ထွန်းနိုင်က ထိုင်ရာမှ ထကာ ကျော်သူအောင်နှင့်အတူ နေအိမ်အောက်သို့ ဆင်းသွားသည်။ ရဲတပ်သား ကျော်သူအောင်က သူရရှိလာသည့် သတင်းများကို ဒုရဲအုပ် ထွန်းနိုင်သို့ တင်ပြသည်။ ဒုရဲအုပ် ထွန်းနိုင်က မှာကြားပြီး တပ်သား ကျော်သူအောင်ကို ပြန်လွှတ်လိုက်သည်။ ဒုရဲအုပ် ထွန်းနိုင်က အိမ်ပေါ်ပြန်တက်ပြီး လက်ဖက်ရည်ကြမ်း ဝိုင်းတွင် ပြန်ထိုင်သည်။ ထို့နောက် ရေနွေးပူပူ တစ်ခွက်ကို မှုတ်သောက်လိုက်သည်။ ရေနွေးပူသည့် ရင်တွင်းသို့ ပူလောင်စွာ ကျဆင်းသွားသော်လည်း ခဏအကြာတွင် ရင်အေး၍ ရေဆာပြေသွားပါသည်။

~~~~~

ခဏ အကြာ ရဲတပ်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သား ကျော်သူအောင်နှင့် ဖိုးတင်တို့ ဦးမြင့်တို့ အိမ်ပေါ်သို့ တက်လာသည်။

"လာ ဖိုးတင် ထိုင်"

ဒုရဲအုပ် ထွန်းနိုင်က သူရှေ့ မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်ခိုင်းလိုက်သည်။ဖိုးတင် ထိုင်ပြီးသည်နှင့် တပ်သား ကျော်သူအောင်က ဖိုးတင်လက်ကို လက်ထိတ်ခတ်လိုက်သည်။ ဖိုးတင်က မျက်နှာတစ်ချက်ပျက်သွားပြီး အသံတုန်တုန်ဖြင့် မေးလာသည်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

ဒုရဲအုပ်ထွန်းနိုင်က ဖိုးတင်ကို စိုက်ကြည့်ရင်း ဖိုးတင်အမေးကို မဖြေဘဲ ဖိုးတင်ကို မေးလိုက်သည်။

"ကဲ ဖိုးတင် မင်းဘာကြောင့် လေးမောင်ကို သတ်လိုက်တာလဲ"

ဖိုးတင်က ဒုရဲအုပ် ထွန်းနိုင်ကို စူးစူးစိုက်စိုက် ကြည့်ကာ

"ကျွန်တော် မသတ်ပါဘူး ဗိုလ်လေး"

"မင်း မသတ်ဘူးဆိုရင် ငါမေးတာကို မှန်မှန်ဖြေ"

"ဟုတ်ကဲ့ ဖြေပါ့မယ် ဗိုလ်လေး"

"မင်း လေးမောင်အိမ်ကို သွားပြီး နေ့ခင်းကြီး ဓားကိုင် အိမ်ပေါ်တက် အကြွေးတောင်းတယ်ဆိုတာ ဟုတ်လား"

**"လေးမောင် မိန်းမက မျက်စိ မမွဲသေးပါဘူး။ မင်း ဓားကိုင်လာတာ တွေ့တယ်။ ဓားက ဓားဦးကား မင်းအိမ်က ဓား"**

"ဟုတ်ပါတယ်။ ဓားတော့ မပါပါဘူး"

"လေးမောင် မိန်းမက မျက်စိ မမွဲ သေးပါဘူး။ မင်း ဓားကိုင်လာတာ တွေ့တယ်။ ဓားက ဓားဦးကား မင်းအိမ်က ဓား"

ဒုရဲအုပ် ထွန်းနိုင်က ပြောလိုက်သည်။ ဖိုးတင် တစ်ချက် တွေသွားသည်။

"ဟုတ်ပါတယ်။ ဓားမပြတ်လို့ ဓားသွေးရအောင် သွားရင် အကြွေးဝင်တောင်းမိတာပါ"

ဖိုးတင်က ဝန်ခံသည်။ ဒုရဲအုပ် ထွန်းနိုင်ကတစ်ချက်ပြုံးလိုက်သည်။

"ဟုတ်ပြီ မင်းက လေးမောင် လုံထိုးခံရပြီး သေတယ်လို့ မင်းဘာကြောင့်ပြောနိုင်တာလဲ"

ဒုရဲအုပ် ထွန်းနိုင်၏ အမေးကို ဖိုးတင် တစ်ချက် တွေသွားသည်။

"ကျွန်တော် မပြောပါဘူး"

ဖိုးတင်က အကြောက်အကန်ငြင်းသည်–

"မင်း မနက်က ငါ့ကို ပြောသွားတာလေ။ မင်းမေ့တတ်သလား နေ့တောင်မကူးဘူး"

"ကျွန်တော် မပြောမိပါဘူး"

ဖိုးတင်က ဘူး[illegible]လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သည်–

"ညက မင်း မိန်းမ ဘယ်မှာအိပ်လဲ" —

"အိမ်မှာပဲ ကျွန်တော်နဲ့အတူတူအိပ်ပါတယ်"

"တစ်ညလုံးလား"

"ဟုတ်ကဲ့"

"ဒါဆိုရင် မင်းညက ဖျဲ့ဥဖုတ်တဲ့ တဲကို မသွားဘူးပေါ့"

"ဖိုးတင် နှုတ်ပိတ်သွားသည်။

"ငါ ပြောမယ် ညက မင်းမိန်းမ မင်းနဲ့အတူတူ မအိပ်ဘူး။ ဘယ်အိမ်မှာ အိပ်တယ်ဆိုတာ ငါသိတယ်။ မင်းက မင်းနဲ့ မင်းမိန်းမ အိပ်တယ်ဆိုဘာ ဘာလို့ လိမ်ပြောရတာလဲ။ မနက်က ပြောတော့ ညကတည်းက ဖျဲ့ဥဖုတ်တဲ့ တဲသွားတယ် ဆိုတာပါ ပြောထားတာလေ။ မေ့နေပြီလား။ မင်းကလဲ မေ့တတ်ရန်ကော–"

ဒုရဲအုပ် ထွန်းနိုင်က စကားပြောရင်း အပြစ်တင်သံစွက်လိုက်သည်။

"မင်း ဝန်ခံမလား ဖိုးတင်၊ မင်း ဝန်မခံရင် မင်း ထိုးခဲ့တဲ့ လှံဟာ ဘယ်အိမ်က လှံကို ယူသွားတယ်ဆိုတာ ငါပြောမယ်။ အဲဒီလှံက မင်းလှံ မဟုတ်ဘူး။ အဲဒီလှံပိုင်ရှင်ကို ငါ ခေါ်လိုက်ရမလား"

ဒုရဲအုပ် ထွန်းနိုင် စကား အဆုံးတွင် ဖိုးတင် ငိုင်သွားသည်။

"ကဲ ဖိုးတင် မင်း ဘာကြောင့် လေးမောင်ကို သတ်လိုက်ရတာလဲ"

ဖိုးတင် ငိုင်သွားသည့်အချက်ကို အခွင့်ကောင်းယူကာ ဒုရဲအုပ် ထွန်းနိုင်က မာန်ပါပါ မေးလိုက်သည်။ ဖိုးတင် ခေါင်းငုံ့နေရာမှ သွေးဆုတ်နေသည့် မျက်နှာဖြင့် ဒုရဲအုပ် ထွန်းနိုင်ကို မော့ကြည့်သည်။

"ကျွန်တော် ဝန်ခံပါတော့မယ် ဗိုလ်လေး။ ကျွန်တော် တောထဲက ပင်ပင်ပန်းပန်းနဲ့ ဆွဲလာတဲ့ သစ်တုံးကို လေးမောင်က ယူရောင်းပြီး ကျွန်တော့်ကို ပိုက်ဆံ အကျေမပေးဘဲ ရတဲ့ပိုက်ဆံထဲက သူ သုံးထားလို့ ကျွန်တော်တောင်းတာ အကြိမ်ကြိမ်ရှိပြီ။ ကျွန်တော့်ကို ဂရုမစိုက်သလို မပေးဘဲနေလို့ အဲဒီညကလဲ သူနဲ့အတူ ဆိုင်ကယ်စီးလာတော့ ကျွန်တော့်အကြွေး သူ့မှာမရှိသလို မျက်နှာပေးနဲ့နေလို့ ကျွန်တော် ဒေါသထွက်ပြီး လေးမောင် ညောင်လေးပင်ရွာဘက် ထွက်သွားလို့ အပြန်မှာလမ်းက စောင့်ပြီး လှံနဲ့ထိုးခဲ့တာပါ။ ပထမ တစ်ချက်ထိုးတုန်းက လေးမောင်က ရွာထဲဘက်ပြေးမလာဘဲ ကျွန်တော်နဲ့လွတ်ရာ လယ်ကွက်ဘက်ကို ပတ်ပြေးသွားလို့ ကျွန်တော် လိုက်ထိုးသတ်ခဲ့တာပါ။ လှံကိုတော့ ရွာမြောက်ဘက်က လျှိုထဲမှာ ဝှက်ထားပါတယ် ဗိုလ်လေး"

ဖိုးတင်က အသံတုန်တုန်ဖြင့် ပြောပြီး ခေါင်းငုံ့သွားသည်။ ဒေါသတစ်ချက်ထွက်၍ ဘဝပျက်သွားသော ဖိုးတင်ကို ဒုရဲအုပ် ထွန်းနိုင်က ကြည့်ရင်း စိတ်မကောင်း ဖြစ်သွားသည်။ ဒေါသကို မထိန်းချုပ်နိုင်ခဲ့သော ဖိုးတင် တစ်သက်တာ စိတ်ဆင်းရဲမှုကို ခံပေဦးတော့ဟု ရင်ထဲမှ ပြောနေမိပါတော့သည်။

အောင်သီဟ

(နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com



ဘဝအညွှန့် ကျိုးသွားတဲ့

ကောင်မလေးချောချော

တစ်ယောက်ရဲ့ဇာတ်လမ်းတစ်ပုဒ်

# မပွင့်မီကကြွေတဲ့ပန်း

ကျော်စိုးသူ

(ဥသျှစ်ပင်)



www.burmeseclassic.com

www.burmeseclassic.com



## မပွင့်မီက ကြွေတဲ့ပန်း

ကျော်စိုးသူ–ဥသျှစ်ပင်

(၁)

အေးချမ်းသာယာ လှပတဲ့ ဧရာဝတီမြစ်ကမ်းနဘေးက ရွာလေးတစ်ရွာက ဗုဒ္ဓဘာသာကရင်လူမျိုး အများစုနေထိုင်တဲ့ ရွာသစ်ကုန်းရွာလေးဟာ ယခင်ကဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သော်လည်း ယခုအခါမှာတော့ ဖွံ့ဖြိုးတိုးတက်လာခဲ့လေပြီ။

ဦးစံထွန်း၊ ဒေါ်နော်ဆေးဖောတို့ဇနီးမောင်နှံမှာ ရှားရှားပါးပါး အသက်ကလေး ရလာကာမှ ပေါ်ထွန်းလာခဲ့တဲ့ သမီးချောလေး မေရီထွန်းကို အရိပ်တကြည့်ကြည့်နဲ့ ပြုစုပျိုးထောင်လာခဲ့ကြတာ အခုဆိုရင် ၁၀ တန်းကျောင်းသူပင်ဖြစ်နေပါပြီ။ ညီအစ်ကို မောင်နှမ အရင်းအချာမရှိ၊ တစ်ဦးတည်းသော သမီးလေးဖြစ်ပေမယ့် တစ်ရွာလုံးက ဆွေမျိုးရင်းချာတွေမို့ ဝမ်းကွဲတော်စပ်သည့် မောင်နှမတွေကတော့ အများကြီးရှိကြသည်။ သမီးကလေး တစ်ယောက်တည်းမို့ အလိုလိုက်သည်ကလည်း အများကကဲ့ရဲ့သည်အထိ ဖြစ်ကြရသည်။ သမီးကလည်း ရသမျှ အခွင့်အရေး အကုန်ယူသည်။ ၁၀ တန်းဆိုတော့ မနီးမဝေးမှာရှိတဲ့ မြို့ကျောင်းမှာ သွားပြီးကျောင်းတက်ရသည်။ မြို့ကျောင်းသူဆိုတော့ မြို့သူတွေ ဝတ်စားဆင်ယင် ကြသမျှ အတုမြင်အတတ်သင်ဆိုသည့်အတိုင်း အားလုံးတုပဝတ်ဆင်သည်ကတော့ ထုံးစံဟုပင်ဆိုရပေမည်။ မိဘများကလည်း သမီးလေးက မြို့ကျောင်းသူလေး။ ရွာမှာဆိုဒါမျိုးတွေ မြင်ရတာမဟုတ်ဘူး ဆိုသည့် ချစ်စိတ်နှင့် ပူဆာသမျှ ဘယ်သူ့ဘာမျှ ကန့်ကွက်လို့မရအောင် ဝယ်ပေးပြီးသားဖြစ်နေသည်။

~~~~~

(၂)

မေရီထွန်း၏ အလှအပကလည်း မြင်သူငေးလောက်သည်။ တောသူဆိုပေမယ့် ခေတ်အလိုက် ပြင်တတ်ဆင်တတ်သောအခါ အလှအပတွေက သမင်လည်ပြန် ငေးယူရသည့်အထိဖြစ်လာသည်။ တစ်တန်းတည်းအတူတက်နေသော မြို့မှ အတန်းဖော်သူငယ်ချင်း စန္ဒာဝင်းက မေရီ–

"နင့်ကိုလေ အေတန်းက ကိုဖြိုးက ငါ့ကို ပြောခိုင်းတယ်ဟဲ့"

"တော်စမ်းပါ စန္ဒာဝင်းရယ်၊ အဲဒီကောင်က မြို့သားဆိုပြီး ဘဝင်ကိုင်တယ်ဟ"

'ဘာလဲ နင်က ဘဝင်မကိုင်ဘူးဆိုရင် စဉ်းစားမယ်ပေါ့ ဟုတ်လား"

"ကောင်မနော် ပေါက်ကရတွေ မပြောနဲ့" ပြောပြောဆိုဆို လက်ထဲမှ ခေါက်ထီးနှင့် ရိုက်ဟန်ပြုပြီး တခစ်ခစ်ရယ်နေပါသည်။

စန္ဒာဝင်း ကလည်း ဘယ်သူက စိတ်ဝင်စားကြောင်း၊ ဘယ်သူ စာပေးခိုင်းကြောင်း၊ တစ်နေ့တစ်မျိုး မရိုးရအောင် အင်တာနက်သတင်းတွေက အ မြဲပို့နေသည်။ ကြာရပါများလာတော့ ရိုးမသွားတဲ့အပြင် တယ် ဟုတ်တဲ့ ငါပါလား။ ငါချောလို့ လှလို့သာ ယောကျ်ားလေးတွေ က စိတ်ဝင်စားကြတာပဲ ဖြစ် မယ်။ ပိုလှလာရင် ပိုပြီးစိတ်ဝင်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဘားကြမယ်။ ဒါကြောင့် ပိုပြီးလှအောင် ပြင်ရမယ်ဆိုသည့် အတွေးများ ဝင်လာနေသည်။ ထို့ကြောင့် တစ်နေ့ထက် တစ်နေ့ ကျောင်းစာကို ကျက်မှတ် ကြိုးစားရမှာထက် ဘယ်ကားထဲက ကိုရီးယားမင်းသမီးက ဘယ်လိုဝတ်သည်။ ဘယ်ကားထဲမှာ ဝတ်တဲ့ အင်္ကျီနဲ့ စကတ်က ဘယ်လောက်လှတာ၊ မိတ်ကပ်က ဘယ်လိုပြင်တာ၊ ဒါတွေကိုသာ အထူးဦးစားပေးပြီး အိမ်ကို ပူဆာတော့ အိမ်က မိဘများကလည်း ရိုးသားသည့် တောင်သူလယ်သမားများပီပီ အားလုံး ဖြစ်စေသတည်းပေါ့။

ရွာသစ်ကုန်းရွာနှင့် မြို့ကို ရေဝတီမြစ်က ကြားမှတားဆီးထားသည့် မြို့ကိုသွားလိုလျှင် ကူးတို့ဖြင့် တစ်ဖက်ကမ်းသို့ကူးရသည် တစ်ဖက်ကမ်းရောက်မှ ခြေလျင်ခရီးနှင့်မြို့သို့ (၃)မိုင်ခန့်လျှောက်သွားမှ ရောက်သည်။ ယခင်ကဖြစ်သည်။ ယခုတော့ စက်ဘီးဆိုင်ကယ်များဖြင့် သွားလာနေကြပြီဖြစ်သည်။

~~~~~

(၃)

တစ်နေ့ ဆိုင်ကယ် တစ်စီး မြို့ဘက်မှ ကူးတို့လှေပေါ်မှာ ပါလာပြီး လှုငယ်နှစ်ယောက်ရွာထဲသို့ စီးလာကာ ဦးစံထွန်းတို့ အိမ်ရှေ့ကို ထိုးဆိုက်လာသည်။

"ဦးလေးစံ အမိုးနဲ့ ညီမလေးကော"

"ဟ ဖိုးဇော် ညွှန့်သည်လဲ ပါလာတာကိုး"

"မင်း အမိုးက မီးဖိုချောင်ထဲမှာ မင်း ညီမကကျောင်းက မပြန်သေးဘူးလေကွာ။ လာကြ အိမ်ထဲကို"

ဦးစံထွန်းက ပြောဆိုဖိတ်ခေါ်လိုက်ပြီး အိမ်ရှေ့ ကွပ်ပျစ်တွင် ထိုင်နိုင်းလိုက်သည်။

"ဦးလေးစံရေ တစ်ဖက်ကမ်းက စက်ရုံကို ကိစ္စတစ်ခုနဲ့လာတာ သွားရင်းလာရင်းနဲ့ ဒီက သူငယ်ချင်းနဲ့ မိတ်ဆွေဖြစ်ပြီး ရွာကိုအလည်ခေါ်လာတာ သူက ရန်ကုန်ကဗျ။ ဒီဘက်မှ အရောင်းအဝယ်ကိစ္စအတွက် ဈေးကွက်လာရှာတာလို့ပြောတယ်။ ကျွန်တော်နဲ့က လမ်းမှာတင် တော်တော်လေး ခင်သွားကြတာဗျ"

"အေးပေါ့ကွာ ငါတို့ သူငယ်ချင်းဆိုတော့ ငါတို့ကလဲ မင်းကို ငါတူလိုပဲ သဘောထားပါတယ်။ ဒီမှာတော့ ဘာမှအားနာစရာမရှိဘူး။ ကြိုက်သလို နေပေါ့ငနော်"

သဘော မနော ကောင်းလှသော တောသူတောင်သားများပီပီ ခဏချင်းမှာပင် ဆွေမျိုးရင်းချာသဖွယ် ဖြစ်သွားကြသည်။ မြို့မှ ပါလာသူ ဖိုးဇော် သူငယ်ချင်း ဖြစ်သူကလည်း မြို့သားပီသစွာ အပြောကောင်း အလိုက်သိ ရုပ်ရည်ကလည်း ရုပ်ရှင်မင်းသားစတိုင်မျိုးအသက်အရွယ်ကလည်း (၂၀)ကျော်ကျော်လောက်ဆိုတော့ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှားမှုကြောင့် နာရီပိုင်းအတွင်းမှာပင် ရယ်မောပြောင်လှောင်သံတွေ ဝေစီစွာနှင့် ပျော်ရွှင်စရာ အိမ်ကလေးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

"အမိုးရေ သမီး ပြန်လာပြီ၊ ဟယ် အိမ်ရှေ့မှာ ဆိုင်ကယ်ကြီးတော့၊ ဘယ်သူ့ဆိုင်ကယ်ကြီးလဲဟင်"



www.burmeseclassic.com
~~~~~

www.burmeseclassic.com



"ဟဲ့သမီး နင့်အစ်ကို ဖိုးဇော်ရောက်နေတယ်"

"ဟုတ်လား။ အစ်ကို ဖိုးဇော် ဒါပဲနော် သမီးကို ဆိုင်ကယ်စီး သင်ပေးရမယ်။ ပြီးတော့ ကျောင်းကို ဆိုင်ကယ်နဲ့ လိုက်ပို့ရမယ် ဒါပဲ"

"လုပ်ပြီကွာ၊ မေရီတို့က တော့ မပျောက်သေးဘူး အနိုင်ကျင့်ဖို့က စလာပြီ"

"ဘာလဲ လုပ်မပေးဘူးလား။ ဒါဆိုရင် ရတယ်လေ ဟိုတစ်ခါကိစ္စ ပြောမပေးတော့ဘူး"

"ဟ ဟ မလုပ်ပါနဲ့ဟာ၊ ငါက ဘာပြောသေးလို့လဲ နင်ကလည်း စိတ်ကြီးပဲ"

"ဒီလို လိမ္မာမှပေါ့"

မောင်နှမ နှစ်ယောက် ပြောဆိုတောတွေကို မိဘနှစ်ပါးကတော့ သဘောကျ နှစ်ခြိုက်စွာ ရယ်မောနေကြပါသည်။ ဧည့်သည်ဖြစ်သူ မြို့သားနိုင်နိုင်ကတော့ ကျောင်းသူချောချောလေး မေရီထွန်းကို မျက်တောင်မခတ်နိုင်ဘဲ စိုက်ကြည့်နေမိသည်။ မေရီထွန်းက အစ်ကိုဖြစ်သူနှင့် ပြောင်လှောင်ပြောဆိုနေရာမှ ရုတ်တရက် စိုက်ကြည့်နေသော မျက်လုံးစိမ်းတစ်စုံကို ရင်ဆိုင်တွေ့လိုက်ရချိန်မှာ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်တင်းသွားပြီး ရွှေရင်အစုံမှာ ရင်ခုန်နှုန်းတွေ မြန်ဆန်သွားခဲ့သည်။ ရုတ်တရက် ရူးရဲစွာစိုက်ကြည့်ခြင်းခံရသောကြောင့် ကိုလူစိမ်းအပေါ် ရှက်ဒေါသတွေဖြစ်ရင်း အိမ်ပေါ်သို့ အပြေးတစ်ပိုင်းနှင့် တက်သွားမိတော့သည်။



~~~~~

(၄)

ထိုနေ့ ထမင်းဝိုင်းတွင် ခါတိုင်းဆိုလျှင် အသံစာစာနှင့် တစ်ဝိုင်းလုံး ဗိုလ်ကျ စိုးမိုးနေ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သော မေရီထွန်း တစ်ယောက် ညွှန့်သည်ကိုလူချော၏ မျက်လုံး စိမ်းအောက်တွင် အသံပျောက် ကာ မျက်လွှာမပင့်ရဲသည့် အခြေရောက်ပြီး ထမင်းကိုလည်း ဘယ်လိုစားလိုက်မှန်း မသိဘဲ ပန်းကန်ကိုယူကာ ရေကပြင်သို့ ထွက်ခဲ့ရသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။

ညဘက် အိပ်ရာမဝင်ခင် ကျောင်းစာတွေ ကျက်မှတ်တော့လည်း ကျောင်းစာအုပ်ပေါ်မှာ ညနေက မျက်လုံးစိမ်းတွေက နေရာယူလာလို့ စာမကျက်တော့ဘဲ အိပ်ရာဝင်ခဲ့သည်။ အပြင်မှ ညွှန့်သည်ကိုလူစိမ်းနှင့် မိသားစုများ စကားလက်ဆုံကျနေတာကို နားထောင်ရင်း ဘယ်အချိန် အိပ်ပျော်သွားခဲ့သည်ကို မသိလိုက်တော့ပေ။

မနက်မိုးလင်း မျက်နှာသစ်ပြီး သနပ်ခါးလိမ်းကာ ကျောင်းသွားဖို့ ပြင်ဆင်နေချိန်တွင် မျက်လုံးက အိမ်ရှေ့ဆီသို့ လှမ်းကြည့်လိုက်သည်။ ညွှန့်သည်နှင့် အစ်ကိုဖြစ်သူတို့ အိပ်ရာမှထကာ မျက်နှာသစ်ဖို့ ပြင်နေကြသည်။

"ဦးလေးစံ ကျွန်တော်တို့ ဟိုဘက်ကမ်းကူးဦးမယ်။ ညနေမှ ပြန်လာမယ်"

"သြော်... အေး အေး ညနေ ဒီမှာ ထမင်းပြန်စားမယ် မို့လား"

"စားမှာပေါ့၊ ညနေ

**ဆယ်ကျော်သက်အရွယ်**
**မနူးမနပ်**
**အူရိုင်းမလေး**
**ရင်ထဲမှာ ရုတ်တရက်**
**ဝင်ရောက်လာသော**
**လိပ်ပြာရိုင်းလေးကို**
**စိုးရွံ့ထိတ်လန့်စွာ**
**ရင်ဆိုင်ရင်း ---**

စောစောပြန်လာမယ်"

"ညီမလေး ညနေကျရင် ကျောင်းကိုလာကြိုမယ်။ တို့မောင်နှမတွေ အတူတူပြန်တာပေါ့"

"တကယ်လား ညီမလေး စောင့်နေမှာနော်"

သည်လိုနှင့် တစ်ဖက်ကမ်းကူးတော့ ကူးတို့လှေပေါ်တွင် ကိုင်ကာ[illegible]ရင်း အတူတူတစ်ဖက်ကမ်းသို့ကူးကြသည်။ မေရီထွန်းကတော့ ဆိုင်ကယ်ကြီးကို ကြည့်ရင်း ဆိုင်ကယ်ကြားထဲမှ ခိုးခိုးကြည့်နေသော မျက်ဝန်းတစ်စုံကို ရှောင်ဖယ်ရန်ခက်သော အတွေးပေါင်းများစွာနှင့် ရင်မောစွာ သက်ပြင်းချရင်း ရင်ဆိုင်နေရပါသည်။

ဆယ်ကျော်သက် အရွယ် မနူးမနပ် အူရိုင်းမလေး ရင်ထဲမှာ ရုတ်တရက်ဝင်ရောက်လာသော လိပ်ပြာရိုင်းလေးကို စိုးရွံ့ထိတ်လန့်စွာ ရင်ဆိုင်ရင်း တစ်နေ့တာ ကျောင်းခန်းထဲမှာ ဝေဝေဝါးဝါးနှင့် အချိန်ကုန်ခဲ့ရပါသည်။

ညနေကျောင်းဆင်းချိန်ရောက်တော့ မေရီထွန်း၏ မျက်လုံးတွေက ကျောင်းပေါက်ဝကို မျှော်ကြည့်မိသည်။ အနားမှ သူငယ်ချင်းတွေ ပြောဆိုမေးမြန်းငြင်းခုံသံတွေကို စိတ်မဝင်စားနိုင်ဘဲ အစ်ကိုတစ်ရာကို ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဖွေနေမိသည်။ ကျောင်းရှေ့ ကုက္ကိုပင်အောက်မှာ ဆိုင်ကယ်ကို ခွစီးပြီး ကျောင်းဘက်သို့ မျှော်ကြည့်နေသူကိုတွေ့ရသည်။ အစ်ကိုဖြစ်သူကို မတွေ့ရဘဲ ညီ့သည် ကိုလူချောကိုသာ တွေ့ရတော့ ရင်ခုန်သံမြန်သွားသည်။ မဝံ့မရဲနှင့် လျှောက်လာခဲ့ရင်း အနားရောက်လာတော့မှ –

"လာ တက်လေ ဖိုးဇော်မအားလို့ လာကြိုခိုင်းလိုက်



လို့"

မပွင့်တပွင့်နှင့် ပြောသံကို ကြားလိုက်ရသည်။ ဆွဲအားပြင်းသော သံလိုက်တစ်စုံ၏ ဆွဲဆောင်မှုကို မလွန်ဆန်နိုင်သည့် အလား ဆိုင်ကယ်ပေါ် ထိုင်မိရက်သား ဖြစ်သွားသည်။

"ဟဲ့ မေရီထွန်း ငါတို့ကို နှုတ်ဆက်ဖော်တောင် မရတော့ပါလား"

သူငယ်ချင်းတချို့၏ စီစီညံညံအသံတွေကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ပါသွားခဲ့သည်။ အိပ်မက်ထဲမှာ ထမင်းလုံးတစ္ဆေခြောက်သလိုပဲ ခံစားလိုက်ရသည်။ သည်လိုနှင့် တစ်ဖက်ကမ်းကူး အိမ်ကိုသာရောက်လာခဲ့သော်လည်း ဘယ်ကဘယ်လို ရောက်လာမှန်းမသိလောက်အောင် အပျိုရိုင်းမလေး၏ ရင်ထဲမှာ အမည်မဖော်တတ်သော ဝေဒနာများစွာ ခံစားကြည်နူးမိနေပါသည်။

"ကဲ သူငယ်ချင်း ငါမနက်ဖြန် ကျောင်းကို ပြန်ရမယ်။ မင်းကော ဘယ်တော့ပြန်မလဲ"

"ငါလဲ မင်းမရှိရင် မနေချင်ဘူးကွာ။ နှစ်ရက်လောက်ကြာလို့ ကိစ္စတွေပြီးရင် ပြန်မှာပါ"

"အေး ဒါဆိုရင် ဘာမှ အားမနာနဲ့ ငါမရှိပေမဲ့ ငါတို့ ဦးလေးတွေက သဘောကောင်းပါတယ်။ ငါလဲ ပြောခဲ့မှာပေါ့ကွာ"

ဖိုးဇော်က ကျောင်းကိစ္စတစ်ဖက်ရှိသည်မို့ သူငယ်ချင်းဖြစ်သူ နိုင်နိုင်ကို ဦးလေး ဦးစံထွန်းတို့ထံ အပ်နှံပြီး ပြန်သွားခဲ့သည်။

~~~~~

(၇)

နောက်တစ်နေ့ မေရီထွန်း ကျောင်းသွားတော့ နိုင်နိုင်လိုက်ပို့သည်။ ညနေအပြန်တူပြန်လာသည်။ ဒီလိုနေ့ထိုင်သွားလာနေကြသည်ကို ပတ်ဝန်းကျင်ရှိ ညီအစ်ကိုမောင်နှမတွေက စိုးရိမ်စိတ်နှင့် သတိပေးကြသည်။

"အစ်ကိုကြီးနဲ့ မမတို့



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ကြည့်လုပ်ကြဦးနော်။ ဖိုးဇော် သူငယ်ချင်းဆိုပေမယ့် ခုမှတွေ့ကြတဲ့ သူစိမ်းယောက်ျားလေးနဲ့ ကိုယ့်ရဲ့သမီးပျိုလေးကို အခုလို တပူးတွဲတွဲလုပ်နေတာမကောင်းဘူးထင်တယ်''

ဒါကိုပင် မိခင်ဖြစ်သူက ပတ်ဝန်းကျင်ကို မနာလိုလို့ ပြောကြတာ။ ငါ့သမီးကကျောင်းစာကလွဲလို့ ဘာမှ စိတ်ဝင်စားသူ မဟုတ်ဘူး။ တစ်ဖက်က ယောက်ျားလေးကကော အခြေနဲ့အနေနဲ့ ကလေကချေမဟုတ်ဘူး။ သွားပုပ်လေလွင့် မပြောကြနဲ့''

စသည်ဖြင့် မကြားတကြား ရန်တွေ့သလို ပြောသောအခါ ပတ်ဝန်းကျင် ညီအစ်ကိုမောင်နှမများမှာ မပြောရဲမပြောသာ ရေငုံနှုတ်ပိတ်နေကြရတော့သည်။

''မောင်နိုင်နိုင် အမိုးပြောမယ်။ အခု ပတ်ဝန်းကျင်တွေက ပြောနေကြတယ်။ ဒါပေမဲ့ အမိုးတို့ကတော့ ငါ့တူနဲ့ ပတ်သက်တဲ့သူငယ်ချင်းမို့ ငါတို့တူပဲ မှတ်ပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော ဘာမှ အားမနာနဲ့။ မင်း ညီမကိုတော့ သည်းခံပါကွယ်။ သူက တစ်ဦးသမီးမို့ ဆိုးတယ်ကွဲ့''

မောင်ဇော်ပြန်သွားပြီး နောက်တစ်နေ့မှာ ဒေါ်နော်ဆေးဖောက ထမင်းဝိုင်းမှာ နိုင်နိုင်ကို ပြောလိုက်သည့် စကားများဖြစ်သည်။

နိုင်နိုင်ကလည်း ကိစ္စမရှိပါဘူး။ သူလည်း မိဘတွေ ခိုင်းထားတဲ့ ကုမ္ပဏီကိစ္စတွေ မပြီးသေးလို့ပါ။ ပြီးတာနဲ့ ပြန်မည့်အကြောင်း။ သူတို့မိသားစုရဲ့ ချမ်းသာမှု၊ ပိုင်ဆိုင်မှုတွေ ပြောပြတော့ မိသားစုတွေမှာ တအံ့တသြနှင့် နားထောင်နေမိသည်။

ပတ်ဝန်းကျင် ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတွေက ဘယ်လိုပင် သတိပေးပြောကြားခဲ့သော်လည်း မိဘနှစ်ပါးကိုယ်တိုင်က သဘောဖြူရိုးသားစွာ တူတော်မောင်၏ မျက်နှာနှင့် အခွင့်အရေးပေးလာတော့ မေရီထွန်းကလည်း အရွဲ့တိုက်သည့် သဘောနှင့် ဆိုင်ကယ်စီးလျှင် ခါးဖက်စီးသည်။ အမှတ်မဲ့ပုံစံမျိုးနှင့် လက်ချင်းတွဲသွားသည်။ သည်လိုပုံစံမျိုးတွေ တွေ့နေရသော်လည်း မည်သူမျှ မပြောရဲကြတော့ပေ။ သို့သော် ရိုးသားသော တောသူတောင်သားများကတော့ စူးစမ်းအံ့သြစွာနှင့် ငေးမော ကြည့်ရှုနေသည့်ကြားမှ မေရီထွန်းနှင့် နိုင်နိုင်တို့၏ သွားလာနေထိုင်မှုတွေက ဗီဒီယိုကား တစ်ကားကို ကြည့်နေရသလို တစ်ခန်းပြီး တစ်ခန်းဖောက်ရှိန်မြင့်လာခဲ့သည်။

~~~~~

(၆)

''မေရီ တို့ မနက်ဖြန် ပြန်ရလိမ့်မယ်။ ဖေဖေ ခေါ်နေပြီ''

''ဟယ် ကိုကို ဒါဆို မေရီလဲ လိုက်မယ်''

''ဖြစ်ပါ့မလား မေရီရယ်၊ ကျောင်းတက်နေရင်းကွာ ပညာရေးပျက်လိမ့်မယ်''

''အို. ပညာရေးက အရေးမကြီးပါဘူး။ ကိုကိုနဲ့ မခွဲနိုင်တာက အရေးကြီးတယ်''

''မေရီရယ် မင်းနဲ့တို့က ခုမှတွေ့တာ။ နှစ်ပတ်လောက်ပဲ ရှိသေးတယ်။ မင်း တို့အကြောင်း ဘယ်လောက်သိလို့



www.burmeseclassic.com
~~~~~

www.burmeseclassic.com



လဲ''

''ဒါဖြင့် ကိုကိုက ဘာဖြစ်လို့ ချစ်တယ်ပြောလဲ''

''ဒါကတော့ကွာ ကိုယ့်ရင်ထဲက အချစ်ကို ထိန်းလို့မရတာ''

''မေရီလဲ ဒီလိုပဲပေါ့။ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကလဲ အတင်းပြောကုန်ပြီ။ ကိုကိုပြန်သွားရင် ဒီ့ထက်ပိုပြီး ပြောကြလိမ့်မယ်။ ဒီတော့ တစ်ခါတည်းပဲ လိုက်ခဲ့မယ်''

''ကဲ ဒါဆို မနက်ဖြန်ကျောင်းတက်ရင်း အဝတ်အစားအပိုယူလာခဲ့။ တို့က မြို့ထဲက စောင့်မယ်''

''တကယ်နော်။ ဒါပဲ မေရီ လာခဲ့မယ်''

ရှင်မြူး တက်ကြွစွာ ပြောဆို ပြေးထွက်သွားသော မိန်းကလေး၏ ကျောပြင်ကို ကြည့်ရင်း သက်ပြင်းကို မှူိုး မှူိုးလေး မသိမသာချလိုက်သူကတော့ နိုင်နိုင်ပဲ ဖြစ်ပါသည်။

နောက်တစ်နေ့ ကျောင်းတက်ချိန်မှာတော့ –

''ကဲ အမိုးရေ ကျွန်တော်လဲ ကိစ္စတွေပြီးလို့ ပြန်တော့မယ်။ ဖိုးဇော်ပြန်လာရင်လဲ ပြောလိုက်ပါ။ နှုတ်ဆက်သွားတယ်လို့''

''သြော်---အေးကွယ် နောက်လဲရောက်ရင် ဝင်လည်ပေါ့ကွယ်။ ဖိုးဇော် မပါလဲ ဝင်လာခဲ့ပေါ့ကွာ။ တို့တစ်တွေက ခင်တတ်ပါတယ်''

''ဟုတ်ကဲ့ပါ ခင်ဗျာ''

''အေးကွယ် အေးအေး ကျန်းမာချမ်းသာပါစေကွယ်''

သမီးဖြစ်သူ မေရီထွန်းက ဒီနေ့ သူငယ်ချင်းတွေနဲ့ စော

စောကပဲ ကျောင်းပို့ လှေနှင့်သွားနှင့်ပြီဖြစ်သည်။ နိုင်နိုင်လည်း ပစ္စည်း ထည့်ထားသည့် လက်ဆွဲအိတ်ကိုယူပြီး လှေဆိပ်သို့ ဆင်းသွားလေသည်။

''ကဲ ကိုကို ဘယ်သွားမှာလဲ''

''ကိုသွားရာ တကယ်လိုက်မှာလား''

''လိုက်မှာပေါ့''

''ကဲ ဒါဆိုရင် တက်''

''စန္ဒာဝင်းရေ သူငယ်ချင်း အားလုံး စိတ်ချမယ်နော်''

''စိတ်ချ သူငယ်ချင်း။ ရောက်တဲ့နေရာက ဖုန်းဆက်နော်''

''အေးပါ။ သွားပြီနော် ဘိုင့်ဘိုင်''

~~~~~

(၇)

တိုင်းမြို့တော်၏ မြို့လယ် တည်းခိုခန်းတစ်ခန်းတွင် တည်းခိုရန် ဝင်ရောက်လာကြသည်။ မန်နေဂျာက မှတ်ပုံတင်တောင်းသည်။ နိုင်နိုင်တွင် မှတ်ပုံတင် မပါပါ။ မေရီထွန်းတွင် ကျောင်းသားကတ်ပါလာသည်။ မန်နေဂျာနှင့် နိုင်နိုင် ဘယ်လို

**တစ်ခါမှ မမြင်ဖူး မကြားဖူး မကြုံဖူးခဲ့သော နေရာသစ်တစ်ခုတွင် ပိုးဖလံမလေးတစ်ကောင် မာယာပင့်ကူမျှင်များရစ်ထွေးသိုင်းခြံပြီး ကိမ်လ္လာအထပ်ထပ်ကို စီး၍ ဝေဟင်ယံမှာ အဆုံးအစမဲ့ ပျံသန်းနေသည်။**



www.burmeseclassic.com
~~~~~

www.burmeseclassic.com


ညှိလိုက်သည့်မသိ အဆင်ပြေ သွားသည်။ တစ်ခါမှ မမြင်ဖူး မကြားဖူး မကြုံဖူးခဲ့သော နေ ရာသစ်တစ်ခုတွင် ပိုးဖလံမလေး တစ်ကောင် မာယာပင့်ကူမျှင် များ ရစ်ထွေးသိုင်းခြုံပြီး တိမ် လွှာအထပ်ထပ်ကိုစီး၍ ဝေဟင် ယံမှာ အဆုံးအစမဲ့ ပျံသန်းနေ သည်။ ဘယ်အချိန် မိုးချုပ်၍ ဘယ်အချိန် မိုးလင်းမှန်းလည်း မသိ။ ဆာလောင် မွတ်သိပ်လာ လျှင် နိုင်နိုင်က အပြင်ထွက် စားစရာ ဝယ်ပေးသည်။ ခန္ဓာ ကိုယ် နွမ်းနယ်သည်ဆိုလျှင် ဆေးဝယ်တိုက်သည်။ ဆေး သောက်ပြီးလျှင် အိပ်ချင်စိတ်ကို ဘယ်လိုမျှ တားမရ။ အိပ်လိုက် သည်။ နိုးတစ်ဝက် အိပ်မက် တွေ အကြိမ်ကြိမ်မက်သည်။ ဘာဆိုဘာမျှ တွေးတောချိန်မ ရလိုက်။ ဘယ်အချိန် ဘယ်နှစ် ရက် ဘယ်နှစ်ညကြာသွားသည် မသိလိုက်ရ။ ခေါင်းတွေ နောက် ကျိမှုးဝေနေပြီး သတိရလာချိန် တွင် တဖြည်းဖြည်း ပြန်စဉ်းစား မိသည်။ မိမိခန္ဓာကိုယ်ကို ဆန်းစစ်ကြည့်သည်။ ဆုံးရှုံးမှု တစ်ခုကြုံတွေ့လိုက်ရပြီဆိုတာ သိလိုက်ရတော့ ဝမ်းနည်းပြီး မျက်ရည်ကျလာသည်။ လူက တော့ လုံးဝမလှုပ်နိုင်။ ဖြည်း ဖြည်း အားယူပြီး ဘေးကို စမ်း ကြည့်သည်။ ဘာမျှ မတွေ့ရ။ စိုးရိမ်စိတ်နှင့် စိတ်ကို စုစည်း နားစွင့်စူးစမ်းကြည့်လိုက်သည်။

"မင်း ဘာမှ ငြင်းမ နေနဲ့။ ဒီငွေတွေကို မင်းလက်ထဲ မှာ လက်ပူးလက်ကြပ်မိနေပြီပဲ။ မင်းကို တို့က နားလည်မှုနဲ့ပေး ပြီး တည်းခိုခွင့်ပေးထားတာကို မှ မင်းက မထောက်တော့ မင်း ဝန်ခံပြီး ငွေကို ပြန်ပေးမလား၊ ရဲစခန်းပို့ရမလား ပြော ဒါပဲ"

မေရီထွန်းရင်ထဲ ထိတ် ခနဲ ဖြစ်သွားသည်။ မိမိနေ သည့် အခန်းရှေ့က အသံတွေ ဆက်ကြားနေရသည်။

"ရဲစခန်းတော့ မပို့ပါ နဲ့ဗျာ။ ကျွန်တော်ပြန်ပေးပြီး ဒီ က ဒီနေ့ပဲ ထွက်သွားပါမယ်။ ခွင့်လွှတ်ပါဗျာ"

နိုင်နိုင်၏ အသံမှန်း သိလိုက်ရသည်။ ကပျာကယာ ပင်ရှိသမျှ အင်အားတွေ စုစည်း ပြီး အဝတ်အစားတွေ တစ်ခု ချင်း တုန်ယင်ချိန့်ခြင်နှင့် ဝတ် ဆင်လိုက်သည်။ ရှုပ်ပွနေသော ဆံပင်တွေကို စုစည်းလိုက်ပြီး အခန်းတံခါး အဖွင့်ကို ရင်ခုန် ထိတ်လန့်စွာ စောင့်ဆိုင်းနေ လိုက်သည်။

မကြာမီ နိုင်နိုင် ဝင် လာသည်။

"ဘာတွေ ဖြစ်နေတာ လဲ ကိုကို"

"ဘာမှ မဟုတ်ပါဘူး ကွာ။ ဒီနေ့ပဲ တို့ခရီးဆက်ကြ မယ်"

ဒီလိုပဲ တိုတိုပြတ်ပြတ် ပြောပြီး ကုတင်ပေါ်ပက်လက် လှန်ချလိုက်ပြီး မေရီထွန်းကို လက်တစ်ဖက်ကဆွဲပြီး သူ့ရင် ခွင်ထဲ ဆွဲထည့်ကာ ဖက်ထား လိုက်သည်။ ဒီလိုနှင့် မှောင် ကမ္ဘာထဲကို အလည်တစ်ခေါက် ပြန်ရောက်သွားပြန်လေသည်။

"မေရီ ထ ထ ရေချိုး ရအောင်"

"အင်း ကိုကို မေရီထ လို့ မရဘူး"

"ကဲ လာပါကွာ အချိန် မရှိဘူး ခရီးဆက်ရဦးမယ်"

ခပ်ဆတ်ဆတ်နှင့် ခပ် မာမာအသံနှင့် ပြောလိုက်သော


www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် မျက်လုံးကို အား ယူဖွင့်ကြည့်လိုက်သည်။

"**ရော့ ဒီဆေးသောက်လိုက် ခဏနေရင်လေ လန်းသွားလိမ့်မယ်**"

ပေးသော ဆေးပြားကို **ပါးစပ်ထဲ** ငုံလိုက်ပြီး ပေးလာသောရေကို သောက်လိုက်သည်။ သိပ်မကြာခင် အားရှိလာသလို ခံစားလိုက်ပြီး သူပြောသည့်အတိုင်း ရေချိုးရန် ပြင်လိုက်သည်။ သူက ရေချိုးခန်းထဲလိုက်ပို့ပြီး အပြင်ကစောင့်နေမယ် ပြောပြီး ထွက်သွားသည်။

ဆေး တန်ခိုးကြောင့်လား၊ ရေ တန်ခိုးကြောင့်လား မသိ၊ နည်းနည်းတော့လန်းသွားသည်။ အခန်းထဲရောက်တော့ မိမိ ပါလာသည့် ခရီးဆောင်အိတ်ထဲမှ ငွေများကို နိုင်နိုင်မှ ထုတ်ယူနေသည်ကို တွေ့ရသည်။

"ဘာလုပ်တာလဲ ကိုကို"

"တို့မှာ ငွေကုန်သွားပြီ။ ဒါကြောင့် မင်းမှာရှိတဲ့ငွေသုံးရမှာပဲ"

"ဒါနဲ့ ကိုကို့မှာ ငွေတွေ အများကြီးပါလာတယ်ဆို"

"စကားမရှည်နဲ့ကွာ ပြောတဲ့အတိုင်းလုပ်၊ မြန်မြန်သွားမယ်"

ရုတ်တရက် အပြောအဆို အမူအရာတွေ ပြောင်းလဲသွားသော သူ့ကို အံ့သြစွာ ငေးကြည့်နေမိသည်။

"ဟော့ ဘာကြောင်နေတာလဲ မြန်မြန်လုပ်လို့ ပြောနေတယ်"

စိတ်မရှည်စွာ ဆောင့်အောင့်ပြောဆိုရင်း မေရီထွန်းထံမှ ငွေများကို အိတ်ထဲထိုးထည့်ကာ အပြင်ထွက်သွားသည်။ မေရီထွန်းထွက်လာတော့ ငွေရှင်းကောင်တာမှ မန်နေဂျာနှင့် စကားပြောနေရင်းက မန်နေဂျာက မေရီထွန်းကို စူးစိုက်စွာကြည့်ကာ ကျောင်းသားကတ်ကို ပြန်ပေးသည်။ သူတို့နှစ်ဦးလည်း ဆိုက်ကားတစ်စီးကို ငှားပြီး ကားဂိတ်တစ်ဂိတ်သို့ ထွက်ခွာလာခဲ့သည်။

ကားဂိတ်ရောက်တော့ မေရီထွန်း အံ့သြဝမ်းသာ သွားသည်။ သို့သော် ထုတ်ဖော်မပြောရဲပေ။ နိုင်နိုင်ဘာတွေစီစဉ်လို့ ဘာတွေလုပ်မယ်ဆိုတာ မမေးရဲပါ။ မျက်နှာထား တည်တည်နှင့် စကားတစ်ခွန်းမှ မပြော၍ဖြစ်သည်။ ကားလက်မှတ် သွားဝယ်သည်။ ပြီးတော့ ကားပေါ်တက်ဖို့ မျက်ရိပ်ပြသည်။ ကားပေါ်ရောက်မှ စိုးရိမ်သွားသည်။ အစတုန်းက ဝမ်းသာသည်က ကျောင်းနေသောမြို့သို့ ထွက်သည့်ကားဂိတ်ဖြစ်၍ နေရပ်သို့ ပြန်မည်ထင်၍ ဖြစ်သည်။ သို့သော် တကယ်တန်းကျတော့ လမ်းခွဲမှ **ကမ်း**ခြေအပန်းဖြေစခန်းတစ်ခုသို့သွားသော ကားဖြစ်နေ၍ ရင်ထဲ **စိုး**ရိမ်သွားခြင်းဖြစ်သည်။

~~~~~

(၈)

သည်လိုနှင့် ကမ်းခြေ အပန်းဖြေစခန်း တစ်ခုသို့ ရောက်ရှိသွားကြပြီး တည်းခို ခန်းတစ်ခန်းတွင် တည်းခိုည အိပ်ကြသည်။ ဒီအထိ တစ်ဦး နှင့် တစ်ဦး တွေတွေထူးထူး စကားမပြောဖြစ်ကြပေ။ မေရီ ထွန်းကတော့ လမ်းတစ် လျှောက်လုံး ဖြစ်ရပ်ဖြစ်စဉ်တွေ ကို စဉ်းစားဆင်ခြင် [illegible]
~~~~~

www.burmeseclassic.com



လာခဲ့သည်။ တစ်ခုခုတော့ မှားနေမှန်းသိလာခဲ့သည်။ သို့သော် နိုင်နိုင်၏ အပြုအစု ယုယကြင်နာမှုတွေအောက်တွင် တစ်ညတာ ကုန်ဆုံးခဲ့ရပြန်သည်။ နံနက် မိုးမလင်းမီ အချိန်လေးမှ အိပ်ရာက ဖျတ်ခနဲနိုးလာတော့ အနားတွင် နိုင်နိုင် မတွေ့ရပေ။ ဟိုနားဒီနားများ သွားသလားလို့ တွေးနေချိန်မှာ–

"ဟော့ကောင် လက်ပူးလက်ကြပ်မိတာ မင်း ဘာမှ ငြင်း မနေနဲ့။ အခုချက်ချင်း ငါတို့ ဟိုတယ်က ထွက်သွား။ မင်းလိုလူမျိုးတွေကြောင့် ငါတို့ ဟိုတယ် နာမည်ပျက်မခံနိုင်ဘူး"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော် ထွက်သွားပါမယ်။ ပြဿနာတော့ မလုပ်ပါနဲ့ဗျာ"

နိုင်နိုင်၏ တောင်းပန်ခယသံကို နားနှင့်ဆတ်ဆတ်ကြားလိုက်ရသောအခါ မနေ့တုန်းက အဖြစ်အပျက်ကို ဖျတ်ခနဲ သတိရလိုက်သည်။

တံခါးဖွင့် ဝင်လာသော နိုင်နိုင်တွင် နှာခေါင်းမှ သွေးစများ ထွက်နေပြီး အပြင်မှစကားသံများကလည်း–

'အလကား စာရိတ္တပျက်တဲ့ အကောင်၊ လူကြည့်တော့ သူဌေးသားရုပ်နဲ့ သူများပိုက်ဆံခိုးတဲ့ သူခိုး"

မျက်စိထဲ ပြာဝေသွားပြီး ရင်ထဲမှာလဲ တဒိန်းဒိန်းခုန်သံတွေကြောင့် ခြေဖျားလက်ဖျားအေးစက်တောင့်တင်းသွားခြင်းကို ခံစားလိုက်ရသည်။ မေရီထွန်းအိပ်နေရာမှ ထထိုင်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ကိုကို"

"ဘာဖြစ်ဖြစ်ကွာ မမေးနဲ့"

မာကြော ခက်ထန်သော မျက်နှာထားနှင့် အသံကြောင့် လန့်ဖျပ်သွားရသည်။ မကြာမီအချိန်က ယုယကြင်နာမှုနှင့် နှုတ်ဖျားမှ အကြင်နာစကားတွေ ရုတ်ခြည်းပင်ပျောက်ကွယ်သွားခဲ့လေသည်။

"မဟုတ်ဘူးလေ ဘာဖြစ်တာလဲဆိုတာ မေရီသိချင်လို့ပါ"

"မင်းသိတော့ ဘာလုပ်ရမှာလဲ။ လျှာမရှည်နဲ့ တိတ်တိတ်နေ။ လျှာရှည်ရင် ရှည်တဲ့လျှာ ဖြတ်ပစ်မယ်။ ဒီမှာတွေ့လား"

ဒေါသအပြည့်နှင့် ပြောဆိုပြီး ဘောင်းဘီအိတ်ထဲမှ မောင်းပြန်မောင်းချဓားကို ထုတ်ပြလိုက်သည်။

"ဒီဓားက သွေးသောက်ထားတာ။ နောက်ထပ် သွေးသောက်ဖို့ ဝန်မလေးဘူး မှတ်ထား"

မေရီထွန်း ဝမ်းပန်းတနဲ ငိုချလိုက်သည်။ ကြောက်လည်း တော်တော်ကြောက်သွားသည်။ ငိုနေရင်း အတွေးပေါင်းစုံ တွေးမိလိုက်သည်။

"ဏ်ပါ ကိုကိုရယ်၊ ဒေါသမဖြစ်ပါနဲ့။ အေးအဝ၇ ပူအမျှဒပ်။ ကိုကိုဖြစ်တဲ့ ပြဿနာလဲ မေရီဖြစ်တာနဲ့အတူတူပေါ့။ ဒီလိုလုပ် ငွေလိုရင် အမိုးတို့ဆီမှ မေရီငွေပြန်ယူမယ်လေ။ အမိုးတို့မှာ ငွေတွေအများကြီး ရှိတယ်။ မေရီကျောင်းတက်ဖို့ စုထားတာ"

"တကယ်ပြောတာလား။ ဒါဆို ဒီနေ့ပဲ သွားကြမယ်"

မေရီထွန်း မျက်စိမှိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလိုက်သည်။

အခိုမျက်လုံးကို အပြူးရိပ်ဖုံးလျက် ခရီးပြန်ထွက်ဖို့ အမြန် ပြင်ဆင်လိုက်သည်။ တည်းခိုခန်းမှ ပြန်အထွက်တွင် မေရီထွန်း သတိထားမိလိုက်သည်က မန်နေဂျာက တစ်နေရာသို့ အရေးတကြီးဟန်နှင့် ဖုန်းဆက်နေသည်ကို တွေ့လိုက်ရခြင်းပင်ဖြစ်သည်။

မိဘများနှင့် အနီးစပ်ဆုံးမြို့သို့ ပြန်ရမည်ထင်သော်လည်း လမ်းခုလတ်ရှိ ငါးမွေးမြူရေးကန်တဲတစ်ခုအတွင်းရှိ နိုင်နိုင်၏ မိတ်ဆွေများထံတွင် ခေတ္တနေခဲ့ရန် ပြောပြီး ကားကြီးနှင့် စက်ရုံကြီးတစ်ရုံရှိရာ မေရီထွန်းကျောင်းတက်သည့်မြို့နှင့် မနီးမဝေးရွာကြီးသို့ ထွက်သွားသည်။ ငှင်းစီးလာသော ဆိုင်ကယ်ကတော့ ပထမဦးဆုံး တည်းခိုခဲ့သည့် တည်းခိုခန်းတွင် ထားခဲ့သည်။ ဘာကြောင့် ထားခဲ့ရသည်ကို နောက်မှသိရသည်။

~~~~~

(၉)

"သမီးက ဘယ်ကလဲကွယ့်"

တဲပိုင်ရှင် မိသားစုက ရင်းနှီးပွင့်လင်းစွာ မေးလာသည်။

**ဒေါသ**

**တစ်ဝက်နှင့်**

**ပြောနေသော**

**တဲရှင်အမျိုးသားကို**

**ကြည့်နေရင်း**

**သူပြောသမျှတွေကို**

**ကြားတစ်ချက်**

**မကြားတစ်ချက်နှင့်--**

"သမီးက ဒီမြို့နယ်ထဲကပါပဲ။ ကိုနိုင်နိုင်နဲ့ နီးရာလိုက်လာတာပါ"

"ဟယ် ဒါဆို ဟိုတစ်ခါ ခေါ်လာတဲ့ကောင်မလေး ဘယ်မှာထားခဲ့ပါလိမ့်"

တဲရှင်အမျိုးသမီး၏ ရုတ်တရက် ပြောလိုက်သောစကားကြောင့် တဲရှင်အမျိုးသားက

"ဟာ ဒီမိန်းမ ဘာတွေ ပြောနေတာလဲ" ဆိုပြီး မာန်မဲလိုက်သည်။

သို့သော်လည်း မေရီထွန်း၏ ဖြစ်ကြောင်းကုန်စင်အဖြစ်မှန်များကို ပြောပြပြီး ဒီနေရာရောက်သည့်အထိ ချော့မော့ပရိယာယ်ဆင်ခေါ်လာခဲ့ရကြောင်း ပြောပြသောအခါ..

"အေး ဒါဆိုရင် ဒီကောင် မကောင်းတဲ့ကောင်ပဲ။ ဟိုတစ်ခါတုန်းကလဲ သိပ် မကြာသေးဘူးနော်။ ဖြူဖြူချောချောကောင်မလေးတစ်ယောက် ခေါ်လာပြီး ဘာမှ မကြာဘူး ရန်ဖြစ်ပြီး ပါးတွေနားတွေရိုက်ပြီး ပြန်ခေါ်သွားတာ ဘာကြာသေး လို့လဲ။ ဟော အခုတစ်ယောက် ခေါ်လာပြန်ပြီ။ မနေ့ကတုန်းက ရဲတွေ ဒီကောင်ကို လာမေး သေးတယ်။ စောစောက ပြေ တဲ့ကောင်မလေးကို ... ပြီး ထွက်ပြေးလာ ...တဲ့။ ဒီ ရာပြင်းတယ်။ ... ရိမ်ရတယ်...
~~~~~

www.burmeseclassic.com



ဦးတို့လဲ ဒီကောင်ကို စောင့်နေရင်း ခုရောက်လာတာပဲ။ ဘာမှမပြောရသေးဘူး။ ထွက်သွားလို့ပေါ့။ ပြန်လာမှ မေးပြီး ရဲလက်အပ်ရမယ်''

ဒေါသ တစ်ဝက်နှင့် ပြောနေသော တဲရှင်အမျိုးသားကိုကြည့်နေရင်း သူပြောသမျှတွေကို ကြားတစ်ချက် မကြားတစ်ချက်နှင့် ကမ္ဘာလောကကြီး ဦးစောက် ပြောင်းပြန်ဖြစ်ကုန်ပြီလား ထင်ရလောက်အောင် တုန်လှုပ် ချောက်ချားသွားခဲ့ရသည်။

''ဒီမှာ မေရီထွန်း ဆိုတာရှိပါသလား''

မေးသံနှင့်အတူ ဆိုင်ကယ်နှစ်စီးမောင်းလာသံနှင့် အတူ မရှေးမနှောင်း မေးမြန်းဝင်ရောက်လာသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့လိုက်ရသည်။

''ဟုတ်ကဲ့ ရှိပါတယ်။ ကျွန်မ ပါပဲရှင်''

''ဒါဆိုရင် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ။ ဟိုမှာ လူကြီးတွေလဲ စောင့်နေကြပါတယ်''

''ဘာဖြစ်လို့ပါလဲရှင်''

''ဒါကတော့ ဟိုကျမှ အစုံအလင်သိရမှာပါ။ ဒီက လူကြီးမင်းများလဲ တစ်ယောက်တော့ ခေတ္တလိုက်ခဲ့ပါနော်''

''ဟုတ်ကဲ့ခင်ဗျာ လိုက်ခဲ့ပါမယ်''

မကြာခင်မှာပင် ဆိုင်ကယ်နှစ်စီးသည် ရဲ တပ်ဖွဲ့စခန်းရှိရာရုံးသို့ ဦးတည်မောင်းနှင်လာခဲ့ပါသည်။

ရဲစခန်းသို့ရောက်ရှိသောအခါ လက်ထိတ်တန်းလန်းနှင့် နိုင်နိုင်ကို တွေ့ရပြီး မေရီထွန်း၏ ရွာမှ အုပ်စုဥက္ကဋ္ဌနှင့် မိဘနှစ်ပါးအပြင် အခြားတာဝန်ရှိပုဂ္ဂိုလ်များကို တွေ့လိုက်ရသောအခါ မည်သို့မျှ ထိန်းမရတော့ဘဲ အားပါးတရ ချုံးပွဲချကာ မေရီထွန်း ငိုချလိုက်ပါတော့သည်။ လူတစ်ကိုယ်လုံး ပျော့ခွေကာ သတိလစ်လဲကျသွားပါတော့သည်။ အားလုံးက မီခင်နှင့်အတူ ဝိုင်းဝန်းပြုစုမှုကြောင့် သတိရလာချိန်မှာ စခန်းမှူးက–

''တကယ်တော့ ဒီကောင့်နာမည်အရင်းက ရဲလင်းကျော် (ခ) ကျော်ကျော်ပါ။ သူ့မှာ ဇနီးနဲ့ သမီးတစ်ယောက်ရှိပါတယ်။ ဒီကြားထဲမှာတိုင်းရင်းသူလေးတစ်ယောက်ကို ပြီးခဲ့တဲ့လဆန်းပိုင်းက ခိုးယူလာခဲ့ပါတယ်၊ ကျော်ကျော် (ခ) ရဲလင်းကျော်ကျော် အသက်က ၂၂ နှစ်ပဲရှိပါသေးတယ်။ အဲဒီတိုင်းရင်းသူလေးနဲ့ တည်းခိုခန်းမှာတည်းခိုရင်း ငွေခိုးမှုဖြစ်ပွားခဲ့ပါတယ်။ ဒါကို ပိုင်ရှင်က သိတော့ ပြဿနာဖြစ်ခဲ့ပါတယ်။ ပါလာတဲ့တိုင်းရင်းသူလေးက ဒီကိစ္စနဲ့ပတ်သက်ပြီး ရန်တွေ့လို့ ကောင်မလေးကို ရိုက်ပုတ်တဲ့အထိ ဖြစ်ခဲ့ပါတယ်''

စခန်းမှူးက စကားကို ခေတ္တရပ်လိုက်ပြီး အားလုံးကို ဝေ့ပြီး တစ်ချက်ကြည့်လိုက်ပါသည်။ ပြီးမှ ဆက်၍–

''အဲဒီ ကောင်မလေးကို နောက်ကြောင်းပြန်ခေါ်သွားပြီး နေရင်းဒေသအရောက်မှာ ဆက်ပြီး ပြဿနာဖြစ်တာကြောင့် ကောင်မလေးကို ဓားနဲ့ထိုးပြီး ထွက်ပြေးလာခဲ့တာပါ။ ကောင်မလေးက အတွင်းလူနာအဖြစ် ကုသမှုခံယူနေရပါတယ်။ သက်ဆိုင်ရာ ရဲစခန်းအသီးသီးက တရားခံပြေးအဖြစ် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားထားပြီးဖြစ်၍ ကျွန်တော်တို့ စောင့်ကြည့်နေခဲ့ပါတယ်--

"ဒီကောင်က တိုင်းရင်းသူကလေးကို ခေါ်လာတုန်းက လမ်းမှာ မေရီထွန်းရဲ့ အစ်ကိုနဲ့ တွေ့ပြီး ခင်မင်ခဲ့ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး ပြဿနာနဲ့ရှောင်တိမ်းလာစဉ်မှာ မေရီထွန်းအစ်ကိုနဲ့အတူ အိမ်ကိုပါလာခဲ့တာပါ။ သူ့မှာပါတဲ့ ဆိုင်ကယ်ကလဲ မိတ်ဆွေတစ်ဦးဆီက ခဏငှားလာတာပါ။ မေရီထွန်းနဲ့ တည်းခိုခန်းမှာ တည်းတုန်းက ငွေခိုးမှုနဲ့ ပတ်သက်ပြီး အပေါင်လျှော်ကြေးအဖြစ်နဲ့ အဲဒီတည်းခိုခန်းမှာ ထားခဲ့ရပါတယ်--

"ကဲ ဒါလောက်ဆိုရင် ရှင်းလောက်ပါပြီ။ မကြာခင်မှာဘဲ သက်ဆိုင်ရာမြို့နယ်က တာဝန်ရှိသူတွေလာပြီး သူ့ကိုခေါ်ကြပါလိမ့်မယ်။ ဒီက တရားလိုနဲ့ မိဘများကကော ကျွန်တော်တို့ဘာများကူညီပေးရမလဲပြောကြပါ"

ထိုအချိန်တွင် နိုင်နိုင်(ခ)ရဲလင်းကျော်(ခ)ကျော်ကျော်က ရီဝေသော မျက်လုံးအစုံနှင့် မေရီထွန်းကို ကြည့်လိုက်ရာ မေရီထွန်းက တစ်ချက်ပြန်ကြည့်ပြီး ဖြေညှင်းစွာ ခေါင်းကိုငုံ့ပစ်လိုက်သည်။ ဒီမှာတင် ဖခင်ဖြစ်သူက

"ဘာမှ မပြောချင်တော့ပါဘူးဗျာ။ ကံတရားပဲပေါ့ မကောင်းတဲ့သူ မကောင်းသလိုပဲ ခံရမှာပါ။ ကျွန်တော့် သမီးလေးလို ဘဝအညွန့်မကျိုးကြပါစေ နဲ့လို့ဘဲ ဆုတောင်းပါတယ်။ ကျွန်တော့်တို့ ဘာမျှမပြောချင်တော့ပါဘူး။ ကူညီကြသူ အားလုံးကို ကျေးဇူးတင်ပါတယ်။ ခွင့်ပြုကြပါဦး"

ပြောဆိုပြီး သမီးနဲ့ ဇနီးကို တစ်ဖက်တစ်ချက်စီ လက်တွဲထွက်ခွာသွားခဲ့ရာ မေရီထွန်းထံမှ ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လာသည်။ သည်ရှိုက်သံသည် မိမိဘဝအတွက် ယူကျုံးမရ တသနွမြောလို့လား။ ဒါမှမဟုတ် လက်ထိတ်တန်းလန်းနဲ့ မျက်ရည်ဝဲပြနေသော သူ့အတွက်လား။ ခွင့်လွှတ်ခြင်း များစွာနဲ့ မောပန်းနွမ်းလျစွာ အိမ်ပြန်လာတဲ့ သမီးမိုက်ကိုအေးမြတဲ့ ရင်ခွင်မှာအပြုံးနဲ့ ကြိုနေကြတဲ့ မိဘတွေအတွက်လား ဆိုတာကတော့ ကာယကံရှင်သာ အသိဆုံးဖြစ်ပါလိမ့်မည်။

အပင်မဖြစ်ခင် အခက်ချိုး၊ ပန်းမပွင့်မီ အညှာကျိုးလို့ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရသော ပန်းဖူးလေးတွေဟာ ဘဝရေပြင်ကြောမှာ တက်စုံရွက်ကုန်ဖွင့်မယ်လို့ ဘယ်လိုပင်အားခဲ မာန်တင်းကြပေမယ့် ကြီးမားကျယ်ပြန့်လှတဲ့ ဘဝပင်လယ်ကြီး အတွင်းမှာ အသက်အန္တရာယ်ကို ပေးနိုင်တဲ့ သတ္တဝါအမျိုးမျိုးရှိနေတယ်ဆိုတာ မသိကြဘူး။ သိဖူး၊ မြင်ဖူး ကြားဖူး သူတွေက ပြောကြတော့လည်း ကိုယ့်ကိုယ်ကိုယ် အထင်တကြီးနဲ့ လောကကို အရွဲ့တိုက်တော့ လောကကြီးက ဘာမှမဖြစ်ပါ။ မိမိသာ လောကရဲ့ဒဏ်ခတ်ခြင်းကို ခံရသည်။ ဘဝလည်းဆုံး လူညွန့်တုံးလို့ ပတ်ဝန်းကျင်အလယ်မှာ မျက်နှာငယ်ရတဲ့ အဖြစ်ဟာ ဘယ်သူ့ အပြစ်မှ မဟုတ်ပါဘူး။ အရာရာဟာ မိမိကြောင့်လို့ စဉ်းစားဝေဖန်တတ်ကြပါစေဟု သင်ခန်းစာယူစရာ စေတနာဖြင့် ပါလို့သာ ဆိုလိုက်ပါရစေလား။

ကျော်စိုးသူ(ဥသျှစ်ပင်)



www.burmeseclassic.com

www.burmeseclassic.com

# HURRICANE Restaurant

- ချိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

**တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်**
**HURRICANE Restaurant သို့ လာခဲ့ပါ။**

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊

www.burmeseclassic.com

www.burmeseclassic.com



ညီလေးဖတ်ဖို့ ရေးတဲ့စာ

# ဘယ်သူ့ကိုရွေးမလဲ

ဆူးသစ်

ညီလေးရေ ---

မန်နေဂျာတစ်ယောက်အကြောင်း ပြောပြချင်ပါတယ်။ သူက တရုတ်လူမျိုးပါ။ မျက်နှာက ကလေး မျက်နှာလေးနဲ့ သူမန်နေဂျာဖြစ်တာ မကြာသေးပါဘူး။ ပထမ Construction Manager၊ နောက်တော့ Project Manager၊ တစ်ဆင့်ချင်းတက်လာတယ်ပဲ ဆိုပါတော့။ သူက မန်နေဂျာမဖြစ်ခင်က အင်ဂျင်နီယာ ပါပဲ။ ဒါပေမယ့် သူ့ပညာတော့ သူနိုင်ပါတယ်။

သူက အလုပ်သမားတွေကို ဆူခဲ့ပါတယ်။ သူခိုင်းချင်တဲ့ကိစ္စမှန်သမျှ Supervisor တွေကိုပဲ ပြောတယ် Project အရမ်းကျပ်တဲ့ကာလမှာတော့ အလုပ်အချောင်ခိုတဲ့အခါဆို သူအရေးယူမယ်။ ဘာ ညာပြောတယ် ဒါပေမယ့် ယူခဲတယ်။ အလုပ်ပြီးမပြီး ကို သူခိုင်းထားတာ ဘယ်လောက်ပြီးမလဲဆိုတာနဲ့ လိုက်ကြည့်တယ်

ဥပမာ ဒီနေ့ Cable ဘယ်နှစ်ချောင်းဆွဲရ မယ်ဆိုပါတော့။ သူပြီးချင်တဲ့ အရေအတွက်ကိုပဲကြ တယ်။ အချောင်းလေးဆယ်ဆွဲရမယ်ဆို အဲဒီ အချောင်းလေးဆယ်ပြီးလို့ကတော့ ထိုင်ချင်ထိုင်၊ နားချင် စိတ်ကိုမဝင်စားတော့ဘူး။ အဲဒါကြောင့် သူနဲ့ မြန်မာအလုပ်သမားလေးတွေနဲ့ ကိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com


မြန်မာတွေက များသောအားဖြင့် အလုပ်ကို လုပ်စရာရှိရင်လုပ်မယ်။ နားစရာရှိရင် နားမယ်။ မန်နေဂျာ ဒါမှမဟုတ် ကြီးကြပ်ရေးမှူးကသာ ပြောလိုက်။ ဒီနေ့ ပြီးဆိုပြီးရမယ်။ ပိုကောင်းတာက အဲဒီ ကြီးကြပ်ရေးမှူး၊ မန်နေဂျာတွေဟာ မြန်မာ သို့မဟုတ် သူတို့ကို နားလည်သူတွေဆို မြန်မာ့အလုပ်သမားလေးတွေက သိမ်းကျုံးလုပ်တော့တာ။ အဲဒီတော့ အစ်ကို ပြောတဲ့ မန်နေဂျာဆို မြန်မာတွေနဲ့ ကိုက်သလို သူကလည်း မြန်မာတွေကို ပိုသဘောကျပါတယ်။

မြန်မာတွေက လုပ်စရာရှိလုပ်ပြီး ပေးနားရင် သိပ်သဘောကျတယ်။ ဒါကို သူကသိတော့ အလုပ်သာ ပြီးပါစေ၊ နားနေရင် ဘာမျှမပြောဘူး။ တချို့ ပိတ်ရက်တွေ သူခေါ်လို့လာရင် အချိန်ပိုခရတာက တစ်ပိုင်း။ အဲဒီမန်နေဂျာကိုယ်တိုင်က ပင်ပန်းတဲ့နေ့ဆို မုန့်တွေ၊ အအေးတွေ ဝယ်ကျွေး၊ ဝယ်တိုက်တာ။

တည့်တည့်ပြောရရင် သူဟာ စိတ်သဘောထားဖြူစင်တယ်။ အလုပ်ကိုတော့ အထိနိုက်မခံဘူး။ ဒါပေမယ့် အလုပ်သဘောအရ ပြောသင့်ပြောထိုက်တာ ပြောပေမယ့် များသောအားဖြင့် အလုပ်သမားလေးတွေကို ညှာပါတယ်။ အလုပ်သမားတွေဘက်ကို ကြည့်ပြီး ထောက်ထားပါတယ်။

ပိုထင်ရှားတဲ့ ဥပမာပြရရင် အဖေသေလို့ ပြန်မယ့်အလုပ်သမားလေး ပတ်စ်ပို့ကို ရုံးချုပ်က ပြန်ထုတ်ဖို့ အစ်ကိုတို့ ကုမ္ပဏီစည်းမျဉ်းအရ နှစ်နှစ်မပြည့်ခင် ခဏပြန်မယ်ဆို စပေါ်စင်ကာပူဒေါ်လာ ငါးထောင် တင်ရတဲ့အထဲမှာ အဲဒီမန်နေဂျာက စင်ကာပူ သုံးထောင် စ'မ'တည်ပါတယ်။ အစ်ကိုက ငါးရာစိုက်ပါတယ်။ ကျန်တဲ့ကြီးကြပ်ရေးမှူးလေးတွေက ဝိုင်းထည့်လိုက်ကြတဲ့အခါ ငါးထောင်ပြည့်လို့ သူ့အဖေနာရေး သွားခဲ့ဖူးပါတယ်။

တကယ်တော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူညီတဲ့ ဒေသတွေကလာပြီး အလုပ်လုပ်တာ မပေးလည်းရတာပါပဲ။ အစ်ကိုတို့ မြန်မာတွေစုပြီး စိုက်ရမှာပါ။ ဒါပေမယ့် အဲဒီတုန်းက မန်နေဂျာက သူနဲ့ တွဲလုပ်လာတာကြာတဲ့ သူ့ရဲ့အလုပ်သမားလေးကို ယုံကြည်မှုရှိတာရယ်၊ သူ့ရဲ့ပင်ကိုစရိုက်ကိုက ဖြူစင်နေတာရယ်ကြောင့် ခုလို မြန်မြန်အဆင်ပြေသွားတာပါ။ ဘယ်လောက်ပဲ ယုံကြည်မှုရှိရှိ မပေးချင်ရင် မပေးလို့ရတာပါပဲ။ အလုပ်သမားလေး ပြန်လာရင် အဲဒီငွေ ပြန်ရမယ်ဆိုပေမယ့် ကိုယ့်လက်ထဲရှိတဲ့ ငွေလောက် ဘယ်ငွေမျှ မကျိန်းသေနိုင်တာ သူလည်း သိမှာပါ ညီလေးရေ။

**ညီလေးရေ---**

နောက်ထပ် တရုတ်လူမျိုး မန်နေဂျာတစ်ယောက်အကြောင်း ပြောပြပါဦးမယ်။ သူကတော့ ပထမမန်နေဂျာက ဆောက်လုပ်ရေးမန်နေဂျာအဖြစ် တာဝန်ယူနေတဲ့ လုပ်ကွက်မှာ Project Coordinator အဖြစ် လုပ်နေရာကနေ သူ့ဌေးက သဘောကျပြီး ပရောဂျက်အသေးလေးမှာ လက်ထောက်ပရောဂျက်မန်နေဂျာအဖြစ် စလုပ်ခဲ့တာပါ။

သူကတော့ အစ်ကိုတို့နဲ့ သူမန်နေဂျာအဆင့်ရောက်ပြီး တွဲမလုပ်ခင်ကတည်းက သတင်းက မွှေးနေတာပါ။ အပြောအဆို ဆိုးတယ်။ တင်းကျပ်လွန်းတယ်တဲ့။

အစ်ကိုစကြားရတာက အစ်ကို့အထက်က အစ်ကိုထက် တစ်ဆင့်မြင့်တဲ့ Safety Coordinator


www.burmeseclassic.com

www.burmeseclassic.com





နဲ့ သူစကားများတာကို သိရတဲ့အချိန်ပါ။ အစ်ကိုတို့ အစည်းအဝေးလုပ်နေတဲ့ တစ်ရက်မှာ အဲဒီမန်နေဂျာ ပေါက်စလေးက သူ့ကိုလာကြိုတဲ့ကား နောက်ကျပါ တယ်ဆိုပြီး ကားတွေကို စီစဉ်ပေးနေတဲ့ အစ်ကို့ Safety Coordinator ကို ပြောပါတော့တယ်။

အစ်ကိုတို့က အစည်းအဝေး စခါနီး Safety Coordinator ဖုန်းပြောတာကို စောင့်နေတာဆိုတော့ အကုန်ကြားနေရတယ်။ အစ်ကိုတို့ Coordinator က စင်ကာပူနိုင်ငံသား။ မန်နေဂျာက ပြည်ကြီးတရုတ်။ အဲဒီတော့ စင်ကာပူနိုင်ငံသားက သူ့ကို ဘယ်ခံလိမ့်မလဲ။ သူ့ရဲ့ Professional အလုပ်ဟာ Safety ဖြစ်လို့ ကားစီစဉ်တဲ့ကိစ္စမှာ သူက ကုမ္ပဏီလိုအပ်ချက်ကို ကူညီတာပဲရှိတယ်။ တာဝန်တစ်ခုလို လာမပြောနဲ့ဆိုပြီး ထအော်မှ ငြိမ်သွားတော့တာ။

နောက်တစ်ခါကတော့ အစ်ကိုနဲ့သူ ပရောဂျက်တစ်ခုတည်းမှာ ပြန်ကျတာ။ အလုပ်သမားလေး တစ်ယောက် ခါးနာတာကို အစ်ကိုက ဆေးခန်းသွားပြတော့ ဆရာဝန်က ဆေးထိုးပေးပြီး ခဏအိပ်ပါစေလို့ ပြောတာကြောင့် အစ်ကိုလည်း အစည်းအဝေးထွက်သွားခဲ့တယ်။ ပြန်လာလို့ ဆေးခန်းမှာ ဝင်မေးတော့ အလုပ်သမားလေးက ပြန်သွားပြီ။ ကောင်းသွားပြီတဲ့။ ဒါနဲ့ ရုံးကိုလိုက်သွားတော့ အစ်ကို့ကို အဲဒီမန်နေဂျာက ဆီးဟောက်တယ်။ မင်းက ဘာလို့ပြန်လာတာလဲ။ ဘာညာနဲ့ ရုတ်တရက်ဆိုတော့ အစ်ကိုလည်း ကြောင်သွားတယ်။ ပြန်ရှင်းပြတော့ မင်း အဲဒီမှာ နေရမှာ ဘာညာနဲ့။ လူနာမရှိတော့တဲ့ ဆေးခန်းမှာ ငါက ဘာလုပ်ရမှာလဲပြောတော့ ပထမ သူမဖြေနိုင်ဘူး။ နောက်မှ ဟိုလူလာမှာ ဒီလူလာမှာကို စောင့်ရမှာဆိုပြီး စကားတွေ လွှဲချတယ်။ အဲဒီကတည်းက သူ့စိတ်ဓာတ်ကို သိသွားတယ်။

သူတို့ တရုတ်ချင်း ပင်းပြီးရတဲ့ ရာထူးနဲ့ အရွယ်ငယ်ငယ်မှာ မန်နေဂျာတက်ဖြစ်တော့ မာန်တက်တာပေါ့လို့ အားလုံးက ဝိုင်းပြောကြတယ်။ အစ်ကိုလည်း နားလည်ပါတယ်။ ဒါပေမယ့် ငယ်ငယ်ကြီးကြီး စိတ်ဓာတ်မှန်ဖို့ လိုတယ်လို့ အစ်ကိုထင်တယ်။

သူရဲ့ အားနည်းချက်က အလုပ်သမားလေးတွေအပေါ်မှာ သဘောထားက မပျော့ပျောင်းဘူး။ ခဏနားချိန် ဆယ့်ငါးမိနစ်ဆို ပထမ မန်နေဂျာက သူ့ဘာသာ ရုံးမှာထိုင်နေပေမယ့် အဲဒီ မန်နေဂျာ ပေါက်စလေးကတော့ အလုပ်သမားလေးတွေနဲ့ နားနေဆောင်မှာ လာထိုင်ပြီး အချိန်ပြည့်တာနဲ့ မောင်းထုတ်တော့တာ။

ပြီးတော့ သူ့လက်အောက်မှာ လုပ်တဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



သမားလေးတွေဟာ ဘာမဟုတ်တဲ့ ကိစ္စနဲ့လည်း ခဏခဏ အရေးယူခံကြရတယ်။ ဥပမာ ခွင့်နှစ်ရက် ယူတယ်။ တစ်ရက်ပဲရမယ်တဲ့။ အဲဒါ အဲဒီအလုပ်သမားက နှစ်ရက် လုံးဝမလာဘူး။ တစ်ရက်ကခွင့်၊ တစ်ရက်က ပျက်ကွက်။ အဲဒါ သူပြောတာကို မလာရကောင်းလားဆိုပြီး သတိပေး စာထုတ်သလို နောက်တစ်ရက် ထပ်ပြီး လစာမဲ့နဲ့ နားခိုင်းလိုက်တယ်။ သူကတော့ သူမှန်တယ်ဆိုပြီး လုပ်တာပါ။ ဒါပေမယ့် အလုပ်သမားလေးတွေကျတော့ သူ့ကို ရွံ့ကြောက်ကြီး ဖြစ်လာတယ်။

**ညီလေးရေ---**

အစ်ကို အဓိကပြောချင်တာက **မန်နေဂျာ**တစ်ယောက်မှာ ရှိသင့်တဲ့ စိတ်ထားပါ။ **ဒီမန်နေဂျာ**နှစ်ယောက်ကို နှိုင်းယှဉ်ကြည့်ရုံနဲ့ စာဖတ်နေတဲ့ ညီလေး ရင်ထဲမှာ ဘယ်သူ့လက်အောက်မှာ လုပ်ချင်လဲဆိုတာ ပေါ်လာပါလိမ့်မယ်။ အစ်ကို့အလုပ်သမားလေးတွေ ဖြေတာကြည့်ပါ။

သူတို့တစ်တွေ ပထမမန်နေဂျာရဲ့ လက်အောက်မှာပဲ ပိုပျော်ပါတယ်တဲ့။ ပြီးတော့ သူခိုင်းသမျှလုပ်ဖို့ ဝန်မလေးပါဘူးတဲ့လေ။ နားရမယ့်အချိန်မှာ လူလိုသူလို နားရပြီး အလုပ်ကို အလုပ်လို နားလည်တဲ့ မန်နေဂျာရဲ့ လက်အောက်မှာ ဘယ်သူမဆို ပျော်မှာပါပဲ။ ငွေလည်းရ၊ စိတ်လည်းချမ်းသာ အလုပ်လည်း ပြီးတာကိုး။

နောက်မန်နေဂျာလေး လက်အောက်မှာတော့ အလုပ်ပြီးဖို့က အဓိက။ အခန့်မသင့်ရင် သတိပေးစာ (Warning Letter)နဲ့တိုးလို့ Bonus ပြုတ်မှာကိုး။ နေ့တိုင်း စိတ်ဆင်းရဲစရာချည်းပဲတဲ့။ အစ်ကိုတို့သူနဲ့ တွဲလုပ်တဲ့ပရောဂျက်ရဲ့ အစမှာ တော်တော်များများ ထွက်စာတွေတင်ကုန်ကြတယ်။ အဲဒီတော့မှ သူ့စိတ်ကို ပြန်လျှော့တော့တယ်။ အလုပ်သမားတွေ စိတ်ပျက်လာတဲ့အခါ လုပ်ငန်းမအောင်မြင်တော့ပါဘူး။ နှောင့်နှေးလာခဲ့တော့တာပေါ့။

**ညီလေးရေ---**

ဘယ်လိုမန်နေဂျာတွေရဲ့ လက်အောက်မှာ လုပ်ငန်းအောင်မြင်သလဲဆိုတာ ညီလေးတွေ့ရမှာပါ။ အစ်ကို ကိုယ်တိုင်လည်း ပထမမန်နေဂျာရဲ့ လက်အောက်မှာ ပိုပျော်ပါတယ်။ သူကပဲ ကိုယ့်ကို နားလည်နေတာကိုး။

ဒီတော့ ညီလေးလည်း Managementနဲ့ ပတ်သက်ပြီး အဆင့်တစ်ဆင့်ကို ထပ်ကာထပ်ကာ ရောက်သွားရင် ကိုယ့်အောက်က ဝန်ထမ်းတွေနဲ့ ပတ်သက်လို့ ထားရမယ့် သဘောထားကို ခံယူတတ်ပါစေ။ သူတို့လေးတွေဟာ လုပ်ငန်းကို အောင်မြင်အောင် တစ်ဖက်တစ်လမ်းက ကူညီနေသူတွေ ဖြစ်တယ်ဆိုတာ မမေ့ဖို့လိုသလို သူ့တိုတစ်တွေဟာလည်း ညီလေးတို့လို အပေါ်က အုပ်ချုပ်သူတွေရဲ့ စိတ်နေသဘောထားကအစ စောင့်ကြည့်အကဲဖြတ်သူတွေဖြစ်နေတာကို မမေ့ပါနဲ့။

ညီလေးသာ မန်နေဂျာတစ်ယောက် ဖြစ်လာခဲ့ရင် ငါ့ကို သူတို့ဘယ်လိုမြင်သလဲဆိုတာလေးကို သိအောင်လုပ်ရင်း လုပ်ငန်းတိုးတက်အောင် လုပ်နိုင်ပါစေလို့ ရည်ရွယ်ရင်း ဒီဆောင်းပါးလေးနဲ့ ခင်းကျင်းပြလိုက်ပါတယ်ကွာ။

ဆွေးသစ်

၂၃း၀၅နာရီ

(၂၂-၂-၁၃)



www.burmeseclassic.com

www.burmeseclassic.com



# သားမုလင်းနေမင်းခေါင်နှင့် သစ်တောမင်းကြီးကတော် အမှု

စိုး (မှူသယ်)

www.burmeseclassic.com

www.burmeseclassic.com



# ''အားပုလင်းနေမင်းခေါင်နှင့် သစ်တောမင်းကြီးကတော်အမှု''

**စိုး–မူဆယ်**

တစ်နေ့သ၌ ကျွန်ုပ်သည် ကူမဲဘက် ပန်းလောင်မြစ် ကမ်းတွင် နေထိုင်သော ကောလိပ်ကျောင်းသား ကျွန်ုပ်၏ မိတ်ဆွေ မောင်သောင်းဖေထံသို့ သွားရောက် လည်ပတ်ခဲ့လေ၏။ ကျွန်ုပ်ရောက်လျှင် ရောက်ချင်း ကျွန်ုပ်၏ မိတ်ဆွေ ကောလိပ်ကျောင်းသား မောင်သောင်းဖေ၏ဇနီး မအေးစိန်က ဆီးကြို နှုတ်ဆက်လေ၏။

''အတော်ပါပဲရှင်၊ ဦးမင်းစံ ရောက်လာတာ အဆင်သင့်တာပေါ့၊ ဦးမင်းစံက အခုလက်ရှိ ကျွန်မတို့နယ်မြေပိုင်ဂါတ်က ပုလိပ်အရာရှိမို့လား။ တစ်ခါတည်း အပ်လိုက်တော့လဲ ပြီးသွားတာပေါ့ရှင်''

ကျွန်ုပ်သည်လည်း မအေးစိန်၏ မြင်မြင်ချင်း တောက်လျှောက်ပြောလိုက်သော စကားကို အူကြောင်ကြောင်နှင့် နားထောင်ပြီး–

''ဘာတွေ ဖြစ်နေရပြန်တာလဲ **မအေးစိန်ရယ် ...**''

ဟု ပြန်ပြောလိုက်လေ**၏။ ထိုအခါ ကျွန်ုပ်၏မိတ်ဆွေ ကောလိပ်ကျောင်းသား မောင်သောင်းဖေက .....**

''ကျွန်ုပ်လဲ နားမလည်နိုင်အောင်ပါပဲဗျာ၊ ကားဂိုဒေါင်ထဲက မိန်းမကိုင် စလင်းဘက်အိတ်တစ်လုံး တွေ့လိုက်ရလို့တဲ့၊ ဘယ်ကဘယ်လို ရောက်နေမှန်းလဲ မသိဘဲနဲ့ဗျာ ...''

ဟု ခပ်ငေါ့ငေါ့ ဝင်ပြောလေသည်။ ထိုအချိန်တွင် မအေးစိန်သည် နောက်ဖေးခန်းမှ ပြန်ထွက်လာလေ၏။ လက်ထဲတွင်လည်း အညိုရောင် စလင်းဘက်အိတ်ကလေးတစ်လုံး ကိုင်လာလေ၏။

''သေချာပါတယ်ရှင်၊ ဟောဒီ စလင်းဘက်ဟာ ဟိုတစ်လောက လူပျောက် တိုင်ထားတဲ့ သစ်တောမင်းကြီးကတော် နှင်းဆီဖြူ ကိုင်နေကျ အိတ်ပါ။ အထဲမှာ လိပ်စာကတ်တစ်ခုလဲ ပါတယ်ရှင့်''

ဟု ဆိုကာ ကျွန်တော်အား ကမ်းပေးလေ၏။ ကျွန်ုပ်လည်း စူးစမ်းမှုနှင့်ကြည့်လိုက်လေ၏။ အတွင်းသို့ နှိုက်ကြည့်ရာ နှင်းဆီဖြူ၏ နာမည်လိပ်စာကတ်ကလေး တစ်ခုကိုလည်း တွေ့ရလေသဖြင့် ကျွန်ုပ်သည် ထိုလိပ်စာကတ်ကလေးကို ဖတ်ကြည့်ပြီးနောက် ကျွန်တော်၏ မိတ်ဆွေ ကောလိပ်ကျောင်းသား မောင်သောင်းဖေ၏ မျက်နှာကို အကဲခတ်ကြည့်လေရာ မောင်သောင်းဖေသည် စိတ်ဝင်စားပုံမရဘဲ ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်နေသည်ကို တွေ့ရလေသဖြင့် ကျွန်ုပ်က ....

''မအေးစိန် ပြောတာ အမှန်ပါပဲဗျာ၊ ဒီလိပ်စာကတ် ပိုင်ရှင် မိန်းကလေးဟာ လူပျောက် တိုင်ထားတဲ့ နှင်းဆီဖြူတောပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သစ်တောမင်းကြီး မစ္စတာဂိုးနဲ့ ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်ကမှ လက်ထပ်ထားကြတာလေ။ မိဘတွေက ဆင်းရဲကြပေမယ့် မိန်းကလေးက အလွန်ချော၊ အလွန်လှတော့ မင်းကြီးကတော်ဖြစ်တာ ဆန်းသလားဗျာ။ ပြီးခဲ့တဲ့ ဧပြီလနောက်အပတ် (၂၈) ရက်နေ့ကလို့ ထင်တယ်။ နှင်းဆီဖြူနဲ့ သူငယ်ချင်းတစ်ယောက်ဟာ မဟာလောကရန်ဖြိုမြို့လယ် ဘုရားကြီးကနေ ပြန်လာကြတယ် ....''

''နှင်းဆီဖြူက အသက် ဘယ်လောက်ရှိပြီလဲ ...''

''သူ့ အသက် (၂၂) နှစ်လို့ တိုင်ချက်မှာ ဖော်ပြထားတယ်။ ပညာအလင်း စာကြည့်တိုက်မှာ ဆရာစောရေးတဲ့ မောင်စံသူ မဖွားသိုက်ဆိုတဲ့ ဝတ္ထုစာအုပ် ပထမတွဲကို ဝင်ငှားကြတယ်။ နောက် ခင်မာဝင်း အအေးဆိုင်မှာ ဘိလပ်ရည် ဝင်သောက်ကြသေးတယ်။ ဘိုတဲဝင်းကြီး ကိုလွန်မှ သူ့အဖော်မိန်းကလေးနဲ့ လမ်းခွဲပြီး ကူမဲဘက်ကို လမ်းမကြီးအတိုင်း လမ်းလျှောက်ပြီး ပြန်တယ်တဲ့။ အဲဒီအချိန်ကစပြီး နှင်းဆီဖြူ ပျောက်သွားတော့တာပဲ။ ခုထိတော့ နယ်မြေပိုင် ဂါတ်တွေက ရှာဖွေနေကြတုန်းပဲ ....''

''သဲလွန်စ မရဘူးလား''

ဟု မောင်သောင်းဖေက မေးပြန်၏။ ကျွန်ုပ်က စလင်းဘက်အိတ်ကလေးနှင့် လိပ်စာကတ်ကလေးကို ထပ်မံကြည့်ရင်း

''တစ်ခုတော့ သတိရတယ်။ ရွာသာရွာ အလွန်သမြေတောင်းလမ်းမကြီးဘေး ချုံတစ်ချုံပေါ်က ဝတ္ထုစာအုပ်တစ်အုပ်တွေ့လို့ ခံတောရွာက ကိုရင်ဆိုတဲ့လူက ကောက်ယူလာတယ်တဲ့။ အိမ်ရောက်တော့မှ သေချာဖွင့်လှန်ဖတ်ကြည့်တော့ မျက်နှာဖုံးအဖွင့် စာမျက်နှာမှာ ပညာအလင်းစာကြည့်တိုက် တံဆိပ်ရိုက်နှိပ်ထားတာတွေ့လို့ စာကြည့်တိုက်ကို လာအပ်တယ်တဲ့။ အဲဒီစာအုပ်ဟာ နှင်းဆီဖြူ ငှားသွားတဲ့ စာအုပ်ပါပဲ ....''

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည်လည်း ၎င်းတို့ ဇနီးမောင်နှံအား နှုတ်ဆက်၍ ကွမ်းတောင်ကုန်းဂါတ်သို့ ပြန်လာခဲ့လေတော့သည်။ အထက်တွင် ဖော်ပြခဲ့

''သစ်တောမင်းကြီး မစ္စတာဂိုးနဲ့ ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်ကမှ လက်ထပ်ထားကြတာလေ။ မိဘတွေက ဆင်းရဲကြပေမယ့် မိန်းကလေးက အလွန်ချော၊ အလွန်လှတော့ မင်းကြီးကတော်ဖြစ်တာ ဆန်းသလားဗျာ--''

www.burmeseclassic.com



ပြီးသည့်အတိုင်း ကောလိပ်ကျောင်းသား မောင်သောင်းဖေတို့ ဇနီးမောင်နှံအိမ်သို့ ရောက်ရှိလေပြီး နောက်တစ်ပတ်ခန့်ကြာပြီးသောအခါ၌ ကျွန်ုပ်သည် ကွမ်းတောင်ကုန်း ဂါတ်ရှိ ကျွန်ုပ်၏ ရုံးခန်းအတွင်း၌ ကျိန်စာသင့်ဘီလူးရုပ်တု လူသတ်မှု၊ ရာဇဝတ်မှုခင်း အစီရင်ခံစာကို ရေးသားနေလေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်း နေမင်းခေါင် ရောက်လာပြီးလျှင် သတင်းစာတစ်စောင်မှ ရေးသားထားသော သတင်းကို ပြသဖြင့် ကျွန်ုပ်လည်း ဖတ်ရှုကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်–

သစ်တော် မင်းကြီးကတော် နှင်းဆီဖြူ ပျောက်ဆုံးနေခြင်း အား နယ်မြေပိုင်ဂါတ် ပုလိပ်များ ရှာဖွေမတွေ့သေး ...

ရှည်လျားသော ခေါင်းစဉ်နှင့်အတူ နှင်းဆီဖြူပျောက်ဆုံးနေခြင်းကို ရေးကြီးခွင်ကျယ်ဖော်ပြထားရုံမက ကျွန်ုပ်တို့ ပုလိပ်များကိုလည်း အရည်အချင်း ကင်းမဲ့လွန်းဘိသကဲ့သို့ ခပ်နှိမ်နှိမ် ရေးသားထားတာ ဖတ်ရှုရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည်လည်း စိတ်ထဲမှ အောင့်သက်သက်နှင့် ဆားပုလင်း နေမင်းခေါင်၏ မျက်နှာကို မော့ကြည့်ပြီးလျှင် ....

"ဒုက္ခပါပဲ ကိုနေမင်းခေါင်ရယ်၊ ကျုပ်တော့ ဒီသတင်းကို ရေးတဲ့ သတင်းထောက်ကောင်ကို အချုပ်ခန်းထဲသွင်းပြီး ပညာပေးလိုက်ချင် တော့တာပါပဲ ...."

ဟု ပြောလိုက်ရာ ဆားပုလင်း နေမင်းခေါင်က ....

"ဖြစ်လေ့ဖြစ်ထ သဘောပါပဲဗျာ၊ ဘာဆန်းသလဲ၊ အဲဒီ သတင်းထောက် ဆိုတဲ့ကောင်တွေက မှိုးချစ်သခင်အဖွဲ့ကဗျ၊ ဒါ့ကြောင့် ခုလို အခါအခွင့်ရတိုင်း သူတို့တွေ မျက်စိစပါးမွေးစူးနေတဲ့ ကျုပ်တို့ ပုလိပ်တွေကို ဆော်နေမှာပဲ၊ စိတ်ထဲထားမနေပါနဲ့ဗျာ၊ ဒါနဲ့ ဒီအမှုကို အိုင်ပီဘယ်လို သုံးသပ်ထားသလဲ"

ဟု ပြန်မေးလေ၏။ ထိုအခါ ကျွန်ုပ်က ....

"ကျုပ်တော့ မထင်တတ်ပေါင်ဗျာ၊ သဲလွန်စ ကွင်းဆက်ကတော့ လုံးဝပြတ်နေတာ အမှန်ပဲလေ။ အပျိုဘဝကုန်းက ဖြစ်ခဲ့ဖူးတဲ့ ရည်းစားတစ်ဦးဦး နောက်များ လိုက်ပြေးလေ သလား ထင်မိရဲ့ဗျို့ ...."

ဟု ပြောလိုက်လေပြီး နောက် ပြီးခဲ့တဲ့အပတ်က ကူမဲပန်းလောင်မြစ်ကမ်း အိမ်တွင် နေထိုင်သည့် ကောလိပ်ကျောင်းသား မောင်သောင်းဖေတို့ ဇနီးမောင်နှံနှင့် တွေ့ကြပုံ၊ သူတို့တွေ အပ်နှံလိုက်သော နှင်းဆီဖြူကိုင်နေကျ စလင်းဘက်အိတ်နှင့် လိပ်စာကတ်ကလေးအကြောင်း ခရေစေ့တွင်းကျ ပြောပြလိုက်လေ၏။

ဆားပုလင်း နေမင်းခေါင်သည် ကျွန်ုပ်ပြောပြသည်များကို စူးစိုက်စွာ နားထောင်နေလေ၏။ ထိုသို့ နားထောင်ရင်း တစ်စုံတစ်ခုကိုလည်း လေးလေးနက်နက် စဉ်းစားနေပုံရလေ၏။ ထို့နောက် ဆားပုလင်း နေမင်းခေါင်က ......

"အဲဒီ မောင်သောင်းဖေနဲ့ သူ့ဇနီး မအေးစိန်တို့ကို တွေ့ချင်လိုက်တာဗျာ ..."

ဟု ဆိုလေ၏။

"တွေ့ချင်ရင်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့နေတဲ့ အိမ်ကိုသွားကြရုံပဲပေါ့ ကိုနေမင်းခေါင်ရယ် ...”

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်း နေမင်းခေါင်က ....

“ဒါဆို အခုပဲ သွားကြစို့လား အိုင်ပီ ...”

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကူမဲဘက်ပန်းလောင်မြစ်ကမ်းပေါ်ရှိ ကျွန်ုပ်မိတ်ဆွေ မောင်သောင်းဖေတို့ အိမ်သို့သွားရန် စီစဉ်ရလေတော့၏။ ထိုအချိန်၌ပင် စုံထောက်မင်းကြီးသည် ပြီးခဲ့သော သုံးလခန့်က ဖြစ်ပွားခဲ့သော တိုင်းရင်းသမားတော် သုံးဦး အသတ်ခံခဲ့ရသော အမှုတွဲမှ တရားခံသမားတော် သုဂတနှင့်ပတ်သက်သည့် အစစ်ခံချက်များကို မေး၍ နေသဖြင့် ကျွန်ုပ်မှာ မှုခင်းအစီရင်ခံဖိုင်တွဲများကို သေချာကျနစွာ ရှာဖွေစုစည်း တင်ပြနေရလေသောကြောင့် အချိန်အတော် ကုန်၍ သွားလေ၏။ ထိုသို့ ဆောင်ရွက်ပြီးစီးသောအခါ၌ ကျွန်ုပ်သည် ပုလိပ်စုံထောက်မင်းကြီး ရုံးခန်းမှ ထွက်ခဲ့လေသည်။

ကျွန်ုပ်၏ ရုံးခန်းသို့ ပြန်ရောက်လေသောအခါ ဆားပုလင်း နေမင်းခေါင်ကို မတွေ့ရတော့ဘဲ ရုံးစောင့် တာဝန်ကျ ပုလိပ်ကလေး မောင်အေးကိုသာ တွေ့ရလေတော့၏။ မောင်အေးက ကျွန်ုပ်ကို မြင်သည်နှင့် ...

“ဆရာ ကိုနေမင်းခေါင်က သွားနှင့်ပြီလို့ ပြောသွားပါတယ် ....”

ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကူမဲဘက်ပန်းလောင်မြစ်ကမ်းပေါ်ရှိ ကျွန်ုပ်၏ မိတ်ဆွေ မောင်သောင်းဖေတို့ အိမ်သို့ လိုက်ရလေတော့၏။ ကျွန်ုပ်ရင်းအိမ်သို့ ရောက်သောအခါ၌ နေ့လယ်ဆယ့်နှစ်နာရီခွဲပင် ရှိလေပြီ ဖြစ်လေ၏။ ကျွန်ုပ်ကိုယ်တိုင် မောင်းနှင်လာသော အော်စတင်ကား အနက်ရောင်ကလေး ထိုအိမ်ရှေ့တွင် ထိုးရပ်လိုက်သည်နှင့် အသင့်စောင့်နေသော နယ်မြေပိုင်ဂါတ်မှ ပုလိပ်ကလေးတစ်ဦး ရောက်လာပြီး လျှင် ဆလုစ်ရိုက်၍ အရိုအသေပြုပြီး ......

“ကွမ်းတောင်ကုန်းဂါတ်က ဆရာအိုင်ပီ မင်းစံပါလား ခင်ဗျာ ...”

ဟု မေးလေရာ ကျွန်ုပ်က ....

“အေး .. ဟုတ်တယ်ကွ ...”

ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ပုလိပ်ကလေးက စာတစ်စောင်ကို ထုတ်၍ ပေးလေပြီး ....

“ဆားပုလင်း နေမင်းခေါင်က ပေးသွားတာပါ ခင်ဗျာ”

ဟု ဆိုလေ၏။ ကျွန်ုပ်လည်း ထိုစာကို ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

အိုင်ပီခင်ဗျာ ....

ကျွန်တော့်အတွက် အလွန်တန်ဖိုးကြီးသော အမှုသဲလွန်စတချို့ ရလိုက်ပါသဖြင့် နှင်းဆီဖြူ ပျောက်ဆုံးမှုနောက် ခြေရာခံလိုက်နေပါပြီ။ ကွမ်းတောင်ကုန်းဂါတ်မှာသာ ကျွန်တော့်ကို ပြန်စောင့်ပါ။ ကောလိပ်ကျောင်းသား မောင်သောင်းဖေကို လိုအပ်ပါသဖြင့် နယ်မြေပိုင်ဂါတ်မှာ ဖမ်းခိုင်းထားသည့်အတွက် စိတ်မကောင်းပါ။ ကျွန်တော်တို့ လူချင်းတွေ့မှ ရှင်းပြပါတော့မည်။

ဆားပုလင်းနေမင်းခေါင်

ကျွန်ုပ်သည် ထိုစာကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီးနောက် ကွမ်းတောင်ကုန်းဂါတ်သို့ ပြန်ခဲ့လေတော့၏။ ကျွန်ုပ်ရုံးခန်းသို့ ပြန်ရောက်လေလျှင် ဂျူတီချိန်ပြန်ဝင်၍ ကျန်ရှိနေသေးသော အမှုတွဲများကို ဆက်လက် ရေးသားနေ ဖြစ်လေ၏။

ညနေ ရုံးဆင်းချိန် ဂျူတီ ချိန်းလေသည့် တိုင်အောင် ဆားပုလင်း နေမင်းခေါင်သည် ပြန်၍ ရောက်မလာသေးသဖြင့် ကျွန်ုပ်မှာ ဂါတ်တဲဝင်းဂိတ်ပေါက်ဝဆီသို့သာ မကြာခဏ လှမ်းကြည့်နေ ဖြစ်လေတော့သည်။ ရေးသားထားပြီး ဖြစ်သည့် 'အတိမာန' တိုင်းရင်းသမားတော်များ ဆက်တိုက်ဆိုသလို အသတ်ခံခဲ့ရသော သုဂတ အမှုတွဲကြီးကိုလည်း မကြာခဏ အပြန်ပြန် အလှန်လှန် လှန်လျှောကြည့်ရှုနေမိပြန်လေ၏။ သို့ရာတွင် ကျွန်ုပ်တော်မှာ ထိုအမှုတွဲအား ကိုယ်တိုင် ကိုင်တွယ် အမှုတည်ဆောက်ရသူ ဖြစ်လေသောကြောင့် အစအဆုံးအတွင်းကျကျ သိထားပြီး ဖြစ်ရကားစိတ်ဝင်စားဖွယ် ဆွဲဆောင်နိုင်ခြင်း မရှိတော့ပါပေ။

ထို့ကြောင့် ကျွန်ုပ်သည် အက်အိုင်ပီ မောင်ကြီး၊ အိုင်အိုမြင့်အေး၊ ဆားပုလင်း ချန်ထွန်း၊ ဆားပုလင်း မောင်စိန်တို့နှင့် အုပ်စုဖွဲ့ကာ မြို့လယ်မဟာလောကရန်ဖြို ဘုရားကြီး ဇာတ်ရုံတွင် ကပြနေသည့် အငြိမ့်အဖွဲ့ကြီးမှ အဖွဲ့ခေါင်းဆောင် မင်းသမီး ရွှေမန်းမြအုံးမယ် ချောကြောင်း၊ လှကြောင်း၊ ပရိသတ်အား ဆွဲဆောင်နိုင်လွန်းပါပေရဲ့ဟု တညီတညွတ်တည်း မစားရဝခမန်း အလုအယက် ပြောဖြစ်ကြလေ၏။ ထို့ကြောင့် ည (၇) နာရီ ထိုးပြီးဖြစ်သည့်တိုင် မည်သူမျှ မထဖြစ်ကြသေးပေ။ ဆားပုလင်း နေမင်းခေါင်လည်း မလာသေးချေ။

ထို့ကြောင့် ကျွန်ုပ်သည် အဆာပြေသဘောဖြင့် လက်ဖက်ရည် တစ်ခွက်လောက်တော့ သွား၍ သောက်ဦးမည်ဟု တွေးကာ အမှုတွဲဖိုင်များကို ကောက်ထပ် သိမ်းဆည်းလေပြီးနောက် တာဝန်ချိန် ရုံးခန်းအတွင်းမှ ထွက်ခဲ့လေ၏။ ဂါတ်တဲဝင်း ဂိတ်

---

**မင်းသမီး ရွှေမန်းမြအုံးမယ် ချောကြောင်း၊ လှကြောင်း၊ ပရိသတ်အား ဆွဲဆောင်နိုင်လွန်းပါပေရဲ့ဟု တညီတညွတ်တည်း မစားရဝခမန်း အလုအယက် ပြောဖြစ်ကြလေ၏။**

---



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝသို့ ရောက်လာသော အခါ မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော ဆားပုလင်း နေမင်းခေါင်ကို တွေ့ရလေ၏။

"အိုင်ပီ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို သွားမလို့ ထင်ပါရဲ့ . . ."

"ဟော ကိုနေမင်းခေါင် ဟုတ်တယ်ဗျို့ ဆာလို့ လက်ဖက်ရည် သွားသောက်မလို့ပါဗျာ ."

ဟု ကျွန်ုပ်က ပြောရာ ဆားပုလင်း နေမင်းခေါင်က . . .

"ဒါဆိုလဲ ကျွန်တော်ပါ ပြန်လိုက်ခဲ့ပါမယ်ဗျာ ."

ဟု ပြောလေပြီးနောက် နှစ်ဦးအတူ လမ်းထိပ်တွင်ရှိသော ကိုတင်ဝင်း၏ ပုလဲလက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြလေသည်။ လက်ဖက်ရည်ဆိုင်သို့ ရောက်လေကြသောအခါ ဆားပုလင်း နေမင်းခေါင်က ကျွန်ုပ်အား . . . . . .

"အိုင်ပီရဲ့ မိတ်ဆွေ ကောလိပ်ကျောင်းသား မောင်သောင်းဖေကိုတော့ လိုအပ်ချက်အရ နယ်မြေပိုင် ကူမဲဂါတ်က အိုင်အိုကြီးတို့ အဖွဲ့ကို ဖမ်းခိုင်းထားလိုက်ပြီ။ အမှုတည်ဆောက်ရာမှာ နိုင်လုံဖို့ ကွင်းဆက်တချို့တော့ ရှာရလိမ့်ဦးမပေါ့ အိုင်ပီရယ်။ ဒါပေမယ့် တရားခံတစ်ယောက်ကို ပတ်ဝန်းကျင် အထောက်အထား နိုင်လုံရင်ဖြင့် သက်သေများအရ အပြစ်ရှိနိုင်ကောင်းယူဆရသပေါ့ဗျာ၊ နှင်းဆီဖြူ မပျောက်ဆုံးခင် နောက်ဆုံးအချိန်ထိ အတူရှိနေတဲ့ သူ့သူငယ်ချင်းမလေး မေရီကို သွားတွေ့ပြီး မေးမြန်းကြည့်လို့ သိရတာကတော့ အဲဒီနေ့က နှင်းဆီဖြူရဲ့ ပခုံးမှာအညိုရောင် စလင်းဘက်အိတ်ကလေး ပါလာတာ သူ မှတ်မှတ်သားသားကို သတိထားမိတယ်တဲ့။ ပညာအလင်း စာကြည့်တိုက်မှူးကို ဝင်မေးကြည့်တော့လဲ နှင်းဆီဖြူ ငှားသွားတဲ့ စာအုပ်ကို အငှားစာရင်းမှာ ရေးသွင်းထားတာရှိကြောင်း လမ်းဘေးက ကောက်ရလို့ ဆိုပြီး လာအပ်သွားတဲ့ စာအုပ်ဟာလဲ နှင်းဆီဖြူ ငှားသွားတဲ့ စာအုပ် အမှန်ပါပဲတဲ့။ ရွာသာရွာ လမ်းခွဲက ကွမ်းယာသည်ကောင်မလေးကလဲ ပြောတယ်။ မောင်သောင်းဖေကို သူ ကောင်းကောင်းသိပါတယ်တဲ့၊ နှင်းဆီဖြူ ပျောက်သွားတယ်ဆိုတဲ့ နေ့က ညနေ (၃)နာရီ အချိန်လောက်မှာ မောင်သောင်းဖေကိုယ်တိုင် သူ့ရဲ့ အစိမ်းရောင် ချက်ပလက်ကားကို မောင်းပြီး သပြေတောင်းလမ်းမကြီးအတိုင်း ချိုးကွေ့ဝင်သွားတာ တွေ့လိုက်တယ်တဲ့။ သစ်မြက်တောရွာ အလွန် ပေါက်ချောင်းကမ်းနဖူးပေါ်မှာ ကျွန်းအိမ်မည်းမည်းကြီးနဲ့ မောင်သောင်းဖေတို့ မိဘဘိုးဘွားပိုင် ကေဝက်လောက် ကျယ်ပြန့်တဲ့ ခြံကျယ်ကြီး တစ်ခြံရှိတယ်ဗျ။ အဲဒီတော့ ဆက်စပ်ကြည့်မယ် ဆိုရင် နှင်းဆီဖြူ ပျောက်သွားပါတယ်ဆိုတဲ့နေ့က မောင်သောင်းဖေနဲ့အတူ နှင်းဆီဖြူလဲ အဲဒီလမ်းမကြီးအတိုင်း မောင်သောင်းဖေတို့ မိဘဘိုးဘွားပိုင်ခြံကြီး ဆီကို လိုက်ပါသွားတယ်လို့ ယူဆမိတယ် အိုင်ပီ"

"အိုင်ဆေး ကိုနေမင်းခေါင် ဒါဆိုရင်ဖြင့် ပျောက်ဆုံးနေတဲ့ နှင်းဆီဖြူဟာ မောင်သောင်းဖေရဲ့ မိဘဘိုးဘွားပိုင်တွေ ပိုင်တဲ့ အဲဒီအိမ်ကြီးထဲမှာ ရှိနေနိုင်တာပေါ့နော်"

"ဟုတ်တယ်အိုင်ပီ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ကျွန်တော်တစ်ခုတော့ စိုးရိမ်နေမိတယ်ဗျာ''

ဟု ပြောလေရာ ကျွန်ုပ်သည် ဆားပုလင်း နေမင်းခေါင်ကို လှမ်းကြည့်လိုက်မိလေ၏။

''ဘာကို စိုးရိမ်တာလဲ ကိုနေမင်းခေါင်''

''အင်း နှင်းဆီဖြူ အခုချိန်ထိ အသက်ရှင်ရက် ရှိနေပါစေလို့ပါပဲဗျာ''

''ဘယ်လို ..''

''တဏှာမကင်းတဲ့ ပုထုဇဉ်ဆိုတော့လဲ မီးကိုတိုးတဲ့ ဝိုးဖလံတွေလိုပေါ့။ ကျုပ်အထင်ပြောတာပေါ့လေ။ ကဲပါ အိုင်ဝီရယ် ကျုပ်တို့ မနက်ဖြန်တော့ဖြင့် သေချာအောင် အဲဒီအိမ်ကြီးဆီ သွားဖို့ လိုအပ်လာပြီပေါ့''

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့ နှစ်ဦးသည် လက်ဖက်ရည် သောက်ကြပြီးနောက် လမ်းခွဲခဲ့ကြလေတော့သည်။

ဤသို့နှင့်ပင် ကျွန်ုပ်နှင့် ဆားပုလင်း နေမင်းခေါင်တို့သည် နောက်တစ်နေ့ နံနက်ခင်းတွင် မောင်သောင်းဖေ၏ ဘိုးဘွားမိဘပိုင် ပေါက်ချောင်းကမ်းနဖူးပေါ်ရှိ ကျွန်းအိမ် မည်းမည်းကြီးဆီသို့ အော်စတင် ကားကလေးကို ကျွန်ုပ်ကိုယ်တိုင် မောင်း၍ သွားရောက်ခဲ့ကြလေတော့၏။ ထိုကျွန်း အိမ်မည်းမည်းကြီး ခြံရှေ့သို့ ရောက်သောအခါ၌ ကျွန်ုပ်က ကားဟွန်းသံပေးလိုက်လေ၏။ ထိုအခါ၌ လူတစ်ယောက်သည် ခြံထောင့်တွင် ပန်းပင်ကလေးတွေကို ပြုပြင်နေရာမှ ဝင်းတံခါးဆီသို့ ပြေးလာ၍ ကျွန်ုပ်တို့ နှစ်ဦးကို စူးစမ်းသလို ကြည့်လေရာ ကျွန်ုပ်ကပင် မောင်သောင်းဖေ၏ မိတ်ဆွေဖြစ်ကြောင်းနှင့် တစ်နေ့တာ အပန်းဖြေသဘော ခြံလည်လာခြင်းဖြစ်ကြောင်း ဦးစွာ ပြောလိုက်လေသည်။ ထိုအခါ၌ ဝင်းတံခါးကို ဖွင့်ပေးလေ၏။ ဆားပုလင်း နေမင်းခေါင်က အိမ်ကြီးဆီ လှမ်းမျှော်ကြည့်ရင်း ...

''ဟောဟို အပေါ်ထပ် ညာဘက်ဘေးက အခန်းက အိပ်ခန်းမှတ်တယ်၊ ပြတင်းတံခါး ရွက်တွေလဲမပိတ်၊ နေ့ခင်းဘက်တောင် ခာတ်မီးလဲ ထွန်းထားပါလား ဘယ်သူနေတာလဲ''

ဟု မေးလေရာ ခြံစောင့်သော လူက ထိတ်လန့်သည့်အမူအရာနှင့် .....

''အလိုလေး ... ပြောရချည့်သေးရဲ့၊ ဟိုတစ်လောက မောင်သောင်းဖေ နဲ့အတူ ခပ်ချောချော မိန်းကလေး တစ်ယောက်တစ်ညတာ လာရောက်တည်းခို အိပ်သွားပြီးတဲ့နောက် ဘယ်လိုကြောင့်လဲ မသိဘူးသဲ့ရဲ

> "ဟောဟို အပေါ်ထပ် ညာဘက်ဘေးက အခန်းက အိပ်ခန်းမှတ်တယ်၊ ပြတင်းတံခါး ရွက်တွေလဲမပိတ်၊ နေ့ခင်းဘက်တောင် ဓာတ်မီးလဲ ထွန်းထားပါလား ဘယ်သူနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အရမ်းခြောက်တော့တာပါပဲဗျာ။ အဲဒါကြောင့် ထင်ပါရဲ့ မောင်သောင်းဖေနဲ့ ကောင်မလေးတို့လဲ အဲဒီညက မိုးလင်းအောင်တောင် မနေကြတော့ဘဲ ဘယ်အချိန်ထပြန်သွားကြမှန်းတောင် မသိလိုက်ဘူး။ မနက်မိုးလင်းမှ သူတို့တွေ ညကတည်းက ပြန်သွားတယ်ဆိုတာ ကျုပ် သိရတာ နှုတ်ဆက်သွားဖော်တောင် မရဘူးဗျို့”

ဟု ပြောလေရာ ဆားဖုလင်း နေမင်းခေါင်က ....

“အရင်ကရောပဲ မောင်သောင်းဖေဟာ အဲဒီ မိန်းကလေးနဲ့ လာနေကျပဲလားဗျ ...”

“ခင်ဗျားတို့ကလဲ မောင်သောင်းဖေရဲ့ မိတ်ဆွေတွေလဲ ဆိုသေးရဲ့ ဒါတောင် မသိဘူးလားဗျ။ မောင်သောင်းဖေဟာ ကောလိပ်ကျောင်းသား သူဌေးသားဆိုတော့ ပွေတာကတော့ မပြောနဲ့ဗျို့၊ သူ့ဝါသနာကို သူ့မိန်းမ မအေးစိန်ကတောင် နားချလို့မရတာ ကြည့်ပေရော့၊ အဲ ... ပြီးတော့ စွံမှစွံဗျို့၊ မိန်းမတစ်ယောက်ကို နှစ်ရက်မကပ်ရအောင်ကို အထာကလဲ ကျေပဲ့။ ဆိုးတာက ပျိုပျိုအိုအို ချမ်းသာမပေးဘူး။ ပြီးတော့ နှစ်ခါ ပြန်လဲ မတွဲဘူး။ တစ်ခါသုံး စားပြီး နားမလည်ပေါ့ဗျာ။ အခု နောက်ဆုံး တစ်ခေါက်ပါလာတဲ့ မိန်းကလေးကတော့ အတော် ချောသားပဲ။ သူတွဲလာသမျှ မိန်းကလေးတွေထဲမှာတော့ ကျုပ် တွေ့ဖူးတာ ဒီမိန်းကလေး အချောဆုံးပဲလို့ ထင်ပါ့။ အပျိုတော့ မဟုတ်ဘူး။ မင်းကတော် တစ်ယောက်ဆိုလား။ ဒီခေတ်ကြီးမှာ အဲလိုမျက်နှာကြီးပိုင်းက မိန်းမ၊ ယောက်ျားအတော်များများ ကလပ်တက်တယ်၊ ပါတီပွဲ လုပ်တယ်၊ ပိုကာဆွဲတယ်။ လူမှုရေး ဖောက်ပြန်ကြတယ်။ ဆန်းမှ မဆန်းဘဲကိုး။ နိုင်ငံကြီးသား ပီသကြတာဆိုလား”

“ဒါနဲ့ .. နေပါဦးဗျ၊ သရဲကရောပဲ ဘယ်လိုခြောက်တာတုန်း”

ဟု ကျွန်ုပ်က ဝင်ထောက်လေရာ ထိုလူက ကြက်သီးမွေးညှင်း ထသလို နောက်ကျောမလုံလို့ အိမ်ကြီးအပေါ်ထပ် ညာဘက်ဘေးက အခန်းဆီ လှမ်းကြည့်ပြီး .....

“ညနေခင်း နေဝင် မိုးချုပ်စ အချိန်ရောက်ပြီဆိုမှဖြင့် ဟောဟိုပြတင်းပေါက်နားမှာ ဆံပင်ဖားလျားနဲ့ မိန်းကလေးတစ်ယောက် ကိုယ်ထင်ရုပ်ပြပြီး ပေါက်ချောင်းကမ်းစပ် နံ့ပြင်

“ဒီခေတ်ကြီးမှာ အဲလိုမျက်နှာကြီးပိုင်းက မိန်းမ၊ ယောက်ျားအတော်များများ ကလပ်တက်တယ်၊ ပါတီပွဲလုပ်တယ်၊ ပိုကာဆွဲတယ်။ လူမှုရေးဖောက်ပြန်ကြတယ်။ ဆန်းမှမဆန်းဘဲကိုး။ နိုင်ငံကြီးသားပီသကြတာဆိုလား”



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း
နေဝင်မိုးချုပ်စ
အချိန်ရောက်ပြီ
ဆိုမှဖြင့်
ဟောဟို
ပြတင်းပေါက်နားမှာ
ဆံပင်ဖားလျားနဲ့
မိန်းကလေး
တစ်ယောက်
ကိုယ်ထင်ရပ်ပြပြီး
ပေါက်ချောင်းကမ်းစပ်
နွံပြင်ကြီးဆီကို
လက်ညှိုးထိုးပြနေ
တတ်တာ
. . . .

ကြီးဆီကို လက်ညှိုး ထိုးပြနေတတ်တာ ကျုပ်မျက်စိနဲ့ တပ်အပ်သေချာကို မြင်ရတာပါ။ ဒါပေမယ့် အဲဒီ အခန်းထဲကို ကျုပ်သွားကြည့်တိုင်း တစ်ခါမှ မတွေ့ဘူး။ ကြက်သီးတွေပဲ ဖြန်းဖြန်းထလာတယ်။ ဒါကြောင့် ကျုပ်လဲ အဲဒီ အခန်းဆီလုံးလုံး မသွားဝံ့တော့ဘူးဗျို့။ ခုနောက်ပိုင်း နေစောင်းလာတာနဲ့ ကျုပ်လဲ ဒီခြံကြီးထဲမှာ မနေတော့ဘူး။ ညပိုင်းဆို ခံတောရွာထဲ ပြန်အိပ်တော့တယ်။ မနက်မိုးလင်းမှ ပြန်လာတယ်။ ခင်ဗျားတို့လဲ ညနေကျရင် နေမစောင်းခင် ပြန်ကြဗျို့။ ကျုပ် စေတနာနဲ့ တိုက်တွန်းတာနော်။ အခုတော့ အိမ်ထဲမှာ ဝင်ချင်ရင် ဝင်ကြဦးပေါ့။ အိမ်ကြီးတစ်ဆောင်လုံး ဘယ်တံခါးမှ သော့မခတ်ထားဘူး။ ကြိုက်သလိုနေနိုင်တယ်။ ကဲ.. 'ကျုပ်တော့ လုပ်စရာရှိတာ ဆက်လုပ်လိုက်ဦးမယ်ဗျို့''

ဟု ပြောပြီး ထိုလူသည် အစေခံတဲဆီသို့ ဝင်သွားလေရာ ကျွန်ုပ်တို့နှစ်ဦးလည်း အိမ်ရှေ့မှ အိမ်ထဲသို့ ဝင်ကြလေ၏။

မောင်သောင်းဖေတို့ မိဘဘိုးဘွားပိုင် အိမ်ကြီးမှာ အတော်အတန်ကြီးမား၍ ရှေ့ခေတ်မြန်မာဘုရင်များ လက်ထက်က အနွယ်တော် နေအိမ်များနှင့် မခြား ခမ်းနားခြင်းရှိသော်လည်း ကြီးမားသော နေအိမ်တို့ မည်သည်မှာ နေ့လယ်နေ့ခင်းအချိန်ပင်ဖြစ်လင့်ကစား၊ လျှပ်စစ်ခတ်မီးတို့ထွန်းမှသာလျှင် အတွင်းခန်းတို့သည် အလင်းရောင် လုံလောက်တတ်သည်ဖြစ်ရာ ယခုအိမ်ကြီးမှာမူ ခြောက်ခြောက်သွေ့သွေ့နှင့် တိတ်ဆိတ်သောအရပ်တွင် ငြိမ်တိတ်လွန်းရကား ကျွန်ုပ်မှာ အိမ်ကြီးထဲ ဝင်ခါစအခါကပင် စိတ်၏ ညှိုးငယ်ခြင်းဖြစ်မိချေရုံမက ကြက်သီး မွေးညင်းများပင် ထမိလေ၏။

ဆားပုလင်း နေမင်းခေါင်သည်ကား ထိုသို့မဟုတ်လေပြီ။ သားကောင် နောက်သို့ ခြေရာကောက် လိုက်နေသော တောကျွမ်း မုဆိုးတစ်ဦးကဲ့သို့ ကျွန်ုပ်ရှေ့တွင် ဦးဆောင်လျက် အိမ်ကြီးအပေါ်ထပ်သို့ တက်ကြလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် အပေါ်ထပ် ညာဘက်အခန်းဆီသို့



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေ၏။ အခန်းတံခါး ပေါက်သည် ပိတ်လျက်ရှိသော်လည်း တံခါးတို့ကို တွန်း၍ ကြည့်သောအခါ အလွယ်တကူ ပွင့်၍ သွားလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် အခန်းတွင်းသို့ ဝင်ကြလေ၏။ အိပ်ခန်းဆိုသော်လည်း ရံဖန်ရံခါ၌သာ အိပ်ကြလေ့ရှိသဖြင့်သာ ကျွန်းကုတင်ကြီးပေါ် အိပ်ရာ၊ ခေါင်းအုံး၊ ခြင်ထောင်နှင့် အခန်းတွင်းအနှံ့ ဖုန်မှုန့်တို့ပင် တင်ရှိနေပေပြီ။ အိပ်ရာခင်းတို့ကား တွန့်ကြေလျက် ပြန့်ပြန့်မရှိ၊ ကုတင်ဘေးတွင် နံရံကပ် ဗီရိုကြီးတစ်လုံးရှိလေသဖြင့် ဆားပုလင်းနေမင်းခေါင်က ဆွဲဖွင့်ကြည့်လေ၏။

"အလို အိုင်ပီရေ လာကြည့်စမ်းပါ"

ဆားပုလင်းနေမင်းခေါင်က ပြောသဖြင့် ကျွန်ုပ်က သွားကြည့်ရာ တန်ဖိုးငွေ သုံးဆယ့်ငါးကျပ်မျှ ထိုက်တန်သော ကတ္တီပါလုံချည်တစ်ထည်၊ မှန်နိုင်လွန်သားနှင့်ချုပ်ထားသည့် ကော်လံထောင် ရင်ဖုံးအင်္ကျီတစ်ထည်၊ နိုင်လွန်ချွေးခံတစ်ထည်၊ ကတ္တီပါပုံတော်ညှပ်ဖိနပ်တစ်ရန်၊ ပိုက်ဆံအိတ်အဖြူရောင်တစ်ခုကို ဗီရို အောက်ဆုံးအထပ်၌ လုံးထွေးထိုးသိပ် ထည့်ထားတာတွေ့ရလေသည်။ အခြားဘာပစ္စည်းမျှ မရှိ။

"ဒါဟာ အရေးတကြီး သိမ်းဆည်းသွားတဲ့ လက္ခဏာပဲဗျ။ ဒါပေမဲ့ အခုမဟုတ်ဘူး။ အခန်းတွင်း မြင်ကွင်းအရ လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော်လောက်ကလို့ယူဆရတဲ့အတွက် ပျောက်ဆုံးနေတဲ့ နှင်းဆီဖြူရဲ့ အဝတ်အထည်တွေပဲ ဖြစ်ရမယ်အိုင်ပီ"

ဟု ပြောလေပြီးနောက် ဆားပုလင်း နေမင်းခေါင်သည် ပိုက်ဆံအိတ်ကို ဆွဲယူဖွင့်ကြည့်ပြီး ငုတ်တုတ်ထိုင်၍ ကြမ်းပြင်ပေါ် သွန်ချလေရာ ကရင်းပတ်၊ နှုတ်ခမ်းဆိုးဆေး၊ တို့ပတ်ပဝါနှင့် ပိုက်ဆံတစ်ကျပ်တန် လေးရွက်၊ 'ချစ်လှစွာသော ကိုသောင်းဖေ' ဟု အဆုံးသတ်ထားသည့် စာတစ်စောင်နှင့် နှင်းဆီဖြူ၏ မှတ်ပုံတင်ကတ်ပြားကလေးတစ်ခု တွေ့ရပြန်လေ၏။ ထိုအခါ ဆားပုလင်း နေမင်းခေါင်က..

"ဟောဒီ တွေ့ရတဲ့ ပစ္စည်းတွေအရတော့ ကျွန်တော့်





www.burmeseclassic.com

www.burmeseclassic.com



သူဆိုချက်ကို ပြောရရင် နှင်းဆီဖြူပျောက်ဆုံးနေခြင်းဟာ ဒီအိမ်ကြီးဆီရောက်ခဲ့တဲ့နေ့ကပဲ ဖြစ်ထိမ့်မယ်အိုင်ပီ"

ဟု ပြောလေရာ ကျွန်ုပ်က ...

"နှင်းဆီဖြူဟာ သူ့ရဲ့ကိုယ်နဲ့မကွာရှိနေတဲ့ ဒီပစ္စည်းတွေနဲ့အတူ ခန္ဓာကိုယ်ပေါ်က အဝတ်အစားတွေကိုပါ ချွတ်ထားပစ်ခဲ့ပြီး ပျောက်နေတာ ဘာကြောင့်လို့ထင်လဲ ကိုနေမင်းခေါင်"

"စဉ်းစားရမယ့် အချက်က မောင်သောင်းဖေနဲ့အတူ နှင်းဆီဖြူ အမှန်တကယ် ပြန်ပါသွားရဲ့လားဆိုတာပဲ အိုင်ပီ"

ဟု ပြောပြီးနောက် မျက်မှောင်ကို ကျုံ့၍ ငြိမ်သက်စွာ စဉ်းစားနေလေ၏။ ခဏအကြာတွင် ထိုင်နေရာမှ ထ၍ အခန်းတွင်း အနှံ့လိုက်ကြည့်နေလေ၏။ ပြီးနောက် အိပ်ကုတင်ကြီးအောက်မှ ရွှံ့မြေတို့ ပေကျံခြောက်ကပ်နေသော ယောက်ျားစီး ရှူးဖိနပ်ကစ်ရန်ကို လေးဖက်ထောက်ကုန်းဝင်ပြီးမှ ယူငင်ဆွဲထုတ်လေ၏။ သေချာစွာကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်လေ၏။ တစ်ဖန်အခန်းပြတင်းပေါက်တည့်တည့်ဆီလျှောက်သွားပြန်လေ၏။ ခြံပြင်ပေါက်ချောင်း ရေပြင်အစပ် နွံပြင်အိုင်ကြီးဆီသို့လည်း လှမ်းငေးကြည့်နေပြန်လေသည်။ အတန်ကြာမှ ပြည့်ပြည့်ကလေး ပြုံးလေသည်။ စီးကရက် တစ်လိပ်ကိုလည်း ထုတ်၍ ရှိုက်ဖွာလေ၏။

ဆားပုလင်း နေမင်းခေါင်က–

"ကဲ ... အိုင်ပီရေ ကျုပ် ယူဆချက် မှန်ရင်တော့ နှင်းဆီဖြူကို ဒီနေ့ပဲ ရှာတွေ့ပါလိမ့်မယ်၊ သွားကြစို့ဗျို့"

ဟု ပြောကာ အိမ်ကြီးပေါ်မှ ပြန်ဆင်းခဲ့ကြလေသည်။ ခြံဝင်းထဲသို့ ပြန်ရောက်လေသောအခါ ခြံစောင့်ကိုခေါ်၍ သစ်မြက်တောရွာထဲသို့ သွားစေပြီး သူကြီးနှင့် ရွာသားနှစ်ဦးကို ကွမ်းတောင်ကုန်းဂိတ်က အိုင်ပီမင်းစံနဲ့ ဆားပုလင်း နေမင်းခေါင်တို့ ရောက်နေလို့ ခေါ်ခိုင်းကြောင်း၊ အခုလာပါဟု ပြောခိုင်းလိုက်လေသည်။ ခြံစောင့်သည်လည်း ခေါင်းတညိတ်ညိတ် နားထောင်ပြီး ခပ်သုတ်သုတ်ထွက်သွားလေသည်။

မိနစ် အနည်းငယ် အကြာတွင် ခြံစောင့်ကြီးနှင့်အတူ သူကြီးမင်းနှင့် ရွာသားနှစ်ဦးတို့ ရောက်လာကြလေသည်။ အိမ်ကြီးနှင့် မျက်စောင်းထိုးအရပ် ခြံအပြင်ဘက် ကိုက်တစ်ရာခန့်ဝေးသော ပေါက်ချောင်းရေပြင်အစပ် နွံပြင်အိုင်ကြီးဆီသို့ သွားကြပြန်လေသည်။

"ဟောဒီ နွံပြင်အိုင်ထဲမှာ မိန်းကလေးတစ်ယောက်ကို သတ်ပြီး နှစ်မြှုပ်ဝှက်ထားတယ်ဗျ၊ အဲဒါ ဆင်းဖော်ပေးနိုင်ပါမလား သူကြီးမင်း ခင်ဗျား"

ဟု ဆားပုလင်းနေမင်းခေါင်က ပြောလေ၏။ ထိုအခါ ခေါင်းညိတ်ပြပြီး သူကြီးမင်းက အတူပါလာသော ရွာသားနှစ်ဦးအား နွံပြင်အိုင်အတွင်းသို့ ဆင်းခိုင်းလေ၏။ ထိုအခါ ရွာသားနှစ်ဦးစလုံးကလည်း ပုဆိုးများ ခါးတောင်းကျိုက်၍ ဆင်းကြလေ၏။ နွံပြင်ရေတို့ကား ရွှံ့နှစ်အရောင် ခပ်ပျစ်ပျစ်အနေအထား ဖြစ်နေလေပြီ။ ဆယ်ပေပတ်လည်ခန့်ကျယ်၍ လူခါးစောင်းထိ



www.burmeseclassic.com

www.burmeseclassic.com



နက်လေသည်။ ရှာသားနှစ်ဦးသည် လက်ချင်းကမ်းဆက်ချိတ်ကိုင်ပြီး နှံ့ပြင်အနှံ့ ခြေထောက်များ ရှုပ်တိုက်သွားရင်း ရှာဖွေကြလေ ၏။

“ဟောဒီမှာ တွေ့ပြီဗျို့ လူမှ လူပဲ”

“ဟုတ်တယ်ဗျို့ ကျုပ်ခြေထောက်နဲ့လဲ စမ်းမိထားတယ်”

ဟု နှံ့ပြင် အလယ်လောက်တွင် ရပ်တန့်ပြီး ရှာသားနှစ်ဦးစလုံးက လှမ်းပြောလေသည်။ ထိုအခါ ဆားပုလင်း နေမင်းခေါင်က ကမ်းပေါ်ကို ဆွဲတင်နိုင်းလိုက်လေရာ ရှာသားနှစ်ဦးစလုံးလည်း ကုန်းကုန်းကွကွနှင့် နှံ့ပြင်အောက်ခြေသို့ နှိုက်စမ်းပြီး ကမ်းစပ်ဆီ ဆွဲလာ တင်ယူလေသည်တွင် နှင်းဆီဖြူဟု ယူဆရသော မိန်းကလေးအလောင်းကို တွေ့ရလေ၏။ ဆားပုလင်း နေမင်းခေါင်က–

“သေချာပါတယ် အိုင်ပီ၊ အဲဒါပျောက်ဆုံးနေတဲ့ နှင်းဆီဖြူ အစစ်ပါပဲ”

ဟု ပြောလေသည်။ ကျွန်ုပ်လည်း ခပ်ရွံ့ရွံ့ အမူအရာနှင့် ငုံ့ကြည့်လေရာ ကိုယ်လုံးတည်း ရွှံ့နွံတို့ပေကျံနေလေပြီး အောက်ခံဘောင်းဘီဟု ယူဆရသော အဝတ်အထည်နှင့် လည်ပင်းကို ရစ်ပတ်ထားဆဲမို့ ညှစ်သတ်ထားခြင်းဖြစ်တန်ရာ၏။

‘ဖြစ်မှ ဖြစ်ရလေဗျာ’ ဟု ကျွန်ုပ်လည်း ညည်းတွား လိုက်မိလေတော့သည်။

ခပ်ရွံ့ရွံ့ အမူအရာနှင့်
ငုံ့ကြည့်လေရာ
ကိုယ်လုံးတည်း ရွှံ့နွံတို့ပေကျံနေလေပြီး
အောက်ခံဘောင်းဘီဟု ယူဆရသော
အဝတ်အကြည်နှင့် လည်ပင်းကို ရစ်ပတ်ထားဆဲမို့
ညှစ်သတ်ထားခြင်းဖြစ်တန်ရာ၏။

သူကြီးမင်းအား အကူ အညီတောင်း၍ အလောင်းကို ဆေးရုံသို့ ပို့စေပြီး မှုခင်းဆရာဝန်ကြီးထံအပ်နှံဆေးစစ်ချက်ယူ လေသည်။ နှင်းဆီဖြူ၏ ခင်ပွန်း သစ်တောမင်းကြီးနှင့်သူမ၏ မိဘ များထံအကြောင်းကြားခေါ်ဆော ပြသရာ ပျောက်ဆုံးနေသူ နှင်း ဆီဖြူအမှန်ပင်ဖြစ်ကြောင်း ထ ကျွစွာပြောနိုင်ခဲ့လေသည်။ ပြီ နောက် ကူမဲဂါတ်သို့ သွား၍ ကြ တင်ဖမ်းဆီးထားသော ကောလိ ကျောင်းသား မောင်သော ကို တွေ့ကာ သက်သေအားလုံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်လုံနေပြီဖြစ်ကြောင်း ပြောပြီး စစ်ချက်ယူလေရာ မောင်သောင်းဖေမှာ ခေါင်းငိုက်စိုက်ချပြီး ဝန်ခံလေတော့သည်။

"နှင်းဆီဖြူနဲ့ တွေ့တာဟာ ကျွန်တော့်အတွက် ကံဆိုးတာပါပဲဗျာ။ တကယ်တော့ ခုလို သူ့ကိုသတ်ပြီး အလောင်းဖျောက်ထားဖို့ဆိုတာ ဘယ်လိုမှ အတွေးလုံးဝ မရှိရိုးအမှန်ပါ။ အဲဒီညက အိမ်ပြန်ကြဖို့ သူ့ကို အမျိုးမျိုးဖျောင်းဖျ ကျွန်တော်ပြောပါသေးတယ်။ သူက လက်မခံဘူးလေ။ သူ့ကို ပြန်ပို့ရင် ကျွန်တော့်ကို မုဒိမ်းမှုနဲ့တရားစွဲမယ်တဲ့ဗျာ။ သူ့ယောက်ျား သစ်တောမင်းကြီးကို လျော်ကြေးပေးပြီး သူ့ကို လက်ထပ်ရမယ်တဲ့လေ။ ဖြစ်မှ မဖြစ်နိုင်တာပဲ။ ကျွန်တော့်မှာလဲ လက်ရှိတရားဝင် ဇနီးမယားရှိတယ်လေဗျာ။ ဒါကြောင့်လဲ ကြံရာ မရတဲ့အဆုံး ဖြစ်သွားခဲ့ရတာပါပဲဗျာ။ ကျွန်တော့်ရဲ့ ဆိုးဝါးယုတ်မာတဲ့ အကျင့်ဝါသနာဆိုးက ခုတော့ ခုတော့ ဗျာ"

ဟု နောင်တကြီးစွာနှင့် ပြောပြီး ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ ကျွန်ုပ်သည် ပင်လျှင် မိတ်ဆွေရှိရင်းမှ များမို့ ကရုဏာ ဖြစ်ရလေ၏။



ကောလိပ်ကျောင်းသား မောင်သောင်းဖေအား စစ်ချက်များယူခဲ့ပြီးနောက် ကျွန်ုပ်အဖို့ မရှင်းမလင်းသည့်အချက်များကို ဆားပုလင်း နေမင်းခေါင်အား မေးမြန်းရလေတော့၏။ ဆားပုလင်းနေမင်းခေါင်က . . .

"ဒါကတော့ ကျုပ်ရဲ့ စုံစမ်းယူဆချက်မှန်သွားတာ အိုင်ပီရေ။ နှင်းဆီဖြူနဲ့ သူ့ခင်ပွန်း သစ်တောမင်းကြီးဆိုတာက အဘိုးနဲ့မြေးအရွယ်တွေလေဗျာ။ ပြီးတော့ နှင်းဆီဖြူ မိဘတွေ ဆင်းရဲလွန်းကြလို့ သမီးဖြစ်သူကို ရောင်းကုန်တစ်ခုလို ကြေးတန်းပစ် ပေးစားလို့သာ ယူလိုက်ရတာ ကြည်ဖြူလို့မှ မဟုတ်ဘဲ။ အိမ်ထောင်ရေးသာယာပျော်ရွှင်မှု ဘယ်လိုဖြစ်နိုင်ပါမလဲဗျာ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



တော့ နှင်းဆီဖြူဟာ ငယ်ရွယ်သူ ဝီဝီ အပြင်ထွက် အပျော်အပါး ရှာတော့မှာပေါ့။ ပါတီတက်မယ်၊ ကလပ်တွေသွားမယ်။ အဆင့်တူ မင်းကတော်တွေစု ပိုကာဆွဲကြမယ်လေဗျာ။ အဲဒီမှာ မြသမား မောင်သောင်းဖေကို တွေ့ပြီး ငြိသွားကြတာပဲဗျို့"

"မောင်သောင်းဖေတို့ မိဘဘိုးဘွားပိုင်ခြံကြီးထဲမှာ နှင်းဆီဖြူရှိလိမ့်မယ်လို့ ခင်ဗျား ဘာ့ကြောင့် အတပ်ပြောနိုင်တာလဲဗျာ"

"နှင်းဆီဖြူ ပျောက်သွားတယ်ဆိုတဲ့နေ့က ဘိုတဲဝင်းကြီးအလွန် ထနောင်းပင်တန်းအစပ်မှာ နှင်းဆီဖြူတစ်ယောက် မောင်သောင်းဖေရဲ့ကားနဲ့တွေ့လို့ ခရီးကြိုတင်ခေါ်သွားတာ မျက်မြင်သက်သေတွေဆီမှာ ကျုပ်စုံစမ်းသိရပြန်ရောပဲ။ ရွာသာကျေးရွာလမ်းခွဲ ဖရဲ့ရှေ့မှာ ရောင်းတဲ့ ကွမ်းယာသည် ကောင်မလေး ပြောတဲ့ တွေ့ရှိချိန်နဲ့ တိုက်ဆိုင်ဆက်စပ်ကြည့်တော့ အချိန်မိနစ်ပိုင်းအတွင်း ဖြစ်တာတွေ့ရပြန်ရောပဲဗျ။ သက်သေခိုင်လုံချက်ပေါ့လေ"

"သြော် နှင်းဆီဖြူ အသက်ရှင်ရက်ရှိနေပါစေလို့ ဆိုတဲ့ စိုးရိမ်စကားကိုရောပဲ ခင်ဗျား ဘာလို့ ကြိုပြောနိုင်တာလဲဗျာ"

"မောင်သောင်းဖေတို့ အိမ်က အိုင်ပီကို မအေးစိန်ကိုယ်တိုင်အပ်နှံလိုက်တယ်ဆိုတဲ့ နှင်းဆီဖြူရဲ့လိပ်စာကတ်ပါတဲ့ စလင်းဘက်အိတ်ကလေးရယ်၊ လမ်းဘေးခြုံပေါ်က တွေ့တဲ့ နှင်းဆီဖြူ အငှားစာရင်းရှိနေဆဲ ဝတ္ထုစာအုပ်ရယ်ဟာ ဘာကြောင့် နှင်းဆီဖြူ ပျောက်ဆုံးနေချိန်နဲ့ ထပ်တူတစ်နေရာစီမှာ တွေ့ရတာလဲ စဉ်းစားစရာအချက်ပဲလေ။ ကျုပ်တွေးတာမှန်သွားတယ်အိုင်ပီရဲ့"

"ဟုတ်လိုက်လေဗျာ၊ နှင်းဆီဖြူရဲ့အလောင်းကို နွံပြင်အိုင်ကြီးထဲမှာ ပစ်ချနစ်မြှုပ်ဖျောက်ထားတယ် ဆိုတာကတော့ အိမ်ကြီးပေါ်မှာ တွေ့တဲ့ နှင်းဆီဖြူရဲ့ အဝတ်အစားအသုံးအဆောင်တွေနဲ့ ခြံစောင့်ကြီး ပြောတဲ့ အချက်တွေရယ်၊ သရဲခြောက်ခံရတဲ့ အချက်တွေကို ဆက်စပ်ပြီး ကောက်ချက်ချလိုက်တာလို့ ကျုပ် ထင်တယ် ဟုတ်ရဲ့လား"

"အမှန်ပါပဲ အိုင်ပီရယ်"

ဟုပြောလေ၏။ နောက် စီးကရက်တစ်လိပ်ကို ဟန်ပါပါနှင့် ရှိုက်ဖွာနေလေတော့သည်။ အတန်ကြာမှ ဆက်၍ ဆားပုလင်း နေမင်းခေါင်က...

"ဒါပေမယ့် ဒီအမှုရဲ့ အဓိက တရားခံကိုတော့ ကျုပ်လက်ထိပ်ခတ်ဖို့ မစွမ်းနိုင်ပါဘူး အိုင်ပီရယ်"

"အလိုလေးဗျာ၊ ဒါဆို တကယ့်တရားခံအစစ်က ဘယ်သူလဲ"

"လူ့တိုင်းဆီကို မကြာခဏ နတ်ဆိုးတစ်ကောင်လို ဝင်ရောက်ပူးကပ်လေ့ရှိတဲ့ ယုတ်မာပက်စက်စွာ တပ်မက်မှုလို့ခေါ်တဲ့ စိတ်ရိုင်းပါပဲ အိုင်ပီရယ်"

ဟု ပြောလေတော့သတည်း။

ဇိနောမယ့်ဖယ်ဒေတု

စိုး(မူဆယ်)



www.burmeseclassic.com

www.burmeseclassic.com



# အဖေ့ကိုဘယ်လိုပြောရမလဲ

ဆွေမြင့်သူ (ကြေး/မြေ)

www.burmeseclassic.com

www.burmeseclassic.com



# "အဖေ့ကိုဘယ်လိုပြောရမလဲ"

**ဆွေမြင့်သူ(ကြေး/မြေ)**

အဖေရယ် ----။

အဖေ့အလောင်း မြေချတဲ့နေက "ဟေမာန်အောင်"နဲ့ သူမရဲ့သား "မောင်မောင်"နဲ့ လာတယ် အဖေ။ ဟေမာန်အောင်က ကျွန်တော့်ရဲ့ ဇနီးဟောင်း။ မောင်မောင်က ကျွန်တော့်ရဲ့ သားအရင်းမှန်ပေမယ့်၊ ကျွန်တော့်လေ သူတို့သားအမိနဲ့ လုံးဝစကားမပြောဖြစ်ခဲ့ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ချစ်ဇနီး "ပန်းအိ"က ကျွန်တော့်အနားက တစ်ဖဝါးမှ မခွာလို့ပဲ အဖေ။ ပန်းအိက သူတို့သားအမိကို အသုဘလာပို့တဲ့ ပရိသတ်ထဲက သာမန်မိန်းမတစ်ယောက်လိုပဲ မှတ်ယူပြီး အမှုမဲ့ အမှတ်မဲ့နေပါတယ်။ အသုဘမှာ အဖေရဲ့အပေါင်းအသင်းရောင်းရင်း လူကြီးမင်းများနဲ့ ကျွန်တော့်ကျောင်းနေဖက် သူငယ်ချင်းတွေ၊ ရပ်ကွက်ထဲက အိမ်နီးနားချင်းတွေ၊ ဆွေမျိုးသားချင်းတွေ စုံစုံညီညီတွေ့ရပါတယ်။

ဒါပေမယ့်လဲ ဟေမာန်အောင်က မောင်မောင်ကို လက်ကုတ်ပြီး ကျွန်တော်နဲ့ပန်းအိ တို့ဘက်ကို မေးငေါ့ပြတာ၊ ကျွန်တော်သတိထားမိလိုက်တယ်။ နောက်ပြီး ဟေမာန်အောင် တစ်ယောက် နောက်ယောကျ်ားယူသွားတာကိုလည်း "ခင်မောင်ထွေး"ပြောပြလို့ သိထားပြီးသားဖြစ်ပါတယ်။

ရှင်းရှင်းဝန်ခံရရင် ဟေမာန်အောင်က ကျွန်တော့်ရဲ့ ပထမဦးဆုံးချစ်ဖူးသူ ချစ်ဇနီးတစ်ယောက်ပါ။ ကျွန်တော်လည်း သံယောဇဉ် အတော်အတန် ရှိပါတယ်။ အဖေကတော့ သူမအပေါ် ပိုပြီး သံယောဇဉ်ရှိခဲ့ဟန်တူပါရဲ့။

သည်အတွက်ကြောင့်လည်း ကျွန်တော်တို့လင်မယားစလယ်ဝင် ဖင်မမည်းခင်က ကွဲကိန်းကြုံခဲ့ရတယ်။ အဖေနဲ့ ကျွန်တော်တို့ သားအဖချင်း စိတ်ဝမ်းကွဲခဲ့ကြရတယ်၊ ကျွန်တော့် သားလေးကို ခွဲခဲ့ရတယ် နောက်တော့ မိန်းမထပ်ရတယ်။

ဒါဟာ ဘာကြောင့်လဲ ဘယ်သူ့ကြောင့်လဲ--။

လွန်ခဲ့သော (၁၀)နှစ်ကျော်လောက်က အဖြစ်အပျက်တစ်ခုပါ။

ကျွန်တော်နဲ့ ခင်မောင်ထွေးတို့ ငယ်သူငယ်ချင်း နှစ်ယောက် အေးအေးဆေးဆေး လမ်းလျှောက်လာကြရင်း ခင်မောင်ထွေးက စကားစခဲ့တယ်။

"ဟေ့ကောင်၊ ဝင်းအုန်း၊ မင်းကိုပြောစရာရှိတယ်၊ ဒါပေမယ့် ပြောလဲပြောမထွက်ဘူး၊ ငါပြောမယ့် စကားကြားရင် မင်းအတော်စိတ်ဆိုးမှာစိုးလို့ ဒီ ကြောင့် ပြောသင့် မပြောသင့် ချိန်ဆနေရသေးတယ်"

"ခင်မောင်ထွေးရာ မင်းနဲ့ငါ၊ သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေပါ။ ပြော



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတာ ပြောစမ်းပါ။ စကား ပလ္လင်တွေ ဘာတွေ ခံနေစရာ မလိုပါဘူး"

"ခုဟာက တခြားကိစ္စနဲ့ မတူဘူးကွ၊ မင်းတို့ကိစ္စဖြစ်နေလို့၊ ငါပြောရမှာ အားနာနေလို့ပါ"

"ဘာ ငါတို့ကိစ္စ ဟုတ်လား။ ငါတို့အိမ်မှာ အဖေရယ်၊ ငါတို့လင်မယားရယ်၊ ငါ့ရဲ့ သားလူမမယ်ကလေး တစ်ယောက်ပဲရှိတာ။ ငါတို့ ဘာကိစ္စဖြစ်ရမှာတုန်း။ ငါ့အဖေကလဲ အေးအေးဆေးဆေးပဲ နေတယ်၊ ငါတို့လင်မယားကလဲ ဘယ်တော့မှ ရန်မဖြစ်ကြဘူး။ အဖေက ငါ့မိန်းမကို ချွေးမဆိုပေမယ့် သမီးအရင်းလိုချစ်တော့ မိသားစု စိတ်ချမ်းမြေ့ကြပါတယ်ကွ၊ အဲဒါမင်းက ဘာပြောချင်လို့လဲ ရှင်းစမ်းပါဦး"

"ဝင်းအုန်းရာ ငါ ဘယ်လိုပြောရမှန်း မသိတော့ပါဘူးကွာ၊ ဒါပေမယ့် မင်းက ငါ့ရဲ့ အရင်းနှီးဆုံး အခင်မင်ဆုံး သူငယ်ချင်းဆိုတော့ မပြောလို့လဲ မဖြစ်ဘူးလေ၊ ငါတော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့"

"ပြောမှာသာ ပြောစမ်းပါကွာ၊ ပဟေဠိ လုပ်မနေစမ်းပါနဲ့ မင်းငါ့ကို တကယ်ခင်တယ် ဆိုရင် ရဲရဲသာပြော၊ ငါလုံးဝ စိတ်မဆိုးဘူး ဆိုရင်ကော"

"ကဲ ပြောမယ်၊ မပြောခင် မင်းကိုငါ မေးခွန်းနည်းနည်းစမေးမယ်၊ နံပါတ်တစ်က မင်းရဲ့အဖေ ဦးမောင်ညွှန့်က မုဆိုးဖိုကြီးနော်"

"ဟုတ်တယ်လေကွာ၊ ငါ့အမေက ငါငယ်ငယ်ကတည်းက ဆုံးပါးသွားလို့ အဖေက၊ မိထွေး အနှိပ်စက်မခံရအောင်ဆိုပြီး နောက်အိမ်ထောင်လုံးဝ မပြုရှာခဲ့ဘူးလေ၊ မင်းပြောသလို မုဆိုးဖိုကြီးပဲ ထားပါတော့"

"ဟုတ်ပြီ ဆက်မေးမယ်၊ မင်းအဖေက မင်းကို သူတို့ရုံးမှာ အလုပ်သွင်းပေးထားတယ်၊

---

"ငါ ဘယ်လိုပြောရမှန်း မသိတော့ပါဘူးကွာ၊
ဒါပေမယ့် မင်းက ငါ့ရဲ့ အရင်းနှီးဆုံး အခင်မင်ဆုံး
သူငယ်ချင်းဆိုတော့ မပြောလို့လဲ မဖြစ်ဘူးလေ၊
ငါတော့ ဒုက္ခရောက်ပြီ ထင်ပါရဲ့"

---



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရုံးမှာ မင်းအဖေရော မင်းပါ Night Duty တစ်လှည့်စီ စောင့်အိပ်ရတယ်၊ မင်းက မင်းအဖေကို ငဲ့ပြီး တစ်ပတ်မှာ နှစ်ညလောက်သွားပြီး အိပ်လေ့ရှိတယ်မဟုတ်လား"

"အေးလေ၊ ဒါလဲ မှန်တာပဲ၊ အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲကွ၊ မင်းအိမ်မှာ မအိပ်တဲ့ညတွေမှာ ယောက္ခထီးမှုဆိုးဖိုကြီးက သူ့ရဲ့ မြေးကလေး၊ ငိုသံကြားရင် မင်းမိန်းမရဲ့ခြင်ထောင်ထဲ တန်းဝင်သွားတယ်ဆိုတဲ့ သတင်းတွေ ထွက်နေတယ်ကွ၊ သိလား"

"ဟင်၊ ဘယ်လို"

"ဟင် မနေနဲ့ကိုယ်လူ၊ မင်းကသာ မသိရင်နေမှာ၊ တို့ရပ်ကွက်ထဲမှာ တီးတိုးတီးတိုးနဲ့ သတင်းပြန့်နေပြီ၊ မင်းတို့ အိမ်ဘေးက ဆိုးပေတို့ မောင်မဲတို့ဆိုရင် မင်း ညမအိပ်ပေမယ့်လဲ မင်းတို့အိပ်ခန်းထဲက ဟို အသံတွေ ကြားရတယ်တဲ့၊ အဲဒါပဲ ကိုယ့်လူ"

"ဟုတ်ပါ့မလား ခင်မောင်ထွေးရာ၊ ငါ့အဖေနဲ့ ငါ့မိန်းမက ငါ့အပေါ် ဒီလောက် မရက်စက်တန်ကောင်းပါဘူးကွ"

"ရက်စက်တာ မရက်စက်တာနဲ့ မဆိုင်ဘူးကွ၊ မင်းအဖေက မုဆိုးဖိုကြီးဆိုပေမယ့် အသက်က ငါးဆယ်ကျော်လောက်ပဲ ရှိသေးတာ နောက်ပြီး ကျန်းကျန်းမာမာနဲ့ သူ့မှာလဲ သွေးနဲ့ကိုယ်သားနဲ့ကိုယ်လေ၊ ယောက်ျားချင်း ကိုယ်ချင်းစာကြည့်ပေါ့"

"အေးကွာ၊ ခင်မောင်ထွေးရာ၊ မင်းပြောပြမှပဲ ဒီအကြောင်းတွေ သိရပါတော့တယ်၊ မင်းကို ကျေးဇူးတင်ပါတယ်၊ စိတ်လဲမဆိုးပါဘူး၊ ဒါပေမယ့် ငါစဉ်းစားကြည့်လိုက်တော့ တော်တော်တုံးတာပဲ၊ အ,တာပဲနော်၊ နွားလုံးလုံးဖြစ်နေပြီပေါ့။ နောက်ပြီး တကယ်ဆိုရင် ငါ့မိန်းမရဲ့ အပြစ်လဲပါတယ်၊ ငါ့ကို အခုထိ ဘာမှပြန်မပြောပြဘူး ဘယ်လိုသဘောလဲ မသိပါဘူးကွ"

"ဒါကတော့ မင်းမိန်းမရဲ့ အပြစ်မဟုတ်ပါဘူး။ ဒီကိစ္စ မင်းကို ဖွင့်ပြောလို့ ဖြစ်မလားကွ သူ့ခမျာ ယောက္ခထီးကိုထဲ ကြောက်ရ၊ မင်းကိုလဲ ကြောက်ရဆိုတော့ တော်တော့ကို ခံစားရမှာပဲ"

"မင်းပြောပြလို့သာ ဒီအကြောင်း သိခွင့်ရတာ၊ ငါ့ယုံမယုံနိုင်လောက်အောင်ပါကွာ





www.burmeseclassic.com

www.burmeseclassic.com



ဘယ် ရှိလုပ်ရမှမှန်းတောင် မသိကော့ ပါဘူး"

"မင်းမယုံရင် တစ်ညလောက် တိတ်တိတ်ကလေး အိမ်ပြန်ပြီး ချောင်းနားထောင်ကြည့်ပေါ့ကွာ၊ ဒီလိုမျိုးကိစ္စဆိုတာ ကိုယ်တွေ့ကြုံမှ ယုံရတယ်ကွ"

"အင်း မင်းအကြံပေးသလို လုပ်ကြည့်ရမှာပေါ့ကွာ"

ကျွန်တော် စိတ်ဓာတ်ကျသွားတယ်။ စိတ်ထဲမှာ အတော်ညစ်ညူးသွားတယ်အဖေ၊ ဒီကိစ္စကအရပ်ရပ် နေပြည်တော်ကြားလို့မှ မတော်တဲ့ ဖြစ်ရပ်တစ်ခုပဲ မဟုတ်လား။

"မဖြစ်ပါစေနဲ့ မဖြစ်ပါစေနဲ့"လို့ပဲ ကျွန်တော် အော်ဟစ်ဟိုကြွေးမိပါတယ်။

❀❀❀❀❀

ဒါပေမယ့် ဒီကိစ္စက တကယ်ဖြစ်နေတယ်။

အဲဒီနေ့ညက ကျနော် Night Duty ဆင်းတော့မယ်... ပြီး (၆)လသားလေးဖြစ်... ကျွန်တော်ရဲ့ သားငယ်ကို ခါတိုင်းလို နမ်းရှုပ်ပြီး အိမ်ကထွက်လာတယ်၊ ပဟာမာန်အောင်ရဲ့ မျက်နှာ အမူအရာက အေးဆေးတည်ငြိမ်တယ်လို့ ဆိုရပေမယ့် စိတ်လက် မကြည်လင်သာပုံရတယ်။

အဖေက ညှော်ခန်းထဲမှာ သတင်းစာ ဖတ်နေတယ်။

"အဖေ၊ ကျွန်တော် သွားတော့မယ်၊ ဘာမှာဦးမလဲ ဟင်"

"မမှာတော့ ပါဘူးကွယ်၊ အော်--ဒါနဲ့ သားလဲ အဖေ့အတွက်ပါ ဂျူတီစောင့်ရတာ ပင်ပန်းလှပါတယ်၊ နောက်အပတ်ကျရင် ဖေဖေဂျူတီမှာ ဖေဖေပဲ ညအိပ်ပါတော့မယ်၊ ဒီညတော့ ဖေဖေ နေသိပ်မကောင်းလို့ သားပဲ သွားလိုက်ပါနော်"

"ရပါတယ် အဖေ"

ကျွန်တော် အိမ်ကနေ ရုံးဘက်ခြေဦး လှည့်ခဲ့ပေမယ့် တခြားလမ်းကနေ လှည့်ပြန်လာတယ်။ ခင်မောင်ထွေးတို့ အိမ်က ကျွန်တော်တို့အိမ်နဲ့ တစ်အိမ်ကျော်ဆိုတော့ သူတို့အိမ်မှာ ခေတ္တစောင့်ဆိုင်းနေလိုက်တယ်။ ကြားမှာက ဆိုးပေတို့အိမ်၊ ကျွန်တော်တို့ ရပ်ကွက်ကဆင်းရဲသား ရပ်ကွက်မို့ ခြံစည်းရိုးကိုအခြမ်းပဲ ကာရံထားကြတာဆိုတော့ တစ်အိမ်နဲ့ တစ်အိမ် ကူးလူးသွားလာလို့ရတယ်။

ည (၁၀)နာရီလောက်မှာ ကျွန်တော့်အိမ်က မီးတွေမှိတ်တယ်။ ကျွန်တော်တစ်ယောက်တည်း ဆိုးပေတို့အိမ်ကတစ်ဆင့် ကျွန်တော့်အိမ်ဝင်းထဲ အသာအယာပြန်ဝင်လာပြီး ကျွန်တော်အိပ်ခန်းနားကပ်ပြီး နားစွင့်လိုက်တယ်၊ အဲဒီမှာ အဖေ့အသံကို တိုးတိုးကလေးကြားရတယ်။

"သမီး အိပ်ပြီလား။ အဖေဝင်လာခဲ့ရမလား။ ကလေးကော အိပ်ပြီလား"

"ကလေးတော့ အိပ်ပါပြီ အဖေ၊ ဒါပေမယ့် ဒီညတော့ သမီးနေမကောင်းလို့ သမီးကို ခွင့်လွှတ်ပါနော်"

"သမီးကလဲကွယ်၊ နောက်ကိုဘယ်တော့မှ မလာတော့ပါဘူး။ အဖေနောက်ညတွေမှာ အဖေကိုယ်တိုင် ဂျူတီစောင့်အိပ်တော့မှာပါ။ ဒီညတော့ အဖေ သမီးနဲ့ အိပ်ပါရစေ"

"စိတ်ညစ်လိုက်တာ အဖေရယ်၊ တော်လောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



အဖေ့သားသွားခါနီး သမီးကို ကြည့်တဲ့အကြည့်က တစ်မျိုးကြီးပဲ၊ သူ့စိတ်ထဲ သံသယတစ်ခုခု ဝင်နေသလို ဘာလိုလိုနဲ့ အဖေနဲ့ သမီးတို့ကိစ္စ၊ သူသိသွားပြီလား မသိဘူး''

''မသိနိုင်ပါဘူးကွယ်၊ သိသွားရင် သူဒီလိုမနေပါဘူး။ ကဲပါ အဖေ့ကို ဒီညတော့ အခွင့်အရေးပေးပါ၊ နောက်ဆို သမီးဆီ မလာတော့ပါဘူး။ သူ့ဂျူတီကိုပါ အဖေက ထပ်စောင့်ပေးဦးမှာပါ စိတ်ချ''

အိပ်ခန်းထဲမှ တီးတိုး တီးတိုးအသံတွေ ကြားရပြီးတဲ့နောက် ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ''တောက်'' တစ်ချက်ခေါက်ပြီး ပြေးထွက်လာခဲ့တယ်။ ဘယ်ကိုလဲဆိုတော့ အရက်ဆိုင်ကိုပါ။

အခုချိန်မှာ လူနာအမဲခြောက်တောင်းသလိုဖြစ်နေတဲ့ အဖေ့ကို သနားရမှာလား။ ဒေါသထွက်ရမှာလား၊ အိမ်ပေါ်ချက်ချင်းတက်ပြီး ဒီကိစ္စကို ဖြေလျှော့အဆုံးသတ်လိုက်ရမလားဆိုတာ ဝေခွဲလို့ မရဘူး။ ခုနေ ဆုံရှင်းလိုက်ပြန်ရင်လည်း ကျော်မကောင်း ကြားမကောင်းနဲ့ ကိုယ့်ပေါင်ကိုယ်လှန် ထောင်းသလို ဖြစ်တော့မှာ။

ကျွန်တော် ဘာလုပ်ရမလဲအဖေ။ အဖေမကောင်းဘူး။

တကယ်တော့ အဖေက ကာမေသုမိစ္ဆာစာရကံကျူးလွန်ခဲ့တယ်။ ကျူးလွန်ခြင်းခံရသူက သားရဲ့မိန်းမဖြစ်နေတယ်။ ချွေးမဖြစ်သူကလည်း အဖေ့ကို ကြောက်လို့ လက်ခံတယ်။ ခင်ပွန်းကိုလည်း ကြောက်လို့ ဖွင့်မပြောရဲဘူး၊ ဒါဆိုရင် လင်ယောကျ်ားရှိတဲ့ မိန်းမတစ်ဦးနဲ့ နှစ်ဦးသဘောတူ ဖောက်ပြန်ကြတာမို့ မယားခိုးမှု မြောက်တယ်လို့ ကြားဖူးနားဝ ရှိခဲ့တယ်။

သည်တော့ အဖေ့ကို ကျွန်တော် အဲဒီလို တရားစွဲရဦးမှာလား . .

ရင်ထဲမှာ နာကျင်လွန်းလို့ ရှူးရတော့မတက် ခံစားရပါတယ်။

နောက်ဆုံး ကျွန်တော် အိမ်မှာ ဆက်နေဖို့ လုံးလုံးမဖြစ်နိုင်တာကြောင့် အဝေးကို ပြေးထွက်ခဲ့တယ်။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ်ပေါ်က ဆင်းခဲ့တယ်။ ရန်ကုန်က သူငယ်ချင်းတစ်ယောက်အိမ်မှာ ခေတ္တတည်းခိုပြီး အလုပ်ရှာတယ်။

ပထမရပ်ကွက်ထဲက မူလတန်း၊ အလယ်တန်း ကျောင်းသား/သူများကို ကျူရှင်သင်တယ်။ (၉) တန်း၊ (၁၀) တန်းတွေလည်းပါတယ်၊ အဲဒီကျူရှင်လခလေးနဲ့ ရပ်တည်တယ်၊ နောက် ရာထူးဝန်ကခေါ်တဲ့ ပြန်တမ်းဝင် အရာရှိစာမေးပွဲကို ဝင်ရောက်ဖြေ ဆိုတာမှာ ရေးဖြေနဲ့ နှုတ်ဖြေအောင်မြင်လို့ အရာ

**အိပ်ခန်းထဲမှ တီးတိုးတီးတိုး အသံတွေကြားရပြီးတဲ့နောက် ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ''တောက်'' တစ်ချက်ခေါက်ပြီး ပြေးထွက်လာခဲ့တယ်။ ဘယ်ကိုလဲဆိုတော့———**



www.burmeseclassic.com

www.burmeseclassic.com



ရှိ ဖြစ်သွားတယ်။

ကျွန်တော် အိမ်ပေါ်က ဆင်းခါနီးမှာ ခင်မောင်ထွေးက တဆင့် ဟောမာန်အောင်ကို ကွာ ရှင်းပြတ်စဲစာချုပ်မှာ လက်မှတ် ထိုးပေးခဲ့တာ မှန်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်ထဲ မှာ ပန်းအိန္ဒြေတွေပြီး နောက်အိမ် ထောင်ထူနိုင်တဲ့ အခြေအနေ ရောက်သွားလို့ပါအမေ။

ကျွန်တော်အိမ်က ဆင်း လာပြီး နောက်ပိုင်း၊ အမေဘယ် လိုခံစားနေရမယ်ဆိုတာ သား သိပါတယ်။ အမေဖြစ်သူနဲ့ ဇနီး သည်တို့ ဖောက်ပြန်တယ်ဆိုတဲ့ သတင်းကလည်း ပြန့်ကားသွား ပြီဆိုတော့ အမေရော၊ ဟောမာန် အောင်ပါ အရှက်တကွဲ၊ အကျိုး နည်းဖြစ်ခဲ့ရပြီပေါ့။

နောက်အမေ တရား စခန်းဝင်သွားတယ်၊ ကြားလို့ ဝမ်းသာမိပါတယ်။ ဟောမာန် အောင်က ကျွန်တော့် ရင်သွေး လေးနဲ့ တိတ်တဆိတ် တောပြန် သွားတယ်ဆိုတာ ကြားရတော့ လည်း စိတ်မကောင်းဖြစ်မိတာ အမှန်ပါပဲ။

ဒါပေမယ့် သည်ဇာတ် သည်မှာပဲ အဆုံးသတ်ပြီလေ။ "ဆန်ဆုံစား ကံကုန်သွား" ဆို တဲ့ စကားရှိတယ် မဟုတ်လား။

ကျွန်တော် ဝမ်းနည်းမိ တာ တစ်ခုကတော့ အမေစိတ် ဆင်းရဲ လူဆင်းရဲဖြစ်ပြီး အထီး ကျန်ခံစားနေရတဲ့ အချိန်မှာ ကျွန် တော်က လူသစ်စိတ်သစ်နဲ့ အချစ်တစ်ခုနဲ့ ဘဝအသစ်ကို ပြန်လည်တည်ဆောက်ပြီး အမေ့ အနားမှာ ရှိမနေတာကိုပါပဲ။

ခု --- အမေ ကွယ် လွန်တဲ့အချိန် အလောင်းမြေချ ခါနီးမှာပဲ ကျွန်တော်နောက်ဆုံး တစ်ခေါက်အနေနဲ့ အရောက်လာ ဂိခဲ့ပါတယ်။

ကျွန်တော့်ကို ခွင့်လွှတ် ပါအမေလို့ ပြောချင်တယ်။

အမေကလဲ "သား ငါ့ ကို ခွင့်လွှတ်ပါကွာ" လို့ပြောချင် ရှာမှာပဲဆိုတာ သားအသေအချာ သိပါတယ်။ ဘာဖြစ်လို့လဲဆို တော့ သားရဲ့ဘဝကို ပြောင်းလဲ ပစ်အောင် သားရဲ့အိမ်ထောင် ရေးကို ပျက်ပြားသွားအောင် စေ့ ဆော်သွားသူက အမေကိုယ်တိုင် ဖြစ်နေလို့ပါပဲ။

ဒါကြောင့် အမေ့ကို ဟို တုန်းက တကယ်စိတ်နာမိပါ တယ်၊ ဟောမာန်အောင်ကိုလည်း ထို့အတူပဲ နာကြည်းမိပါရဲ့။

ဒါပေမယ့်၊ အမေဟာ အမေပါပဲ။

အမေ့ ကျေးဇူးတွေက ဆပ်လို့မကုန်အောင်ပါပဲလေ၊ ကျွန်တော့်ကို ခုလိုလူတစ်လုံး သူ တစ်လုံးဖြစ်အောင် ပညာအမွေ ပေးခဲ့တယ်။ မိထွေးနှိပ်စက်ခံရ မှာစိုးလို့ အမေကွယ်လွန်ခဲ့တောင် နောက်အိမ်ထောင်မပြုခဲ့ဘူး။ ပြီး တော့ အရာရှိမဖြစ်ခင်ရုံးမှာ အလုပ်ရအောင် သွင်းပေးခဲ့တယ် နောက်တစ်ခါ ဆွေးမျိုးနီးစပ် တော်တဲ့ ဟောမာန်အောင်နဲ့ မိန်းမ ပေးစားခဲ့တယ်။ ဆိုလိုတာက တော့ အမေက မိဘဝတ္တရား ကျေပွန်ခဲ့တယ်။

အခု ကျွန်တော်ကောင်း စားခဲ့တဲ့ အချိန်မှာ အမေ့ကို လုပ် မကျွေးနိုင်ခဲ့ဘူး။ မိဘကျေးဇူးကို ပြန်မဆပ်နိုင်ခဲ့ဘူး။ အမေ့ကို အရင်တုန်းက စိတ်နာမိခဲ့တာကို။ ဒါကလဲ ဘာဖြစ်လို့လဲဆိုတော့– အမေ့ကိုဘယ်လို ပြောရမလဲ အ မေရယ်။

**ဆွေမြင့်သူ(ကြေးမြ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



'ညီ'ရေ။

အခုအချိန်မှာ ငါနင်နဲ့ အလွန်တွေ့ချင်နေတယ်။ ဝဋ်လည်တယ်ဆိုတဲ့ စကားကိုငါယုံသွားပြီ။ အခု ငါ ဝဋ်လည်နေပြီလေ။ နင့်ကိုသတိရတိုင်း ဟိုး--အတိတ်ငယ်စဉ် ကလေးဘဝလေးကို ငါမြင်ယောင်ကြည့်တယ်။ အဲဒီတုန်းကဆိုတို့တွေငယ်ငယ် တကယ့်ချာတိတ်လေးတွေပေ့ါ။ ငါတို့ရွာကို 'ညီ'ဆိုတဲ့ ကောင်လေးတစ်ယောက် အလည်ရောက်လာတယ်လေ။ နင့်အမေတို့ရော၊ နင့်တို့ မိသားစုတွေ အကုန်လုံးပေ့ါ။ ရွာမလေ့ဆိုတော့ သူစိမ်းဧည့်သည်တွေလာရင် ခဏလေးနဲ့ သတင်းက ပြန့်လွယ်တယ်လေ။ တို့လို ရွယ်တူ ကောင်လေးချောချောလေးပါတော့ ကောင်မလေး တွေရဲ့ ပါးစပ်မှာ ရေပန်းအစားဆုံးပေ့ါ။ နင်က ချော လည်းချော၊ မြို့သားကြီးကလည်းဖြစ်ပြန်၊ အသား အရေက တို့တွေထက်တောင် နုရဲ့နေတာကိုး။ နင်ကတောင်ပေါ်သားဆိုတော့နင်တို့မြို့က အေးတယ်လေ။ တို့ရွာကမှုတော့ နင်မနေတတ်ဘူး။

တို့အိမ်က ရွာထဲမှာ ကုန်စုံဆိုင်လေးဖွင့်ထားတယ်။ ရေခဲပါရောင်းတော့ နင်တို့က ရေခဲဝယ်ရင်း ငါ့ကို နင် သိသွားတယ်လေ။ နောက်ပိုင်းလမ်းမပေါ် ဖြတ်ဖြတ်သွားတိုင်း နင် ငါ့ကိုကြည့်ကြည့်သွားတာကို ငါ သတိထားမိတယ်။ နင်က ဘာမှမဟုတ်ဘဲလည်း တိုလီမိုလီလေးတွေလာဝယ်၊ မုန့်တွေလာဝယ်နဲ့ ခဏခဏဆိုင်ကို လာပြီး လူကို လာ--လာကြည့်တယ်။ နင့်ရဲ့ မျက်လုံးတွေကို ငါသိတာပေ့ါ။ တခြား ကောင်မလေးတွေက နင့်အကြောင်းကို ပြောကြရင် ငါ ရယ်ချင်တယ်သိလား။

"ဟော့ နင်တို့ပြောတဲ့ ကောင်လေးက ငါ့ကို ကြွေနေပြီထင်တယ်ဟော့"

လို့ ပြောလိုက်ချင်ပေမယ့် မပြောရဲဘူး ဖြစ်နေတယ်။

ဒါပေမယ့် မကြာပါဘူး။ နင့်က ငါ့ကို စိတ်ဝင်စားတဲ့အကြောင်း ငါ့ဆီက ဓာတ်ပုံတောင်းခိုင်းတဲ့ အကြောင်း ငါသိရတဲ့အချိန်မှာ အတော်ပျော်ခဲ့တာပဲ။ ဒီလောက် မိန်းကလေးတွေထဲမှာ နင် စိတ်ဝင်စားတဲ့သူဟာ ငါပါလားဆိုတာ သိရတော့ အလွန်ကြည်နူးမိတာပေ့ါ။ နင့် ကြည့်ရတာ ဒီရွာကို အလည်လာတာ တော်တော် ပျော်နေပုံရတယ်။ နင် ရောက်တာမှ တစ်ပတ်လောက်ရှိသေးတယ်။ ရွာထဲမှာ အပေါင်းအသင်း တော်တော် စုံတယ်နော်။ ပြုံးပြုံးလေးနဲ့ အေးအေးလေး နေတတ်တဲ့ နင့်ပုံစံလေးကို လူတကာက ခင်ကြတယ်။ တို့ ဆိုင်ရှေ့က ခုံလေးမှာ နင် လာလာထိုင်ပြီး လူကိုလည်း ခိုးခိုးကြည့်တယ်။ ပြုံးပြုံးလေးနဲ့ ဆွေးဆွေးမြည့်မြည့်လေး ကြည့်တတ်တဲ့ နင့်ငို့ ငါ မေ့လို့မရပါဘူး။ အခုအချိန်ထိ မျက်ဝန်းထဲမှာ မြင်ယောင်နေဆဲပါ။

တို့ရွာက ရွာဦးကျောင်းမှာ မိုးမရွာလို့ လွန်ဆွဲပွဲရှိတော့ တစ်ရွာလုံး အတီးအမှုတ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် လွန်ဆွဲသွားကြတယ်။ နင်က ဧည့်သည်ဆိုတော့ လွန်ပွဲလာကြည့်တယ်လေ။ ငါတို့ကလည်း မြီးကောင်ပေါက်အရွယ်တွေဆိုတော့ ဘာဖြစ်ဖြစ် ရွှေကပေ့ါ။ နင် ငါ့ကို ကြည့်နေမယ်ဆိုတာတွေကို ငါ သတိမထားမိဘူး။ ငါကတော့ လွန်ဝင်ဆွဲလိုက်၊ ပြန်ထလိုက်နဲ့ ပေနေတဲ့ ဖုန်မှုန့်တွေကို ထဘီနဲ့သုတ်လိုက်နဲ့ ပျော်နေလိုက်တာ။ မကြာပါဘူး ငါ့ကို ဆက်ယောက်ယောက် ကြည့်နေသလိုပဲလို့ တွေးမိပြီး ရှု



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ နင့်ငါ့ကို ကြည့်ပြီးပြုံးနေတာ။ အို ငါ့မှာ ရှက်လိုက်တာလေ။ နင် ငါ့ကို ဘယ်အချိန်က တည်းက ကြည့်နေတာလဲ။ ငါ ရှက်လိုက်တာ ကောင်လေးရယ်။ တော်ပြီ ငါမဆွဲတော့ဘူး။ သွားထိုင်တော့မယ်ဆိုပြီး အဖွဲ့ထဲက ထွက်လာခဲ့တယ်။ ငါ့အဖွဲ့က လာခေါ်တော့ ငါ မောလို့ဆိုပြီး ဆင်ခြေပေးလိုက်ရတာပေါ့။

ငါ မနေတတ်လို့ အိမ်ပြန်ရချိုးတော့မယ်ဆိုပြီး ကျောင်းဝင်းထဲက ထွက်လာခဲ့လိုက်တာ ကျောင်းပေါက်အထွက် ဖိနပ်စီးနေတုန်းမှာ နင် ငါ့အနား ရောက်လာခဲ့တယ်။ ငါ လန့်သွားတာပေါ့။ နင်ကပဲ ငါ့ကို စကားပြောတယ်။ နှုတ်ဆက်တယ်။

"နင် ပြန်တော့မလို့လား"

"အင်း"

"အစောကြီးရှိသေးတယ် နေပါဦးလား"

"ဟင့်အင်း ပြန်တော့မယ်"

ဆိုပြီး နင့်အနားကနေ အမြန်ဆုံး ထွက်လာခဲ့တယ်။ နင် ငါ့ကို ကြည့်ကျန်ခဲ့မယ်ဆိုတာကို ငါ သိနေတယ်။ လူကသာ အိမ်ပြန်နေတယ်။ ငါ့ရဲ့စိတ်က နင့်ဆီမှာပါ။

နင်တို့တည်းတဲ့ နင့်အဒေါ်အိမ်ကို ငါ ကိစ္စတစ်ခုနဲ့ ခဏရောက်တဲ့အချိန်မှာ နင်မရှိဘူး။ ငါ့ရဲ့မျက်လုံးတွေက နင့်ကို လိုက်ရှာနေမိတယ်။ ဒါကို ရိပ်မိတဲ့ နင့်အဒေါ်က နင်မရှိဘူး သူတို့ညီအစ်ကိုတတွေ ယာတောထဲသွားကြတယ်တဲ့။ ငါ အံ့သြသွားတယ်။ ငါ နင့်ကိုရှာနေမှန်း ဒေါ်ကြီးက သိလို့ပေါ့။ အိုး သူ့သားတွေ သိမှတော့ သူလည်း သိရောပေါ့လို့ တွေးမိတယ်။ ဒေါ်ကြီးက ပြုံးကြည့်နေတယ်။ ပြီးတော့ ပြောသေးတယ်။ ညတိုင်းအိပ်ရာဝင်ရင် ညည်းအကြောင်းတွေပဲ ပြောနေ မေးနေတော့တာပဲတဲ့။ နင် ဘယ်လောက် သဘောကောင်းတယ်၊ အေးတယ်ဆိုတာတွေကို ငါ့ကို ပြောပြခဲ့တယ်။

"ဟာ ဒေါ်ကြီးကလဲ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"လို့တောင် နောက်ခဲ့သေးတယ်။

ညနေခင်း ငါတို့အဖွဲ့တွေ ရေခပ်ဆင်းကြတော့ ရွာထိပ်က ရေကန်ကြီးမှာ နင် ငါ့ကို စောင့်ကြည့်နေခဲ့တယ်။ နင်ရဲ့ စကားပြောချင်နေတဲ့ မျက်လုံး





www.burmeseclassic.com

www.burmeseclassic.com



ကို ငါသိတာပေါ့။ ငါလည်း နှင့်လိုပါပဲ။ ညီရယ် နှင့်ကို မြင်မြင်ချင်းပဲ ရင်ခုန်မိတယ်။ နှင့်ဆီက ငါ့ကို စိတ်ဝင်စားတယ်၊ ချစ်တယ်ဆိုတဲ့အကြောင်းတွေ ကြားကတည်းက ငါ တစ်ရက်မှ ကောင်းကောင်းအိပ်မပျော်ပါဘူး။ ညတိုင်း ငါ့ရဲ့စိတ်ကူးယဉ်မင်းသားလေးဟာ နှင်ပဲပေါ့။

ဒါပေမယ့် ငါ သတ္တိမရှိဘူး။ နှင့်ဘက်က ချိန်းဆိုတိုင်း ငါမလာရဲဘူး။ စိတ်ထဲမှာသာ ရင်ခုန်နေတာ၊ ပျော်နေတာ။ တကယ့်လက်တွေ့မှာ ငါ့စိတ်က မရဲဘူးဖြစ်နေတယ်၊ နှင်နဲ့တွေ့ရင်လည်း အားလုံးဟာ အယောင်ယောင် အမှားမှားကြွေပဲ ဖြစ်နေတတ်တယ်။ တစ်ရက် ရွာအဝင်လမ်းမှာ နှင်နဲ့ငါ နှစ်ယောက်ဆုံကြတယ်နော်။ နှင်က ယာထဲကပြန်လာ၊ ငါကလည်း တောထဲက ပြန်လာ၊ နှစ်ယောက်လုံး မျက်နှာချင်းဆိုင်တွေ့ကြတော့ ဘယ်လိုမှ မျက်နှာမထားတတ်ပါဘူးဟယ်။ နှင်ရဲ့ ဝင်းလက်သွားတဲ့ ပုံစံလေးကို ငါ မြင်လိုက်ရတယ်။ တွေ့တွေ့ချင်းပဲ နှင် ငါ့ကို စဉ်းစားပေးဖို့ ပြောတယ်။ ငါ ဘာမှမပြောဘဲ နှင်ပြောတဲ့စကားတွေကိုသာ ခေါင်းညိတ်ခေါင်းခါ လုပ်ခဲ့တယ်။ မကြာခင်မှာ ပြန်ကြရမယ့် တစ်မြို့သားကို မယုံရဲတာရော၊ ငါ့ကိုယ်ငါလည်း မဆုံးဖြတ်တတ်တာရောမို့ ငါ ဒီအတိုင်းလေးပဲ နေခဲ့တာပါ။ အဲဒီနောက်ပိုင်း လမ်းမှာ ခဏခဏ ဆုံကြတဲ့အခါ နှစ်ယောက်သား လမ်းလျှောက်ရင်း စကားတပြောပြောနဲ့။ အဲဒီနောက် တို့နှစ်ယောက်ရဲ့ ခင်မင်မှု သံယောဇဉ်ဟာ တစ်ယောက်ဆီရဲ့ ရင်ထဲမှာ တိတိကျကျ နေရာယူသွားပြီနော်။

နှင်နဲ့ငါ့ကို တချို့သူငယ်ချင်းတွေက ရည်းစားတွေဖြစ်သွားပြီလို့ ထင်နေကြတယ်။ ဒီအခြေအနေလေးကို ငါပျော်တယ်။ ဘာတစ်ခုမှ ဖြေရှင်းချက်မထုတ်ခဲ့ပါဘူး ညီ။

ဒီလိုနဲ့ နှင်တို့ပြန်ကြတော့မယ်နေ့တို့ ရောက်လာပြီ။ နှင်တို့တွေ ပြန်တော့မယ်ဆိုတာကို ငါ ကြားသိရတယ်။ ငါ ဘယ်လိုနေရမလဲ။ ငါ နှင့်ကို ချစ်နေတယ်ဆိုတာကို ငါကိုယ်ငါ သိတာပေါ့။ ငါ နေမရ၊ ထိုင်မရဖြစ်တယ်။ နှင့်မိသားစုတွေက ပစ္စည်းတွေ လှည်းနဲ့တင်ပြီး ကားလမ်းကို သွားနှင့်ကြပြီ။ နှင်က တော့ တစ်ယောက်တည်းနောက်က လိုက်လာတယ်။ နှင့်ရဲ့ ဆွေးမြည့်တဲ့ မျက်လုံးတွေနဲ့ ငါတို့အိမ်ကို လှမ်းကြည့်တာလေးကို ငါ မြင်ဖြစ်အောင် မြင်လိုက်တယ်။ ငါ နှင့်ကိုလိုက်ပို့ချင်လိုက်တာ၊ စိတ်က တွေးတုန်းရှိသေး၊ ခြေထောက်က အိမ်ရှေ့ရောက်နေပြီ။ စိတ်ထဲမှာ ဘာကိုမှ မတွေးတော့ဘူး။ အမေဆူမှာကိုလည်း မကြောက်တော့ဘူး။ နှင့်နောက်ကို ငါ အပြေးလိုက်လာခဲ့တယ်၊ နှင်နဲ့ငါ စကားတွေ အများကြီး ပြောကြတယ်။

ဟိုတုန်းက နှင် ဒီရွာလေးကို ခဏခဏလာခဲ့ဖူးကြောင်း၊ ငါ့ကိုမတွေ့မိကြောင်း၊ အခု သူ ဒီရွာလေးမှာ အမြဲနေချင်ကြောင်း၊ နှင့်အမေကိုပြောပြီး နှင့်အမျိုးတွေရှိရာ ဒီရွာလေးကို နှင် ပြန်လာခဲ့ဦးမယ်လို့ နှင်ပြောတယ်နော်။ နောက်ပြီး နှင် ဘာစကားတစ်ခွန်းမှ မပြောတော့ဘဲ ခေါင်းငုံ့အသံတိတ်ပြီး လမ်းလျှောက်ကြတယ်။ ကားလမ်းကိုရောက်တော့ နှင့်မိဘတွေက တို့ကိုနားလည်ပေးတဲ့ပုံနဲ့ ကြည့်နေတယ်။ ငါလည်း ဘာစကားတစ်ခွန်းမျှ နှင့်ကို မပြောမထွက်တော့ပါဘူး။ ငါ ပြန်လာခဲ့တယ်။ အပြန်လမ်းတစ်လျှောက်မှာ ရင်ထဲမှာ ဘာမှုကို မရှိတော့သလို



www.burmeseclassic.com

www.burmeseclassic.com



လုံးဝကို ဟာသွားတယ်။ ရင်ထဲမှာ ငါ့ရဲ့နှလုံးသားတွေ ပြကြွမွနေပါပြီ။ တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်ကြလျက်နဲ့ ဘာတွေက တားဆီးထားလို့လဲ။ နင့်မိဘတွေကလည်း နားလည်သဘောတူသလို ငါ့ဘက်ကရော ဘယ်သူက ချုပ်ချယ်တဲ့သူ ရှိလို့လဲ။ တွေးကြည့်ရင် နှစ်ယောက်သား အဆင်ပြေလျက်နဲ့ ငါ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲချင်ရတာလဲ။ တွေဝေနေရတာလဲ။ ဒီတွေဝေမှုကြောင့် နင်နဲ့ ငါနဲ့ ဝေးရမယ့်အကြောင်းဖြစ်လာခဲ့ရပြီ။ ဒါပေမယ့် နင်ပြန်လာမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ငါ့ကိုယ်ငါ ဖြေသိမ့်နိုင်ခဲ့တယ်။

ဒီလိုနဲ့ တစ်နေ့တစ်နေ့ အချိန်တွေသာ ကုန်သွားတယ်။ ငါလေ နင့်ကို တစ်ရက်မှ မေ့မရပါဘူး ညီ။ နင့်ညီအစ်ကိုတွေနဲ့တွေ့ရင် ငါ မေးကြည့်သေးတယ်။ သူ ငါ့ကိုဘာပြောသွားသေးလဲလို့။ နင်က ပြောတယ်တဲ့ "ငါ့ဘက်ကသာ ချစ်နေတာ သူ့ဘက်က ဘာမှမဟုတ်ပါဘူးကွာ"တဲ့။ "ငါ့ကို စဉ်းစားပေးပါလို့ ပြောတော့လဲ ဖြူဖြူမည်းမည်း သဲသဲကွဲကွဲ မပြောဘူးကွာ"တဲ့။

အဲဒီစကားတွေ ငါ ကြားလိုက်ချိန်မှာ ငါ မရှက်နိုင်တော့ပါဘူး။ ငါ့ကိုယ်ငါ မိန်းကလေးဆိုတဲ့ အတွေးလည်း မတွေးတော့ပါဘူး။ ငါ မျက်ရည်ကျခဲ့ရတယ်။ နင် ငါ့ကို စိတ်မဆိုးပါနဲ့။ ဘာမှမဟုတ်ဘူးလို့လဲ မပြောပါနဲ့။ တို့နှစ်ယောက်လုံး ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးပါ။

နင်ပြောခဲ့တယ်လေ။ တို့အသက်တွေကလည်း မငယ်တော့ပါဘူး။ နင် အပျိုကြီးဖြစ်သွားလိမ့်မယ်ဆိုတဲ့ နင့်ရဲ့ အရွှန်းဖောက်စကားကို အခုအချိန်ထိ ကြားယောင်နေဆဲပါ ညီ။ အခု ငါ့မှာ ဆုံးဖြတ်ချက် ခိုင်ခိုင်ချနိုင်တဲ့ အရွယ်လည်း ရောက်နေပြီ။ ဘာကိုပဲဖြစ်ဖြစ် ရင်ဆိုင်မယ်။ နင့်ဘက်က ဆွတ်ဖို့ပြင်ရင် ငါ့ဘက်က ညွတ်ဖို့အသင့်ပါပဲ။ နင် တို့ရွာလေးကို ပျော်တယ်ဆို နင်တို့မိသားစု ဒီရွာလေးကို ပြောင်းနေဖို့ စဉ်းစားသေးတယ်ဆို။ အခုဘာကြောင့် မလာတော့တာလဲ။ နင် ငါ့ကို စိတ်ပျက်သွားပြီလား။ ငါ အခုအချိန်မှာ နင့်ကို မျှော်လင့်နေပါတယ်။ ငါ့ဘက်က အရာရာကို ရင်ဆိုင်ဖို့အသင့်ဖြစ်နေပါပြီ။ တို့ဆီကို ပြန်လာပါလား ညီရယ်။

ရွှေဘိုမြေရဲ့ တစ်နေရာမှာရှိတဲ့ "စံစံ"ဆိုတဲ့ ကောင်မလေးတစ်ယောက် အခုအချိန်ထိ ညီ့ကို စောင့်ကြိုနေတယ်ဆိုတဲ့အကြောင်း "ညီ" တစ်ယောက် သိပါစေ။

ညီ့ကိုစောင့်ကြိုနေတဲ့ စံ
ငွေရည်သွန်းစံ (ရွှေဘို)

ကဲ "ငွေရည်သွန်းစံ (ရွှေဘို)"ရဲ့ "**စောင့်ကြိုနေဆဲပါ**"ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက '**စံစံ**' ရဲ့ ခံစားချက်တွေကို '**ညီ**'က ဘယ်လိုပြန်ဖြေရှင်းမလဲ။ '**ညီ့**'ရဲ့ ကိုယ်စားကိုယ်ပွား ခံစားပြီး ၁၁-၅-၂၀၁၃ ရက်နေ့ နောက်ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ (ကြို့ပင်ကောက်)**
**တာဝန်ခံအယ်ဒီတာ**
**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# ပညာမရွေးချယ်စိတ်ချက်




၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'စုစန္ဒီအောင်'** ရဲ့ **'ခရေမှာရှာဟဲ့မိုး'**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'ကြူးမ'**ရဲ့ ခံစားချက်တွေကို **'နိုင်လင်း'**ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပညာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ် --

| | | |
|---|---|---|
| (၁) | အောင်အောင်ဦး | "ဘယ်ဝဋ်ကယ်တို့တင်" |
| (၂) | ကျော်ဇေယျာဝင်း | "ဆုံစည်းခွင့်နဲ့ မျှော်လင့်နေရသူပါ" |
| (၃) | ဝေယံမြင့် | "အစဉ်သဖြင့်" |
| (၄) | ဇော်မိုးနိုင် | "ကြမ္မာကိုယိုးမယ်ဖွဲ့" |
| (၅) | သန်းထိုက်ဦး | "မျှော်လင့်လျက်ပါ" |
| (၆) | အေးမောင်စန်း | "သစ္စာသည်သာ" |
| (၇) | လှကျော်ဇော | "အသက်နဲ့ထပ်တူ" |
| (၈) | နှင်းဖြူသျှင် (သ ၀) | "မနှန်းထိုက်တဲ့ပန်းတော်ဝင်" |
| (၉) | ဟန်နီ (တောင်ကြီး) | "အလွမ်းတွေကို အဆုံးသတ်ကြစို့" |
| (၁၀) | လှထက်မင်းဝေ | "ပြန်လည်ဆုံတွေ့ပါရစေ" |



www.burmeseclassic.com

www.burmeseclassic.com



**ပြန်လည်စိစစ်သုံးသပ်ချက်**

(၁) **အောင်အောင်ဦး "ဘယ်ဝင်္ကကယ်တို့တင်"**

အလွမ်းအဆွေးသီချင်းတွေနဲ့ ကဗျာတွေများနေတော့ ကျိုးကြောင်းဖော်ပြချက်မှာ ပေးမှိန်အားနည်းသွားပါတယ်။

(၂) **ကျော်ဇေယျာဝင်း "ဆုံစည်းခွင့်နဲ့မျှော်လင့်နေရသည်"**

အရေးအသားသင့်ပါတယ်။ "ဆုံဆည်း" မဟုတ်ပါ။ "ဆုံစည်း"မှ အမှန်ပါ။ သတ်ပုံမှားရင် အဓိပ္ပာယ်လည်း မှားသွားပါတယ်။ (စွဲဆောင်)မှား။ (ဆွဲဆောင်)မှန်ပါ။

(၃) **ဝေယံမြင့် "အစဉ်သဖြင့်"**

ဆရာငြိမ်းကျော်ရဲ့ လုံးချင်းခေါင်းစဉ်ဖြစ်နေပါတယ်။ အရေးအသား ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

(၄) **ဇော်မိုးနိုင် "ကြမ္မာကိုယိုးမယ်ဖွဲ့"**

မူလဇာတ်ကြောင်းကို အသေးစိတ်ပြန်ရေးထားတော့ ကျိုးကြောင်းဖော်ပြချက်မှာ အားနည်းသွားပါတယ်။

(၅) **သန်းထိုက်ဦး "မျှော်လင့်လျက်ပါ"**

အစချီလာတာ ကောင်းပေမယ့် အဖျားရှူးသွားပါတယ်။ စာပေရေးသားတာကို ဝါသနာပါရင် စိတ်ရှည်ရပါမယ်။ ဆက်လက်ကြိုးစားစေချင်ပါတယ်။

(၆) **အေးမောင်စန်း "ဒ ၅ာသည်သာ"**

ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

(၇) **လှကျော်ဇော "အဘာက်နဲ့ထစ်တူ"**

ကျိုးကြောင်းဖော်ပြချက် သင့်ပေမယ့် အရေးအသားပြေပြစ်မှု အားနည်းနေပါတယ်။ စာရေးရင် စာပိုဒ်တွေခွဲရေးပါ။ စာတစ်မျက်နှာလုံးမှာ တစ်ပုဒ်ပဲ ရေးသားထားတာဟာ ဆွဲဆောင်မှုကို လျော့နည်းစေပါတယ်။

(၈) **နှင်းဖြူသျှင်–သံတွဲ "မနမ်းထိုက်တဲ့ ပန်းတော်ဝင်"**

ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

(၉) **ဟန်နီ (တောင်ကြီး) "အလွမ်းတွေကို အဆုံးသတ်ကြစို့"**

ကျိုးကြောင်း ဖော်ပြချက် သင့်ပါတယ်။ ဒါပေမယ့် ခေါင်းစီးက ဆောင်းပါးခေါင်းစီးနဲ့ တူနေပါတယ်။

(၁၀) **လှထက်မင်းဝေ "ပြန်လည်ဆုံတွေ့ပါရစေ"**

ကျိုးကြောင်း ဖော်ပြချက်က ဆွဲဆောင်မှုရှိပါတယ်။ ခေါင်းစီးက ထောင့်နေလို့ ရသပါအောင် ပြောင်းပေးလိုက်ပါတယ်။

**အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်အဖြစ် "လှထက်မင်းဝေ" ကိုပဲ ရွေးချယ်လိုက်ပါတယ်။ ကဲ "လှထက်မင်းဝေ"ရဲ့ "ပြန်လည်ဆုံတွေ့ပါရစေ"ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)
တာဝန်ခံအယ်ဒီတာ
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# ပြန်လည်ဆုံတွေ့ပါရစေ

လူထက်မင်းဇေ

"နိုင်လင်း မြန်မာပြည်က ပါဆယ်ရောက်နေတယ်"

အလုပ်က ပြန်ရောက်ရောက်ချင်း ကြားလိုက်ရတဲ့ စကားကြောင့် အလုပ်ထဲက ပင်ပန်းနေတဲ့စိတ်တွေ ရုတ်တရက် အားအင်တွေတက်လာသလို။ အဆောင်ရောက်ရင် ရေအရင်ချိုးမှ ရမယ်ဆိုတဲ့အစီအစဉ်ကို ပြောင်းလိုက်ပြီး ပါဆယ်ထုပ်လေးဆီကို ရောက်သွားတယ်။ ကိုယ့်တိုင်းပြည်နဲ့ ဝေးနေရသူတွေအဖို့ ကိုယ့်ရပ်ကိုယ့်မြေက စာလာရင် သိပ်ပျော်မိတာ "နီးရင်မမြင်ဘူး"ဆိုတဲ့စကားက ဒီလိုအချိန်မျိုးမှာ သိပ်ကို မှန်လွန်းနေပြန်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပင် ဆက်သွယ်ရေးတွေ ကောင်းကောင်း။ အင်တာနက်တွေပေါ်မှာ တွေ့တွေ့၊ အခုလို စာတစ်စောင် ပေတစ်ဖွဲ့ အမှတ်တရနဲ့ ပေးတဲ့ ပစ္စည်းလေးတွေက သူတို့လို အိမ်ဝေး၊ နိုင်ငံဝေးတွေ အတွက်တော့ တကယ့်ကို အမှတ်ရပြီး တန်ဖိုးကြီး လွန်းတဲ့ အရာတွေဆိုတာ မှားနိုင်မည် မထင်ဘူးလေ။

ပေးပို့သူနေရာကို ကြည့်လိုက်တော့ သူငယ်ချင်း မျိုးမြင့်တဲ့။ ဒီကောင်က စာရူးပေရူး၊ ပြီးတော့ ကဗျာတွေ ဝတ္ထုတွေလည်း သူမြန်မာနိုင်ငံမှာ ရှိစဉ်ကတည်းက ရေးလည်းရေး၊ မဂ္ဂဇင်းတချို့မှာလည်း မျိုးမြင့်ရဲ့ ကဗျာတွေ၊ စာတွေပါနေတာ ပါဆယ်ထုပ်ကို ဖြေလိုက်တော့ မဂ္ဂဇင်းတစ်အုပ်။ ''မှုခင်းရှုထောင့် ရသစုံမဂ္ဂဇင်း''တဲ့။

ဒါဆို သေချာပြီ၊ ဒီမဂ္ဂဇင်းမှာ မျိုးမြင့်ရဲ့ ဝတ္ထုပါပြီလို့ သူထင်မိတယ်။ မြန်မာပြည်ကနေ ဒီလို တကူးတကပေးတာ ဒီကောင် သူ့ကို လှမ်းကြွားတာ ဟု တွေးမိသေးတယ်။ ဒါပေမယ့် နောက်ပိုင်းစာမျက်နှာတွေကို ဖတ်လိုက်ရချိန်မှာတော့ အရာရာဟာ သူထင်သလို မဟုတ်တော့ဘူးဆိုတာ---



~~~~~

''လွယ်ကူမယ်ဆိုရင်တော့ တို့ကို မေ့ပါ-မုန်းပါ-မချစ်ပါနဲ့တော့''တဲ့လား။ မလွယ်ဘူး ကြူးမ။

အထူးသဖြင့် ဘယ်လိုအကြောင်းပြချက်နဲ့မှ ကြူးမကို နိုင်လင်း မမုန်းနိုင်ခဲ့တာ၊ မမေ့နိုင်ခဲ့တာ၊ သံသရာအဆက်ဆက်က ပါလာတဲ့ ရေစက်မှ ဖြစ်တည်လာတဲ့ ချစ်ခြင်းမေတ္တာကို ဖြတ်တောက်ဖို့ဆိုတာ နိုင်လင်းအတွက် အလွန်ကို ခဲယဉ်းလွန်းတဲ့ ကိစ္စတစ်ခု ပါပဲ ကြူးမရယ်။

နိုင်လင်းက ငယ်ငယ်ကတည်းက ပညာရေးမှာ အားနည်းခဲ့တယ်။ နိုင်လင်းက ကျောင်းတက်ရမှာ ပျင်းတဲ့ လူပျင်းပါ။ ဒါကြောင့်မို့ ပညာရေးနဲ့ပတ်သက်ပြီးလည်း မျှော်လင့်ချက် ကြီးကြီးမားမား မရှိခဲ့ဘူးလေ။ အချိန်တန်ဘွဲ့တစ်ခုရပြီး နိုင်လင်းရဲ့ အဖေက နေပြည်တော်ကို ''လက်ထောက်ညွှန်ကြားရေးမှူး''ရာထူးနဲ့ ပြောင်းရွှေ့ခဲ့ရတယ်။ ဒါကြောင့် မိသားစုနဲ့အတူ နိုင်လင်း နေပြည်တော်ကို လိုက်ခဲ့တယ်။ ကံတရားနဲ့ အစီအမံအောက်မှာ ဒီခရီးဟာ နိုင်လင်းရဲ့ ငြိမ်သက်နေတဲ့ နှလုံးသားကို လှုပ်ခါခဲ့ပြီး ကြေကွဲခြင်းတွေနဲ့ အဆုံးသတ်ခဲ့လိမ့်မယ်လို့ ဘယ်လိုမှ တွေးမထင်ခဲ့မိဘူး။

''ဟိုတုန်းက--မတွေ့ကြရင်--ဒီလို ဇာတ်လမ်းလေးဟာလေ--တစ်မျိုးပြောင်းလဲမယ်'' ဆိုတဲ့ စိုင်းထီးဆိုင်ရဲ့ သီချင်းလေးထဲကလို တကယ်လို့များ နိုင်လင်းနဲ့ ကြူးမသာ မတွေ့ဆုံခဲ့ကြရင်--

ဒါပေမယ့် ကံဇာတ်ဆရာက မချစ်တော်ခဲ့ဖူး



www.burmeseclassic.com
~~~~~

www.burmeseclassic.com



တဲ့ ကောင်လေးနဲ့ မချစ်ဖူးတဲ့ မိန်းမ မဆန်တတ်ခဲ့တဲ့ ကောင်မလေးတို့နှစ်ယောက်ကို ဆုံတွေ့မှုပေးခဲ့တယ်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ဘဝနဲ့ ထပ်တူထပ်မျှ ချစ်တတ်လာအောင် ဆောင်ကြဉ်းပေးခဲ့တယ်။ ဒီလို တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်တတ်အောင် သင်ပေးခဲ့ပြီးမှ ကံတရားက ဘာလို့များ သူ့စိမ်းဆန်ပြီး အပျော်တစ်စက်နဲ့ ကြေကွဲခြင်းတွေ အပြည့်ကို နေရာလဲပေးခဲ့ရတာလဲ "ချစ်တိုင်းလည်းမညား"ဆိုတာ နိုင်လင်းနဲ့ ကြူးမတို့အတွက် ပဉ္စလက်ဆန်ဆန်ကံဇာတ်ဆရာရဲ့ လက်ဆောင်တစ်ခုပေလားကွယ်။

'လိပ်ဥပျောက်လို့ လိပ်မရှာ သူ့ခများ ငိုမဲ့ငိုမဲ့''လို့ ငယ်ငယ်တုန်းကတော့ ကစားခဲ့ဖူးသလိုပါပဲ။ ချစ်သူဆီက ဖုန်းမဆက်၊ သတင်းလည်းမကြားရတဲ့ နိုင်လင်းက ၂၀၀၈ခုနှစ် သင်္ကြန်မှာတော့ ချစ်သူရှိရာ မန္တလေးကို ခြေဆန့်ခဲ့ရတယ်။ ဒါပေမယ့် ကံတရားက နိုင်လင်းကို မျက်နှာသာမပေးခဲ့ဘူး။ မျှော်လင့်မှုတွေနဲ့ ရောက်လာတဲ့ နိုင်လင်းဟာ ကိုယ်မျှော်လင့်ထားသလို ဖြစ်မလာဘဲ မမျှော်လင့်တဲ့သတင်းတစ်ခုကို ကြေကြေကွဲကွဲ ကြားခွင့်ရခဲ့တယ်။ "ကြူးမ မကြာခင်စေ့စပ်တော့မယ်"တဲ့။ ပန်းတိုင်ရောက်ခါနီးမှ ခြေထိုးခံလိုက်ရသလိုပဲ။ နိုင်လင်းရဲ့ ယောကျ်ားမာနတွေ မြင်မကောင်းအောင် ရိုက်ချိုးခံလိုက်ရတယ်။ မတူမတန်တဲ့ ဂုဏ်မြင့်သူတွေရဲ့ အကြည့်တွေအောက်မှာ အရှုံးနဲ့ ဦးလှည့်ပြန်ခဲ့ရတယ် ကြူးမ၊ နားထဲမှာ ပဲ့တင်ထပ်နေတဲ့ 'ကြူးမနဲ့ စေ့စပ်မှာက ဆရာဝန်ဘစ်ယောက်လေ' ဆိုတဲ့စကားက ရင်တစ်ခုလုံး နာကျင်စေရုံမက နှလုံးသားတစ်ခုလုံးကိုပါ အစိတ်အပိုင်းတွေအဖြစ် ဖြတ်တောက်ခဲ့တယ်။ ခါးသီးလွန်းစွာနဲ့ပဲ သင်္ကြန်ရေပက်ဟာ နိုင်လင်းအတွက် မအေးမြခဲ့ဘူး။ သူများတကာတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ နှစ်သစ်ကို ကြိုနေချိန်မှာ နိုင်လင်းကတော့ ကြေကွဲခြင်းတွေ၊ နာကျင်ခြင်းတွေနဲ့ နှစ်သစ်ကို ကြိုခဲ့ရတယ် ကြူးမ--

တစ်ဖက်က ယောကျ်ားမာနနဲ့ မေးခွန်းတချို့ကို တစ်ကိုယ်တည်း မေးမိတယ် ကြူးမ--။ ဘဝတစ်ခုကို အချစ်တစ်ခုနဲ့ တည်ဆောက်လို့ မရဘူးဆိုရင် ဂုဏ်တစ်ခုနဲ့ရော ဘဝကို တည်ဆောက်လို့ရရဲ့လားလို့လေ။ "ငွေများတရားနိုင်"ဆိုသလို နှလုံးသားရေးရာမှာလည်း ဂုဏ်ကြီးသူတို့ အနိုင်ရစတမ်းလား။ ဘွဲ့ထူး၊ ဂုဏ်ထူးတွေ အထပ်ထပ်နဲ့ ဘဝမှာ မနေပျော်တဲ့သူတွေ ဥစ္စာပစ္စည်းတွေကြောင့် ကိုယ်ချမ်းသာပြီး စိတ်မချမ်းသာတဲ့လူတွေ ဒီကမ္ဘာမှာ ဒုနဲ့ဒေး။ ကိုရီးယားလို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေပြီး နည်းပညာမြင့်မားတဲ့ တိုင်းပြည်မှာ ကိုယ့်ကိုယ်ကိုယ်သတ်သေနှုန်းက တစ်နေ့ အယောက်(၄၀)ဆိုတဲ့ သ‌ဟင်း ဂုဏ်ကြီးသူတွေ မေ့ထားကြတယ် ထင်တယ် ကြူးမရယ်--

ဘာတဲ့၊ "အစ်မက လက်ထောက်ဆရာဝန်၊ ညီမကလည်း ဆရာဝန်ဘွဲ့ရ၊ မောင်လေးကလည်း ဆေးကျောင်းတက်မယ်။ အဲဒီအသိုင်းအဝိုင်းထဲမှာ ဝင်လာတဲ့ အိမ်ထောင်ဖက်ဟာ ဆရာဝန်တစ်ယောက် ဖြစ်ရမယ်''ဆိုတဲ့ စကားဟာ တိုးတက်နေတဲ့ ခေတ်ကြီးအတွက် လေ့ကားယစ်တွေလား၊ ဆူးခြောင့်ခလုတ်တွေပဲလားဆိုတာ ဘယ်သူတွေက ဆုံးဖြတ်နိုင်မှာလဲ---'ငါတို့လည်း ဒီလိုပါပဲ၊ နောက်တော့လည်း ချစ်သွားတာပဲ''ဆိုတာ ဇာတ်နာအောင်၊ ပရိသတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရသတစ်မျိုးမျိုးပေးရအောင်လုပ်တဲ့ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ၊ အချစ်ဝတ္ထုတွေရဲ့ ဖျော်ဖြေရေးအတွက်ပဲ ကောင်းခဲ့ပါတယ်--

ဘဝတစ်ခုမှာ ဂုဏ်ထူးရာထူးတွေထက် စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတရားဟာ ပိုပြီးအရေးပါတယ်ဆိုတာကို တက္ကသိုလ်ဝင်တန်းမှာ သင်ခဲ့ဖူးတဲ့ သိုးသူ့သမီးကျောက်စာက သက်သေပြနေတယ်လေ။ "မချစ်မနှစ်သက်သော သူနှင့်နေရသော ဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းရသောဆင်းရဲ" ဆိုပြီး ဆင်းရဲခြင်းတွေကင်းအောင် ဆုတောင်းခဲ့တယ်။ အဲဒီလိုဆုတောင်းမျိုးကို ဂုဏ်ကြီးသူတွေ မေ့နေကြပြီထင်ပါတယ် ကြူးမရယ်--

ကြူးမကို နိုင်လင်း ချစ်ခဲ့တာ ဘာဂုဏ်သိမ်ဘာရာထူးမှ ကြည့်ပြီးချစ်ခဲ့တာ မဟုတ်ဘူးလို့ထပ်ပြီးပြောပါရစေ။ ကြူးမဆိုတဲ့ ကောင်မလေးတစ်ယောက်အဖြစ်နဲ့ပဲ ချစ်ခဲ့တာကိုတော့ ယုံကြည်ထားပေးပါ။ ဒါပေမယ့် အများကြိုက်တဲ့ 'ဂုဏ်'ဆိုတဲ့အရာကခုတော့ နိုင်လင်းနဲ့ ကြူးမကြား တံတိုင်းတစ်ခုအဖြစ်ကာဆီးခဲ့ပြီလေ။ ဘယ်လိုမှ နီးစပ်ခွင့်မရအောင်ခွဲခွာခဲ့ပြီး ဘာပဲဖြစ်ဖြစ်ပါ။ နိုင်လင်းနဲ့ ကြူးမတို့ကမှန်းလို့ နာကြည်းလို့ လမ်းခွဲခဲ့ကြတာမှ မဟုတ်တာ-တစ်ယောက်ကို တစ်ယောက်ချစ်ရက်နဲ့ ကွေကွင်းရတာလေ။ ဒါကြောင့် ကြူးမကို နိုင်လင်း မမုန်းပါရစေနဲ့။ မမေ့ပစ်ပါရစေနဲ့။ သူ့အလိုလို ဖြစ်ဘည်လာတဲ့ချစ်ခြင်းမေတ္တာတရားကို ဒီအတိုင်းလေးပဲ သော့ခတ်သိမ်းထားပေးပါ့မယ် ကြူးမရယ်--

မိဘတွေပဲ၊ သားသမီးနဲ့ ပတ်သက်လို့ "စုန်ရေပဲရှိတယ်၊ ဆန်ရေမရှိဘူး" ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် နိုင်လင်းနဲ့ ကြူးမကို့ရဲ့ ချစ်ခြင်းကို ကြူးမရဲ့ မိဘတွေက စုန်ရေလေး တစ်စက်အဖြစ် ပက်ဖျန်းပေးခဲ့ရင်း ဘယ်လောက်များ ချမ်းမြေ့စရာကောင်းမလဲကြူးမရယ်။

ကမ္ဘာကုန်ကျယ်သရွေ့ ဖြစ်လေရာ ဘဝဆက်တိုင်းမှာ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လို့ ဒီလိုအဖြစ်မျိုးမှ ကင်းဝေးပါရစေလို့ပဲ ဆုတောင်းလိုက်ပါရစေတော့ကွယ်။ တကယ်လို့ ဂုဏ်တွေ ခနတွေကင်းဝေးပြီး အေးချမ်းရိုးရှင်းတဲ့ ဘဝနဲ့ သံသရာတစ်ကွေ့မှာ ကြူးမရယ်--

တို့နှစ်ယောက် ပြန်လည်ဆုံတွေ့ကြရင်လေ---

ထာဝရချစ်ခြင်းများနဲ့
နိုင်လင်း (ခေတ္တ-ဒူဘိုင်း)

သူ စာကို အဆုံးသတ်လိုက်တယ်။ ပြီးတော့ ပြန်ဖတ်ကြည့်လိုက်တယ်။ စာကတော့ ဆုံးသွားပြီ။ ဒါပေမယ့် ရင်ထဲမှာတော့ စကားလုံးတွေက ကျန်နေသေးသည်။ သူ့စာလေးကို ကြူးမသာ ဖတ်ခွင့်ရရင် ဆိုတဲ့ အသိနဲ့ 'မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်း' လိပ်စာလေးကို စာအိတ်လေးပေါ်မှာ တပ်နေမိတော့သည်။

"ကံမကုန်ရင် ပြန်ဆုံကြတာပေါ့၊ သံသရာတစ်ကွေ့မှာ ပြန်လည်ဆုံတွေ့ပါရစေ ကြူးမရယ်" လို့ သူ့စိတ်ထဲက ပြောရင်းနဲ့သာ----

လှထက်မင်းဝေ





www.burmeseclassic.com

www.burmeseclassic.com








အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅[illegible]၉

www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်လမ်းဟောင်းတွေ ရှိခဲ့ရင်

ကျော်ဇောဟိန်း(ဒေါ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com



**စာတ်လမ်းပေါင်းတွေရှိခဲ့ရင်**

ကျော်စောဟိန်း–ဒေါ်ပုံ

ချမ်းသာကြွယ်ဝတဲ့ ဆောက်လုပ်ရေးလုပ်ငန်း ပိုင်ရှင် မုဆိုးဖို ဦးခေတ်ဆန်းက ညီမ အပျိုကြီး ဒေါ်သစ်သစ်ခင်၊ တစ်ဦးတည်းသော သမီးလေး ရွှေရတုခင်တို့နဲ့ အေးချမ်းစွာ နေထိုင်ခဲ့ရာ အခုဆိုရင် ရွှေရတုခင်ဟာ တက္ကသိုလ်ဆက်တက်ဖို့ စိစဉ်နေပြီ ဖြစ်တယ်။

BURMESE CLASSIC .com

ရွှေရတုခင် ကျောင်းစတက်တဲ့နေ့မှာ တက္ကသိုလ်ကျောင်းကို လိုက်ပို့တဲ့ ဦးခေတ်ဆန်းတို့ သားအဖနဲ့ ဦးခေတ်ဆန်းရဲ့ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြတဲ့ စတယ်လာ (ခ) နုနုဝင်းနဲ့ သူ့သား ထိုက်တန်၊ ဝင်နီ (ခ) ပပတင်နဲ့ သား မိုးမာန်၊ ဂျက်စီကာ(ခ) ယုလှယဉ်နဲ့ သမီး (ယောကျ်ားလေးအသွင်) စိုးစံတို့နဲ့ ပြန်လည်ဆုံတွေ့ခဲ့ကြရာ အံ့ဩဝမ်းသာဖြစ်ကြရတယ်။ ယခင်က စတယ်လာတို့ သုံးဦးမှာ တက္ကသိုလ်တက်စဉ် နယ်ကကျောင်းလာတက်တဲ့ ဦးခေတ်ဆန်းကို သူတို့ ယောကျ်ားများယူရာမှာ ခုတုံးနိုင်းဖတ်အဖြစ်နဲ့ အသုံးချခဲ့လို့ သူတို့သုံးဦးကို ဦးခေတ်ဆန်းက နာကြည်းကြောက်လန့်နေခဲ့တယ်။

စတယ်လာတို့က ရွှေရတုခင်ရဲ့ ဟန်ပန်အနေအထားနဲ့ စိတ်ထားများကို စုံစမ်းခဲ့ရာ ချမ်းသာကြွယ်ဝ ရိုးသားသန့်စင်ကြောင်း သိရှိရလို့ သားများထဲက တစ်ယောက်ယော[...] နီးစပ်နိုင်ဖို့ ညွှန်ကြားခဲ့တယ်။

ဒါပေမယ့် ဦးခေတ်ဆန်းက စတယ်လာတို့ရဲ့ အကြောင်းကို သိထားလို့ သူတို့ရဲ့ သားတွေနဲ့ မိမိသမီးကို လုံးဝသဘောမတူဘူးလို့ တစ်ချက်လွှတ် အမိန့်ထုတ်ထားတယ်။ သားသမီးများက ကျောင်းအတူတူတက်ရင်း မိဘများကလည်း ကိုယ့်အကြံနဲ့ကိုယ် ပုန်းလျှိုးကွယ်လျှိုး စစ်ဆင်ရေးလုပ်ခဲ့ကြတယ်။

ဒီအချိန်မှာ ရွှေရတုခင်ရဲ့ ချမ်းသာကြွယ်ဝမှုနဲ့ ရိုးသားဖြူစင်မှုကို သိသွားတဲ့ နေမျိုးဆင့်ဆိုသူက ကျောင်းသားဟန်ဆောင်ပြီး ရွှေရတုခင်ရဲ့ ကြိုက်တတ်တဲ့ စကားများနဲ့ စည်းရုံးတယ်။ အတွေ့အကြုံမရှိတဲ့ ရွှေရတုခင်မှာ နေမျိုးဆင့်ရဲ့ စကားများကို နားယောင်ခဲ့တယ်။ ရွှေရတုခင်ရဲ့ အခြေအနေကို စောင့်ကြည့်နေကြတဲ့ ထိုက်တန်တို့က နေမျိုးဆင့်အကြောင်း စုံစမ်းရာ အကြံအဖန်လုပ်မှန်း သိသွားလို့ ဖော်ထုတ်လိုက်ကြတယ်။

ဒီနောက်ပိုင်း ဘွဲ့ရပြီးတဲ့ တိမ်မြူနဲ့ ရွှေရတုခင်တို့ နေမျိုးဆင့်ကြောင့် ချစ်သူများဖြစ်သွားခဲ့ကြတယ်။ ထိုက်တန်တို့ သုံးယောက်ကလည်း တိမ်မြူနဲ့ ရွှေရတုခင်တို့ရဲ့အကြောင်းကို ဦးခေတ်ဆ[...]းကို သွားပြောတယ်။ ဦးခေတ်ဆန်းကိုယ်တိုင်က သမီးရဲ့ ချစ်သူမှာ စတယ်လာတို့ရဲ့ သားသုံးယောက်နဲ့ မဟုတ်ရင် ပြီးရောလို့ ပြောလွှတ်လိုက်တယ်။ ရွှေရတုခင်က ဖခင်ဖြစ်သူကို တိမ်မြူနဲ့ ဆုံပေးတယ်။ တိမ်မြူကတစ်ဆင့် တိမ်မြူရဲ့ မိခင် ဒေါ်သစ္စာကြည်နဲ့ ဦးခေတ်ဆန်းတို့ကို တွေ့ပေးရာမှ ဒေါ်သစ္စာကြည်မှာ ဦးခေတ်ဆန်းရဲ့ တစ်ချိန်က ငယ်ချစ်[...]နေလို့ ကျောင်းတော်က ရန်စကြောင့် သဘောမတူကြောင်း အပြတ်ပြောဆိုလိုက်တယ်။


ဒီအချိန်မှာ တိမ်မြူနဲ့ ရွှေရတုခင်တို့မှာ ရှေ့ရေးအတွက် ချိန်းဆိုတိုင်ပင်ကြတာကို ထိုက်တန်တို့ သုံးယောက်က ထွက်ပြေးတယ်ထင်လို့ [...] ဖမ်းရာက တိမ်မြူနဲ့ ရွှေရတုခင်တို့ရဲ့ [...]



www.burmeseclassic.com

www.burmeseclassic.com





အနက်ကို သိသွားပြီး သူတို့နီးစပ်နိုင်ရေးအတွက် ကူညီမှာဖြစ်ကြောင်း အာမခံလိုက်ကြတယ်။

ဒီလိုနဲ့ တိမ်မြူနဲ့ ရွှေရတုခင်တို့ကို သဘောတူတဲ့ ဦးခေတ်ဆန်း၊ ဒေါ်သစ်သစ်ခင်၊ ထိုက်တန်တို့ သုံးယောက် ပူးပေါင်းမိသွားတယ်။

ဒီဇာတ်လမ်းကတော့ ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့က 'မိုးကောင်းကင်'ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုညခင်ရဲ့ ဝတ္ထုကို ဇာတ်ညွှန်းခွဲပြီး ''ဇာတ်လမ်းပေါင်းတွေရှိခဲ့ရင်''ဆိုတဲ့အမည်နဲ့ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပေးထားတာ ဖြစ်ပါတယ်။

ခန့်စည်သူ၊ မင်းမော်ကွန်း၊ ထွန်းထွန်း (Example)၊ မိုးမိုး၊ ပြေဇင်၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး၊ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ သန်းသန်းစိုး၊ သီဂီထွန်း၊ အင်ကြင်း၊ ညွှန့်သည်သရုပ်ဆောင် ရန်ကျော်၊ ဇာတ်ပို့ဇာတ်ရန်များ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ မကြာမီ အဆင်မြင့် ရုပ်ရှင်ရုံကြီးများမှာ ရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။

ကျော်ဇော်ဟိန်း–ဒေါ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



**ပြုံးပြုံးပျော်ပျော် ထော်လော်ကန့်လန့်**

**နိုင်စင်သန့်**

အချစ်စစ်၊ အချစ်မှန်ဖြစ်ခဲ့ရင် မည်သည့် အခက်အခဲ အတားအဆီးကိုမဆို ကျော်လွှားဖြတ်သန်းရင်း အောင်မြင်မှုရတတ်ကြောင်း ရည်ရွယ်ပြီး ချစ်ခြင်းမေတ္တာဖွဲ့ဇာတ်လမ်းကို နယူတန်လှစိန်က ဖန်တီး ရေးဖွဲ့ထားပါသည်။

ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေး၏ ပထမပွဲဦးထွက်အဖြစ် ဦးဇော်မင်းက စီစဉ်ဇာတ်ညွှန်းရေးခွဲပြီး ဒါရိုက်တာ ဖမ္ဘူထွန်းသက်လွင်၏ ပထမကြိုးပမ်းမှု ရုပ်ရှင်ဇာတ်ကားအဖြစ် 'ပြုံးပြုံးပျော်ပျော် ထော်လော်ကန့်လန့်' ရုပ်ရှင်ဇာတ်ကားကို ပုံဖော်အသက်သွင်း ရိုက်ကူးထားပါသည်။

ရဲအောင်၊ နေမျိုးအောင်၊ ဟိန်းဝေယံ၊ နေဆန်း၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို၊ မေသဉ္ဇာဦး၊ အေးမြတ်သူတို့က အဓိကဦးဆောင်ထားကြပြီး ဇာတ်ပို့ဇာတ်ရန်များစွာ ပါဝင်ထားကြပါသည်။

ကမ်းခြေရွာလေးသို့ သူဌေးကြီး၏ သမီးစင်ဒီတို့ သားအမိရောက်လာချိန်မှာ သမီးလေးဒေဝီ (၅)နှစ် (၆)နှစ်အရွယ်ဖြစ်သည်။ သမီးတစ်ယောက်အမေ မုဆိုးမလေး စင်ဒီဟု ကမ်းခြေတစ်ရွာလုံးက သိထားကြသည်။ ဒေဝီ အရွယ်ရောက်လာတော့ သူဌေးသား ဝေယံနှင့်ချစ်သူဖြစ်ခဲ့ကြသည်။ ဝေယံ၏ မိဘနှစ်ပါးက ဖခင်မဲ့မွေးဖွားကြီးပြင်းလာသော ဒေဝီကို သားနှင့်လက်ထပ်ပေးရမှာ မသိုးမသန့်ဖြစ်မိသည်။ မိဘရဲ့ သဘောထားကို သိနေသော ဝေယံလည်း မနေသာတော့။ ဒေဝီကို ဖွင့်မေးတော့သည်။ ဒေဝီက အဖေဘယ်သူလဲဟင်ဆိုသည့် အမေးစကားကို ကြိမ်ဖန်များစွာ ကြားရသောအခါ စိတ်တိုလာသည်။ မိခင်ကို မေးတော့လည်းမရ။ ဒါအရေးကြီးလား။ သမီးက အမေ့သမီးအဖြစ် ပြည့်ပြည့်စုံစုံကြီးပြင်းလာခဲ့တာပဲ။ ဒီမေးခွန်းကို ဘယ်တော့မှ ထပ်မမေးနဲ့ဟု အပြတ်ပြောသည့်အခါ ဒေဝီစိတ်မကောင်းဖြစ်ခဲ့ရသည်။

သို့နှင့် ဝေယံနှင့် ဒေဝီတို့ လက်ထပ်ဖို့အရေး အဖေမပေါ်ဘဲ မွေးခဲ့ရသော လျှို့ဝှက်ချက်ကို ဝေယံတို့ဘက်ကလည်း အဖြေမရမချင်း မေးမြန်းချက်များ စုပြုံလာသောအခါ ဒေဝီနှင့် မိခင် စင်ဒီတို့ကြားမှာ အကျိတ်အခဲတစ်ခု ဖြစ်လာသည်။ သမီးဒေဝီကလည်း လျှို့ဝှက်လွန်းလှသည့် မိခင်၏အကြောင်းကိုသိရန် အလစ်မှာ မိခင်အခန်းအတွင်းဝင်ပြီး သဲလွန်စတွေ လိုက်တွေ့ဖြား မွှေနှောက်ခဲ့ရာ မိခင်၏ ဒိုင်ယာရီစာအုပ်





www.burmeseclassic.com

www.burmeseclassic.com






ကို တွေ့ရလေသည်။ ဒိုင်ယာရီထဲ၌ မိခင်နှင့် ရွယ်တူတန်းတူ အမျိုးသားသုံးယောက်၏ ဓာတ်ပုံကို တွေ့လိုက်ရသည်။ ထိုသုံးယောက်စလုံးမှာ မိခင်အား အရှုးအမူး နှစ်သက်စွဲလမ်းခဲ့ကြပုံ။ မိခင်ကလည်း သုံးယောက်စလုံးအပေါ် ခံစားခဲ့ရပုံများ အံ့ဩစွာ သိရှိခဲ့ရလေတော့သည်။ ထိုသုံးယောက်ထဲမှ တစ်ယောက်မှာ မိခင်၏ ချစ်သူပင်ဖြစ်ရမည်။ မိမိ၏ ဖခင်မှာလည်း သုံးယောက်ထဲမှ တစ်ယောက်သာဖြစ်ရမည်ဟု မှတ်ယူပြီး ဒေဝီဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ဒေဝီ၏ ဆုံးဖြတ်ချက်ကို ချစ်သူဝေယံကလည်း သိရှိသဘောတူပြီး နှစ်ယောက်သားတိုင်ပင်ကာ ထိုအမျိုးသား သုံးယောက်ထံ စာပို့ အကူအညီတောင်း အခေါ်လွှတ်၊ အကြောင်းကြားလိုက်ကြသည်။

မိုးနိုင်၊ ကောင်းဇော်၊ ဖေယျထံ မမျှော်လင့်သော စာတစ်စောင်စီ ရောက်လာပြီး ပျာယာခတ်သွားကြသည်။ အရှုးအမူးချစ်ခဲ့ဖူးသော ယခုတိုင်အချစ်မပြယ် တသသဖြစ်နေရသော စင်ဒီနှင့်ပတ်သက်သည့်အဖြစ်များကို ပြန်မြင်ယောက်မိကြတော့သည်။ သုံးယောက်စလုံးမှာ စင်ဒီကို တစ်ပြိုင်တည်း ချစ်မိခဲ့ကြခြင်း ဖြစ်သလို တစ်ချိန်တည်း ချစ်ခွင့်ပန်ခဲ့ခြင်းလည်း တူခဲ့ကြသည်။ စင်ဒီထံမှ ပြတ်သားသော အဖြေတစ်စုံတစ်ရာ မရရှိခဲ့ကြခြင်းမှာလည်း တူညီသော ခံစားမှုများ ဖြစ်ခဲ့ကြသည်။

နောက်ဆုံး စင်ဒီတစ်ယောက် ပျောက်ချင်းမလှပျောက်သွားပြီး ကလေးတစ်ယောက်အမေ ဖြစ်နေပြီဆိုသည့် သတင်းကို သူငယ်ချင်းများထံမှ တုန်လှုပ်စွာ ကြားခဲ့ရသည်။ သုံးယောက်သား ခဲလေသမျှ အသည်းဟက်တက်ကွဲကုန်ကြသည်။ ထိုအစွဲအလမ်းနှင့်ပင် သုံးယောက်စလုံးမှာ ယခုထိ လူပျိုကြီးဘဝဖြင့် ဆွေးမြည့်စွာ တမ်းတနေရဆဲ၊ ဆိုင်းမဆင့်ပုံမဆင့် ရောက်လာသော စင်ဒီ၏ သမီး ဒေဝီ့စာကြောင့် သူ့ထက်ငါ အလုအယက် ကမ်းခြေလေးဆီသို့ ရောက်ရှိလာကြလေတော့သည်။

ရှေ့ဆက်ပြီး ၄င်းအရှုပ်ထွေးကို မည်ကဲ့သို့ဆက်လက်ဖြေရှင်းကြမလဲဆိုတာကို ဆက်လက်ကြည့်ရှုခံစားကြစေချင်ပါသည်။

နိုင်စင်သန့်



www.burmeseclassic.com

www.burmeseclassic.com


# စာအုပ်စင်ရှုတောင့်

ကိုကြီးထူး

## "ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသမိုင်း၊ ခရီးလမ်းညွှန်နှင့် ပုံပြစာစဉ်"



**"ဆရာမောင်စိုးထိုက် (သုံးဆယ်)"**၏ ဤစာအုပ်တွင် ကမ္ဘာ့အံ့ဖွယ် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသမိုင်းနှင့် ခရီးလမ်းညွှန်ကို ရောင်စုံ ဓာတ်ပုံဝေဝေဆာဆာနှင့် ဖော်ပြထားသည့်အပြင် အရှင်သီလဝိမထေရ် မြတ်ကြီးနှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးတို့၏ ပုံပြစာစဉ်များပါရှိရာ လူကြီး၊ လူငယ် ကလေးပါမကျန် ဖတ်ရှုမှတ်သားဖွယ်ရာများပါရှိသည်။ အမေ့သားထိုက်စာပေ ဖုန်း ၀၁-၅၉၀၁၂၃၊ ၀၉၄၂၁၁၄၆၉၇ရမှ တစ်အုပ်လျှင် ၁၂၀၀ိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## "သားသမီးများကို ချီးမြှင့်ရမည့် ဖခင်နှိုက်ခဲ့သည့် ကျွန်တော့်အဖေနှင့် လောကဓံကို စိန်ခေါ်၍ ရင်ဆိုင်ခဲ့သည့် ကျွန်တော်"

**"ဆရာ ကေသီပန် ဦးလှမြင့်"**၏ ဤစာအုပ်မှာ **"၂၀၁၁ခုနှစ်၊ အမျိုးသားစာပေဆု (စာပဒေသာ)"**ကို စာချစ်သူများမျှော်လင့်ထားသည့်အတိုင်း ထိုက်တန်စွာရရှိခဲ့သောကြောင့် စာချစ်သူများ၏ဆန္ဒအရ ဒုတိယအကြိမ်ပြန်လည် ထုတ်ဝေလိုက်ခြင်း ဖြစ်သည်။



**"ကေသီပန် ဦးလှမြင့်"**၏ ကိုယ်ရေးအတ္တုပ္ပတ္တိဖြစ်သော်လည်း ဆင်းရဲသောငယ်ဘဝကို မခြွင်းမချန်ဖော်ပြထားရာ၌ သုတရသပြည့်ဝလှသည့်အပြင် အားကျအတုယူဖွယ်ရာများ စုံလင်လှသဖြင့်လူငယ်လူရွယ်တိုင်း လက်မလွှတ်တမ်း ဖတ်ရှုပြီး လက်ဆင့်ကမ်းမျှဝေပေးသင့်သည့် စာကောင်းပေမွန်ဖြစ်သည်။ စာကြည့်တိုက်တိုင်းတွင် ထားရှိသင့်သည်။ စာမျက်နှာ (၆၀၀)ကျော်၊ ပလတ်စတစ်ဖုံး၊ ခန့်/သန့်ဆိုဒ်ကြီးတစ်အုပ်လျှင် ၄၀၀၀ိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ စာပေလောက စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com






## "ပဲပြုတ်နှင့်နံပြား"

**"ဆရာအောက်တိုဘာအောင်ကြီး"** စီစဉ်ပြီး ကလောင်စုံရေးသားထားကြသည့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးမျိုးစုံ ပါရှိသော ဤစာအုပ်တွင် လွတ်လပ်ရေးဗိသုကာဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသကို [illegible]ရေးသားထားကြရာ လူငယ်လူရွယ်တိုင်း ဖတ်ရှုမှတ်သား[illegible] အားကျ[illegible]သင့်လှသည်။ ရွှေဘုန်းရှိန်စာပေမှ တစ်အုပ်လျှင် ၁၅၀၀ိ/–နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

## "ဘယ်သူတရားခံလဲ"




**"ဆရာ ဝင်းနိုင်ထွန်း"** သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့တွင်ကြီးမားသောတာဝန်ကို ထမ်းဆောင်နေရင်းက ကိုယ်တွေ့ဖြစ်ရပ်များကို ဝါသနာအလျောက် ဆောင်းပါးများရေးသားကာ လုံးချင်းထုတ်ဝေခဲ့သည်မှာ ယခုစာအုပ်အပါအဝင် (၁၃)အုပ်ပင် ရှိခဲ့လေပြီ။

ယခုစာအုပ်တွင် အိမ်နီးချင်းနိုင်ငံ၌ သွားရောက်အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများ၏ တကယ့်ဖြစ်ရပ်မှန်များကို ဖော်ထုတ်ရေးသားထားခြင်းဖြစ်ရာ **"ခေတ်သစ်ကျေးကျွန်စနစ်"** ဖြစ်သော လူကုန်ကူးမှုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်မလွတ်စတမ်း ဖတ်ရှုသိမ်းဆည်းထားသင့်သည်။ အတွေးသစ်စာပေ ဖုန်း–၀၁–၅၄၉၂၁၅၊ ၀၉၄၃၁၁၉၈၉၄မှ တစ်အုပ်လျှင် ၂၀၀ဝိ/ နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC .com



## "ကျောက်ရှာတဲ့လူနဲ့ ကျောက်ကရှာတဲ့လူအပါအဝင် ဖားကန့်နောက်ခံဝတ္ထုတိုများ"

**'ဆရာထီးရိပ်ကြည်ဆန်း'**၏ ဤစာအုပ်တွင် ဝတ္ထုတို(၁၂)ပုဒ်ပါရှိသည်။ ဘဝ သံသရာမှာ ကျင်လည်နေကြသူများ၏ ဘဝဒဿနတွေပါရှိလေရာ တွေးတောစဉ်းစားစရာများပေးထားသည်။ ဝတ္ထုတိုချစ်သူများ နှစ်သက်လက်ခံကြပေလိမ့်မည်။ ကလောင်သစ်စာပေ၊ ဖုန်း–၀၉၇၃၀၀၃၅၇၅မှ တစ်အုပ်လျှင် ၁၀၀ဝိ/နှုန်း ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



နေရာတကာမှာ မျက်နှာပွင့်လန်းနေသော ကာလဖြစ်သည်။ မှန်ကန်ထက်မြက်၊ မြန်ဆန်သွက်လက်စွာဖြင့် လှုပ်ရှားဆောင်ရွက်နေမည်။ ပညာဉာဏ်ကို လွှာသုံးပြီး ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနေမည်။ ရင်းနှီးနွေးထွေးသော စတိုင်လ်ကြောင့် လူချစ်လူခင်ပေါ်များနေမည်။

လက်ရှိရည်မှန်းထားသူအပြင် နောက်ထပ်တစ်ယောက်ကို ချစ်မိတတ်သည်။ လက်ရှိအခြေအနေမှာ တစ်ဘဝစာအတွက် ပုံအောချစ်ရမည့် အချစ်စစ်စစ်ကို မတွေ့နိုင်ပါ။ အပျော်ချစ်များစွာဖြင့် ရင်ခုန်နေရမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး စနေ။ .

**အကျိုးပေးဂဏန်း** – (၆ ၈ ၉) (၉ ၈ ၃)

**ယတြာ**– ခန္ဓာထဲမှ အမြတ်ရအောင် တရားထိုင်ခြင်း၊ တရားမှတ်ခြင်း၊ တရားဆွေးနွေးခြင်းများ ပြုလုပ်ပါ။

## တနင်္လာ



အကွက်စေ့၊ ထောင့်စေ့ဖြင့် လုပ်ဆောင်နေသော ကာလဖြစ်သည်။ ဆန်းကြယ်သော ကံတရားသစ်နှင့်ကြုံရမည်။ ခိုင်မာသောဆုံးဖြတ်ချက်များချမှတ်ရမည်။ ကြော့ကြော့မော့မော့ ဝတ်စားနေထိုင်တတ်ခြင်းကြောင့် လူအများ၏ ယုံကြည်မှုကို ရရှိမည်။

မေတ္တာဖြင့် ချည်နှောင်ထားသော အချစ်ခရီးလမ်းက လှပနေမည်။ ချစ်သူအပေါ် ငုံထားမတတ်ချစ်မိနေမိမည်။ ချစ်သူနှင့် မကြာခင်မှာ နီးစပ်ပြီး မေတ္တာအိမ်ကလေး၊ အချစ်အိမ်ကလေးကို တည်ဆောက်ခွင့်ရမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၈ ၈ ၀) (၂ ၈ ၅)

**ယတြာ**– ထင်တိုင်းဖြစ်၊ ကြံတိုင်းအောင်စေရန် မိတ်ဆွေများကို နို့စိမ်းခေါက်ဆွဲ ဒါနပြု ကျွေးမွေးပါ။

## အင်္ဂါ



အပြိုင်အဆိုင်များကြားမှ တိုးတက်ကြီးပွားသော ကာလဖြစ်သည်။ လမ်းသစ်တီထွင် လျှောက်လှမ်းမှု အောင်မြင်မည်။ စွမ်းဆောင်ချက်ကောင်းသဖြင့် တစ်ပြိုင်တည်း အခွင့်ထူးနှစ်ခုကို ဆုပ်ကိုင်မိမည်။ မြော်မြင်ဆင်ခြင်မှု အားကောင်းနေမည်။

အတ္တမာန ကြီးမားလွန်းသော ချစ်သူကြောင့် ကြေကွဲဝမ်းနည်းရတတ်သည်။ မြားနတ်မောင်က သင့်နှလုံးသားကို ကလူကျီစယ်လုပ်နေမည်။ ချစ်တတ်လွန်းသော နှလုံးသားမှာ ဒဏ်ရာပြင်းထန်နေမည်။ အချစ်



www.burmeseclassic.com

www.burmeseclassic.com



က သင့်အတွက် အဆိပ်တစ်ခွက်အလားသဏ္ဍာန် တူနေမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ တနင်္လာ။

**အကျိုးပေးဂဏန်း** – (၃ ၈ ၆) (၆ ၈ ၀)

**ယတြာ**– ကြံတိုင်းအောင်စေရန် ကိုယ်ဝန်ဆောင်ကို မုန့်၊ ဆေးဝါးနှင့် ငွေကြေးဒါနပြု လှူဒါန်းပါ။

## ဗုဒ္ဓဟူး



လိုတရဘဝမျိုးကို ပိုင်ဆိုင်ခွင့်ရသော ကာလ ဖြစ်သည်။ စေတနာကောင်းပြီး ကံကောင်းနေမည်။ ကံ ကံ၏အကျိုးကို ယုံကြည်လျက် ဘာသာတရား ယုံကြည်ကိုးကွယ်မှု အားကောင်းနေမည်။ အကျပ်အတည်းများ ကြားမှ လွတ်မြောက်ပြီး အေးချမ်းမှု ကြုံမည်။

မျက်လှည့်ဆန်သော အချစ်လှည့်ကွက်ကြုံ ရမည်။ အချစ်မှော်ဆရာက သင့်ကိုလှည့်စားနေမည်။ မှော်ဝင်အချစ်များကြားမှာ သင် ရုန်းမထွက်နိုင်ဘဲ ဖြစ်နေမည်။ အစစအရာရာ ကံကောင်းနေသော်လည်း အချစ်ကြောင့် တိုးတိတ်ငိုကြွေးရတတ်သည်။

**ထီထိုးရမည့်နေ့** – သောကြာ၊ စနေ။

**အကျိုးပေးဂဏန်း** – (၅ ၈ ၀) (၈ ၈ ၂)

**ယတြာ**– အောင်သင့်အောင်ငိုက်သော မင်္ဂလာအပေါင်း ပြည့်ဝလာစေရန် အိမ်ရှိဘုရားမှာ အောင်သပြေနှင့် ပန်း (၃)မျိုး လှူဒါန်းပါ။

## ကြာသပတေး



ဘဝအဆင့်အခြေ မြင့်ခွင့်ရသော ကာလ ဖြစ်သည်။ သမင်ပျို၏ ခြေလှမ်းကဲ့သို့ သွက်လက် ထက်မြက်နေမည်။ မိသားစုအသိုင်းအဝိုင်းအတွက် စေတနာထား၊ မေတ္တာပွားပြီး ဆောင်ရွက်နေမည်။ လွတ်လပ်ပေါ့ပါးစွာဖြင့် ဘဝခရီးကို တက်ကြွစွာ လျှောက်လှမ်းနေမည်။

ချစ်သူလေးကြောင့် ''ရှော့ခ်''ရသွားတတ်သည်။ ချစ်သူလေးက သင့်ကို ပလီပလာဖြင့် လှည့်စားသွားနိုင်သည်။ မာယာကြွယ်၊ အလှကြွယ်၊ ဉာဏ်ကြွယ်သော ချစ်သူကြောင့် သင့်နှလုံးသား အသည်း ဟက်တက်ကွဲရတတ်သည်ကို သတိပြုပါ။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ စနေ။

**အကျိုးပေးဂဏန်း** – (၇ ၈ ၀) (၅ ၈ ၇)

**ယတြာ**– စီးပွားဥစ္စာ ဒီရေအလား တိုးပွားစေရန် အဓိဋ္ဌာန်ပုတီးသက်စေ့စိပ်ပါ။

## သောကြာ



အတတ်ပညာ၊ အသိပညာများစွာကို အသုံးချခွင့်ရသော ကာလဖြစ်သည်။ ခေတ်မီ အသိပညာ၊ နည်းပညာ၊ အိုင်တီပညာများကို သင်ယူအသုံးချခွင့် ရမည်။ ကံတရား တစ်ဟုန်ထိုးပြောင်းလဲပြီး နိုင်ငံရပ်ခြားကို သွားရောက်ရတတ်သည်။ လုပ်ငန်းသစ်ကိစ္စ မုချအောင်မြင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူချောကို ရင်မှပေါက်ဖွားလာသော အချစ်စစ်စစ်ဖြင့် တစိမ့်စိမ့်ကြည်နူးမဝဖြစ်နေပေလိမ့်မည်။ နှလုံးသားမှာ အမြစ်တွယ်လာသော အချစ်သစ်ပင်က ရေလောင်းမြှေပါင်းသင်ရန် မလိုဘဲ ရှင်သန်ကြီးထွားလာပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အကျိုးပေးဂဏန်း** – (၃ ၈ ၀) (၆ ၈ ၀)

**ယတြာ**– လိုတရ ဘဝကို ပိုင်ဆိုင်နိုင်စေရန် ဓမ္မစကြာတရားမြတ်ကို ရွတ်ဖတ်ပူဇော်ပါ။

## စနေ 

စိတ်ဓာတ်ရင့်ကျက်ခိုင်မာပြီး ဆုံးဖြတ်ချက်မှန်ကန်သော ကာလဖြစ်သည်။ လုပ်ငန်းနယ်ပယ်မှာ စည်းကမ်းကောင်းမွန်နေမှုကြောင့် တိုးတက်အောင်မြင် ဖြစ်ထွန်းနေမည်။ နိုင်ငံရပ်ခြားသို့ သွားရောက်ပြီး ခေတ်မီပညာရပ်များကို သင်ကြားခွင့်ရရှိမည်။

ချစ်ရသူအတွက် ရင်ခုန်သံများ ဝုန်းဒိုင်းကြဲပေါက်ကွဲနေမည်။ ကာရန်မညီသော ရင်ခုန်သံများဖြင့် အချစ်တေးတစ်ပုဒ်ကို ဖွဲ့သီနေမိမည်။ သွေးဆူလွယ်သော ခပ်လွယ်လွယ်ချစ်လိုက်၊ ခပ်မြန်မြန်မေ့လိုက်ဖြင့် တစ်ယောက်ပြီးတစ်ယောက်ပြောင်းကာ အချစ်ဇာတ်လမ်းရေးနေမိမည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၃ ၈ ၈)၊ (၅ ၈ ၂)

**ယတြာ**– ဘဝအဆင့်အခြေမြင့်စေရန် ဘုရားရင်ပြင်၊ ကျောင်း၊ ကန်တို့ကို သန့်ရှင်းရေးလုပ် ကုသိုလ်ယူပါ။

တက္ကသိုလ်စိုးမိုးနိုင်

www.burmeseclassic.com